
# ရေဘက်ကာ


အယောက်တော်လှအောင်

# REBECCA

DAPHNÉ DU MAURIER



mgyoe.com



# ရီဘက်ကာ

## အထောက်တော်လှအောင်

# REBECCA

DAPHNÉ DU MAURIER

K0362

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဧပြီလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဇော်မောင်
တန်ဖိုး - ၇၅၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

# ရဘက်ကာ

အသောက်တော်လှအောင်

# REBECCA

DAPHNÉ DU MAURIER



mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

မန်ဒါလေ စံအိမ်ကြီးသို့ တစ်ခေါက် ပြန်သွားမိသည်ဟု မနေ့ညက ကျွန်မ အိပ်မက် မက်ပါသည်။ မော်တော်ကားလမ်းထိပ်ရှိ ခြံတံခါးဝမှာ ကျွန်မ ရပ်နေသလို ရှိပါသည်။

စစချင်းတော့ ခြံတွင်းသို့ ကျွန်မ ဝင်နိုင်စွမ်း မရှိပါ။ အဝင်လမ်းက ကျွန်မကို ပိတ်ဆို့ထားပါသည်။ ဂိတ်ဝတံခါးကြီးပေါ်မှာလည်း သံကြိုးနှင့် သော့ခလောက်ကြီး တစ်လုံး ခတ်ထားပါသည်။

ကျွန်မသည် အိပ်မက်ထဲမှာပင် တံခါးစောင့်ကို အော်ဟစ်ခေါ်နေမိပါသည်။ ပြန်ထူးသံလည်း မကြားရပါ။

ခြံဝင်းတံခါးရှိ သံချေးတက်နေသော သံတိုင်များကြားမှနေ၍ အတွင်းသို့ ကျွန်မ ချောင်းကြည့်ပါသည်။ အစောင့်ရုံထဲမှာ လူသူကင်းမဲ့နေသည်ကို တွေ့ရပါသည်။

စံအိမ်ကြီးရှိ မီးခိုးခေါင်းတိုင်မှလည်း ဘာမီးခိုးမျှ ထွက်မနေပါ။ အကွက်ဖော်ထားသည့် ပြတင်းပေါက်ကလေးများကို သည်အတိုင်း ပစ်စလက်ခတ် ဖွင့်ထားသည်ကို တွေ့ရပါသည်။

ပြီးတော့ အခြား အိပ်မက် မက်နေသူများကဲ့သို့ပင် ကျွန်မမှာလည်း ချက်ချင်းဆိုသလို တန်ခိုးဣဒ္ဓိပါဒ်တွေ ရရှိလာပါသည်။ ကျွန်မ၏ရှေ့မှာ ပိတ်ဆို့ ကာရံထားသည့် အရံအတားကြီးကို ဝိညာဉ်တစ်ခုသဖွယ် ဖြတ်သန်း ကျော်လွှားနိုင်ခဲ့ပါသည်။

မော်တော်ကားလမ်းကလေးက အခါတိုင်းကဲ့သို့ပင် ကျွန်မ မျက်နှာမူထားရာ အရပ်မှာ ကွေ့ကာပတ်ကာ တွန့်ကာလိမ်ကာ ရှိနေပါသည်။ သို့သော်လည်း ရှေ့သို့

mgyoe.com

mgyoe.com SAMPLE BOOK
တိုးသွားမိသည်နှင့် တစ်ပြိုင်တည်း ရှေးယခင်နှင့်မတူ တစ်မူထူးခြားကာ အပြောင်းအလဲ ဖြစ်နေပြီကို သတိထားမိပါတော့သည်။ လမ်းကလေးက ကျဉ်းနေပြီ။ ပြီးတော့ ထိန်းသိမ်း ပြုပြင်ထားခြင်းလည်း မရှိ။ ကျွန်မတို့ သိကျွမ်းခဲ့ဖူးသော မော်တော်ကားလမ်းကလေး မဟုတ်တော့ပြီ။

စစချင်းတော့ ကျွန်မ အံ့အားသင့်သွားပြီး နားမလည်နိုင်အောင် ဖြစ်မိပါသည်။ လမ်းပေါ်သို့ အလွန်တရာ နိမ့်ရှိုင်းစွာ ကိုင်းကျနေသော သစ်ကိုင်းများနှင့် လွတ်အောင် ခေါင်းငုံ့ပြီး ခါးကုန်းလိုက်သောအခါကျမှ မည်သို့ ပြောင်းလဲနေသည်ကို ကျွန်မ သဘော ပေါက်ပါတော့သည်။ သဘာဝတရားသည် သူ့ဘာဝကိုသူ ပြန်လည်ပိုင်ဆိုင်နေပါပြီ။ သစ်ကိုင်း သစ်ခက်များက တဖြည်းဖြည်းချင်းပင် မော်တော်ကားလမ်းကလေးကို ခိုးကြောင်ခိုးဝှက် သိုင်းဖက်ထားပါပြီ။ မြဲမြဲခိုင်မာသော လက်ချောင်းများနှင့်ပင် တူသေးတော့သည်။

ဟိုယခင် ကျွန်မတို့ နေစဉ်တုန်းက မပြတ်လပ်ရအောင် ရှင်းလင်းခုတ်ထွင်နေရ သည့်ကြားကပင် သစ်ပင်ပေါင်းစုံတို့က ကျွန်မတို့ကို အမြဲတမ်း ခြိမ်းခြောက်ခဲ့ပါသည်။ ယခု နောက်ဆုံးမှာတော့ သူတို့ အောင်ပွဲခံသွားကြချေပြီ။

ယခုတော့ ပွတ်သိပ်ထိုးပေါက်နေကြသည်။ ပိန်းပိတ်အောင် မှောင်နေသည်။ ကားလမ်းကလေး၏ နံဘေးသားများကို ကျော်ကာ အထိန်းအကွပ်မရှိ မင်းမူနေကြ သည်။ အခေါက်ဖြူပင်ကြီးများသည် တစ်ပင်နှင့် တစ်ပင် လည်ချင်းယှက် ကိုင်းချင်း ဖက်ကာ ကျွန်မ၏ ခေါင်းပေါ်တွင် နေပြောက်ပင် မထိုးနိုင်ဘဲ ဖြစ်နေသည်။ ဘုရားရှိခိုး ကျောင်းသို့အဝင် တံခါးပေါက် အခုံးနှင့်ပင် တူသေးတော့သည်။

ကျွန်မ မမှတ်မိတော့သော အခြားသစ်ပင် ပေါင်းစုံတို့ကလည်း ရှုပ်ထွေးပွေလိမ် နေသည်။ အခေါက်ဖြူပင်ကြီးတို့က မိုးထားသောကြောင့် ဝက်သစ်ချပင်များသည်ပင်လျှင် ပုကွကွနှင့် ဝပ်နေရပြီ။ အခေါက်ကြမ်းပင်ကြီးမျိုးတို့လည်း အခေါက်ဖြူပင်တို့၏ စိုးမိုး နှိပ်စက်ခြင်းကို ခံနေကြရပြီ။ ဘာဆို ဘာကိုမျှပင် ကျွန်မ မမှတ်မိတော့။

မော်တော်ကားလမ်းကလေးသည် ဖဲကြိုးစကလေးကဲ့သို့ ရှိနေသည်။ ကျောက်သား မျက်နှာပြင်လည်း မရှိတော့ပြီ။ မြက်ပင်၊ ပေါင်းပင်များက ဖုံးအုပ်ထားသည်။ သစ်ကိုင်းများ က နိမ့်လွန်းလှသောကြောင့် ရှေ့သို့ တိုးဖို့ပင် ခက်နေသည်။ ထိုးထိုးထောင်ထောင် ထွက်နေသည့် သစ်ပင်ကြီးများကလည်း လက်သည်းရှည်ကြီးများနှင့် တူလှသည်။ တောကြီး မျက်မည်းဘဝသို့ ကူးပြောင်းရောက်ရှိနေပြီ ဖြစ်သော်လည်း ကျွန်မတို့ နေထိုင်ခဲ့စဉ်က မြေနေရာ အမှတ်အသားအဖြစ် စိုက်ပျိုးထားခဲ့သော ဟိုမှသည်မှ ပန်းပင်ကလေးများကို တော့ ကျွန်မ မှတ်မိပါသည်။ ဦးခေါင်းအပြာနှင့် ခြောက်လပန်းပင်ကလေးများကိုလည်း တွေ့ရသည်။ သို့သော် ပြုပြင်စိုက်ပျိုးထားခြင်း မရှိသည့်အတွက် အားလုံး အရိုင်းပင်များ ဖြစ်ကုန်ပြီ။ ထိုးထိုးထောင်ထောင်နှင့် မြင့်ချင်တိုင်း မြင့်ကာ ပန်းလည်း မပွင့်တော့။ အမျိုးအမည်မရှိသော ပေါင်းပင်များကလည်း သူတို့ဘေးမှာ အရုပ်ဆိုးလောက်အောင် ပွတ်သိပ်ခဲ ပေါက်နေကြသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

ရှေ့သို့ တဖြည်းဖြည်း လျှောက်လာခဲ့မိသည်။ အရှေ့ဘက်သို့လည်း လျှောက်ခဲ့သည်။ အနောက်ဘက်သို့လည်း လျှောက်ခဲ့သည်။ တစ်ချိန်တုန်းက ကျွန်မတို့ မော်တော်ကားမောင်းခဲ့ဖူးသည့် လမ်းကလေးကား အပ်ချည်ကြိုးတစ်မျှင်လို ပျက်စီးနေပြီ။ တစ်ခါတစ်ရံတွင် သည်လမ်းကလေး ပျောက်သွားပြီဟု ထင်မိသည်။ သို့သော်လည်း လဲကျနေသည့် သစ်ပင်ကြီးအောက်မှ ဘွားခနဲ ပေါ်လာတတ်ပြန်သည်။ မိုးတွင်းတုန်းက ရေတိုက်စားထားသည့် ကျင်းများအစပ်က ပြန်ပေါ်လာသည်လည်း ရှိသည်။

သည်လမ်းကို သည်လောက် ရှည်လျားလိမ့်မည်ဟု ကျွန်မ မတွေးထင်ခဲ့မိပါ။ ယခုတော့ သစ်ပင်တွေ ဘယ်လောက်ပင် စည်းမဲ့ကမ်းမဲ့ ပေါက်နေကြသော်လည်း သည်မော်တော်ကားလမ်းကလေးက မိုင်ပေါင်းများစွာ ရှည်လျားနေသည်ကို တွေ့ရသည်။ သစ်ပင်ပေါင်းစုံတို့ကြောင့်လည်း လမ်းကလေးက ဝက်ပါလို ကွေ့ကောက်လွန်းလှသည်။ စံအိမ်ကြီးဆီသို့လည်း မရောက်နိုင်ပြီ။

သည်လို ထင်နေခိုက်မှာပင် ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာကို မြင်တွေ့နိုင်သည့် တစ်နေရာသို့ ကျွန်မ ရုတ်တရက် ရောက်လာသည်။ ဝန်းကျင်တစ်ခုလုံးတွင် တောပြုန်းကလေးများ၊ ချုံပုတ်ငယ်များဖြင့် ပြည့်နေသည်။ ထိုနေရာကလေးမှာပင် ကျွန်မ ရပ်နေမိပါသည်။ အသည်းနှလုံးတွေက ဆတ်ဆတ်တုန်လာသည်။ မျက်လုံးအစုံမှာလည်း မျက်ရည်များ ဝေ့ဝဲလာပါသည်။

ဟောဟိုမှာ မန်ဒါလေစံအိမ်ကြီး။ ကျွန်မတို့၏ မန်ဒါလေ စံအိမ်ကြီး။ သူ့ထုံးစံအတိုင်း တိတ်ဆိတ် အေးချမ်းလျက်။ လျှို့ဝှက် တည်ငြိမ်လျက်။ အညိုရောင်ကျောက်တုံးများက ကျွန်မ၏ အိပ်မက်လရောင်အောက်မှာ အရောင်တဖိတ်ဖိတ် တောက်ပလျက်။ မှန်ကူကွက် ပြတင်းပေါက်များကလည်း မြက်ခင်းစိမ်းစိမ်းကလေးများနှင့် ဆင်ခြေလျှောပေါ်သို့ ရောင်ပြန်ဟပ်လျက်။ သေသပ်ခိုင်မာလှသော နံရံကြီးများကိုမူ အချိန်ကာလ ကြာညောင်းခြင်းက ဖျက်ဆီးနိုင်စွမ်း မရှိပါတကား။ လက်ထဲမှာ ကိုင်ထားသည့် ကျောက်သံပတ္တမြား တစ်ခုနှင့် တူနေလေတော့သည်။

ဆင်ခြေလျှောကလေးက မြက်ခင်းများဆီသို့ နိမ့်ဆင်းသွားသည်။ မြက်ခင်းများက ပင်လယ်ကမ်းစပ်ဆီသို့ ဖြန့်ကြက်သွားသည်။ ကျွန်မ လှမ်းကြည့်လိုက်သောအခါ လရောင်အောက်မှာ ငွေပြားကြီး ဖြန့်ခင်းထားသလို မြင်ရသည်။ ပင်လယ်ပြင်သည် လေနှင့် မုန်တိုင်းတို့၏ နှောင့်ယှက်မှ ကင်းဝေးသော ကန်ရေပြင်ကဲ့သို့ ငြိမ်သက်လျက်ရှိသည်။ ကျွန်မ၏ အိပ်မက်ထဲမှာ ပင်လယ်ရေမျက်နှာပြင်သည် လှိုင်းမရှိ၊ လေမရှိ၊ မိုးသားတိမ်လိပ် ဖုံးအုပ်ခြင်း မရှိ။ အနောက်ဘက်မှ လေတိုက်နေသည်။ ဖျော့တော့သော ကောင်းကင်တစ်ပြင်လုံး သန့်စင်လျက် ရှိသည်။

စံအိမ်ကြီးဘက်သို့ တစ်ကြိမ် လှမ်းကြည့်မိပြန်သည်။ စံအိမ်ကြီးသည် မည်သည့် အနှောင့်အယှက်နှင့်မျှ မကြုံတွေ့ရသလို ထီးတည်းကြီး ရပ်တည်နေသည်။ မနေ့ကမှ

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်မတို့ စွန့်ခွာခဲ့သလို မူလပကတိအတိုင်း တည်ရှိနေသည်။ ကျွန်မတို့ ပြုပြင်ထားခဲ့သည့် ဥယျာဉ်ကြီးကလည်း တောစရိုက်ကို တစ်သဝေမတိမ်း လိုက်နေပြီ။ တောင်ဇလပ်ပန်းပင်ကြီးများကလည်း ပေပေါင်း ငါးဆယ်လောက် မြင့်တက်နေပြီ။ အမျိုးအမည်မရှိသော ချုံနွယ်ပိတ်ပေါင်းများကြားမှာ အကိုင်းအခက်တွေ ထွက်ချင်တိုင်း ထွက်ကာ ပုံပန်းပျက်နေပြီ။

ပန်းတမာပင်တို့သည်လည်း အခေါက်ဖြူပင်များနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားထားဘိသကဲ့သို့ ထွေးရောယှက်တင် ဖြစ်နေပြီ။ နွယ်ပင်များက ရစ်ပတ်နွယ်တက်ထားသဖြင့်လည်း တစ်ပင်နှင့်တစ်ပင် ပူးကပ်နေကြပြီ။ ပန်းတမာနှင့် အခေါက်ဖြူပင်တို့ကို နွယ်ပင်တို့က အကျဉ်းသားဘဝသို့ ပို့လိုက်ပြီ။ ပျက်စီးသွားပြီ ဖြစ်သောသည်ဥယျာဉ်ကြီးထဲမှာ နွယ်ပင်တို့ကသာ ကြီးစိုးမင်းမူနေကြပြီ။ တဖြည်းဖြည်းနှင့် မြက်ခင်းပြင်ကို ကျော်ဖြတ်ကာ စံအိမ်ကြီးကိုပင် သိုင်းခြုံရစ်နှောင်ပေတော့မည်။

တောထဲက အရိုင်းပင်များမှ အစေ့များကျကာ ထိုအစေ့များက ပေါက်သည့် ချုံနွယ်ပိတ်ပေါင်းတို့သည်လည်း နွယ်ပင်မျိုးစုံနှင့် မဟာမိတ်ပြုကာ သွေးစည်းညီညွတ်နေကြပြီ။ တစ်ချိန်က ဒပ်ဖိုးဒေး ပန်းပင်လယ်ကြီး ဖြစ်ထွန်းခဲ့ရာ မြက်ခင်းပြင် နုနုကလေးများအပေါ် ဖုံးအုပ်ဖို့ အပြင်းအထန် ချီတက်နေကြပြီ။

ဖက်ယားပင်များကလည်း စစ်တပ်ကြီး တစ်တပ်၏ တပ်ဦးလို နေရာတကာမှာ ရှိနေသည်။ ဆင်ခြေလျှောကလေးသို့ သွားရာလမ်းကိုလည်း ပိတ်ဆို့ထားသည်။ လူသွားလမ်းများကိုလည်း ပိတ်ဆို့ထားသည်။ စံအိမ်ကြီး၏ ပြတင်းပေါက်များကိုလည်း ရုပ်ပျက်ဆင်းပျက် ပိတ်ဆို့ ကာရံထားသည်။ ကင်းစောင့်တပ်များကို နေရာအနှံ့ ချထားသလိုပင် ရှိတော့သည်။ သို့သော်လည်း သူတို့၏ စီတန်းရပ်တည်မှုကြီးကို နေရာပေါင်းများစွာတွင် ရွက်ဖားပင်တို့က ချိုးဖောက်ပစ်လိုက်ကြသည်။ သည်လိုဆိုပြန်တော့လည်း ဖက်ယားပင်တို့မှာ အစီအတန်း ပြတ်လပ်ကာ ဦးခေါင်းငိုက်စိုက် ကျရလေတော့သည်။

မော်တော်ကားလမ်းကလေးကို ဖယ်ခွာသွားပြီး ဆင်ခြေလျှောကလေးဆီသို့ ကျွန်မ ဆက်လျှောက်လာခဲ့သည်။ ကျွန်မသည် အိပ်မက် မက်နေသူ ဖြစ်သောကြောင့် ဖက်ယားပင်များပင် ကျွန်မ သွားရာလမ်းကို ပိတ်ဆို့ကာဆီးနိုင်ခြင်း မရှိကြပါ။ စိတ်ထင်တိုင်း ကျွန်မ လမ်းလျှောက်နေမိပါသည်။ မည်သည့်အရာကမျှ ကျွန်မကို နောက်ကြောင်းပြန်စေနိုင်ခြင်း မရှိတော့ပါ။

လရောင် ဟူသည်မှာ မည်သို့သော အလှအပများပေါ်သို့မဆို အဆန်းတကြယ် ပက်ဖျန်းပေးနိုင်စွမ်း ရှိသည်။ ကျွန်မလို အိပ်မက် မက်နေသူ၏ စိတ်ကူးများပေါ်မှာလည်း ဆန်းကြယ်စွာ ထင်တိုင်း ခြယ်လှယ်နိုင်စွမ်း ရှိပါသည်။ ထိုနေရာတွင် ကျွန်မ ငြိမ်ငြိမ်ကလေး ရပ်နေမိပါသည်။ ကျွန်မတို့၏ စံအိမ်ကြီးသည် လူသူကင်းမဲ့နေသည် မဟုတ်ကြောင်း ကျွန်မ ကျိန်တွယ်ပြောဝံ့ပါသည်။ ရှေးယခင်က ကျွန်မတို့ နေထိုင်ခဲ့ကြသည့် အတိုင်း သက်ရှိများနှင့် ပြည့်နေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြတင်းပေါက်များမှ အလင်းရောင်များ ထွက်အန်ကျလာသည်။ ခန်းဆီးများသည် ညချမ်းလေတွင် သာသာကလေး လှုပ်ယမ်းနေပါသည်။ စာကြည့်ခန်း တံခါးမှာ ကျွန်မတို့ ထားရစ်ခဲ့သည့်အတိုင်း ခပ်ဟဟ ပွင့်နေနိုင်ပါသည်။ စားပွဲပေါ်ရှိ နှင်းဆီပန်းအိုးအနားမှာ ကျွန်မ၏ လက်ကိုင်ပဝါလေး တင်လျက်သား ရှိပေလိမ့်မည်။

သည်နေရာမှာ ကျွန်မတို့ တကယ် နေထိုင်ခဲ့ကြသည့် အကြောင်း အခန်း၏ အနေအထားများက သက်သေခံပါလိမ့်မည်။ စာကြည့်တိုက် ဗီရိုထဲသို့ ပြန်ထည့်ရမည့် စာအုပ်ပုံ၊ ပစ်ချထားသည့်အတိုင်း ရှိနေသေးသော သတင်းစာ၊ ဆေးလိပ်တိုများ ပြည့်နေသည့် ပြာခံခွက်များကိုလည်း တွေ့ရမည်။ ဆိုဖာများတွင်လည်း ကျွန်မတို့ ခေါင်းမှီထားသည့် အရာနှင့် ဖင်ထိုင်ထားသည့် အရာများ ရှိနေပေလိမ့်ဦးမည်။ မီးလင်းဖိုရှိ ထင်းတုံးမှ မီးကလည်း နံနက်ခင်းတွင် တငွေ့ငွေ့ လောင်နေပေလိမ့်မည်။

ပြီးတော့ ဂျက်စ်ပါ။ ကျွန်မတို့၏ အချစ်တော် ခွေးကလေး ဂျက်စ်ပါ။ လွမ်းရိပ်သမ်းနေသော မျက်လုံးများ၊ တွဲကျနေသည့် ပါးရေများဖြင့် ကြမ်းပေါ်မှာ ခြေပစ်လက်ပစ် လဲလျောင်းနေပေလိမ့်မည်။ သူ့သခင်၏ ခြေသံကို ကြားသောအခါ အမြီးကလေးကို နှန့်နေပေလိမ့်မည်။

လက်မည်းကြီး တစ်ဖက်ဖြင့် မျက်နှာကို ဖုံးအုပ်လိုက်သကဲ့သို့ တိမ်တိုက်တစ်ခုက လမင်းကို ဖုံးအုပ်လိုက်ပါသည်။ ကျွန်မ၏ စိတ်ကူးယဉ်မှုများ လွင့်စဉ်သွားတော့သည်။ ပြတင်းပေါက်များလည်း မထင်ရှားတော့ပါ။ အသက်ဝိဉာဉ်ကင်းမဲ့နေသော အတိတ်ကာလ တုန်းက ကျွန်မတို့၏ တီးတိုးသံများ တိတ်ဆိတ်နေသော အိမ်ဟောင်းလောင်းကြီးကို ကျွန်မ ငေးကြည့်နေမိပါသည်။

သည်စံအိမ်ကြီးသည် အရာအားလုံးတို့ကို အပြီးတိုင် မြှုပ်နှံရာ ဂူနကြီး ဖြစ်သွားတော့သည်။ ကျွန်မတို့၏ စိုးရိမ်ကြောက်ရွံ့မှုများ၊ ထိခိုက်နာကျင်မှုများအားလုံး သည်အထဲမှာ ပျက်သုဉ်းသွားကြပြီ။ ပြန်လည်ရှင်သန်ခြင်း၊ ပြန်လည်နိုးထခြင်းဟူ၍ ဘာမျှ မရှိနိုင်တော့ပြီ။

အိပ်ရာမှ နိုးနေသော အချိန်များတွင် မန်ဒါလေ စံအိမ်ကြီး အကြောင်းကို ကျွန်မ စဉ်းစားကြည့်ဖူးပါသည်။ ထိုအခါမျိုးတွင် ခါးသီးသော ခံစားမှုမျိုးကိုလည်း ကျွန်မ မခံစားရတော့ပြီ။ အရှိကို အရှိတိုင်း ကျွန်မ စဉ်းစားရတော့မည်။ နောက်ပြီးတော့ စိုးရိမ်ကြောက်ရွံ့မှ ကင်းကင်းရှင်းရှင်းဖြင့်လည်း သည်စံအိမ်ကြီးမှာ ကျွန်မ နေထိုင်နိုင်ပါပြီ။

နွေရာသီမှာ ကောင်းစွာ ပြုပြင်ထားသည့် နှင်းဆီခြံအကြောင်းကိုလည်း ကျွန်မ အမှတ်ရနိုင်ပြီ။ အရုဏ်ဦးမှာ ငှက်ကလေးများ ပျော်မြူးစွာ တေးသီကြသံကိုလည်း ကျွန်မ နားသောတ ဆင်နိုင်ပြီ။ သစ်အယ်ပင်ကြီးအောက်မှာ ထိုင်ကြရင်း မြက်ခင်းပြင်ကလေးကို ကျော်ဖြတ် လွင့်မျောလာသော ပင်လယ်ပြင်၏ တီးတိုးသံကလေးများကိုပါ ကြားနိုင်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

အပွင့်တွေ ဝေနေသော ပန်းတမာပင်များနှင့် ပျော့ရှင်ဖွယ် တောင်ကြားအကြောင်းကိုလည်း ကျွန်မ တွေးကြည့်မိပါသည်။ ထိုအရာများကား ဘယ်နံရောအခါတွင်မှ မပျောက်ပျက်နိုင်မည့် ထာဝရအရာများ ဖြစ်ပါသည်။ သူတို့ကို ဖျောက်ဖျက်ပစ်နိုင်စွမ်း ရှိမည် မဟုတ်ပါ။ သူတို့အကြောင်းကို ပြန်ပြောင်း စဉ်းစားခြင်းအားဖြင့် စိတ်ထိခိုက်ဖွယ်ရာ အကြောင်းလည်း မရှိတော့ပါ။

သည်အကြောင်းများကို အိပ်မက်ထဲမှာ ကျွန်မ မြင်မက်မိပါသည်။ လမင်း၏ မျက်နှာပြင်ကို တိမ်တိုက်ကြီးက ဖုံးလွှမ်းလိုက်သောအခါတွင် အခြား အခြားသော အိပ်မက် မက်သူများကဲ့သို့ ကျွန်မလည်း အိပ်မက် မက်နေခြင်းသာ ဖြစ်ကြောင်း သိနားလည်ခဲ့ပါသည်။

တကယ့်အဖြစ်မှန်ကတော့ မန်ဒါလေစံအိမ်ကြီးနှင့် မိုင်ပေါင်း ရာထောင်ဝေးသော အရပ်တွင် ကျွန်မ ရောက်ရှိနေပါသည်။ ပြီးတော့ အိပ်ရာမှလည်း နိုးနေပါသည်။ ပတ်ဝန်းကျင် အနေအထား ညံ့ဖျင်းလှသော ဟိုတယ်ကလေးတစ်ခု၏ အိပ်ခန်းတွင်းမှာ ကျွန်မ သက်သောင့်သက်သာ ထိုင်လျက်ရှိပါသည်။

တစ်ခဏတော့ ကျွန်မ သက်ပြင်းချမိပါလိမ့်မည်။ ပြီးတော့ ကိုယ်ကို ဆန့်ကာ တစ်ဖက်သို့ လှည့်လိုက်သည်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ စူးရှလှသော နေရောင်ကြောင့် အာရုံနောက်သွားပါသည်။ ကောင်းကင်ကြီးကလည်း လင်းထိန်လွန်းစွတကား။ အိပ်မက်ထဲက လရောင်နုကလေးနှင့်တော့ အကွာကြီး ကွာခြားလွန်းပေစွတကား။

နေ့ရက်ဟူသည်မှာ ကျွန်မတို့၏ ရှေ့တွင် တည်ရှိနေပါပြီ။ ရှည်ရှည်လျားလျားကြီးကို တည်ရှိနေပါပြီ။ စွဲမှတ်ထားလောက်သော အဖြစ်အပျက်များလည်း ရှိလိမ့်မည် မဟုတ်ပါ။ မည်သို့ဆိုစေ ရှေးယခင်က ကျွန်မတို့ မသိခဲ့ဖူးသည့် စိတ်တည်ငြိမ်မှုများက စောင့်ကြိုနေပါပြီ။ မန်ဒါလေစံအိမ်ကြီး အကြောင်းကို ကျွန်မတို့ စကားစပ်လို့တောင် ပြောကြတော့မည် မဟုတ်ပါ။ ကျွန်မ၏ အိပ်မက်အကြောင်းကိုလည်း ကျွန်မ၏ ချစ်လှစွာသော ခင်ပွန်းကို ပြန်ပြောင်းပြောပြတော့မည် မဟုတ်ပါ။ မန်ဒါလေ စံအိမ်ကြီးကို ကျွန်မတို့ ဆက်လက် ပိုင်ဆိုင်နေသေးသည်ဟုလည်း သဘောမထားတော့ပြီ။ မန်ဒါလေစံအိမ် ဆိုသည်မှာလည်း ဤကမ္ဘာလောကတွင် တည်ရှိနေသေးသည်ဟု မယူဆလိုတော့ပြီ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

ဘယ်နံရောအခါတွင်မှ မန်ဒါလေစံအိမ်ကြီးသို့ ကျွန်မတို့ ပြန်သွားနိုင်တော့မည် မဟုတ်ပါ။ သည်လောက်ကတော့ အလွန်သေချာပါသည်။ အတိတ်၏ ဖြစ်ရပ်တို့သည် ကျွန်မတို့နှင့် လက်တစ်ကမ်းအကွာတွင် ရှိနေသေးသည်မှာ မှန်ပါသည်။ ကျွန်မတို့ မေ့ဖျောက်ပစ်ချင်ပြီး အတိတ်ကာလမှာပင် ထားခဲ့ချင်သည့် အရာဝတ္ထုတို့သည် တစ်ပြန်တစ်ကျော့ ပေါ်ကောင်းပေါ်လာနိုင်ပါသည်။

သည်အတွက်ပင် ကျွန်မတို့ စိုးရိမ်ထိတ်လန့်နေကြရပါသည်။ သည်အတွက်ပင် စိတ်ထဲမှာ မငြိမ်းမချမ်း ဖြစ်နေကြရပါသည်။ အကြောင်းမဲ့ စိုးရိမ်ထိတ်လန့်မှုများမှ လွတ်မြောက်အောင် ကျွန်မတို့ ကြိုးစား ရုန်းထွက်မိခဲ့ကြပါသည်။ ယခုတော့ အားလုံးပြီးငြိမ်းသွားပေပြီ။ ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ရှေးယခင်ကအတိုင်းပင် အပြန်အလှန် အဖော်ပြုကာ ကျွန်မတို့ လင်မယား ရိုးမြေကျ ပေါင်းကြပါမည်။

ကျွန်မ၏ ခင်ပွန်းသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် သည်းခံနိုင်စွမ်းရှိနေပါသည်။ ဘယ်သောအခါမှုလည်း ပစ်ပစပ် မများ။ ဘာတွေ ဖြစ်ခဲ့ရသည်ကို သူပြန်လည် အမှတ်ရသည့်အခါမျိုးမှာပင် သူ ခံနိုင်စွမ်း ရှိနေပြီ။ ယခုတစ်လောတွင် အတိတ်ကာလအကြောင်းများကို ကျွန်မ ပြန်ပြောင်းအမှတ်ရသည်ထက်ပင် သူက ပိုကာ မကြာခဏ အမှတ်ရနေသည်ဟု ကျွန်မ ထင်ပါသည်။

ရုတ်တရက် သူ့အမူအရာပြောင်းပြီး သတိလက်လွတ် ဖြစ်သွားပုံကို မြင်ရခြင်းအားဖြင့် ဘာတွေကို သူ အမှတ်ရနေပြီ ဖြစ်ကြောင်း ကျွန်မ အတပ်ပြောနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မမြင်တွေ့နိုင်သောလက်ဖြင့် သပ်ချလိုက်သလို သူ့မျက်နှာပေါ်မှ ချစ်စရာကောင်းသော အမူအရာ အားလုံးမှာ ပြယ်လွင့် ပျောက်ကွယ်သွားတတ်သည်။ ထိုနေရာတွင် မျက်နှာဖုံး တစ်ခုက အစားထိုး ဝင်ရောက်လာတတ်သည်။ အေးတိအေးစက်နိုင်သော အမူအရာမျိုး ပေါ်လာသည်။ သူ့မျက်နှာသည် ချောမောလှပနေသည်ကား မှန်ပါ၏။ သို့သော်လည်း အသက်ဝိညာဉ်ကင်းမဲ့သူလို၊ ခံစားချက်ကင်းမဲ့သူလို ဖြစ်နေသည်။ ပြီးတော့ စီးကရက်များကို တစ်လိပ်ပြီး တစ်လိပ် အဆက်မပြတ် သောက်တော့သည်။ ပြာတွေ၊ စီးကရက်တိုတွေကိုလည်း စနစ်တကျ မခြွေ။ ပန်းပွင့်ဖတ်များ ကြွေကျနေသလို ကြမ်းပြင်ပေါ်မှာ ပွစာကျဲနေသည်။

ပြီးတော့ ဘာအဓိပ္ပာယ်မျှ မရှိသည့် အကြောင်းအရာများကိုလည်း စိတ်အား ထက်သန်စွာဖြင့် သွက်သွက်လက်လက်ကြီး ပြောချနေတတ်သည်။ ကိုးဆယ့်ခြောက်ပါး သော ရောဂါဝေဒနာအပေါင်းကို ပျောက်ကင်းစေတတ်သည့် ဆေးတစ်လက် လက်ကိုင် ရထားသူလို မည်သည့်အကြောင်းအရာကိုမဆို သူ ပြောလေတော့သည်။

ဘေးဒုက္ခ တစ်စုံတစ်ရာနှင့် တွေ့ကြုံပြီးသောအခါတွင် ယောက်ျားရော၊ မိန်းမ ပါ ပိုမိုပြီး ရင့်ကျက်တည်ငြိမ်လာကြသည်ဟု ကျွန်မ ယုံကြည်ပါသည်။ ထို့ကြောင့် လည်း ယခုဘဝမှာသာမက၊ ဘယ်ဘဝ ဘယ်ကမ္ဘာသို့ပင် ရောက်ရောက် ကျွန်မတို့ အဖို့တော့ ကောင်းစွာ ခံနိုင်ရည်ရှိလာပါပြီ။ ဘယ်လို အပူမီးနှင့်ပဲ ကြုံရကြုံရ အကြောင်း မဟုတ်တော့ပြီ။ အဆိုးဆုံး အဖြစ်အပျက်ကို ကျွန်မတို့ ကြုံတွေ့ခဲ့ကြရပြီ မဟုတ်ပါ လား။

စိုးရိမ်ထိတ်လန့်ခြင်း၊ အထီးကျန်နိုင်လှခြင်း၊ ကြီးမားသည့် သောကမီး လောင်မြိုက်ခြင်းများကို ကျွန်မတို့ လင်ရော မယားပါ ခံစားခဲ့ကြရပြီ။ မည်သူမဆို လောကဓံတရားများကို တစ်နေ့မဟုတ် တစ်နေ့တော့ ခံစားကြုံတွေ့ကြရမည်သာ ဖြစ်သည် ဟု ကျွန်မ ယုံကြည်ပါသည်။ ကျွန်မတို့ လင်မယားနှစ်ယောက်အဖို့မူ မကောင်းဆိုးရွား ပေးသမျှ ဘေးဒဏ်ကိုလည်း ခံစားခဲ့ကြရပြီ။ ဘယ်လိုပဲဖြစ်ဖြစ်၊ နောက်ဆုံးတစ်နေ့မှာ တော့ ကျွန်မတို့ ရင်ဆိုင် တိုက်ပွဲဝင်ကြရမည်သာ ဖြစ်ပါသည်။ သည်တိုက်ပွဲမှာ ကျွန်မ တို့ အောင်ပွဲခံရမည်မှာ သေချာပါသည်။ မလွဲမသွေ အောင်ပွဲခံရမည်ဟုလည်း ကျွန်မတို့ ယုံကြည်ထားကြပါသည်။

ယခုဆိုလျှင် မည်သည့် ဘေးအန္တရာယ်မျိုးကိုမျှ မကောင်းဆိုးရွားက ဆက်လက် မပေးနိုင်တော့ပြီ။ အကျပ်အတည်းကြီး တစ်ခုလုံးကို ကျွန်မတို့ ဖြတ်သန်း လွန်မြောက် ခဲ့ပါပြီ။ ကျွန်မတို့မှာ မည်သို့သော ဒဏ်ရာအနာတရမှ မဖြစ်ပေါ်ခဲ့။ ဘေးအန္တရာယ်ကြီး တစ်ခုနှင့် ကြုံတွေ့ရတော့မည် ဖြစ်ကြောင်း ကျွန်မ၏ ခင်ပွန်းက အစကတည်းက ကြိုတင် မှန်းဆခဲ့ပြီး ဖြစ်သည်။ သူ မှန်းဆခဲ့သည့် အတိုင်းလည်း မှန်ခဲ့သည်။

mgyoe.com

mgyee.com
SAMPLE BOOK


ကြုံရာ ပြဇာတ်တွင် ချိုကောက်လိုက်ပြီး ကပြအသုံးတော်ခံရသော ပြဇာတ်မင်းသမီး၏ အဖြစ်မျိုးနှင့်ပင် တူနေသေးတော့သည်။ လွတ်မြောက်မှုအတွက် စွန့်လွှတ်စွန့်စားမှုများကို ပြုလုပ်ခဲ့ရပါသည်ဟုတော့ ဆိုရပါမည်။ သို့သော်လည်း ဘဝဇာတ်ခုံပေါ်တွင်မူ ကျွန်မ ကောင်းစွာ ကပြအသုံးတော်ခံပြီးခဲ့ပါပြီ။ အတွေ့အကြုံများလည်း ရင့်ကျက်လာပါပြီ။ ထို့ကြောင့်လည်း ကျွန်မတို့၏ဘဝငြိမ်းချမ်းသာယာမှုနှင့် ဘဝလုံခြုံမှုအတွက် အာမခံချက်များ ရရှိနိုင်မည်ဆိုလျှင် ကျွန်မ၏ အာရုံငါးပါး ခံစားချက်များကို လိုလိုလားလား ပေးအပ်ပါမည်။

ပျော်ရွှင်ခြင်းတရား ဟူသည်မှာ တန်ဖိုးထားအပ်သော ပိုင်ဆိုင်မှုကား မဟုတ်။ စိတ်နှင့် သက်ဆိုင်သော၊ အတွေးအခေါ်နှင့် သက်ဆိုင်သော အရာသာလျှင် ဖြစ်ချေသည်။ ကျွန်မတို့ လင်မယားအနေဖြင့် စိတ်ဆင်းရဲရသော အချိန်ကာလများကို အမှန်တကယ် ကြုံတွေ့ခဲ့ရပါသည်။ သို့သော် အခြားအချိန်ကာလများလည်း မုချ ဆက်ဆက်ရှိရပါဦးမည်။ နာရီလက်တံနှင့် တိုင်းထွာမှု မပြုအပ်သော အချိန်ကာလ ဟူသည်မှာ ရှိရပါဦးမည်။ ကျွန်မ၏ ချစ်လင် ပြုံးသည့် အချိန်ကာလကို မုချမသွေ ရောက်ရပါဦးမည်။

ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်မှာ အတူတကွ လက်တွဲပြီး တစ်စိတ်တစ်ဝမ်းတည်း ရပ်တည်နေမိပြီ ဖြစ်ကြောင်း ကျွန်မ သိပါသည်။ လက်တွဲမပျက် ကျော်ချင်းကပ်ရင်ချင်းအပ်ကာ ဘဝခရီးကို ကျွန်မတို့ ချီတက်ကြရပါမည်။ စိတ်ဝမ်းကွဲပြားမှု ဟူသည် မရှိ။ အမြင်ချင်းမတူ ဆိုသည် မရှိ။ ကျွန်မတို့ နှစ်ယောက်ကြားတွင် အကာအဆီးအနှောင့်အယှက် ဆိုလို့ ဘာဆိုဘာမျှ မရှိ။

ကျွန်မတို့ လင်မယားကြားမှာ လျှို့ဝှက် ဖုံးကွယ်ထားသည့်အရာ ဆိုလို့လည်း လုံးဝ မရှိ။ အရာအားလုံးကို မျှဝေခံစားကြသည်။ ကောင်းတူဆိုးဖက် ဖြစ်ပါသည်။ ကျွန်မတို့ ယခု တည်းခိုနေသည့် ဟိုတယ်သေးသေးကလေးသည် အလွန်တရာ ငြီးငွေ့ဖွယ် ကောင်းသည်မှာ မှန်ပါသည်။ အစားအသောက်များ ညံ့သည်မှာ မှန်ပါသည်။ တစ်ရက်ပြီးတစ်ရက် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်နှင့် အဖြစ်အပျက်များအားလုံး အတူတူ ဖြစ်နေသည်မှာလည်း မှန်ပါသည်။ သို့သော် ကျွန်မတို့အတွက် ဘာတစ်ခုမျှ အရေးမကြီးတော့ပါ။

ခမ်းနားကြီးကျယ်လှသော မည်သည့် ဟိုတယ်ကြီးများထဲမှာမဆို ကျွန်မ၏ ခင်ပွန်း သိကျွမ်းသော လူပေါင်းများစွာကိုလည်း ကျွန်မတို့ တွေ့ရပါဦးမည်။ တစ်ခါတစ်ရံ ကျတော့လည်း ကျွန်မတို့ ငြီးငွေ့မိသည်မှာ အမှန်။ သည်လိုငြီးငွေ့မှု ဆိုသည်ကလည်း တစ်နည်းအားဖြင့်တော့ စိုးရိမ်ထိတ်လန့်မှုများကို ပြေပျောက်စေတတ်ပါသည်။

ပုံမှန် အဖြစ်အပျက်လေးများ ဖြစ်ပျက်နေကြသည့်အတိုင်း ကျွန်မတို့ ကျေကျေနပ်နပ်ကြီး နေထိုင်ပစ်လိုက်ကြပါသည်။ ယခုဆိုလျှင် ကျွန်မ၏ ယောကျ်ားကို အကျယ်ကြီး စာဖတ်ပြရသည့် အလုပ်မှာ ကျွန်မ အလွန်တရာ တိုးတက်ကျွမ်းကျင်နေပြီ။
mgyee.com

mgyoe.com

ယခုလို ရိုးရိုးဘဝကလေးမှာ နေရသည်ကို ကျွန်မယောကျ်ားလည်း အသားကျနေပြီ။ စာပို့သမား မလာသည့်အခါများတွင်သာ သူ စိတ်လက်မရှည်နိုင်ဘဲ ရှိတတ်သည်။ စာပို့သမား အလာနောက်ကျခြင်းသည် သတင်းစာများကို တစ်ရက် နောက်ကျပြီး ဖတ်ရတော့မည် ဆိုသည့်သဘော ဖြစ်သည်။ သည်လိုအခါမျိုးတွင် ကိုယ်သိချင်သည့် ခရစ်ကက်ကစားပွဲ အနိုင် အရှုံး သတင်းကို ရေဒီယိုဖွင့်ပြီး နားထောင်နိုင်သည်ကား မှန်ပါ၏။ သို့သော်လည်း ရေဒီယိုသံက ကျွန်မတို့စိတ်ကို အနှောင့်အယှက် ဖြစ်စေပါသည်။ သည်တော့လည်း အရှုံး အနိုင် သတင်း သိချင်စိတ်ကလေးကို အသာမျိုသိပ်ထားလိုက်ပါတော့သည်။ ရက်နောက်ကျပြီးမှ သိရသော်လည်း ကိုယ်မသိသေးသည့် သတင်းသည် ကျွန်မတို့အတွက် သတင်းဦးပဲ မဟုတ်ပါလား။

အစမ်းယှဉ်ပြိုင်ကြသည့် အားကစားပွဲများ၊ မပြောပလောက်သည့် လက်ဝှေ့သတင်းများ၊ ဘိလိယက် အမှတ်များသည်ပင်လျှင် ကျွန်မတို့၏ ငြီးငွေ့မှုကို ပြေပျောက်စေနိုင်စွမ်း ရှိပါသည်။ တကယ်ဆိုတော့ ကျွန်မတို့သည် ကြိတ်ခွဲရန် စပါးပြတ်နေသည့် ဆန်စက်ကြီးတစ်လုံးနှင့် တူညီပါသည်။ ထို့ကြောင့် ကျောင်းသားငယ်တို့၏ အားကစားပြိုင်ပွဲ သတင်းများ၊ ခွေးပြိုင်ပွဲသတင်းများ၊ တောရွာကလေးများတွင် ကျင်းပသည့် အားကစားသတင်း ကလေးများသည်ပင်လျှင် ကျွန်မတို့၏ ဆာလောင်မွတ်သိပ်နေသော ဆန်စက်ကြီးအတွက် ကြိတ်ခွဲစရာ စပါးများသဖွယ် ဖြစ်နေ ပါတော့သည်။

ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်သည် မွေးရပ်ဌာနေ အင်္ဂလန်မြေနှင့် ဝေးကွာရာ သည်ကျွန်းကလေး တစ်ခုပေါ်က ဟိုတယ်ကလေးထဲမှာ ရောက်ရှိနေကြပါသည်။ သည်လို နေရသည့် အချိန်မျိုးတွင် မဂ္ဂဇင်းနှင့် သတင်းစာဟောင်းများကို ဖတ်ရှုရသောအခါ ကျွန်မတို့အဖို့ ကိုယ့်ရပ်ဌာနေသို့ ပြန်ရောက်သွားသလို ခံစားရပြန်သည်။ စာရွက်ဟောင်းများကို တစ်ရွက်ချင်း လှန်လှောရင်း မန်ဒါလေစံအိမ်ကြီးကို လည်းကောင်း၊ စံအိမ်ဝင်းအတွင်းရှိ သစ်တောကြီးကို လည်းကောင်း ပြန်လည်အမှတ်ရ မြင်ယောင်နေမိပါသည်။ ဖုန်းဆိုးတောမှ သစ်ဆွေး၊ သစ်ပုပ်နံ့ကလေးများကိုပင် နှာခေါင်းမှာ ရှူရှိုက်လာရသလို ထင်စားမိပါသည်။

တစ်ကြိမ်တွင်မှ ချိုးလင်းပြာများအကြောင်း ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ထိုဆောင်းပါးကို ကျွန်မယောကျ်ား ကြားလောက်အောင် အသံကျယ်ကျယ်ဖြင့် ဖတ်ပြနေရင်း မန်ဒါလေ စံအိမ်ကြီးရှိ တောနက်နက်အတွင်းသို့ ကိုယ်တိုင် ပြန်လည်ရောက်ရှိသွားသလို ကျွန်မ၏ စိတ်ထဲမှာ ခံစားနေရပြန်ပါသည်။

မန်ဒါလေ စံအိမ်၏ တောနက်အတွင်းမှ ချိုးလင်းပြာများက ကျွန်မ၏ ခေါင်းပေါ်တွင် အတောင်ပံ တဖျပ်ဖျပ် ခတ်လျက်။ သူတို့၏ နူးညံ့ပျောင်းနွဲ့သော မဖိုခေါ်သံများကိုလည်း ကျွန်မ၏နားထဲမှာ ကြားယောင်လျက်။ သည်ပတ်ဝန်းကျင် အနေအထားကြောင့် နွေကာလ၏ မွန်းလွဲပိုင်း အပူဒဏ်သည်ပင်လျှင် လျော့ပါးသွားကာ ချမ်းမြငြိမ်းအေး

mgyoe.com

mgyyee . com SAMPLE BOOK


လာသည်ဟု ကျွန်မ ထင်မိပါသည်။ ကျွန်မတို့၏ အချစ်တော် ခွေးကလေး ဂျက်စ်ပါ ရောက်လာတော့မှပင် ချိုးလင်းပြာတို့၏ သာယာငြိမ်းအေးသော ကမ္ဘာကလေးမှာ ပျက်ပြားသွားရလေတော့သည်။ ခွေးကလေး ဂျက်စ်ပါက မြေကြီးကို အနံ့ခံရင်း ကျွန်မ ကို လိုက်ရှာနေသည်။

ဂျက်စ်ပါ ရောက်လာသည်နှင့် တစ်ပြိုင်တည်း ချိုးလင်းပြာကလေးများမှာ သူတို့ ပုန်းအောင်းနေသည့် နေရာများမှ ချောက်ချောက်ချားချားဖြင့် ထပျံပြေးသွားကြ လေတော့သည်။ ကျွန်မတို့ လှမ်းမမြင်နိုင်သည့် အတောင်ခတ်သံများကိုလည်း မကြားရ သည့် နေရာများသို့ ပျံပြေးကြလေတော့သည်။ ချိုးလင်းပြာကလေးများ မရှိတော့သော အခါတွင် သည်နေရာတွင် တိတ်ဆိတ်မှု အသစ်တစ်ခုက ဖုံးလွှမ်းကြီးစိုးလာသည်။

ကျွန်မလည်း နေမထိထိုင်မသာ ဖြစ်လာသည်။ နေရောင်လည်း နည်းသွားပြီ။ သစ်ကိုင်း သစ်ခက်များကလည်း ညိုမှောင်လာပြီ။ အရိပ်များကလည်း ရှည်လျားလာပြီ။ ယခုအချိန်လောက်ဆိုလျှင် စံအိမ်ကြီးအတွင်းမှာ လတ်ဆတ်သော ရပ်စ်ဗယ်ရီသီးများနှင့် လက်ဖက်ရည်ပွဲက အသင့်ပြင်ဆင်ပြီးလောက်ပြီ။ မြေပြင်ပေါ်မှာ လဲလျောင်းနေရာမှ ကျွန်မ ထထိုင်မိပေလိမ့်မည်။ ဂါဝန်မှာ ကပ်နေသည့် ရွက်ဟောင်းကလေးများကို ခါချ မိပေလိမ့်မည်။ ပြီးတော့ ဂျက်စ်ပါကို လေချွန်ခေါ်ကာ အိမ်ကြီးဆီသို့ ဦးတည်လျှောက်လာ မိပေလိမ့်မည်။ နောက်ဘက်သို့ သမင်လည်ပြန် တစ်ချက် လှမ်းကြည့်ရင်း ခပ်သုတ်သုတ် လျှောက်လာမိပေလိမ့်မည်။

ချိုးလင်းပြာအကြောင်း ဆောင်းပါးကို ခပ်ကျယ်ကျယ် ဖတ်ပြနေခိုက်မှာပင် အတိတ်ဆီသို့ ပြန်ရောက်သွားရသည်မှာ ထူးဆန်းပေစွ။ ကျွန်မ ယောက်ျား၏ မျက်နှာ ပေါ်တွင်လည်း ညှိုးမှိုင်းသွားသည်ကို ကျွန်မ တွေ့လိုက်ရပါသည်။ ထို့ကြောင့် ဆောင်းပါးကို ဆက်မဖတ်တော့ဘဲ ရုတ်တရက် ရပ်ပစ်လိုက်မိသည်။ ပြီးတော့ ခရစ်ကက် အားကစား ပြိုင်ပွဲသတင်း ဖော်ပြထားသည့် စာမျက်နှာအရောက် တစ်ရွက်ချင်း လှန်လှောသွားမိသည်။ အားကစား သတင်းက ခြောက်ကပ်ကပ် နိုင်လှပါသည်။ သို့သော်လည်း သူ့မျက်နှာ အမူအရာမှာ မိနစ်အနည်းငယ်အတွင်း နဂိုနေသို့ ပြန်ရောက်လာသည်ကို တွေ့ရပါသည်။

ကျွန်မတို့ လင်မယားနှစ်ယောက်စလုံး အတိတ်၏ လွှမ်းမိုးမှုမှ လွတ်မြောက် လာကြပါပြီ။ ကျွန်မအဖို့လည်း သင်ခန်းစာကောင်းကောင်း ရခဲ့ပါသည်။ အင်္ဂလိပ် သတင်းများကို ကျွန်မ ဆက်ဖတ်နေလိုက်ပါသည်။ မှန်ပါသည်။ အင်္ဂလိပ် အားကစား သတင်းများ၊ နိုင်ငံရေးသတင်းများနှင့် ကြီးကျယ်ခမ်းနားသည့် သတင်းများကို ဖတ်နေ ခြင်း ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မန်ဒါလေစံအိမ်မှ အကြောင်းများကိုသာ တိတ်တခိုး ဦးစားပေးပြီး စဉ်းစားနေမိပါသည်။ အရောင်စုံသော သစ်ပင် ပန်းမန်များ၊ ထုံပျံ့သည့် ရနံ့များ၊ အသံပေါင်းစုံများ၊ မိုးရေစက်ကျသံများ၊ စမ်းရေစီးသံများ၊ ပင်လယ်ပြင်မှ

 mgyoe.com SAMPLE BOOK 

လှိုင်းပုတ်သံများကို ကြားယောင်နေမိ ပြန်ပါသည်။ ယင်းအရာ အားလုံးတို့သည်ကား မန်ဒါလေစံအိမ်ကြီး၏ မမေ့ပျောက်နိုင်စကောင်းသော အရာများပင် ဖြစ်ကြောင်း ငြင်းကွယ်နိုင်လိမ့်မည် မဟုတ်ပါ။

အင်္ဂလန် ကျေးလက်ဒေသများ အကြောင်းကို နောကျေအောင် ကျွန်မ သိပါသည်။ ဘယ်မြေတွေကို ဘယ်သူ ပိုင်ကြောင်း၊ ဘယ်ဖုန်းဆိုးတောများသည် ဘယ်သူ့လက်ဝယ် ရှိကြောင်း၊ ဘယ်သူတွေ တောလည်တုန်းက ခါ အကောင်ပေါင်း မည်မျှ ရခဲ့ကြောင်း၊ မည်သည့်အရပ်တွင် မည်သည့်ငါးတွေ ပေါများနေကြောင်း ခရေစေ့တွင်းကျလောက်အောင်ပင် ကျွန်မ သိနေပါသည်။ သတင်းတွေကို ဖတ်နေရင်းမှာပင် အင်္ဂလန်၏ အနံ့အသက်များကို ရှူရှိုက်နေရသလို ရှိလာပါသည်။

မြင်တွေ့နေရသည့် စပျစ်ခြံများနှင့် ကျောက်တုံး၊ ကျောက်ခဲများမှာ ကျွန်မအဖို့ ဘာမျှ အဓိပ္ပာယ် မရှိတော့ပါ။ ဖြစ်နိုင်မည်ဆိုလျှင် ကျွန်မ၏ စိတ်ကူးယဉ်မှုများကို ချွန်းအုပ်လိုက်ချင်ပါသည်။ တစ်ခုတော့ ရှိပါသည်။ သည်လို စိတ်ကူးယဉ်မှုကလေးများကြောင့်လည်း ခါးသီးမှုနှင့် ဝမ်းနည်းမှုများကို ခံနိုင်ရည်ရှိနေခြင်း ဖြစ်ပါသည်။ စိတ်ကူးယဉ်မှုကလေးများကြောင့်လည်း မွန်းလွဲပိုင်းအချိန်မှာ ချမ်းမြေ့ပျော်ရွှင်စွာ ကျွန်မ နေနိုင်ခြင်း ဖြစ်ပါသည်။

ဖွယ်ဖွယ်ရာရာ မရှိသော လက်ဖက်ရည်ဝိုင်းကလေးမှာ ပျော်ရွှင်လန်းဆန်းစွာဖြင့် အပြုံးမပျက် ထိုင်နေနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်မတို့၏ မွန်းလွဲပိုင်း လက်ဖက်ရည်ဝိုင်းကလေးမှာ တကယ်ပင် ဘာမျှ ဖွယ်ဖွယ်ရာရာ မရှိပါ။ ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက်အတွက် ပေါင်မုန့်နှစ်ချပ်နှင့် ထောပတ်၊ ပြီးတော့ တရုတ်ခြောက်နှင့် ဖျော်ထားသော လက်ဖက်ရည်။ ဒါပဲ ဖြစ်ပါသည်။ အင်္ဂလန်မှာတုန်းကတော့ ဒီလိုမဟုတ်။ ယခုတော့ ကျွန်မတို့ ဇနီးမောင်နှံမှာ လူသူကင်းဝေးရာတွင် ရှောင်ပုန်းရင်း ငြိမ်းချမ်းမှုကို ရှာဖွေနေခိုက် ဖြစ်ပါသည်။

ယခု လသာဆောင်ကလေးပေါ်မှာ ထိုင်နေရင်း မန်ဒါလေစံအိမ်ကြီး၏ ညနေလေးနာရီခွဲအချိန်ကို ကျွန်မ စဉ်းစားနေမိသည်။ စာကြည့်ခန်းထဲရှိ မီးလင်းဖိုရှေ့မှာ စားပွဲကို ခင်းကျင်း ပြင်ဆင်ထားသည်။ တံခါးက ပွင့်နေသည်။ ထူးခြားသည့် အပြောင်းအလဲလည်း မရှိ။ ငွေလင်ပန်း၊ လက်ဖက်ရည်ပန်းကန်၊ ကရား၊ ဆွတ်ဆွတ်ဖြူသော စားပွဲခင်း၊ နားရွက်ဖားဖား ကျနေသော အချစ်တော် ခွေးကလေး ဂျက်စ်ပါက ထုံးစံအတိုင်း ကျွန်မတို့ နှစ်ယောက်ကြားမှာ ရှိနေသည်။ ကျွန်မတို့ လင်မယားကတော့ ဗိုက်ကနန်းဆိတ်ကနန်းသာ စားကြ သောက်ကြပါသည်။

သို့သော် စားပွဲပေါ်မှာ ခင်းကျင်းပြင်ဆင်ထားသည့် အစားအစာတွေက များလွန်းလှသည်။ ယခုပင် ကျွန်မ၏ မျက်စိထဲမှာ ပြန်လည် မြင်ယောင်နေမိပါသည်။ နူးညံ့သည့် ပေါင်မုန့်၊ ဥပနာနှင့် မုန့်ကြွပ်၊ ပူနွေးသော အကြော်ပေါင်းစုံ၊ အရသာထူးကဲလှသော ဆင်းဒဝစ်များ၊ လျှာပေါ် တင်လိုက်ရုံနှင့် အရည်ပျော်သွားသည့် ကိတ်မုန့် စသည်ဖြင့်

mgyoe.com

 mgyue.com SAMPLE BOOK 

နတ်သုဒ္ဓါတမျှ အရသာရှိသော စားကောင်းသောက်ဖွယ်တွေ စုံလင်လှပါသည်။ စားရမဲ့ သောက်ရမဲ့ ဖြစ်နေသော အိမ်ထောင်စုတစ်ခုအဖို့ ရက်သတ္တတစ်ပတ်စာတော့ ကောင်းစွာ လုံလောက်သော အစားအစာများ ဖြစ်ပါသည်။ ကျွန်မတို့ မကုန်နိုင် မခန်းနိုင်သောအခါတွင် ယင်းအစားအစာများ ဘယ်ရောက်ကုန်သည်ကို ကျွန်မ လုံးဝ မသိရှိခဲ့ရပါ။ သို့ကလို အလဟဿ ဖြစ်ကုန်ရသည့်အတွက် တစ်ခါတစ်ရံတော့လည်း ကျွန်မ ပူပင်သောက ရောက်မိခဲ့ပါသည်။

သို့သော်လည်း ထိုကိစ္စနှင့် စပ်လျဉ်းပြီး မစ္စက်ဒင်ဗာကို ဘယ်တုန်းကမျှ ကျွန်မ မမေးရဲခဲ့။ သည်မိန်းမကြီးက ကျွန်မကို မထီလေးစား ကြည့်ပေလိမ့်မည်။ သူ ပြုံးနေကျ အတိုင်း နှိင့်ထက်စီးနင်း အပြုံးမျိုးကို ပြုံးပေလိမ့်မည်။ အေးတိအေးစက် အပြုံးမျိုး ဖြစ်ပါသည်။ နောက်ပြီးတော့ သူ ပြောမည့် စကားလုံးများကိုလည်း ကျွန်မ စိတ်ကူး ကြည့်နေမိသည်။

'မစ္စက်ဒီဝင်းတား အသက်ရှင်နေတဲ့ အခါတုန်းက တောင်မေး၊ မြောက်မေး ဘယ်တော့မှ မလုပ်ဘူး' ဆိုသော စကားမျိုး။

မစ္စက်ဒင်ဗာ။ ယခုဆိုလျှင် ဒီမိန်းမကြီး ဘာတွေ လုပ်နေသလဲဟု ကျွန်မ စဉ်းစားကြည့်မိသည်။ သူနှင့် ဂျက်ဖေဗယ်တို့ ဘာတွေ လုပ်နေကြသနည်း။ သူ့မျက်နှာ အမူအရာကို မြင်ရခြင်းအားဖြင့် ကျွန်မ မနေတတ် မထိုင်တတ် ဖြစ်ခဲ့ရသည်ကိုလည်း ပြန်စဉ်းစားကြည့်နေမိပြန်သည်။

'ဒီမိန်းမကြီးက ငါ့ကို ရဘက်ကာနဲ့ နှိုင်းနေပါပေါ့လား'

ဟုလည်း စိတ်ထဲက တွေးမိသည်။ သည်လိုတွေးလိုက်မိသည်နှင့် တစ်ပြိုင် တည်း ကျွန်မတို့ လင်မယားနှစ်ယောက်ကြားသို့ ထက်လှစွာသော ဓားသွားကဲ့သို့ အရိပ်ကြီး တစ်ခုက ထိုးကျလာတော့သည်။

ရှိပါစေတော့။ ဘာပဲဖြစ်ဖြစ် ယခုအခါမှာတော့ အားလုံး ပြီးသွားပါပြီ။ အားလုံး ပြည်ဖုံးကား ချပြီးသွားပါပြီ။ ကျွန်မအဖို့ ဘာမျှ သောကရောက်စရာ မရှိတော့။ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ဘေးအန္တရာယ်အပေါင်းတို့မှ လွတ်မြောက်ခဲ့ကြပါပြီ။ ကျွန်မအပေါ်မှာ အလွန်သစ္စာရှိသည့် ခွေးကလေး ဂျက်စ်ပါသည်ပင်လျှင် တောထဲမှာ ဆော့ကစားဖို့ ပြေးထွက်သွားချေပြီ။ မန်ဒါလေ စံအိမ် ဆိုသည်မှာလည်း မရှိတော့ပြီ။ တောအုပ်အလယ်မှာ အနှစ်အကာ ကင်းမဲ့သော ဥခွံကြီးလို ရပ်တည်လျက် ရှိသည်။ အိပ်မက်ထဲမှာ ကျွန်မ မြင်တွေ့ခဲ့ရသည့်အတိုင်း ဖြစ်ချေသည်။

ချုံနွယ်ပိတ်ပေါင်းတို့ ရှုပ်ထွေးနေသည်။ ကျေးငှက်သာရကာအပေါင်းတို့က မင်းမူနေသည်။ တစ်ခါတစ်ရံတော့ ကျွန်မ၏ ချစ်လင်သည် ထိုတောအုပ်ထဲမှာ လမ်းလျှောက် နေပေလိမ့်မည်။ ထိုစဉ် ရုတ်တရက် ရွာချလိုက်သောမိုးကြောင့် မိုးခိုစရာကို ရှာလိမ့်မည်။ တကယ်လို့သာ သူ့စိတ်ဓာတ် ကြွံခိုင်နေမည်ဆိုပါက အပြစ်အနာအဆာ ကင်းမဲ့သူလို

mgyue.com

mgyoe.com SAMPLE BOOK

ဆက်ပြီး လမ်းလျှောက်နေပေလိမ့်မည်။ သို့သော်လည်း မန်ဒါလေစံအိမ်ဝင်းကြီးထဲမှ သစ်တောငယ်သည်ကား သူနှင့် ဘာမျှ မသက်ဆိုင်တော့ပြီ။

ပင်လယ်ကွေ့ကလေးမှာ ရှိနေသည့် တိုက်အိမ်ကလေး၏ အမိုးအောက်မှာ နားခိုရမည် ဆိုလျှင်လည်း သူ ပျော်ပိုက်နိုင်မည် မဟုတ်ပါ။ အာရုံတင်းကျပ်စွာ ခံစားခဲ့ရသည့် အကြောင်းများကို သည်ပတ်ဝန်းကျင်ကြောင့် ပြန်ပြောင်း အမှတ်ရစရာ ဖြစ်လာလိမ့်မည်။ သစ်ကိုင်းတွေ အုပ်ဆိုင်းထားသည့် မော်တော်ကားလမ်းချိုးကလေး၏ ထောင့်တစ်နေရာသည်လည်း ထိုးနည်းလည်းကောင်းပင် ဖြစ်ပါသည်။ သည်နေရာသည် ခေတ္တခဏ ရပ်နားရန် နေရာ မဟုတ်ပါ။ နေဝင်ချင်လျှင်လည်း ဝင်ပါစေတော့။ ရပ်နားမည် မဟုတ်ပါ။

ညောင်းရွက်များ ကြွေကျလာသောအခါတွင် ညဥ့်ဦးဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်၏ လှုပ်ရှားသံများနှင့် တူလှပါသည်။ ညောင်းရွက်များ ကြွေကျလာပြီး မြေပြင်ပေါ်မှာ ရုပ်တိုက် ပြေးကြသောအခါ တဖြောက်ဖြောက် အသံကို ကြားနေရသည်။ အမျိုးသမီးတစ်ယောက် ခပ်သုတ်သုတ် လျှောက်သွားသည့် ခြေသံများနှင့်ပင် တူသေးတော့သည်။ ကျောက်စရစ်ခဲ ရောပြွမ်းသည့် မြေပြင်ပေါ်မှာ ခွာမြင့် ဖိနပ်ရာကလေးများပင် ထင်ကျန်ရစ်ခဲ့သယောင်။

ထိုအကြောင်းများကို ပြန်လည် အမှတ်ရမိသောအခါတွင် လက်ရှိ ကျွန်မတို့ နေထိုင်ကြသည့် လသာဆောင်ကလေးပေါ်မှ ဘဝကိုပင် သတိပြန်လည်လာသည်။ စိတ်သက်သာရာလည်း ရမိသည်အမှန်။ သည်ပေါ်မှာ အရိပ်ဟူ၍ မရှိ။ နေအလင်းရောင်က စူးရှလှသည်။ ကျောက်တုံး၊ ကျောက်ခဲများ ပေါ်များလှသည့် စပျစ်ခြံကလည်း နေရောင်အောက်မှာ ကျဲကျဲတောက် လင်းနေသည်။ ယာတဲကလေးကလည်း ဖုန်အလိမ်းလိမ်းဖြင့် ဖြူဖွေးနေသည်။

တစ်နေ့သောအခါတွင် သည်မြင်ကွင်းကလေးကို မြတ်နိုးသော ခံစားချက်အပြည့်ဖြင့် ကျွန်မ ကြည့်မိကောင်း ကြည့်မိပါလိမ့်မည်။ ယခုတော့မူ သည်မြင်ကွင်းကလေးက ကျွန်မကို အတွေးကွန်ရက် ဖြန့်ကြက်စေပါသည်။ နှစ်သက် မြတ်နိုးခြင်းကား မဟုတ်။ အနည်းဆုံး ယုံကြည်ချက်ဖြင့် အတွေးကွန်ရက် ဖြန့်ကြက်မိခြင်း ဖြစ်ပါသည်။ ယုံကြည်ချက်ကို အရည်အချင်းတစ်ခုအဖြစ် ကျွန်မ တန်ဖိုးထားပါသည်။ ယုံကြည်ချက်ကို ရရှိသည့် အချိန်ကား အတန်ငယ် နောက်ကျနေသည်မှာ မှန်ပါ၏။

ကျွန်မ၏ ချစ်လင်သည် ကျွန်မအပေါ်မှာ လုံးလုံးမှီခို ရပ်တည်နေရပြီ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်မ၏ စိတ်ဓာတ်သည် ရင့်ကျက်တည်ငြိမ်လာပြီး ယုံကြည်ချက် အားမာန်များပါ ရရှိလာခြင်း ဖြစ်ပါသည်။ အားနာတတ်သော၊ ကြောက်ရွံ့တတ်သော၊ သူစိမ်းတစ်ရံဆံများနှင့် တွေ့လျှင် ရှက်တတ်သော ကျွန်မ၏ စိတ်ဓာတ်နှင့် အမူအကျင့်များလည်း မရှိတော့ပြီ။

မန်ဒါလေစံအိမ်ကြီးသို့ ပထမဆုံးအကြိမ် စတင်ရောက်ရှိလာသည့် အခါတုန်းကနှင့် လုံးလုံးကြီး ခြားနားသွားပါပြီ။ ထိုစဉ်ကမူ မျှော်လင့်ချက် အပြည့်။ စိတ်အား

mgyoe.com SAMPLE BOOK

ထက်သန်မှုက အပြည့်။ စိတ်လှုပ်ရှားမှုကလည်း အပြည့်။ ပြီးတော့ မြင်မြင်ကရာလူကို မျက်နှာချိုသွေးဖို့လောက်သာ အာရုံထားနေမိခဲ့သည်။ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် နေရကောင်းမှန်း မသိခဲ့။ ထို့ကြောင့်လည်း မစ္စက်ဒင်ဗာလို မိန်းမစားမျိုးကတောင် ကျွန်မ အပေါ်မှာ အထင်သေး အမြင်သေး ဖြစ်သည်ကို ခံခဲ့ရခြင်း ဖြစ်ပါသည်။

သည်စံအိမ်ကြီးမှာ ယခင်က အိမ်ရှင်မ ရဘာက်ကာ မရှိတော့သည့် နောက်ပိုင်းတွင် ကျွန်မကို ဘယ်လို မြင်ကြမည်နည်း။

ယခုတော့ ကိုယ့်ဘဝကိုယ် ကောင်းစွာ ပြန်မြင်နေမိပြီ။ အဖြစ်အပျက်များကို ပြန်လည်သတိရသည့် အမှတ်ရစိတ်က ကုန်ဆုံးလွန်မြောက်ခဲ့သော နှစ်ပရိစ္ဆေဒပေါင်းများစွာကို ပေါင်းကူးတံတားသဖွယ် ပြန်လည် ဆက်စပ်ပေးလိုက်သည်။

ထိုစဉ်တုန်းက ကျွန်မသည် ကိုယ်ထည်က မာတောင့်တောင့်၊ ဆံပင်က တိုတို၊ အသက်က ငယ်ငယ်၊ မျက်နှာပေါ်မှာ ပေါင်ဒါ မရှိ။ ဝတ်ဆင်ထားသည့် အဝတ်အစားများကလည်း ပုံမကျ၊ ပန်းမကျ။ မစ္စက်ဗန်ဟော့ပါး သွားလေရာ နောက်ပါးမှ ရှက်ကိုးရှက်ကန်းဖြင့် လိုက်ပါခဲ့ရသော ဘဝ။

မစ္စက်ဗန်ဟော့ပါးက နေ့လယ်စာ စားမည့် စားပွဲဆီသို့ ကျွန်မကို ဦးဆောင်ခေါ်သွားသည်။ သူ့အရပ်က ပုပု၊ ကိုယ်လုံးကိုယ်ထည်က ဝဝဖိုင့်ဖိုင့်။ ခွာမြင့်ဖိနပ်စီးထားရာ သူ့ခန္ဓာကိုယ် အတွတ်ဘောကြီးကို တည်ငြိမ်အောင် မထိန်းနိုင် မဟန်နိုင် ဖြစ်နေသည်။ ခြေလှမ်းလိုက်သောအခါတိုင်းတွင် ကြီးမားလှသော သူ၏ တင်ပါးဆုံကြီး နှစ်ဖက်က နိမ့်တုံမြင့်တုံ ဖြစ်သွားသည်။ သူ့ခေါင်းပေါ်မှ ဦးထုပ်က အသစ်။ ငှက်မွေးကြီးတစ်ချောင်းက ထိုးထိုးထောင်ထောင်၊ ကျောင်းသားငယ်တစ်ယောက်၏ ဒူးခေါင်းလို ပြောင်ချောနေသော နဖူးကြီးကို ဦးထုပ်က မအုပ်မိ။

လက်တစ်ဖက်က ကြီးမားသည့် အိတ်ကြီးတစ်လုံးကို ဆွဲကိုင်ထားသည်။ ထိုအိတ်ကြီးထဲမှာ နိုင်ငံကူးလက်မှတ်များ၊ ဧည့်သည်များနှင့် တွေ့ဆုံရန် အချိန်းအချက်များ မှတ်ထားသည့် မှတ်စုစာအုပ်များ၊ ပြီးတော့ ဟောလီးဝုဒ် ဖဲကစားရာတွင် ရရှိသည့် အမှတ်များ တေးမှတ်ထားသော စာရွက်များနှင့် ပြည့်လျှက်ရှိသည်။ ကျန်လက်တစ်ဖက်က မှန်ပြောင်းကြီးကို ကိုင်လျက်။ ထိုမှန်ပြောင်းကြီးကား အခြားသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်၏ မဟာရန်သူတော်ကြီးပေတည်း။

စားသောက်ခန်း၏ထောင့် ပြတင်းပေါက်အနီးရှိ သူထိုင်နေကျ စားပွဲမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ မှန်ပြောင်းကြီးကို မ ကာ သူ၏ သေးငယ်သော ဝက်မျက်စိကလေးများမှာ ကပ်ကာ လက်ဝဲ လက်ယာရှိ မြင်ကွင်းများကို စူးစမ်းလေ့လာလေတော့သည်။ ပြီးတော့ မှန်ပြောင်းကြီးကို ကြိုးတန်းလန်းဖြင့် လွတ်ချလိုက်ကာ မကျေနပ်သံကလေးများ ရောစွက်ကာ ပြောလေတော့သည်။

''နာမည်ကြီး ပုဂ္ဂိုလ်ဆိုလို့ တစ်ယောက်မှလည်း မရှိဘူး၊ ဒီအတိုင်းဆိုရင်တော့ ဟိုတယ်စရိတ် လျှော့ယူဖို့ အုပ်ချုပ်တဲ့ လူတွေကို ပြောရလိမ့်မယ်၊ ဘာအတွက် ဒီမှာ

mgyoe.com

mgyoe.com SAMPLE BOOK

လာတည်းတယ်လို့ သူတို့ ထင်သလဲ၊ စားပွဲထိုး ကောင်ကလေးတွေရဲ့ မျက်နှာကိုများ ကြည့်ချင်လို့ လာတည်းတယ်များ ထင်နေသလား''

ပြီးတော့ စားပွဲထိုးကို သူ့ဘေးသို့ လှမ်းခေါ်လိုက်သည်။ သူ့အသံက စူးစူးရှရှ ဖြင့် လွှသွားလို လေကို ဖြတ်သန်းသွားသည်။

ထိုနေရာသည်ကား မွန်တီကာလို အပန်းဖြေစခန်းရှိ ကိုတေဒါဇူး ဟိုတယ်စား သောက်ခန်းမကြီး ဖြစ်သည်။ ကျယ်လွင့်သည်။ ခမ်းနားသည်။ သပ်ရပ်သည်။ သန့်ရှင်း သည်။ ယခု ကျွန်မတို့ လင်မယားနှစ်ယောက် တည်းနေသည့် ဟိုတယ် သေးသေးလေး နှင့်ကား အိမ်သာနှင့် နတ်ဘုံနတ်နန်းလို ကွာချင်တိုင်း ကွာခြားလှပါ၏။

ပြီးတော့ ဟိုတုန်းက ကျွန်မ၏ အဖော်သဟဲနှင့် ယခု လက်ရှိ ကျွန်မ၏ အဖော်သဟဲ တို့သည်လည်း ကွာချင်တိုင်း ကွာခြားလှပါ၏။

ကျွန်မ၏ ယခုအဖော်သည် ဣန္ဒြေသိက္ခာရှိ၏။ အချိုးအဆက် ပြေပြစ်သော လက်ချောင်းကလေးများကို လှုပ်ရှားလိုက်ပုံမှာလည်း အေးငြိမ်းတည်ငြိမ်လှ၏။ ပြီးတော့ မကြာခဏ ကျွန်မကို မော့ကြည့်ကာလည်း ပြုံးတတ်၊ ရယ်တတ်ပါသည်။

ဟိုတုန်းက ကျွန်မ၏ အဖော်သဟဲ ဖြစ်ခဲ့ဖူးသော မစ္စက်ဗန်ဟော့ပါးကား သည်လို မဟုတ်။ လက်ချောင်းကြီးများကလည်း တုတ်တုတ်ခိုင်ခိုင် ပုံဆိုးပန်းဆိုး။ ထိုလက်များဖြင့် ဟင်းခွက်ကိုလည်း လောဘတကြီး အငမ်းမရ နှိုက်တတ်သည်။ အသားဖတ် များကိုချည်း ကျွန်မက ရွေးနှိုက်နေလေရော့သလား ဟူသော မသင်္ကာ မျက်လုံးများဖြင့် ဝေ့ဝဲကြည့်တတ်သည်။ သည်အတွက်တော့ သူ ပူစရာ မလိုပါ။ သူ့ကို မျက်နှာလုပ်မည့် စားပွဲထိုးတွေက အပြည့်။

တကယ်ဆိုတော့ ကျွန်မက ဘာမျှမဟုတ်။ မစ္စက်ဗန်ဟော့ပါး၏ အစေအပါး တစ်ယောက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း စားပွဲထိုးများက သူ့ကို မျက်နှာလုပ် သည့်အနေဖြင့် ကျွန်မရှေ့မှာ ပန်းကန်ပြားတစ်ချပ်ကို လာချပေးသည်။ ပန်းကန်ထဲမှာ တော့ ဝက်ပေါင်ခြောက်နှင့် ဝက်လျှာ။ ပူပူနွေးနွေးလည်း မဟုတ်။ အေးစက်နေပြီ။ အခြား တစ်ယောက်ယောက်က မစားချင်သဖြင့် လွှန်ခဲ့သည့် နာရီဝက်လောက်က ပြန်သိမ်းခိုင်း လိုက်သော ဟင်းများ ဖြစ်သည်။ သည်လိုဟာမျိုးကိုမှ ကျွန်မရှေ့မှာ လာချပေးရက်ကြ သည်။ စားပွဲထိုးတွေ အဖြစ်သည်းလိုက်ကြပုံကတော့ အောချလောက်ပါပေသည်။

တောပိုင်းက အိမ်ကလေးတစ်လုံးမှာ မစ္စက်ဗန်ဟော့ပါးနှင့် ကျွန်မ အတူတူနေခဲ့ စဉ်က အကြောင်းများကိုလည်း အမှတ်ရမိပါသေးသည်။ ကြောက်ကြောက်လန့်လန့်ဖြင့် ကျွန်မက ဘဲလ်တီးပြီး ခေါ်သော်လည်း အိမ်ဖော်အမျိုးသမီးက ဘယ်တော့မျှ ပေါ်မလာ။ ကျွန်မ၏ ဖိနပ်များကိုလည်း ဘယ်တော့မှ ယူမပေး။ ယုတ်စွအဆုံး မနက်ပိုင်း လက်ဖက်ရည် လာပေးလျှင်လည်း ကျွန်မ၏ အိပ်ခန်းတံခါး အပြင်ဘက်မှာ သည်အတိုင်း ချသွားတတ် သည်။ ကျွန်မ အိပ်ရာကနိုးပြီး တံခါးဖွင့်လိုက်သောအခါ လက်ဖက်ရည်က ရေခဲလို အေးနေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု ကိုတေဒါဇူးဟိုတယ်တွင် နည်းနည်းတော့ တော်သေးသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း အများကမူ ကျွန်မကို မထီမဲ့မြင် လုပ်တတ်ကြပါသည်။ ဧည့်ခံစာရေးထံတွင် တံဆိပ်ခေါင်း သွားဝယ်သောအခါတွင်လည်း စာရေးက ပြိတီတီ လုပ်ချင်သည်။ ဒါမျိုးတွေကို ကြုံတွေ့ရတော့ ကျွန်မ စိတ်ထိခိုက်ခဲ့ရသည်။ တကယ်ဆိုတော့ ကျွန်မ အသက်က အများကြီးငယ်သေးသည်။ အတွေ့အကြုံကလည်း ဘာမှုမရှိ။ အရိုင်းသက်သက်ကလေး။ ဘာကိုမဆို စိတ်ထိခိုက်လွယ်သော အခြေအနေမျိုး။

အဲသည်နေ့တုန်းက ကျွန်မ စားခဲ့ရသည့် ဝက်ပေါင်ခြောက်နှင့် ဝက်လျှာဟင်းကို ယခုပင် မှတ်မိနေသေးသည်။ ချက်ထားပုံက ခြောက်ကပ်ကပ်။ အရသာ လုံးဝ မရှိ။ ဘယ်လိုပဲဖြစ်ဖြစ် 'ဒါတွေ မစားချင်ဘူး' ဟု ငြင်းပယ်ဝံ့သော သတ္တိမျိုး ကျွန်မတွင် မရှိခဲ့ပါ။ ဘာစကားမှ မပြောဘဲ ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်စွာပင် ကိုယ့်ထမင်းကိုယ် စားနေကြသည်။ အဘွားကြီးကလည်း အစားထဲမှာသာ လုံးဝ အာရုံ နှစ်မြုပ်နေသည်။ ပလုတ်ပလောင်း စားရင်း ဟင်းရည်များ သူ့မေးဖျားပေါ်သို့ စီးကျနေသည်ကပင် ထင်ရှားနေသည်။

သည်လို ရုပ်ပျက်ဆင်းပျက် အငမ်းမရ ဖြစ်နေပုံမျိုးကို ကျွန်မ မမြင် မတွေ့ချင်ပါ။ ထို့ကြောင့် တစ်ဖက်သို့ မျက်နှာလွှဲလိုက်မိသည်။

သို့ကလို မျက်နှာလွှဲလိုက်တော့မှ ကျွန်မတို့ဘေးက စားပွဲမှာ ယခင်ရက်များကလို လူသူကင်းမဲ့ မနေတော့ကြောင်း သတိပြုမိလေတော့သည်။ အထူးဧည့်သည်တော်ကြီးများကို အရေးတယူဖြင့် ခါးညွတ် အရိုအသေပြုသလို ဟိုတယ်ပိုင်ရှင်ကိုယ်တိုင်က အရိုအသေပေးပြီး ဧည့်သည်သစ်ကို ခေါ်လာသည်။ ကျွန်မတို့နှင့် မလှမ်းမကမ်းရှိ စားပွဲမှာ နေရာချထားပေးသည်။ မစ္စက်ဗန်ဟော့ပါးသည် ခက်ရင်းကို ချလိုက်ပြီး မှန်ပြောင်းကို လှမ်းဆွဲသည်။ လူသစ်ကို လှမ်းကြည့်သည်။ သူ့အပြုအမူကြောင့် ကျွန်မ အရှက်ကြီးရှက်သွားမိပါသည်။ သည်အဘွားကြီး စပ်စပ်စုစု နိုင်လှသည်ကို လူသစ်ဖြစ်သူက မသိ။ အစားအသောက် စာရင်းကိုသာ ငုံ့ဖတ်နေသည်။ မစ္စက်ဗန်ဟော့ပါးက သူ့မှန်ပြောင်းကို ဖျောက်ခနဲ မြည်အောင် ပြန်ပိတ်လိုက်သည်။ ပြီးတော့ စားပွဲကို ကျော်ပြီး ကျွန်မဘက်သို့ ကိုယ်ကိုကိုင်းလာသည်။ သူ၏ မျက်လုံးကျဉ်းကလေးများမှာ စိတ်အားတက်ကြွမှုကြောင့် တောက်ပြောင်နေသည်။ သူ ပြောလိုက်သည့် အသံကလည်း ကျယ်လောင်လွန်းလှသည်။

"မက်ဇ်ဒီဝင်းတား ဆိုတာ အဲဒီပုဂ္ဂိုလ်ပဲကွဲ့၊ မန်ဒါလေစံအိမ်ကြီးကို ပိုင်တာသူပေါ့၊ မင်း ကြားဖူးပါလိမ့်မယ်၊ သူ့ ကြည့်ရတာ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပုံပဲ၊ ဟုတ်တယ်နော်၊ သူ့မိန်းမ ကွယ်လွန်သွားတဲ့အတွက် သူ့ခမျာ အခုထက်ထိ မဖြေဆည်နိုင်ဘူးလို့ အများတကာက ပြောကြတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

မစ္စက်ဗန်ဟော့ပါးသည် ရာထူးဂုဏ်သိန်ကြီးသူ၊ မျက်နှာကြီးသူများကို အထင်ကြီးကာ စပ်စပ်စုစု ပြုလုပ်တတ်သူ မဟုတ်ခဲ့သော် ယနေ့လို အချိန်အခါမျိုးတွင် ကျွန်မ၏ ဘဝသည် မည်သို့မည်ပုံများ ဖြစ်နေလေမည်နည်းဟု ကျွန်မ စဉ်းစားကြည့်မိပါသည်။

သည်လို အဘွားကြီးမျိုးနှင့် ရေစက်ဆုံကာ ပေါင်းသင်းနေရသည့်အတွက် ရယ်စရာတော့လည်း တစ်မျိုးကောင်းပါသည်။ အဘွားကြီး၏ စပ်စပ်စုစု နိုင်လှသော စရိုက်မှာ ရောဂါတစ်မျိုး ဖြစ်ပါ၏။ စိတ်နှင့်ပတ်သက်သော အရူးရောဂါတစ်မျိုးဟု ဆိုသော် ပို၍ မှန်ကန်ပါလိမ့်မည်။

အစပထမပိုင်းတုန်းကတော့ အဘွားကြီး၏ သည်လို အပြုအမူမျိုးကြောင့် ကျွန်မ အများကြီး တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့ရပါသည်။ လူတွေက သူ့ကွယ်ရာမှာ သူ့ကို သရော်လှောင်ပြောင်နေကြသည့်အတွက် သခင်အတွက် ဝေကကြ ကျွန်ခံဆိုသလို ကျွန်မ စိတ်အထိခိုက်ကြီး ထိခိုက်ခဲ့ရပါသည်။ အခန်းတစ်ခုထဲသို့ အဘွားကြီးမို့ ဝင်လာပြီဆိုလျှင် လူတွေက သူနှင့်လွတ်အောင် ရှောင်ပြေးသွားတတ်ကြသည်။ သူနှင့် ရင်ဆိုင်တိုးမိပြီဟော့ ဆိုလျှင်လည်း တစ်ချိုးတည်း နောက်ကြောင်းပြန်လှည့်ကာ အလုပ်သမားများ အသုံးပြုကြသည့် နောက်ဖေးလှေကားမှ ဆင်းပြေးတတ်ကြသည်။

ကိုတေဒါဇူး ဟိုတယ်သို့ မစ္စက်ဗန်ဟော့ပါး လာရောက် အနားယူလေ့ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာပါပြီ။ ဟောလီးဝုဒ်ဖဲ အရူးအမူး ကစားတတ်သည့် အကြောင်းနှင့် မျက်နှာကြီးများကို ဖန်းတင် ပေါင်းသင်းတတ်သည့် အကြောင်းများမှာလည်း လူတိုင်း

mgyoe.com SAMPLE BOOK

မသိချင်အဆုံး ဖြစ်နေကြသည်။ မွန်တီကာလို အပန်းဖြေစခန်းသို့ လာရောက် လည်ပတ်ကြသည့် နာမည်ကျော် ပုဂ္ဂိုလ်မှန်သမျှမှာ သူ့အသိမိတ်ဆွေတွေချည်း ဖြစ်ကြောင်းလည်း ဝါကြွားတတ်သည်။

တကယ်ဆိုတော့ ယင်းနာမည်ကျော် ပုဂ္ဂိုလ်များကို စာတိုက်တွင် ဟိုဘက်ထိပ်၊ သည်ဘက်ထိပ် တစ်ကြိမ်မျှသာ လှမ်းမြင်ဖူးခြင်း ဖြစ်သည်။ တစ်ခုတော့ ရှိပါသည်။ နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးဦးကို သို့ကလို လှမ်းတွေ့လိုက်သည်နှင့် တစ်ပြိုင်တည်း အရုက်အကြောက် မရှိ၊ အူယားဖားယား ပြေးကာ မိတ်ဆက်လေတော့သည်။ သူ၏ မိတ်ဆက်ခြင်းကို ခံရသော သားကောင်အဖို့ အန္တရာယ်နှင့် ကြုံတွေ့ရပြီဖြစ်ကြောင်း သဘောပေါက်ချိန် မရလိုက်မီကလေးမှာပင် ဟိုတယ်ရှိ သူ့အခန်းသို့ လာရောက်လည်ပတ်ပါရန် အဘွားကြီးက ဖိတ်မန္တက ပြုပြီးသား ဖြစ်သွားလေတော့သည်။

သူ တိုက်ခိုက်ပုံမှာ ပြောင်ကျလွန်းပြီး တုံ့ဆိုင်းမှု မရှိသည့်အတွက် လွတ်မြောက်ဖို့ အခွင့်အရေးရသူမှာ မရှိသလောက် ရှားပါးလှပါသည်။ ကိုတေဒါဇူး ဟိုတယ်တွင် သူ တည်းခိုနေသခိုက် သူ့အတွက် ဆိုဖာတစ်လုံးကို ဧည့်ခန်းတစ်နေရာရှိ စားသောက်ခန်းမနှင့် ဧည့်ကြိုရုံးခန်းကူးရာ လမ်းအလယ်ကောင်တည့်တည့်မှာ ချထားပေးရသည်။ နေ့လယ်စာနှင့် ညစာ စားပြီးတိုင်း ထိုဆိုဖာပေါ်မှာထိုင်ပြီး ကော်ဖီသောက်လေ့ရှိပါသည်။ သည်တော့လည်း ဧည့်ကြိုရုံးခန်းနှင့် စားသောက်ခန်းမကို ကူးသန်း သွားလာသူများအဖို့ သည်အဘွားကြီး အနီးမှ မကျော်ဖြတ်ဘဲ မသွားနိုင်တော့ချေ။ သည်အခါမျိုးတွင် သူ့ထောင်ချောက်ထဲမှာ မိဖို့သာ ပြင်ပေတော့။

တစ်ခါတစ်ရံတွင် သူ့သားကောင်များကို ဖမ်းမိနိုင်ဖို့အတွက် ကျွန်မကို တည်ကြက်အဖြစ် အသုံးချသည်များလည်း ရှိတတ်သည်။ ကျွန်မကို တစ်စုံတစ်ယောက်အား တစ်စုံတစ်ရာ သွားပြောခိုင်းတတ်သည်လည်း ရှိသည်။ စာရွက်ကလေး တစ်ရွက်တလေလောက်သော်လည်းကောင်း၊ စာအုပ်သော် လည်းကောင်း သွားငှားခိုင်းတတ်တာမျိုးလည်း ရှိသည်။ ဈေးဆိုင် တစ်ခုခု၏ လိပ်စာသော် လည်းကောင်း၊ တစ်စုံတစ်ယောက်၏ လိပ်စာကိုသော်လည်းကောင်း သွားမေးခိုင်းတတ်တာမျိုးလည်း ရှိသည်။ သဘောကတော့ သူနှင့်လည်း ကျွမ်း၊ ဟိုလူနှင့်လည်း ကျွမ်းသည့် မိတ်ဆွေ တစ်ယောက်ယောက်၏ လိပ်စာကို သူ မေးနေသည့် ပုံသဏ္ဌာန်မျိုး။

သည်လိုနည်းဖြင့် နာမည်ကျော် ထိုသူကောင်းသားကို သူ အမိဖမ်းလေတော့သည်။ သတင်းစာ တစ်စောင်စောင်တွင် ဓာတ်ပုံကလေးကို တစ်ကြိမ် တစ်ခါ မြင်လိုက်ရုံမျှဖြင့်လည်း သူ မှတ်မိနေတတ်သည်။ စာရေးဆရာ၊ အနုပညာသည်၊ ဓာတ်လိုက်မင်းသား၊ မင်းသမီး၊ အခြား နာမည်ကြီးပုဂ္ဂိုလ်၊ ယုတ်စွအဆုံး သာမန်လူသားပင် ဖြစ်ပါစေ၊ သတင်းစာထဲမှာ တစ်ခါ ပါရုံဖြင့် နှစ်ပေါင်း ဘယ်လောက်ပင်ကြာကြာ သူ မှတ်မိနေတတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လိုနည်းနှင့်မျှ ကျွန်မ မေ့ပျောက်နိုင်တော့မည် မဟုတ်သော ထိုနေ့ခင်းက အဖြစ်အပျက်ကို မနေ့တနင်္လာကပင် ဖြစ်ပျက်ခဲ့သည့်အလား ယခု ကောင်းစွာ ပြန်လည်အမှတ်ရနေမိပါသည်။ နှစ်ပေါင်း ဘယ်လောက်ပင် ကြာကြာ ထိုနေ့ခင်းက အဖြစ်အပျက်ကိုတော့ ကျွန်မ မေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။

ထိုနေ့ခင်းက ဧည့်ခန်းထဲရှိ သူ၏ နာမည်ကျော် ဆိုဖာကြီးမှာ ထိုင်ရင်း နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဦးကို ဘယ်လို ဝင်ရောက် တိုက်ခိုက်ရမည်နည်းဟု သူ အကြံယူနေသည်။ လက်ထဲက မှန်ပြောင်းနှင့် သူ့သွားများကို သာသာထိတို့ရင်း သူ ဆင်ကြံ ကြံနေခဲ့သည်။

ထိုနေ့က ထမင်းကို ကသုတ်ကရက် သူ စားသည်။ နောက်ထပ် ရောက်လာသည့် လူသစ်အလျှင် သူက ပြီးနှင့်အောင် စားသည်။ အချိုပွဲကလေးမျှပင် မတည်းတော့။ သို့မှသာ သူ၏ နာမည်ကျော် ဆိုဖာကြီးမှာ သွားရောက်ထိုင်နှင့်ပြီး ဖြစ်မည်။ သည်လိုဆိုလျှင် နောက်လာသောသူသည် သူ့ကို မကျော်ဖြတ်ဘဲ ဘယ်နည်းနှင့်မျှ သည်အခန်းထဲက ထွက်ပေါက်မရနိုင်တော့ပြီ။ ရုတ်တရက် ကျွန်မဘက်သို့ သူ လှည့်လိုက်သည်။ သူ၏ မျက်လုံးကျဉ်းကလေးများကလည်း အရောင် တဖိတ်ဖိတ်တောက်လျက်။

"အပေါ်ထပ်ကို မြန်မြန်ပြေးပြီး ငါ့တူဆီက ရေးလိုက်တဲ့ စာကို သွားရှာစမ်း၊ မှတ်မိတယ် မဟုတ်လား၊ သူတို့လင်မယား ပျားရည်ဆမ်းခရီးသွားရင်း ငါ့ဆီကို ရေးလိုက်တဲ့ စာလေ၊ ဓာတ်ပုံလည်း ပါတယ်၊ အဲဒီစာကို အခုချက်ချင်း သွားယူပေးစမ်း"

အစီအစဉ်များကို သူ ပြုလုပ်ပြီးသွားပြီ ဖြစ်ကြောင်း ကျွန်မ သိနားလည်လိုက်ပါပြီ။ သူ မိတ်ဆက်ရာတွင် သူ့တူကို လက်နက်ကိရိယာအဖြစ် အသုံးချပေတော့မည်။ အဘွားကြီး၏ စီမံကိန်းကြီးထဲမှာ ကျွန်မ ပါဝင်လှုပ်ရှားရသည့်အတွက် စိတ်ကောင်းလည်း ဖြစ်မိပါသည်။ သည်လို စိတ်မကောင်း ဖြစ်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။

ဖွတ်အစမ္ဘ ကျူးကျော် မိတ်ဆက်ခြင်းကို ဧည့်သည်သစ်အနေဖြင့် နှစ်ခြိုက်လိမ့်မည်ကား မဟုတ်ပါ။ ဒါကိုတော့ ကျွန်မ၏စိတ်ထဲက အလိုလို သိနေသလို ရှိပါသည်။ ယနေ့ နေ့လယ်စာ စားနေသော သူ့ကို လှမ်းကြည့်ရင်း ကျွန်မ စိတ်ထဲမှာ ထိုသို့ ခံစားရခြင်း ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်လလောက်က သူတို့အကြောင်း သတင်းစာထဲမှာ ဟိုးလေးတကျော် ပါခဲ့သည်။ နောင်တစ်နေ့တွင် အသုံးတည့်ပါက အသုံးချနိုင်ရန် အဘွားကြီးက မှတ်မိအောင် မှတ်ထားလိုက်သေးသည်။ ကျွန်မသည် အသက် ငယ်ရွယ်သည်မှာ မှန်ပါ၏။ အတွေ့အကြုံ နုနယ်သည်မှာ မှန်ပါ၏။ သို့သော်လည်း ဧည့်သည်သစ်သည် သူ၏ တစ်ကိုယ်တော် ဘဝကလေး ပျက်စီးသွားရသည်ကိုတော့ ဝမ်းနည်းပက်လက် ဖြစ်ရှာပေလိမ့်မည်။

မွန်တီကာလို အပန်းဖြေစခန်းရှိ ကိုတေဒါဇူး ဟိုတယ်ကိုမှ ဘာကြောင့် ရွေးချယ်ပြီး သူ ရောက်လာရသနည်း ဆိုသည်မှာ ကျွန်မနှင့် မည်သို့မျှ မပတ်သက်ပါ။ သူ့ပြဿနာသည် သူနှင့်သာ သက်ဆိုင်ပါသည်။ သည်အကြောင်းကို မစွက်ဖက်ဟော့ပါး

mgyoe.com

mgyoe.com SAMPLE BOOK
နားလည်ဖို့ ကောင်းပါသည်။ သို့သော်လည်း သူတစ်ပါး အတင်းအဖျင်း ပြောဖို့၊ သည်လို နာမည်ကြီး ပုဂ္ဂိုလ်များနှင့် ပရောပရည် လုပ်ဖို့ ဟူသည်မှာ အဘွားကြီးအဖို့ အသက်ရှူနေရခြင်းလောက် အရေးကြီးပါသည်။

မစ္စက်ဗန်ဟော့ပါး ရှာနိုင်းလိုက်သည့် စာကို သူ့စားပွဲပေါ်ရှိ စာခြင်းထဲမှာ အလွယ်တကူပင် တွေ့ပါသည်။ သည့်နောက် အောက်ထပ် ဧည့်ခန်းထဲသို့ ပြန်ဆင်းမသွားမီ ခဏကြာအောင် ကျွန်မ တုံ့ဆိုင်းဆိုင်း ဖြစ်နေမိပါသည်။ တကယ်ဆိုတော့ ယင်းအပြုအမူသည် အန္တရာယ်မှ လွတ်မြောက်လို လွတ်မြောက်ငြား ရတတ်သမျှ အချိန်ကလေးကို ဧည့်သည်အတွက် ဆွဲပေးထားလိုက်ခြင်းသာလျှင် ဖြစ်နိုင်ပါသည်။ တမင်တင်ကူး ကြံရွယ်၍ ပြုလုပ်ခြင်းကား မဟုတ်မိရိုး အမှန်ပါ။

အလုပ်သမားများ အသုံးပြုနေသည့် နောက်ဖေးလှေကားမှ ဆင်းသွားဝံ့သည့် သတ္တိများ ရလိုက်ချင်စမ်းပါဘိသည်။ သို့မှသာ စားသောက်ခန်းဆီသို့ တစ်ဖက်မှာ ကွေ့ဝိုက်သွားနိုင်သည်။ သည်လိုသွားမှ 'ရှင်တော့ ချုံခို အတိုက်ခံရတော့မယ်' ဟု ဧည့်သည်ကို ကြိုတင်သတိပေးနိုင်လိမ့်မည်။ စကားပြောဖို့ ဆိုသည်မှာ ကျွန်မအတွက် အခက်ကြီးတစ်ခက် ဖြစ်နေသည်မှာ မှန်ပါ၏။ ဘယ်လိုဝါကျများကို သုံးရမည် ဖြစ်ကြောင်းလည်း ကျွန်မ မသိ။ တကယ်ဆိုတော့လည်း သည်ကိစ္စမှာ ကျွန်မအဖို့ နေသာသပ လေညာက ဖြစ်ပါသည်။ အဘွားကြီးဘေးမှာ ထိုင်ရင်း လူသစ်ကို ပင့်ကူအိမ်နှင့် ရစ်နှောင်သလို အဘွားကြီး အမိဖမ်းနေသည်ကို ထိုင်ကြည့်နေရုံသာ ရှိပါသည်။

ထင်သည်ထက်ပင် ကျွန်မ အချိန်ပိုကြာသွားပါသည်။ ဧည့်ခန်းထဲသို့ ပြန်ရောက်သွားတော့ ဧည့်သည်သစ်သည် စားသောက်ခန်းထဲမှ ပြန်လည် ထွက်ခွာသွားနှင့်ပြီဖြစ်ကြောင်း တွေ့ရသည်။ ထိုအခါတွင် လက်လွတ်ဆုံးရှုံးရတော့မည်ကို အကြောက်ကြီးကြောက်သွားသော အဘွားကြီးသည် ကျွန်မ ယူလာမည့် စာကိုပင် မစောင့်နိုင်တော့ဘဲ ဧည့်သည်သစ်ကို မျက်နှာပြောင်တိုက်ပြီး အစိမ်းသက်သက်ကြီး မိတ်ဆက်လိုက်ဟန်တူပါသည်။

ဧည့်သည်သစ်သည် အဘွားကြီးနှင့်အတူ ဆိုဖာပေါ်မှာ ယှဉ်တွဲထိုင်နေပြီ။ သူတို့ဆီသို့ ကျွန်မ ဖြတ်လျှောက်သွားပြီး စကားတစ်လုံးမျှ မပြောဘဲ အဘွားကြီး၏ လက်သို့ စာလှမ်းပေးလိုက်သည်။ ကျွန်မကို မြင်သည်နှင့် တစ်ပြိုင်တည်း ဧည့်သည်သစ်က ထိုင်ရာမှ ထသည်။ မစ္စက်ဗန်ဟော့ပါးကမူ သူ၏ အောင်ပွဲကြောင့် ဝမ်းသာလုံးဆို့ကာ မျက်နှာမှာ သွေးရောင်လွှမ်းနေသည်။ ကျွန်မဘက်သို့ မသိမသာ လက်ဝှေ့ယမ်းပြရင်း ကျွန်မ၏ နာမည်ကိုလည်း ဗလုံးဗထွေး ပြောနေသည်။

''တို့နဲ့အတူတူ မစ္စတာဝင်းတား ကော်ဖီ သောက်လိမ့်မယ်၊ ပန်းကန်အပို ထပ်ပေးဖို့ စားပွဲထိုးဆီမှာ တောင်းလိုက်''
mgyoe.com

mgyoe.com SAMPLE BOOK

ဟု မစ္စက်ဗန်ဟော့ပါးက ကျွန်မကို လှမ်းပြောပါသည်။ ကျွန်မ၏ အဆင့်အတန်း ဘာဖြစ်ကြောင်း မစ္စတာဒီဝင်းတား ရိပ်စားမိသွားစေရန် သတိပေးသည့် လေသံမျိုး ဖြစ်ပါသည်။ သဘောကတော့ ကျွန်မသည် ဘာမဟုတ်သည့် သူငယ်နှပ်စားကလေးမျှသာ ဖြစ်ကြောင်း၊ အရေးထားနေဖို့ မလိုကြောင်း၊ သည်စကားဝိုင်းထဲမှာလည်း ကျွန်မကို လူရာသွင်းဖို့ မလိုကြောင်း ဆိုလိုရင်း ဖြစ်ပါသည်။

သူ့အပေါ် လူတစ်ဖက်သား အထင်ကြီးစေလိုသည့်အခါတိုင်း သည်လို ပုံမှန်လေသံမျိုးဖြင့် ကျွန်မကို သူ ဆက်ဆံလေ့ ရှိပါသည်။ လူစိမ်း တစ်ယောက်ယောက်နှင့် ကျွန်မကို မိတ်ဆက်ပေးရသည့် အခါများတွင်လည်း သူ့ကိုယ်သူ အကာကွယ်ယူပြီးသား နည်းမျိုးကို သုံးစွဲလေ့ ရှိပါသည်။ တစ်ချိန်တုန်းက ကျွန်မကို သူ့သမီးအဖြစ် အထင်ရောက်ခံခဲ့ရဖူးပါသည်။ ထို့ကြောင့် သူရော ကျွန်မပါ အနေရအထိုင်ရ ကျပ်ခဲ့ဖူးပါသည်။ ညှော်သည်နှင့် ကျွန်မကို သံပြတ်ဖြင့် မိတ်ဆက်ပေးခြင်းအားဖြင့် နောက်ပိုင်းတွင် ကျွန်မကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သဘောမထားတော့ကြောင်း ပြရာလည်း ရောက်ပါသည်။ သည်လို မိတ်ဆက်ပေးခြင်းခံရသော ယောကျ်ားသားများကတော့ ကြီးမားစွာ စိတ်သက်သာရာ ရကြပါသည်။ သည်လိုသံပြတ်ဖြင့် မိတ်ဆက်ပေးလိုက်ပြီ ဆိုသည်နှင့် တစ်ပြိုင်တည်း ကျွန်မအပေါ် ယဉ်ကျေးမှု ထုံးစံအတိုင်း အရေးတယူ ဖော်ရွေပျူငှာပြုစရာ မလိုတော့ဘဲ ကိုယ့်ကုလားထိုင်မှာ ကိုယ် သက်သောင့်သက်သာ ထိုင်နိုင်ကြတော့သည်။

ထိုအကြောင်းများကြောင့်လည်း ယခု လူသစ်ကြီး ပြုမူပုံကို မြင်ရသောအခါ ကျွန်မအဖို့ အံ့သြတကြီး ဖြစ်ရပါတော့သည်။ သူသည် မတ်တတ်ရပ်ရာမှ ပြန်မထိုင်။ ထိုမျှမကသေး၊ စားပွဲထိုးကိုလည်း လက်ရိပ်လှမ်းပြလိုက်သည်။

"ပြောင်းပြန်ပဲ လုပ်ပါရစေတော့ဗျာ..."

ဟု သူက မစ္စက်ဗန်ဟော့ပါးကို လှမ်းပြောသည်။

"ခင်ဗျားတို့ နှစ်ယောက်စလုံး ကျွန်တော်နဲ့အတူတူ ကော်ဖီသုံးဆောင်ကြပါ"

ဟု ဆက်တိုက်ပြောချလိုက်သည်။ ဘာတွေ ဖြစ်ကုန်ပြီကို ကျွန်မ မသိလိုက်ရမီမှာပင် ကျွန်မ ထိုင်နေကျ ကုလားထိုင် ကြမ်းကြမ်းကြီးပေါ်မှာ သူက အမြိန့်သားထိုင်လို့။ ကျွန်မကမူ မစ္စက်ဗန်ဟော့ပါးနှင့်အတူ ဆိုဖာပေါ်မှာ ယှဉ်လျက်သားထိုင်လို့။

အဘွားကြီး စိတ်အနှောင့်အယှက် ဖြစ်သွားပုံရပါသည်။ သည်လို နေရာယူကြဖို့ သူ ရည်မှန်းထားပုံ မရပါ။ သို့သော်လည်း ချက်ချင်း မျက်နှာပိုးပြန်သတ်လိုက်သည်။ စားပွဲနှင့် ကျွန်မကြားသို့ သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို အတင်းတိုးဝင်လိုက်သည်။ မစ္စတာဒီဝင်းတား ထိုင်နေသည့် ကုလားထိုင်ဘက်သို့လည်း ကိုယ်ကို ကိုင်းလိုက်သည်။ တစ်ဆက်တည်း သူ့လက်ထဲက စာကို လှုပ်ကာ ယမ်းကာဖြင့် စိတ်အားထက်သန်စွာ ဟောင်ဖွာ ဟောင်ဖွာ ပြောလေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

''စားသောက်ခန်းထဲကို ရှင် ဝင်လာတာနဲ့ တစ်ပြိုင်တည်း ကျွန်မ ချက်ချင်း မှတ်မိလိုက်တယ်၊ သိလား၊ ပြီးတော့ ကျွန်မ စဉ်းစားလိုက်မိတယ်၊ ဘယ့်နှယ်၊ ဟောဟိုမှာ ဘီလီရဲ့ သူငယ်ချင်း မစ္စတာဒီဝင်းတားပါလား၊ ဘီလီနဲ့ သူ့အမျိုးသမီး ပျားရည်ဆမ်းခရီး ထွက်ကြတုန်းက ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ သူ့ကို ပြလိုက်ဦးမှပဲ'လို့ စိတ်ထဲမှာ ပေါ်လာ တယ်၊ ဟောဒီမှာ သူတို့ပုံတွေ ကြည့်ပါဦး၊ ဟောဒါက ဘီလီရဲ့ အမျိုးသမီး ဒိုရာလေ၊ ချစ်စရာ မကောင်းဘူးလား၊ ခါးကလေးက သိမ်သိမ်ကလေး၊ မျက်လုံးကြီးတွေက ဝိုင်းဝိုင်း စက်စက်ကြီးတွေ၊ ဟောဒီပုံကတော့ ပမ်းဘိချ် ပင်လယ်ကမ်းခြေမှာ နေပူဆာလှုံနေကြတာ ပေါ့၊ ဘီလီတို့များ ဒိုရာကို ချစ်လိုက်တာ တုန်နေတာပဲ၊ စဉ်းစားသာ ကြည့်ပါတော့ရှင်၊ ကလားရစ်ဟိုတယ်မှာ ညေ့ခံပွဲကြီးတစ်ပွဲ ဘီလီ တည်ခင်းတုန်းက ဒိုရာ့ကို သူ တွေ့ခဲ့ တာတော့ မဟုတ်ပါဘူး။ အဲဒီညေ့ခံပွဲမှာ ရှင့်ကို ပထမဦးဆုံး ကျွန်မ စတွေ့ဖူးတာပေါ့၊ ဒါပေမဲ့ ကျွန်မလို အဘွားကြီး တစ်ယောက်ကိုတော့ ရှင် အမှတ်ရမှာ မဟုတ်ဘူး ဆိုတာ ကျွန်မ ပြောရဲပါတယ် ရှင်၊ ဟင်း... ဟင်း... ဟင်း...''

အဘွားကြီးသည် မျက်စကို ချီကာ ချီကာ၊ သွားများကို ဖြဲကာ ဖြဲကာဖြင့် ပြောဆိုနေခြင်း ဖြစ်သည်။

''ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ခင်ဗျားကို ကျွန်တော် ကောင်းကောင်းမှတ်မိခဲ့ ပါတယ်''

ဟု မစ္စတာဒီဝင်းတားက ပြန်ပြောသည်။ သူတို့နှစ်ယောက် ပထမဦးဆုံး စတင် တွေ့ကြုံခဲ့ကြသည့်အကြောင်း အဘွားကြီး ပြန်ပြောင်း စကားကြောမရှည်မီ ဒီဝင်းတားက စီးကရက်ဘူး ထုတ်ပြီး အဘွားကြီးကို တည်သည်။ တစ်ဆက်တည်း စီးကရက် မီးညှိပေးနေခြင်းအားဖြင့် အဘွားကြီး၏ ပါးစပ်ကို ခဏပိတ်တော့ ပိတ်ထား လိုက်နိုင်သည်။

''ကျွန်တော်တော့ ပမ်းဘိချ် ပင်လယ်ကမ်းခြေကို ကြိုက်လှတယ် မထင်မိ ပါဘူး''

ဒီဝင်းတားက စကားဆက်ရင်း မီးခြစ်ဆံမှ မီးကို မှုတ်ငြိမ်းလိုက်သည်။ သူ့ကို လှစ်ခနဲ လှမ်းကြည့်လိုက်မိပါသည်။ ဖလော်ရီဒါကမ်းခြေလို နေရာမျိုး၏ နောက်ခံ မြင်ကွင်းနှင့် သူ့ရုပ်လွှာမှာ ပနံစားလိမ့်မည်ဟု ကျွန်မ မထင်။

သူ့ရုပ်လွှာသည် ၁၅ ရာစုခေတ်က မြို့ရိုးပတ်လည် ဝိုင်းထားသော မြို့များနှင့် သာ လိုက်ဖက်ညီထွေ ရှိပေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ ကျောက်တုံးများ ခင်းထား သည့် လမ်းကလေးတွေက ကျဉ်းကျဉ်းကလေး။ အဆောက်အအုံတို့၏ အမိုးများက စူးစူးချွန်ချွန်။ မြို့သူမြို့သားတို့၏ ဖိနပ်များက ဦးချွန်ချွန်။ ပြီးတော့ ဇာကျဲ ခြေအိတ်များ ကိုလည်း ဝတ်ဆင်ထားကြသေးသည်။ ယင်းသို့သော အရပ်မျိုးမှာသာ သူ့ရုပ်လွှာနှင့် ကိုက်ညီပေလိမ့်မည်။ သူ့မျက်နှာပေါက်က ညှို့ယူဖမ်းစားနိုင်သည့် မျက်နှာပေါက်မျိုး။

mgyoe.com

mgyoe.com SAMPLE BOOK
ထိခိုက်ခံစားလွယ်သည့် ဟန်ပန်အမူအရာ။ ပုံပန်းသဏ္ဍာန်က ရှေးရိုးခပ်ဆန်ဆန်ပင်။ ဘယ်လို ရှေးရိုးဆန်သည်ကိုတော့ ကျွန်မ ရှင်းမပြတတ်ပါ။

သူ့ကို ကြည့်နေရင်း ပန်းချီပြခန်းတစ်ခုတွင် ကျွန်မ တွေ့ခဲ့ဖူးသည့် ပန်းချီကား တစ်ချပ်ကို ပြေး၍ အမှတ်ရမိပါသည်။ ဘယ်မှာ တွေ့ခဲ့သည် ဆိုတာကိုတော့ ကျွန်မ အစဖော်မရတော့ပါ။ ယင်းပန်းချီကားသည် 'မကြား မသိဖူးသော လူကြီးမင်း' အမည်ရှိ လူပုံတူ ပန်းချီကား ဖြစ်ပါသည်။ ယခု မစ္စတာဒီဝင်းတားကို အနက်ရောင် ကွမ်းရိုးစင်း ဝတ်စုံ ဝတ်ပေးပြီး လည်ပင်းနှင့် လက်ကောက်ဝတ်တွင် ဇာနားများ တပ်ပေးလိုက်မည် ဆိုပါက ကျွန်မတို့ ယနေ့ကမ္ဘာသစ်ကြီးကို ပန်းချီကားပေါင်ထဲမှတစ်ဆင့် ရှေးပဝေသဏီ ခေတ်မှနေ၍ ဒီဝင်းတားကိုယ်တိုင် ငုံ့ကြည့်နေသည်နှင့် တူပေလိမ့်မည်ဟု ကျွန်မ အတွေး ပေါက်မိပါသည်။

ထိုရှေးခေတ် ဆိုသည်ကား သူ့ရဲကောင်း ယောက်ျားတို့သည် ဝတ်ရုံကြီးများ ကို ဝတ်ဆင်ကာ ညအခါမှာ လမ်းထွက်လေ့ရှိကြသည်။ အိုမင်းသော တံခါးပေါက်ကြီး များ၏အောက် မှောင်ရိပ်ထဲမှာလည်း ရပ်နေတတ်ကြသည်။ ကျဉ်းမြောင်းသော လှေကား ထစ်များနှင့် မည်းမှောင်သော အကျဉ်းထောင်များကိုလည်း ကျော်လွှားဖြတ်သန်းခဲ့ကြမည်။ အမှောင်ထဲမှာ တီးတိုးစကားသံများကိုလည်း ကြားခဲ့ကြရမည်။ ဓားသွားက တဖွေးဖွေး နှင့် ဓားရေးလည်း ပြခဲ့ကြရမည်။ ယဉ်ကျေးဖွယ် အမူအရာများလည်း ကြီးစိုးခဲ့မည်။ ဒီဝင်းတား၏ ရုပ်လက္ခဏာကား ထိုခေတ်၊ ထိုပတ်ဝန်းကျင်မျိုးနှင့်သာ လိုက်လျောညီထွေ ရှိပေလိမ့်မည်။

'မကြား မသိဖူးသော လူကြီးမင်း' ပုံတူ ပန်းချီကား ရေးဆွဲသူ ပန်းချီဆရာ၏ အမည်ကို ကျွန်မ မှတ်မိချင်စမ်းလှပါ၏။ ပန်းချီပြခန်း၏ ထောင့်တစ်ထောင့်မှာ ထိုပန်းချီ ကားကို ချိတ်ဆွဲထားခဲ့သည်။ ပန်းချီကားပေါ်မှ မျက်လုံးများသည် ကြည့်သူနောက်သို့ ညိုမှောင်းသော ပေါင်ထဲမှတစ်ဆင့် အမြဲတစေ လိုက်နေလေ့ရှိသည်။

သူတို့နှစ်ယောက် စကားကောင်းနေကြသည် မှန်သော်လည်း ဘာအကြောင်း ပြောနေကြသည်ကို ရိပ်ဖမ်းသံဖမ်းမျှပင် ကျွန်မ မသိတော့ပါ။

'မဟုတ်ပါဘူး၊ နှစ် နှစ်ဆယ် မကြာသေးပါဘူး၊ အဲဒါမျိုးကလည်း ဘယ်တော့ မှ ကျွန်တော့်ကို စိတ်ပျက်အောင် မတတ်နိုင်ပါဘူး''

စသည်ဖြင့် မစ္စတာဒီဝင်းတား ပြောလိုက်သည့် စကားသံကို ကြားရပါသည်။ မစ္စက်ဗန်ဟော့ပါး၏ ရှင်လန်းအားရစွာ ရယ်မောသံကိုလည်း ကြားရပါသည်။

''မန်ဒါလေ စံအိမ်ကြီးမျိုးသာ ဘီလီတစ်ယောက် ပိုင်ဆိုင်မယ်ဆိုရင် ပမ်းဘီချီ လို နေရာမျိုးကို သွားပြီး ဘယ်မှာ သဝေထိုးပါလိမ့်မလဲ ရှင်ရယ်၊ မန်ဒါလေ စံအိမ်ကြီး ဟာ နတ်ဘုံနတ်နန်းကြီး အတိုင်းပဲလို့ ပြောသံကြားဖူးတယ်၊ အင်း… နတ်ဘုံနတ်နန်း ဆိုတာကလွဲပြီး တခြားအမည်ပေးစရာလည်း မရှိတော့ပါဘူးလေ''
mgyoe.com

 mgyee.com SAMPLE BOOK 

မစ္စက်ဗန်ဟော့ပါးက စကားကို ခဏနားလိုက်သည်။ သူ ပြုံးလိမ့်မည်ဟု မျှော်လင့်ပုံရပါသည်။ သို့သော်လည်း ဒီဝင်းတားက စီးကရက်ကိုသာ ဖွာမြဲဖွာနေသည်။ ပိုးမျှင်လောက် သေးငယ်သည့် အရေးအကြောင်းကလေးတစ်ခု သူ့မျက်လုံးနှစ်ခုစပ်ကြားတွင် ရှိနေသည်ကို ကျွန်မ သတိထားလိုက်မိသည်။

"မန်ဒါလေစံအိမ်ကြီးရဲ့ ဓာတ်ပုံတွေကို ကျွန်မ မြင်ဖူးပါတယ်၊ အမှန်ပြောတာပါ၊ သိပ်ကို ကြီးကျယ်ခမ်းနားပါပေတယ်၊ ကျွန်မရဲ့ တူတောင်မောင် ဘီလီ တစ်ခါပြောဖူးတာကို အမှတ်ရမိသေးတော့တယ်၊ သူက မန်ဒါလေစံအိမ်ကြီးဟာ တခြားဘယ်စံအိမ်နဲ့မှ မတူအောင် လှပလွန်းပါတယ်တဲ့၊ ဒီလို စံအိမ်ကြီးမျိုးကို ရှင် ကျောခိုင်း ထွက်လာနိုင်တာဖြင့် ကျွန်မအဖို့ အံ့သြကုန်နိုင်ဖွယ်ပါပဲ"

ဟု ဖွတ်ပင် မြှောက်လုံးတွေ ပေးပြန်သည်။

မစ္စတာဒီဝင်းတားကား တုံဏှိဘာဝေ ဆိတ်ဆိတ်နေမြဲပင်။ သူ့တိတ်ဆိတ်မှုသည် ဘေးလူများကိုပါ နေမထိ ထိုင်မသာ ဖြစ်စေလေတော့သည်။ သို့သော်လည်း မစ္စက်ဗန်ဟော့ပါးကား အလိုက်ကမ်းဆိုး မသိ။ ကြိုးလွတ်ထွက်သွားသည့် ဆိတ်ရိုင်းတစ်ကောင်က သီးသန့် သတ်မှတ်ထားသော နေရာပေါ်သို့ ကျူးကျော် ဝင်ရောက်ကာ ခုန်ပေါက်မြူးထူးနေဘိသကဲ့သို့ ဖြစ်နေသည်။ ကျွန်မ မျက်နှာပေါ်မှာ ရှက်သွေးများ ဖြန်းလာပြီဟု ကျွန်မ ခံစားလိုက်ရပါသည်။ တကယ်ဆိုတော့ မစ္စက်ဗန်ဟော့ပါးသည် ကျွန်မ၏ အလုပ်ရှင်ဖြစ်နေလေရာ ကျွန်မပါ သူနှင့် တစ်ဂိုဏ်းတည်းလို ဖြစ်နေတော့သည်။

"ရှင်တို့ အင်္ဂလိပ်လူမျိုးတွေဟာ ကိုယ့်အိမ်အကြောင်းနဲ့ ပတ်သက်လာရင် အတူတူချည်းပါပဲ"

လို့ မစ္စက်ဗန်ဟော့ပါးက ဆက်ပြောပြန်သည်။ သူ့အသံကလည်း စောစောကထက် ပိုလို့ပင် ကျယ်လောင်လာသည်။

"ကိုယ့်အိမ်နဲ့ ပတ်သက်ပြီး ဂုဏ်မယူချင်သလို မာန်မဝင့်ချင်သလိုချည်းပဲ၊ ပြီးတော့ ဂီတခန်းမဆောင်ကြီး တစ်ဆောင်လည်း မန်ဒါလေစံအိမ်ကြီးမှာ ရှိတယ်ဆို၊ အလွန်အဖိုးတန်တဲ့ ပုံတူပန်းချီကားတွေလည်း ရှိတယ် မဟုတ်လား"

ထိုသို့ ပြောရင်း ကျွန်မဘက်သို့ လှည့်ကာ ရှင်းလင်းချက် ထုတ်ပြနေပြန်ပါသည်။

"မစ္စတာဒီဝင်းတားဟာ အင်မတန် သိုသိပ်လွန်းတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို သူ ဝန်ခံမှာ မဟုတ်ဘူး၊ ဒါပေမဲ့ အင်မတန် ချစ်စရာကောင်းတဲ့ မန်ဒါလေ စံအိမ်ကြီးကို မစ္စတာဒီဝင်းတားတို့ ဘိုးစဉ်ဘောင်ဆင်ကတည်းက ပိုင်ခဲ့ကြတာဟာ နော်မန်လူမျိုးတွေ ဗြိတိန်နိုင်ငံကို တိုက်ခိုက်သိမ်းယူတဲ့ ခေတ်ကတည်းကလို့ ဆိုတယ်၊ ဂီတခန်းဆောင်ဟာလည်း အဖိုးအလွန်ထိုက်တန်သတဲ့၊ ဒါထက် မစ္စတာဒီဝင်းတား၊ ရှင့်ရဲ့ ဘိုးဘေးဘီဘင်များဟာ မင်းဆွေမင်းမျိုးများကို ဖိတ်ပြီး စံအိမ်ကြီးမှာ ဧည့်ခံ ဖျော်ဖြေခဲ့ကြတယ်ဆို မဟုတ်လား"

mgyee.com

myoe.com

မစ္စက်ဖန်ဟော့ပါး၏ အကြောင်းကို အတွင်းသိ အစဉ်းသိဖြစ်သော ကျွန်မ သည်ပင်လျှင် ယခု ပြောနေသော မြှောက်လုံး ပင့်လုံးများကို နားမခံသာအောင် ဖြစ်လာ ပါ၏။ သို့သော်လည်း ရုတ်တရက် ပြန်ပြီး နှုတ်လှန်ထိုးလိုက်သည့် မစ္စတာဒီဝင်းတား ၏ စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရပါသည်။

"အီသယ်ရက်ဘုရင် လက်ထက်ကစပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ မဖိတ် တော့ပါဘူး ခင်ဗျာ၊ ဘယ်အခါမှ အဆင်သင့်မဖြစ်တဲ့ ရှင်ဘုရင်လေ၊ ကျွန်တော်တို့ အိမ်ကြီးကို ဝင်ထွက်သွားလာနေတုန်း အဲဒီနာမည်တစ်လုံး ရသွားတော့တာပဲ၊ ညစာ စားပွဲဆိုရင် ဘယ်တော့မှ အချိန်မီ မရောက်ဘူး၊ အမြဲနောက်ကျတော့တာပဲ"

မစ္စက်ဖန်ဟော့ပါးသည် သည်လို ပိုးစိုးပက်စက် အပြောခံထိုက်သော အမျိုးသမီး ဖြစ်ပါသည်။ အဘွားကြီး မျက်နှာပျက်သွားလိမ့်မည်ဟု ကျွန်မ ထင်မိပါသည်။ သို့သော် လည်း ထင်သလို ဖြစ်မလာပါ။ မစ္စတာဒီဝင်းတား၏ စကားလုံးများသည် သူ့အဖို့ ဘာမျှ နာကြည်းစရာ မကောင်းသလို ရှိပါသည်။ ကျွန်မသာလျှင် ကြားကနေပြီး သူ့အစား နာသာခံခက် ဖြစ်ရပါတော့သည်။

"ဩော်... ဒီလိုလား၊ ကျွန်မဖြင့် မသိပါဘူးရှင်၊ ရာဇဝင်ဘာသာနဲ့ ပတ်သက်ရင် ကျွန်မက အားနည်းတယ်လေ၊ အင်္ဂလန်ဘုရင်တွေနဲ့ ပတ်သက်လာရင် ကျွန်မအဖို့တော့ အားလုံး ရှုပ်ထွေးကုန်တော့တာပဲ၊ စိတ်ဝင်စားစရာ ဘယ်လောက်ပဲ ကောင်းကောင်းပေ့ါလေ၊ ကျွန်မ သမီးဆီကို စာရေးပြီး ပြောပြရဦးမယ်၊ သမီးက တကယ့်ပညာတတ်ကြီးရှင့်"

ခဏမျှ စကားမျှင် ပြတ်သွားကြပြန်သည်။ ကျွန်မ၏ တစ်မျက်နှာလုံး ရက်သွေး များဖြင့် မွန်ထူနေပြီ။ ကျွန်မ၏ အသက်အရွယ် အလွန်တရာ ငယ်နုသေးခြင်းကလည်း တစ်ခက်ပင်။ အကယ်၍များ ကျွန်မ၏ အသက်အရွယ် ကြီးရင့်နေမည် ဆိုပါက မစ္စတာ ဒီဝင်းတားနှင့် မျက်လုံးချင်းဆိုင်ကြည့်ကာ ပြုံးပြမိပေလိမ့်မည်။ အဘွားကြီး၏ မယုံကြည် နိုင်စရာ ကောင်းလောက်အောင် မပြောတတ်၊ မဆိုတတ် ဖြစ်နေသည်ကို မစ္စတာဒီဝင်းတား ကဲ့သို့ပင် ကျွန်မလည်း သိရှိ သဘောပေါက်ပါကြောင်း မျက်ရိပ်ပြမိပေလိမ့်မည်။ ယခုတော့ သည်လို မဟုတ်ချေပြီ။ ကျွန်မ၏ အသက်အရွယ် ငယ်နုခြင်းကြောင့် အဘွားကြီး၏ အမြီးအမောက် မတည့်သော စကားများကို နားမခံသာအောင် ဖြစ်ကာ ခေါင်းမဖော်ဝံ့ တော့ဘဲ အရှက်ကြီး ရှက်နေမိတော့သည်။

ကျွန်မ စိတ်ဒုက္ခရောက်နေသည်ကို သူ သဘောပေါက် နားလည်သွားသည်ဟု ထင်နေပါသည်။ မစ္စတာဒီဝင်းတားက ကျွန်မဘက်သို့ သူ့ကိုယ်ကို ကိုင်းပြီး ကော်ဖီ ထပ်ယူဦးမည်လားဟု မေးသည်။ သူ့လေသံက အလွန်တရာ နူးညံ့သိမ်မွေ့ပါသည်။ ကျွန်မ က မယူလိုတော့ကြောင်း ငြင်းပြီး ခေါင်းခါပြပါသည်။ သို့သော်လည်း ကျွန်မကို သူ စိုက်ကြည့်နေမြဲ ကြည့်နေပါသည်။ သူ့မျက်လုံးများက တစ်စုံတစ်ရာကို နားမလည်သလို၊

myoe.com

mgyoe.com
SAMPLE BOOK


တစ်စုံတစ်ရာကို ပြန်လည်စဉ်းစားနေသလို ထင်ရပါသည်။ အဘွားကြီးနှင့် ဘာမျှ မခြား။ အတူတူနဲ့ အနူနူပဲဟု တွေးကောင်း တွေးနေပါလိမ့်မည်။

"မွန်တီကာလိုနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရပါသလဲ၊ ဘာမျှ မထူးဆန်းဘူးလို့ကော ထင်မိသလား"

ဟု မစ္စတာဒီဝင်းတားက မေးပါသည်။ သည်မေးခွန်းမှာ အဘွားကြီးကိုသာမက ကျွန်မကိုပါ မေးသည့် မေးခွန်း ဖြစ်နေသည်။ သဘောကတော့ ကျွန်မကိုပါ စကားဝိုင်းထဲသို့ ဆွဲသွင်းလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်မအဖို့ အဆိုးရွားဆုံး အခြေအနေသို့ ရောက်အောင် တွန်းပို့လိုက်သော မေးခွန်းမျိုးလည်း ဖြစ်ပါသည်။ ကျွန်မသည် ကျောင်းမှ ထွက်လာခါစ မနူးမနပ် ကောင်မလေးတစ်ယောက်၊ ကျောင်းမှ ထွက်စမို့ တံတောင်ဆစ်တွင် စားပွဲခုံနှင့် ပွန်းရာများပင် မပျောက်သေးသော ကျောင်းထွက်စ အသစ်စက်စက် ကလေးတစ်ယောက်၊ ဆံပင်တွေ ဖိုးရိုးဖားရားနှင့် အပိုးမကျိုးသေးသော ကောင်မလေး တစ်ယောက်အဖြစ် မစ္စတာဒီဝင်းတားက မြင်နေပုံပေါက်ပါသည်။

မွန်တီကာလိုသည် အတုအယောင်တွေ များသည်ဟု ထင်မိကြောင်း ထစ်အထစ်အနှင့် ကျွန်မ ပြန်ပြောမိပါသည်။ ကျွန်မ၏ စကားမဆုံးမီမှာပင် မစ္စက်ဗန်ဟော့ပါးက ကြားဝင် ဖြတ်တောက်ပစ်လိုက်ပါတော့သည်။

"ဒီကလေးမကတော့ ပျက်စီးနေရှာပြီလေ မစ္စတာဒီဝင်းတားရဲ့၊ သူ့အဖို့မှာ အဲဒါကလည်း တစ်ဒုက္ခပေါ့၊ သူတို့အရွယ် တခြားမိန်းကလေးတွေများ မွန်တီကာလိုကိုသာ ကြည့်ခွင့် မြင်ခွင့် ရမယ်ဆိုရင် သူတို့မျက်လုံးကိုတောင် ထုတ်ပေးပါရဲ့"

"အဲဒီလို မျက်လုံးထုတ်ပေးရင် သူတို့ ကြည့်ချင် မြင်ချင်လွန်းတဲ့ မွန်တီကာလိုကို ကြည့်ခွင့် မြင်ခွင့် ဆုံးရှုံးမသွားပေဘူးလား ခင်ဗျာ"

ဟု အပြုံးကလေးဖြင့် သူက ပြန်ပြောသည်။

မစ္စက်ဗန်ဟော့ပါးကတော့ ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ စီးကရက်မီးခိုးများကိုလည်း အလိပ်လိုက် မှုတ်ထုတ်နေသည်။ မစ္စတာဒီဝင်းတား၏ ဆိုလိုရင်း အဓိပ္ပာယ်ကို သူ သဘောပေါက် နားလည်လိုက်ပုံ မရပါ။

"ကျွန်မကတော့ မွန်တီကာလိုကို ခွဲနိုင်ဖို့ ခပ်ခက်ခက်ပါရှင်၊ အင်္ဂလိပ် ဆောင်းရာသီရဲ့ ဒဏ်ကို ကျွန်မ မခံနိုင်ဘူး၊ ကျွန်မရဲ့ ကျန်းမာရေး အခြေအနေကလည်း အဲဒီဒဏ်ကို ခံနိုင်ရည်ရှိလောက်အောင် မကောင်းဘူး၊ ဒါထက် စကားမစပ်၊ ရှင် ဘာဖြစ်လို့ ဒီကို ရောက်လာတာလဲ၊ ရှင်ဟာ ဒီနေရာကို လာနေကျ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ရှယ်မီ ကစားဖို့ လာတာလား၊ ဒါမှမဟုတ် ဂေါက်သီးရိုက်ဖို့ ဂေါက်တံတွေကော ယူခဲ့သလား"

ဟု ဆက်မေးနေပြန်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

''ဘာမှ မဆုံးဖြတ်ရသေးပါဘူးဗျာ၊ အိမ်ကနေပြီး ကသောကမျော ထွက်လာခဲ့တာပါ''

သူ့စကားက သူ့ကို ပြန်ပြီး တစ်စုံတစ်ရာကို အမှတ်ရစေဟန်တူပါသည်။ သူ့မျက်နှာပေါ်မှာ အုံ့မှိုင်း ညှို့ဆိုင်းသွားပါသည်။ မသိမသာလည်း မျက်မှောင်ကုတ်လိုက်ပြန်ပါသည်။ အဘွားကြီးကတော့ အလိုက်ကမ်းဆိုး မသိဘဲ စကားတံရှည်ပြန်ပါသည်။

''မန္တလေးစံအိမ်တစ်ဝိုက်မှာ ကျနေတဲ့ နှင်းထုကြီးနဲ့တော့ ရှင် လွဲရပြီ၊ ဒါကလည်း တခြားကိစ္စပါလေ၊ အနောက်နိုင်ငံရဲ့ နွေဦးရာသီဟာ နှစ်မြို့စရာ ကောင်းပေမှာပဲနော်''

မစ္စတာဒီဝင်းတားက ဆေးလိပ်ပြာခံခွက်ကို လှမ်းဆွဲယူကာ စီးကရက်တိုကို ထိုးခြေနေသည်။ သူ့မျက်လုံးများထဲမှာ နူးညံ့သိမ်မွေ့သည့် အရိပ်လက္ခဏာကလေးတစ်ခု ယှက်သန်းသွားသည်ကို ကျွန်မ သတိထားလိုက်မိပါသည်။ တစ်ပြိုင်တည်းမှာပင် ကျွန်မသည် ကိုယ်နှင့်မဆိုင်သော တစ်ပါးသူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စကို သတိထားကြည့်မိနေပြီ ဖြစ်ကြောင်းလည်း ခံစားလိုက်ရပါသည်။

''ဟုတ်ပါတယ်၊ မန္တလေးမှာ အလှဆုံး အချိန်ပါပဲ''

ဟု သူက တိုတောင်းစွာ ပြန်ပြောသည်။

တိတ်ဆိတ်ခြင်းက ခဏကြာအောင် ကျွန်မတို့ ပတ်ဝန်းကျင်မှာ ကျရောက်လာပြန်သည်။ ယင်းတိတ်ဆိတ်ခြင်းကလည်း ကျွန်မတို့ကို မအီမသာ ဖြစ်စေပြန်ပါသည်။ သူ့ကို ကျွန်မ တိတ်တခိုးကလေး ကြည့်လိုက်မိပါသည်။ သည်လို ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်တည်း ကျွန်မ မြင်ဖူးခဲ့သော ပန်းချီကားထဲက 'မကြား၊ မသိဖူးသော လူကြီးမင်း' ကို ပိုလို့ သတိရလာသည်။ ခန်းကူးစင်္ကြံများတွင် မှောင်ရိပ်ခိုကာ သွားလာနေသည့် ၁၅ ရာစုခေတ် လူသားများ၏ ရုပ်သွင်ကို ထင်ယောင် မြင်ယောင် ဖြစ်လာသည်။ ထိုသို့ အတွေး နယ်ကျွံနေစဉ်မှာပင် မစ္စက်ဗန်ဟော့ပါး၏ အသံက ကျွန်မ၏ အတွေးအိပ်မက်ကို လျှပ်စစ်ခေါင်းလောင်းသံက ဖျက်ဆီးသလို ဖျက်ဆီးပစ်လိုက်ပါတော့သည်။

''ဒီမှာ ရှိနေကြတဲ့ လူအတော်များများကို ရှင် သိတယ်လို့ ကျွန်မ ထင်ပါတယ်၊ အခုလို ဆောင်းရာသီမှာ မွန်တီကာလိုဟာ အင်မတန် ငြီးငွေ့စရာ ကောင်းတယ်လို့တော့ ပြောရတော့မှာပဲ၊ အထက်တန်းလွှာက နာမည်ကြီးတွေလည်း အရောက်အပေါက် နည်းနေတယ်၊ မစ်ဒယ်လ်ဆက် မြို့စားကြီးတော့ သူ့ရဲ့ ဖိမ်ခံရွက်သင်္ဘောကြီးနဲ့ ဒီကို ရောက်နေလေရဲ့၊ အခု အချိန်အထိ သင်္ဘောပေါ်ကိုတော့ ကျွန်မ မရောက်သေးဘူးပေါ့လေ၊ ဟဲ... ဟဲ''

ကျွန်မ သိရသလောက်ကတော့ နောင်လည်း သင်္ဘောပေါ်သို့ ဘယ်တော့မှ သူ မရောက်ခဲ့ပါ။

''မစ်ဒယ်လ်ဆက် မြို့စားကြီးကတော်ကို ရှင် သိမှာပေါ့နော်''

mgyoe.com

mgyoe.com
SAMPLE BOOK


ဟု သူက စကားဆက်ပြန်သည်။

''အင်မတန် ချစ်စရာ၊ အင်မတန် ဖွဲ့မက်စရာ ကောင်းပေတာပဲ၊ သူ့ရဲ့ ဒုတိယ ကလေးဟာ မြို့စားကြီးနဲ့ ရတာ မဟုတ်ဘူးလို့ ပတ်ဝန်းကျင်က ဝိုင်းပြောနေကြတယ်၊ ကျွန်မတော့ မယုံကြည်နိုင်ပါဘူးရှင်၊ အမျိုးသမီး တစ်ယောက်ယောက်ဟာ ချောမော လှပလာပြီ၊ ချစ်စရာကောင်းလာပြီ ဆိုရင် ပတ်ဝန်းကျင် ဆိုတာမျိုးက ဒီလိုပဲ အမနာပ အတင်းအဖျင်းတွေ ပြောကြတော့တာပဲ၊ မဟုတ်ဘူးလား၊ မြို့စားကြီးကတော်ကလည်း တကယ့်ကို ချစ်စရာ ကောင်းပါပေတယ်၊ ဒါနဲ့ တစ်ခု ပြောစမ်းပါဦး၊ ကက်စ်တန်နဲ့ ဟစ်လော့တို့ ဇနီးမောင်နှံဟာ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေကြတယ်ဆို၊ ဒါ အမှန်ပဲလား''

မစ္စက်ဗန်ဟော့ပါးက ရှုပ်ထွေး ပွေလီလှသော အတင်းအဖျင်း စကားများကို ဆက်တိုက် ပြောနေတော့သည်။ သူ ပြောနေသော နာမည်များနှင့် မစ္စတာဒီဝင်းတားတို့ ကျွမ်းဝင်ခြင်း ရှိပုံမရသည်ကိုလည်း သူ အကဲခတ်မိဟန်မတူ။ သိမ်ဖျင်းသော အတင်း စကားများကြောင့် မစ္စတာဒီဝင်းတား၏ အမူအရာမှာ စောစောကထက် ပိုမိုအေးစက် လာပြီး ရေငုံနှုတ်ပိတ် လုပ်နေသည်ကိုလည်း သူ ရိပ်မိဟန်မရ။

မစ္စတာဒီဝင်းတားကမူ စကားလည်း ဝင်မထောက်။ အဘွားကြီး လေကြောပြတ် စေရန်အတွက် သူ့လက်မှ လက်ပတ်နာရီကိုပင် မြှောက်မကြည့်။ အတတ်နိုင်ဆုံး သူ ဣန္ဒြေဆည်နေခြင်း ဖြစ်သည်။ စောစောတုန်းက ကျွန်ုမ၏ ရှေ့မှောက်မှာပင် အဘွားကြီးကို သူ အရူးလုပ်ခဲ့ဖူးပြီ။ ထို့ကြောင့်လည်း သူ သိက္ခာထပ်မကျရလေအောင် အစွမ်းကုန် ဣန္ဒြေဆည်နေခြင်း ဖြစ်သည်။ သည်လို ကျဉ်းထဲ ကျပ်ထဲမှာ သူ ဒုက္ခရောက်နေသည်ကို ဝင်ရောက် ကယ်တင်ပေးလိုက်သူကား ဟိုတယ်မှ လက်တိုလက်တောင်း ခိုင်းစေသည့် လူငယ်ကလေးပင် ဖြစ်သည်။ မစ္စက်ဗန်ဟော့ပါးကို အဝတ်ချုပ်သည့် အမျိုးသမီး အခန်းတွင်းမှ စောင့်နေကြောင်း လာရောက် အကြောင်းကြားခြင်း ဖြစ်သည်။

မစ္စတာဒီဝင်းတားက ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။ ကုလားထိုင် ကိုလည်း နောက်ဘက်သို့ တွန်းဖယ်ပစ်လိုက်သည်။

''ကျွန်တော့်ကြောင့်တော့ အနှောင့်အယှက် မဖြစ်ပါစေနဲ့ ခင်ဗျာ၊ ဖက်ရှင်ဆန်း တွေဟာ ဒီကနေ့ ခေတ်မှာ အပြောင်းအလဲ မြန်လွန်းပါတယ်၊ ခင်ဗျားတို့အပေါ်ထပ်ကို ရောက်သွားတဲ့အချိန်မှာကို နောက်ထပ် ဖက်ရှင်ဆန်းက ထပ်ပေါ်လာပြီး အခုဖက်ရှင် က ခေတ်နောက်ကျသွားနိုင်ပါတယ်''

ဟု သူက ပြောသည်။

မစ္စတာဒီဝင်းတား ပစ်လွှတ်လိုက်သည့် ထိုမြှားတစ်စင်းသည်လည်း အဘွားကြီး ကို ထိမှန်ပုံမရ။ အပျော်အပြက် ပြောသည့် စကားလုံးအဖြစ်ပင် သဘောပေါက် လက်ခံ လိုက်ပုံရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်နဲ့ အခုလို ကြုံကြိုက်ရတာ စိတ်ချမ်းသာစရာ ကောင်းလိုက်တာရှင်၊ ကျွန်မ သတ္တိကောင်းကောင်းနဲ့ ရှင့်ကို စကားဝင်ပြောမိပေလို့ အခုလို စကားလက်ဆုံ ကျသွားတာပါ၊ ကျွန်မ အခန်းကိုလည်း တစ်ခါ တစ်ခေါက်လောက် ကြွပြီး တစ်ခုခု သုံးဆောင်ပါဦး၊ မနက်ဖြန် ညနေဆိုရင် ဧည့်သည်တစ်ယောက် နှစ်ယောက် လာကောင်း ပါရဲ့၊ ဒီတော့ ကျွန်မတို့နဲ့ လာပြီး ဝိုင်းလိုက်ပါဦးလားရှင်"

ဓာတ်လှေကားသို့အသွား စကားဆက်ပြန်သည်။

တစ်ဖက်သို့ ကျွန်မ မျက်နှာလွှဲပစ်လိုက်မိသည်။ သို့မှသာ မစ္စတာဒီဝင်းတား ၏ အကြောင်းရှာ ငြင်းဆန်မည့် အမူအရာကို မမြင်မတွေ့ရဘဲ ရှိပေလိမ့်မည်။

"ဝမ်းနည်းပါတယ်၊ မနက်ဖြန်တော့ ဆော့စ်ပယ်လ်ကို ကျွန်တော် သွားစရာ ရှိနေပါတယ်၊ ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာ မသေချာသေးပါဘူး"

မစ္စက်ဗန်ဟော့ပါးသည့် စိတ်မပါ့တပါဖြင့်ပင် ထိုအကြောင်းကို လက်ရှောင် လိုက်ရတော့သည်။ ပြီးတော့ ဓာတ်လှေကားအဝင်ဝမှာ ကျွန်မတို့ ယောင်ချာချာ ဖြစ်နေ ကြပြန်သည်။

"ရှင့်ကို ဟိုတယ်က လူတွေ အခန်းကောင်းကောင်းတော့ ပေးကြလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒီမှာကလည်း လူတစ်ဝက်လောက်ပဲ ရှိသေးတော့ အခန်းလွတ်တွေ က အများကြီး မဟုတ်လား၊ တကယ်လို့ စိတ်တိုင်းမကျရင်တော့ များများသာ နားပူ နားဆာ လုပ်ပေးပေတော့၊ ရှင့်အဝတ်အစား သေတ္တာတွေလည်း ဖွင့်ပြီး နေရာချထား မပေးရသေးဘူး မဟုတ်လား"

မမေးသင့်သော စကားကို မစ္စက်ဗန်ဟော့ပါးက မေးလိုက်ပြန်ချေသည်။ သူစိမ်း ယောကျ်ားသားတစ်ယောက်၏ အဝတ်အစားများ နေရာချထားပြီး၊ မပြီးကို သူစိမ်း အမျိုးသမီးတစ်ယောက်က ဝင်ရောက် စပ်စုခြင်းမှာ အလွန်တရာ မလျော်ကန်သည့် အရာပင် ဖြစ်ချေသည်။ မစ္စတာဒီဝင်းတား၏ မျက်နှာပေါ်တွင် လှစ်ခနဲ အမူအရာ ပြောင်းသွား သည်ကို ကျွန်မ မြင်လိုက်ရသည်။

"ဝတ်ကြီးဝတ်ငယ် လုပ်ပေးမယ့် တပည့်သားမြေးများ ကျွန်တော့်မှာ မရှိပါ ဘူး ခင်ဗျာ၊ ဒါကြောင့် ခင်ဗျားကများ တာဝန်ယူပြီး ဆောင်ရွက်ပေးနိုင်ပါမလား"

မှတ်ကရော။ သူက လေးအေးကလေးနှင့် ပြန်ပြောခြင်း ဖြစ်သည်။

သည်တစ်ချီတော့ ပစ်မှတ်ကို တည့်တည့်ကြီး ထိမှန်သွားချေပြီ။ အဘွားကြီး ၏ မျက်နှာပေါ်မှာ ရဲခနဲ ရှက်သွေးဖြန်းသွားသည်။ ပြီးတော့ မနေတတ် မထိုင်တတ်ဖြင့် တစ်ချက် ရယ်လိုက်သည်။

"အို... မဖြစ်နိုင်တာ"

ဟု ပြောပြီး ကျွန်မဘက်သို့ ရုတ်တရက် လှည့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


''မင်းကလေးကတော့ မစ္စတာဒီဝင်းတားအတွက် အသုံးဝင်နိုင်ကောင်းပါရဲ့နော်၊ သူ့အတွက် လိုအပ်တာတွေ ဆောင်ရွက်ပေးနိုင်မယ် မဟုတ်လား၊ မင်းကတော့ ဘာမဆို တတ်နိုင်တဲ့ မိန်းကလေးပေပဲ''

ဟု ဆက်တိုက်ကြီး ပြောချလိုက်ပါတော့သည်။ နားနှင့်ဆတ်ဆတ် ကြားလိုက်ရပါလျက်နှင့် အဘွားကြီး ပါးစပ်မှ ထိုစကားမျိုး ထွက်ရသည်ကို မယုံကြည်နိုင်အောင် ဖြစ်သွားရပါတော့သည်။

ခဏမျှ တိတ်သွားကြသည်။ ကျွန်မလည်း ကြက်သေသေကာ ရပ်နေမိသည်။ ဘယ်လို အဖြေမျိုးကိုများ သူ ပြန်ပေးလိမ့်မည်နည်းဟု အသည်းတထိတ်ထိတ်ဖြင့် စောင့်နေမိသည်။ ကျွန်မတို့နှစ်ယောက်ကို သူက ငုံ့ကြည့်သည်။ သူ့အမူအရာမှာ သရော်တော်တော် အမူအရာမျိုးနှင့် မျက်နှာအနည်းငယ်မဲ့သည့် အမူအရာမျိုး ရောစွက်နေသည်။ နှုတ်ခမ်းအစုံမှာလည်း အခိပ္ပာယ်တစ်မျိုးပေါက်သည့် အပြုံးတစ်မျိုး ရှိနေသည်။

''အင်မတန် ကောင်းမြတ်တဲ့ အကြံပေးချက်ပါပဲ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့ မိသားစုမှာ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ခရီးမြန်မြန်သွားချင်ရင် အဖော်မမင်နဲ့တဲ့၊ ခင်ဗျားကတော့ ကြားဖူးမယ် မဟုတ်ပေဘူး''

ထိုစကားကို ပြောပြီး အဘွားကြီး၏ အဖြေကိုမျှ မစောင့်တော့ဘဲ နောက်ဘက်သို့ ချာခနဲ လှည့်ကာ ထွက်သွားလေတော့သည်။

''ဘယ်လောက် ရယ်စရာကောင်းသလဲ''

ဟု ကျွန်မတို့ ဓာတ်လှေကားနှင့် အပေါ်ထပ်သို့ တက်လာကြခိုက်တွင် မစ္စက်ဗန်ဟော့ပါးက ပြောသည်။

''အခုလို ရုတ်တရက် သူ ထွက်သွားတာဟာ အသောကလေး ဖောက်သွားတာလို့များ မင်း မထင်မိဘူးလား၊ ယောက်ျားတွေဟာ ဒီလိုပဲ ထူးထူးဆန်းဆန်းကလေးတွေ လုပ်တတ်တယ်ကွဲ့၊ နာမည်ကျော် စာရေးဆရာတစ်ယောက်နဲ့ ကြုံခဲ့ရပုံကလေးကို သတိရသေးတော့တယ်ကွယ်၊ အဲဒီစာရေးဆရာဟာ ငါ့ကို တွေ့တိုင်း နောက်ဖေးလှေကားက ဆင်းဆင်းပြေးတတ်တယ်၊ သူက ငါ့ကို ချိတ်တိတ်တိတ်ရယ်လေ၊ သူ့ကိုယ်သူလည်း သေချာပုံ မပေါ်ဘူး၊ ဒီတုန်းက ငါကလည်း ငယ်တုန်း ရွယ်တုန်း လှတုန်း ပတုန်းကိုး''

ဓာတ်လှေကားက တုံ့ခနဲ ရပ်သွားသည်။ ကျွန်မတို့ တည်းနေသည့် အခန်းရှိသော အထပ်သို့ ရောက်လာပြီ။ အလုပ်သမားကလေး တစ်ယောက်က တံခါးဖွင့်ပေးသည်။

''ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ မှိုချိုး မျှစ်ချိုး ပြောတယ်လို့ မထင်နဲ့လေ၊ ဒါပေမဲ့ ဒီကနေ့ စကားဝိုင်းမှာ မင်းဟာ နည်းနည်းတော့ လူတွင်ကျယ် လုပ်ချင်တယ်၊ စကားဝိုင်းကို မင်းတစ်ယောက်တည်း မောင်ပိုင်စီးဖို့ ကြိုးစားခဲ့တာ ငါ့အဖို့ အနေရ

mgyoe.com

mgyoe.com SAMPLE BOOK

အထိုင်ရ တော်တော်ခက်သွားတယ်၊ မစ္စတာဒီဝင်းတားလည်း ဒီအတိုင်းဖြစ်မှာ သေချာတယ်၊ ဒီလို လုပ်တာမျိုးကို ယောက်ျားတွေက အင်မတန်ရွံတယ်၊ မှတ်ထား''

ကျွန်မ ဘာမျှ ပြန်မပြောပါ။ ဖြေစရာ စကားလည်း ရှိနိုင်မည့် စွပ်စွဲချက်မျိုး မဟုတ်ပါ။

''ကဲ... လာပါလေ၊ ကောက်တေး လုပ်မနေစမ်းပါနဲ့''

ရယ်ရွှန်းဖတ်ရွှန်းဖြင့် သူက ပြောပြန်သည်။ ပခုံးနှစ်ဖက်ကိုလည်း တွန့်လိုက်သည်။

''ဘာပဲဖြစ်ဖြစ် မင်းရဲ့ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုတွေနဲ့ ပတ်သက်ပြီး ငါ့မှာ တာဝန်ရှိပါတယ်၊ မင်းရဲ့ အမေအရွယ်ဖြစ်တဲ့ ငါလိုမိန်းမတစ်ယောက်ဆီက အကြံဉာဏ်ကိုတော့ မင်း ယူသင့်တယ်''

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း သီချင်းတစ်ပုဒ်ကို တိုးတိုးညည်းကာ အင်္ကျီချုပ်သူ စောင့်နေသည့် အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

ပြတင်းပေါက်နားမှ ကုလားထိုင်မှာ ကျွန်မ ဒူးညွှတ် ထိုင်ချလိုက်မိပါသည်။ ပြီးတော့ အပြင်က မွှန်းလွဲပိုင်း၏ မြင်ကွင်းများကို ငေးကြည့်နေလိုက်မိသည်။ အပြင်ဘက်တွင် နေရောင်က အလွန်မတန် တောက်ပနေဆဲ ဖြစ်သည်။ လေရူးကလေးကလည်း ဝေ့ဝဲနေပါသည်။ နောက်နာရီဝက်လောက်ကြာလျှင် ဟောလီးဝုဒ်ဝိုင်းမှာ ထိုင်ပြီး ကျွန်မတို့ ဖဲကစားကြရပါဦးမည်။ ထိုအခါတွင် ပြတင်းပေါက်များကို အလုံပိတ်ထားမည်။ အပူငွေ့ပေးသည့် စက်ကိုလည်း အခန်းထဲမှာ အာဏာကုန်ဖွင့်ထားသည်။ ဆေးလိပ်ပြာခံခွက်များ ရှင်းလင်းပေးရဦးမည့် အကြောင်းကိုလည်း ကျွန်မ စဉ်းစားနေမိသည်။ နှုတ်ခမ်းနီ ဆိုးဆေး စွန်းနေသည့် ဆေးလိပ်တိုများသည် ချောကလက်ပတ် စက္ကူများနှင့် ရောထွေးနေလိမ့်မည်။

ကျွန်မသည် ငယ်စဉ် ကလေးဘဝကတည်းက ရိုးရိုး ဖဲကစားနည်းလောက်ကိုသာ သင်ကြားတတ်မြောက်ခဲ့ပါ၏။ ဟောလီးဝုဒ် ဖဲကစားနည်းကို ကျွန်မ ကောင်းစွာ ကျွမ်းကျင်ခြင်း မရှိပါ။ ထို့ကြောင့် မစ္စက်ဗန်ဟော့ပါး၏ မိတ်ဆွေများက ကျွန်မနှင့်အတူ ဖဲကစားရမည်ကို လက်တွန့်တတ်ကြပါသည်။

ကျွန်မလို အသက်အရွယ် ငယ်နုသူ မိန်းမပျိုလေးတစ်ယောက် သူတို့ ဖဲကစားသည့် အနီးတစ်ဝိုက်တွင် ရှိနေခြင်းအားဖြင့် သူတို့အဖို့ တစ်နည်းတစ်ဖုံတော့ အနှောင့်အယှက် ဖြစ်နေတတ်ပါသည်။ ထမင်းစားပြီး အချိုပွဲကလေး ရောက်မလာမီ ထွေရာလေးပါး ပြောမည် ကြံတုန်း စားပွဲထိုး အမျိုးသမီးက ထမင်းဝိုင်းနားမှ မခွာသည့် သဘောမျိုး ဖြစ်နေသည်။ ကျွန်မ ရှိနေသည့်အတွက် ပေါက်ကရ လေးဆယ်များကို သူတို့ ထင်တိုင်း ပြောဆိုနိုင်ကြခြင်း မရှိတော့ပါ။ မစ္စက်ဗန်ဟော့ပါး၏ ယောက်ျား မိတ်ဆွေများကတော့

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ မဟုတ်ပါ။ ကျွန်မအပေါ် စိတ်ဝင်စားသယောင် အပင်ပန်းခံကာ ဟန်ဆောင်တတ်ကြပါသည်။ ပြီးတော့ ရာဇဝင်ဘာသာရပ်အကြောင်းကိုပဲ ဖြစ်ဖြစ်၊ ပန်းချီအကြောင်းကိုပဲ ဖြစ်ဖြစ်၊ ကျွန်မကို မေးလားမြန်းလား လုပ်ကြသည်။ သဘောကတော့ ကျွန်မသည် ကျောင်းမှထွက်စ မနူးမနပ်ကလေး ဖြစ်သောကြောင့် ရာဇဝင်နှင့် ပန်းချီအကြောင်းမှလွဲပြီး ဘာမျှ မသိသေးဟု အထင်ရောက်ကြသောကြောင့် ဖြစ်ပါသည်။

သက်ပြင်းတစ်ချက် ရှိုက်လိုက်မိပါသည်။ ပြီးတော့ ပြတင်းပေါက်ကို ခွာခဲ့သည်။ နေရောင်ကလည်း ကျဲကျဲတောက် လင်းနေဆဲပင်။ ပင်လယ်ပြင်ပေါ်တွင် လေပြည်လေညင်းကလေးက မြူးထူးစွာ သုတ်ဖြူးနေပါသည်။ ထို့ကြောင့်လည်း ပင်လယ်ရေပြင်မှာ ဖွေးဖွေးဖြူကာ လှုပ်ရှားနေသည်။

လွန်ခဲ့သည့် တစ်ရက်၊ နှစ်ရက်လောက်က ကျွန်မ လမ်းဖြတ်လျှောက်မိခဲ့သည့် မိုနာကိုနယ်မှ လမ်းထောင့်ချိုးတစ်ခု အကြောင်းကို ပြန်တွေးနေမိသည်။ ထိုလမ်းထောင့်တွင် အိမ်တစ်ဆောင် ရှိပါသည်။ ကျောက်တုံးများ ခင်းထားသည့် မြေကွက်လပ်ဘက်သို့ ပြုတော့မလို ယိုင်နေသည်။ အိတွဲကျနေသည့် ခေါင်မိုးတစ်နေရာတွင် ချောင်းကြည့်ပေါက်ကလေးလို ပြတင်းပေါက် ကျဉ်းကျဉ်းကလေး တစ်ခုလည်း ရှိပါသည်။ ထိုအထဲတွင် ခေတ်ဟောင်းက ဝိညာဉ်တစ်ခုခု ရှိနေသယောင် ကျွန်မ ထင်မြင်မိပါသည်။

စားပွဲပေါ်မှ စက္ကူနှင့် ခဲတံကို လှမ်းယူကာ စိတ်မှတ်မထင်ပင် လူပုံတစ်ခုကို ရေးခြစ်နေမိပါသည်။ တည်ငြိမ်သော မျက်လုံး၊ ချွန်ထက်သော နှာတံ၊ မာန်မာနကြီးပုံရသည့် အထက်နှုတ်ခမ်း စသည်များကိုလည်း ရေးဆွဲလိုက်သည်။ တစ်ဆက်တည်း မုတ်ဆိတ်မွေးချွန်ချွန် တစ်ချောင်းနှင့် ဓာလည်စည်းကိုပါ ရေးဆွဲပေးလိုက်သည်။ ရှေးခေတ်ပန်းချီရေးဆွဲနည်းအတိုင်း ရေးဆွဲလိုက်ခြင်း ဖြစ်ပါသည်။

တစ်စုံတစ်ယောက်က တံခါးလာခေါက်သည်။ ပြီးတော့ ဓာတ်လှေကားမောင်းသည့် သူငယ်ကလေး စာရွက်တစ်ရွက် ကိုင်ပြီး ဝင်လာသည်။

"မေမေကြီး အခန်းထဲမှာ"

ဟု ကျွန်မက ဆီးပြောသည်။ သို့သော်လည်း သူက ခေါင်းခါပြပြီး ကျွန်မအတွက် စာ ဖြစ်ကြောင်း ပြောပါသည်။ စာအိတ်ကို ဖွင့်ကြည့်လိုက်သောအခါ စာရွက်ကလေးတစ်ရွက်သာ ထွက်လာသည်။ ကျွန်မ မမြင်ဖူးသေးသည့် လက်ရေးဖြင့် စာလုံးအနည်းငယ် ရေးခြစ်ထားသည်ကို တွေ့ရသည်။

*(ကျုပ်ကို ခွင့်လွှတ်ပါ၊ ဒီနေ့ခင်း သိပ်ကို ရိုင်းစိုင်းလိုက်မိပါတယ်)*

စာက ဒါပဲ ဖြစ်သည်။ အောက်တွင် လက်မှတ်လည်း ရေထိုးမထား။ အစတွင်လည်း တစ်စုံတစ်ရာ အမည်တပ်ထားခြင်း မရှိ။ သို့သော်လည်း စာအိတ်ပေါ်တွင်မူ ကျွန်မ၏ နာမည်ကို စာလုံးပေါင်း မှန်ကန်စွာ ရေးထားသည်ကိုတော့ တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထူးခြားချက် တစ်ခုပင်။

"ဘာပြန်မှာဦးမလဲ ခင်ဗျာ"

ဟု လူငယ်က မေးသည်။

"မမှာတော့ပါဘူး၊ ဘာမှ မှာစရာ မရှိပါဘူး"

စာလုံးကလေးများကို ငုံ့ကြည့်နေရာမှ ကျွန်မ ပြန်တော့ဖြေလိုက်သည်။

သူ ထွက်သွားတော့ စာတိုကလေးကို အိတ်ထဲမှာ ထည့်ပြီး သိမ်းထားလိုက်သည်။ ဆွဲလက်စ လူရုပ်ပုံဘက်သို့ ပြန်လှည့်သည်။ သို့သော်လည်း သည်ပုံကို ကျွန်မ သဘောမကျတော့ပါ။ မျက်နှာက တင်းမာလွန်းသည်။ အသက်ကင်းမဲ့လွန်းသည်။ ဇာကော်လာနှင့် မုတ်ဆိတ်မွေးတစ်ချောင်းကလည်း ဇာတ်ထဲမှာ စကားထာဝှက်ရာတွင် အဖော်ရ လွယ်စေရန် နှပ်ကြောင်းပေးထားသည့် သဘောမျိုး ဖြစ်နေလေတော့သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

ဟောလီးဝုဒ် ဖဲကစားကြပြီး နောက်တစ်နေ့မနက် အိပ်ရာမှ နိုးလာသောအခါတွင် မစ္စက်ဗန်ဟော့ပါးသည် လည်ချောင်းနာလျက် ရှိသည်။ ကိုယ်ပူချိန်ကလည်း ဒီဂရီ ၁၀၂ ရှိနေသည်။ ထို့ကြောင့် သူ့ဆရာဝန်ဆီသို့ ကျွန်မ ဖုန်းလှမ်းဆက်ရသည်။ ဆရာဝန် ချက်ချင်း ရောက်လာပြီး စမ်းသပ်ကြည့်ကာ ထုံးစံအတိုင်း တုပ်ကွေးမိပြီဖြစ်ကြောင်း ပြောပါသည်။

''အိပ်ရာထဲမှာ အနားယူပါ၊ ကျွန်တော် ထခိုင်းမှ ထပါ၊ ခင်ဗျားရဲ့ နှလုံးခုန်သံကို ကျွန်တော် မကြိုက်ဘူး၊ အတတ်နိုင်ဆုံး ငြိမ်ငြိမ်ကလေး မနေရင် ပြန်ကောင်းလာဖို့ မလွယ်ဘူး''

ဟု ဆရာဝန်က ပြောသည်။ ပြီးတော့ ကျွန်မဘက်သို့ လှည့်လာသည်။

''မစ္စက်ဗန်ဟော့ပါးမှာ သူနာပြုဆရာမ ရှိပါတယ်၊ သူ့ကို ခေါ်လိုက်ပါ၊ ခင်ဗျား တစ်ယောက်တည်း မနိုင်မနင်း ဖြစ်နေလိမ့်မယ်၊ နှစ်ပတ်လောက်ဆိုရင် ကောင်းသွားမှာပါ''

အကောင်းပကတိက သည်လို ဖြစ်သည်ဆိုတော့ တယ်ပြီး ဘဝင်မကျချင်။ ထို့ကြောင့် ကန့်ကွက်ဖို့ ကျွန်မ စဉ်းစားလိုက်မိသည်။ သို့သော်လည်း မစ္စက်ဗန်ဟော့ပါးက ဆရာဝန်၏ အကြံပေးချက်ကို လက်ခံလိုက်လေရာ ကျွန်မသည်ပင်လျှင် အံ့သြရတော့သည်။ သည်လို အပြောင်းအလဲကလေးမျိုးကို သူ လိုချင်သည်ဟု ကျွန်မ ထင်မိပါသည်။ သူ နေမကောင်းသည့်အတွက် ဘေးလူများ ဗျာများကာ ပြုစုယုယကြသည်ကို

mgyoe.com

mgyoe.com SAMPLE BOOK
ခံယူချင်ပုံရသည်။ လူတွေက သူ့ကို ကရုဏာသက်ကြမည်။ လူနာသတင်း လာမေးကြသည်။ မလာနိုင်သူများကလည်း စာရေးမေးကြမည်။ လူနာ စိတ်ကြည်လင်စေရန် ပေးပို့လိုက်သည့် ပန်းစည်းများ ရောက်လာမည်။ တကယ်ဆိုတော့ မွန်တီကာလိုကို သူ ငြီးငွေ့စပြုလာပြီ။ ယခုလို အိပ်ရာထဲမှာ အနားယူနေရတော့မည် ဆိုတော့ သူ့အဖို့ အပြောင်းအလဲကလေးတစ်မျိုး ဖြစ်သည်။

သူနာပြုဆရာမက သူ့ကို ဆေးထိုးပေးလိမ့်မည်။ နှိပ်နယ်ပေးလိမ့်မည်။ လိုအပ်သည့် စာတ်စာများ ကျွေးလိမ့်မည်။ သူနာပြုဆရာမလည်း ရောက်လာသည်။ သူလည်း ပျော်သွားပါသည်။ ကိုယ်ပူချိန်လည်း ကျလာသည်။ အကောင်းဆုံးသော ညဝတ်အင်္ကျီကို သူ့ပခုံးပေါ်မှာ ရစ်ပတ်ထားသည်။ ခေါင်းစွပ်ကိုလည်း ဖဲကြိုးများဖြင့် လှပစွာ ချည်နှောင်ပြီး ခေါင်းမှာ စွပ်ထားသည်။ သူ သည်လို နာမကျန်းဖြစ်သည့်အတွက် ကျွန်မအနေဖြင့် ပူပင်သောက ဖြစ်လှသည် မဟုတ်ပါ။ ထိုအကြောင်းကို တွေးမိပြန်တော့လည်း ကိုယ့်ဟာကိုယ် ပြန်ပြီး ရှက်မိပြန်ပါသည်။ ယနေ့ ညဦးပိုင်းတွင် ဧည့်ခံပွဲကလေးတစ်ခု ပြုလုပ်ရန် စီစဉ်ထားပြီး ဖြစ်သည်။ ထို့ကြောင့် သူ့မိတ်ဆွေများထံသို့ ဖုန်းဆက်ပြီး ဧည့်ခံပွဲ ဖျက်သိမ်းကြောင်း ကျွန်မက အကြောင်းကြားပေးရသည်။ ယင်းသို့သော ဗာဟီရကိစ္စများ ပြီးစီးတော့မှ အောက်ထပ် စားသောက်ခန်းရှိရာသို့ နေ့လယ်စာ စားရန် ကျွန်မ ဆင်းခဲ့နိုင်တော့သည်။

အခါတိုင်း နေ့လယ်စာ စားချိန်ထက် နာရီဝက်လောက် စောနေသေးသည်။ ထို့ကြောင့် စားသောက်ခန်းထဲမှာ လူရှင်းနေလိမ့်မည် ထင်သည်။ သာမန်အားဖြင့် တစ်နာရီ မထိုးမီ မည်သူမျှ နေ့လယ်စာ ဆင်းစားလေ့ မရှိ။ ကျွန်မ မျှော်လင့်ထားသည့်အတိုင်း စားသောက်ခန်းထဲမှာ လူရှင်းနေပါသည်။ သို့သော်လည်း ကျွန်မတို့ စားပွဲဘေးမှ စားပွဲတွင်ကား သူ ထိုင်လျက်ရှိနေသည်။

မစ္စတာဒီဝင်းတား။

ကျွန်မ ဘယ်လိုမှ မထင်ဘဲ ယခုလို သူနှင့် ပက်ပင်းပါ တွေ့လိုက်ရတော့ ဘာဆက်လုပ်ရမည်ကိုပင် မသိနိုင်လောက်အောင် ဖြစ်သွားသည်။ ဆော့စ်ပယ်လ်မြို့ကို သူ သွားနေပြီဟု ကျွန်မ ထင်ထားခဲ့မိသည်။ သူလည်း ယခုလို စောစောစီးစီး နေ့လယ်စာ လာစားနေခြင်းမှာ ကျွန်မတို့နှင့် မဆုံမိအောင် ရှောင်တိမ်းခြင်း ဖြစ်မည်ဟု မှန်းဆကြည့်မိပါသည်။ စားသောက်ခန်းထဲသို့ တစ်ဝက်လောက် ခရီးပေါက်နေပြီ။ ထို့ကြောင့် နောက်ကြောင်းပြန်လှည့်ဖို့ မဖြစ်နိုင်တော့ပါ။ မနေ့တုန်းက စာတ်လှေကားနားမှာ ခွဲခွာခဲ့ကြပြီးနောက် သူနှင့် ပြန်မဆုံခဲ့။ ယနေ့ နေ့လယ်စာကို စောစောစီးစီး လာစားသကဲ့သို့ မနေ့က ညစာကိုလည်း စောစောစီးစီးပင် သူ လာစားသွားလိမ့်မည်။ ထိုနည်းအားဖြင့် မစ္စက်ဗန်ဟော့ပါးနှင့် ကျွန်မကို လိမ်လိမ်မာမာကလေး ရှောင်တိမ်းလိုက်ခြင်း ဖြစ်ပေလိမ့်မည်။
mgyoe.com

mgyoe.com SAMPLE BOOK

ယခုလို သူနှင့် ပက်ပင်းပါ လာတိုးနေသည့်အတွက် ကျွန်မ ဘာလုပ်ရမှန်း မသိတော့ပါ။ သည့်ထက်ပိုပြီး ကျွန်မ၏ အသက်အရွယ် ကြီးရင့်နေမည် ဆိုလျှင် ဘယ်လောက်ကောင်းလိုက်လေမည်နည်း။ သက်သာရာ သက်သာကြောင်းအတွက် တစ်နည်းတစ်ဖုံတော့ အကြံအဖန် လုပ်နိုင်ပေလိမ့်မည်။ ယခုတော့ မတတ်သာပြီ။ ကျွန်မသည် ဘယ်ကိုမျှ ငဲ့စောင်းမကြည့်တော့ဘဲ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်ပြီး ကျွန်မတို့ စားပွဲရှိရာသို့ တန်းတန်းမတ်မတ် လာခဲ့ပါသည်။ သည်နေရာမှာပင် ကျွန်မ၏ မအူမလည်နိုင်မှုဒဏ်ကို ကျွန်မ ခံစားရပါတော့သည်။

ကုလားထိုင်မှာ ထိုင်ပြီး လက်သုတ်ပဝါ ဖြန့်လိုက်ရာ စားပွဲပေါ်မှ ပန်းအိုးကို တိုက်မိပြီး ပန်းအိုး လဲသွားတော့သည်။ ပန်းအိုးထဲမှ ရေများ စီးကျလာကာ ကျွန်မ၏ ပေါင်ပေါ်သို့ ဖိတ်စဉ်ကုန်တော့သည်။ စာပွဲခင်းလည်း ရွဲသွားပြီ။ စားပွဲထိုးသည် အခန်း၏ တခြားဘက်စွန်းမှာ ရောက်နေသည်။ ကျွန်မ ယခုလို ဒုက္ခရောက်နေသည်ကို သူ မမြင်။ သည်လို ဖြစ်ပြီး မျက်စိတစ်မှိတ်ကလေးအတွင်းမှာပင် မစ္စတာဒီဝင်းတားသည် ကျွန်မအနားသို့ ရောက်လာလေတော့သည်။ သူ့လက်ထဲမှာလည်း လက်သုတ်ပဝါ အခြောက်တစ်ထည်နှင့်။

"စားပွဲခင်း အစိုကြီးနဲ့ မင်း ထိုင်နေလို့ ဘယ်ဖြစ်မလဲ"

ဟု အသံပြတ်ဖြင့် ပြောသည်။

"အစားအသောက်လည်း ပျက်တော့မှာပေါ့၊ ကဲ... အဲဒီနေရာက ထွက်တော့"

တစ်ဆက်တည်းမှာပင် စားပွဲခင်းမှ ရေများကို သူက သုတ်နေသည်။ သည်တော့မှ စားပွဲထိုးက လှမ်းမြင်ပြီး ချက်ချင်း ရောက်လာသည်။

"ကျွန်မ စားနိုင်ပါတယ်ရှင်၊ ဘယ်လိုမှ အနှောင့်အယှက် မဖြစ်ပါဘူး၊ ပြီးတော့ ကျွန်မ တစ်ယောက်တည်းပါ"

သူက ဘာမျှ ပြန်မပြော။ စားပွဲထိုးက လဲပြိုနေသည့် ပန်းအိုးနှင့် ဖရိုဖရဲ ဖြစ်နေသော ပန်းများကို ဖယ်ရှားနေသည်။

"ထားလိုက်တော့၊ ငါ့စားပွဲမှာ တစ်နေရာ ထပ်ပြင်လိုက်၊ မိန်းမကလေးဟာ ငါနဲ့ အတူတူ နေ့လယ်စာ စားမယ်"

ဟု သူက ရုတ်တရက် ပြောချလိုက်သည်။

ကျွန်မက စိတ်နောက်ကျိစွာဖြင့် သူ့ကို မော့ကြည့်မိသည်။

"မလုပ်ပါနဲ့ရှင်၊ ကျွန်မ စားလို့ မဖြစ်ဘူး ထင်ပါတယ်"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

ဆင်ခြေဆင်လက် တက်ဖို့ ကျွန်မ စဉ်းစားကြည့်မိပါသည်။ ကျွန်မနှင့်အတူတူ သူ နေ့လယ်စာ မစားလိုကြောင်း ကျွန်မ စိတ်ထဲက အလိုလို သိနေပါသည်။ တကယ်ဆိုတော့ လောကဝတ်အနေဖြင့် သူ ဖိတ်ခေါ်နေခြင်းသာ ဖြစ်သည်။ လက်ခံလိုက်လျှင်

mgyoe.com

mgyoe.com
SAMPLE BOOK
သူ အစားပျက်အောင် နှောင့်ယှက်ရာကျတော့မည်။ ထို့ကြောင့်လည်း ခေါင်းမာမာနှင့် ငြင်းဖို့၊ အမှန်အတိုင်း ပြောဖို့ ကျွန်မ ဆုံးဖြတ်လိုက်ရတော့သည်။

''မလုပ်ပါနဲ့ရှင်၊ လောကဝတ်အရတော့ ကျွန်မကို ဖိတ်မနေပါနဲ့၊ အခုအတိုင်းကိုပဲ ရှင်ဟာ ကျွန်မအပေါ်မှာ အများကြီး ထောက်ထားစာနာနေပါပြီ၊ စားပွဲခင်းကို စားပွဲထိုးက ရှင်းပေးလိုက်ရင် အားလုံး အဆင်ပြေသွားမှာပါ''

ကျွန်မက သူ့ကို ပြန်တောင်းပန်နေမိသည်။

''လောကဝတ် စကားတွေကို ပြောနေတာ မဟုတ်ပါဘူးကွယ်၊ ကျုပ်နဲ့ အတူတူ လာပြီး ထမင်းစားစေချင်တာ အမှန်ပါ၊ ပန်းအိုးကို မင်း မတိုက်မိရင်လည်း ကျုပ် ဒီစကားပြောမှာပါပဲ''

သူကလည်း လူနှာ အမဲခြောက် တောင်းသလို မရမကသာ ခေါ်နေတော့သည်။ ကျွန်မ၏ မျက်နှာပေါ်မှာ သံသယ အရိပ်အယောင်များ ပေါ်သွားလိမ့်မည် ထင်သည်။ ထို့ကြောင့် သူက ပြုံးသည်။

''ကျုပ်ကို မင်း မယုံဘူး၊ ကိစ္စမရှိပါဘူးလေ၊ ကျုပ်နဲ့ အတူတူ လာထိုင်ပါ၊ စကားပြောချင်စိတ် မရှိရင်လည်း မပြောဘဲ နေကြတာပေါ့''

ဟု သူက ဆက်ပြောသည်။

သူ့စားပွဲမှာ ကျွန်မတို့ ထိုင်လိုက်ကြသည်။ အစားအသောက် စာရင်းကို သူက လှမ်းပေးသည်။ ကျွန်မ ကြိုက်နှစ်သက်ရာ မှာယူစားသောက်နိုင်ရန် ဖြစ်သည်။ သူကတော့ ဘာမှုမဖြစ်သလို စားလက်စများကို ဆက်စားနေသည်။

မျက်နှာလွှဲ ခဲပစ် လုပ်တတ်သော အကျင့်သည် သူ့အတွက် သီးသန့်လို ဖြစ်နေသည်။ သည်လိုပဲ ဘာသာလဝါ ဆက်နေသွားတော့မည်ကို ကျွန်မ သိနေသည်။ နေ့လယ်စာ စားနေသည့်အချိန်တွင် စကား လုံးဝ မပြောတော့ဘဲ သူ နေပေတော့မည်။ သည်လိုဆိုလျှင်လည်း ဘာမျှ အရေးမကြီးပါ။ ရာဇဝင်နှင့် ပတ်သက်သော မေးခွန်းများကို သူ မေးတော့မည် မဟုတ်ပါ။

''မင်း မိတ်ဆွေ အဘွားကြီး ဘာဖြစ်လို့လဲ''

ဟု သူက မေးသည်။ တုပ်ကွေးမိနေကြောင်း ကျွန်မက ပြန်ပြောပြသည်။

''စိတ်မကောင်းပါဘူးကွယ်''

ဟု သူက ပြန်ပြောသည်။ ပြီးတော့ ခဏကြာအောင် စကားဖြတ်ထားသည်။

''ကျုပ် ရေးပေးလိုက်တဲ့ စာတိုကလေးကို မင်း ရပါလိမ့်မယ်၊ ကျုပ်ကိုယ်ကျုပ် အရှက်ကြီး ပြန်ပြီး ရှက်မိတယ်၊ ကျုပ် လုပ်ပုံကိုင်ပုံတွေဟာ သိပ်ကို ယုတ်မာ ရက်စက်ရာ ကျသွားတယ်။ ဒီလို ဖြစ်ရတာဟာလည်း အထီးကျန်ဘဝနဲ့ တစ်ကိုယ်တည်း နေလွန်းအားကြီးလို့ ဖြစ်ရတာပဲလို့ ဆိုပါရစေတော့ကွယ်၊ ဒါကြောင့် ကျုပ်နဲ့ အခုလို ထမင်း အတူတူ စားလာတဲ့အတွက် မင်းကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး''

mgyoe.com

mgyoe.com
SAMPLE BOOK

"ရှင် ရက်စက် ရိုင်းစိုင်းခဲ့တယ်လို့တော့ မဆိုနိုင်ပါဘူး၊ တကယ်လို့ ရက်စက် ရိုင်းစိုင်းတယ် ဆိုရင်လည်း ဟိုအဘွားကြီး နားမလည်ပါဘူး၊ အမှန်တော့ အဘွားကြီးမှာ စပ်စု ချင်တဲ့စိတ်ပဲ ရှိတယ်။ လူတစ်ဖက်သားကို စော်ကားမော်ကား လုပ်လိုတဲ့ သဘောမျိုး တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အရေးကြီးတဲ့ ဘယ်လို လူမျိုးကိုမဆို သူ ဒီလိုပဲ တော်၏၊ မတော်၏ မသိတော့ဘဲ ဖွတ်စပ်စုတော့တာပဲ"

"ကျုပ်တော့ သွေးနားထင်ရောက်တော့မှာပါပဲ၊ ကျုပ်ကို ဘာဖြစ်လို့ အရေးကြီးတဲ့ လူလို့ သူက သတ်မှတ်ရတာလဲ"

ခဏကြာအောင် ကျွန်မ တုံ့ဆိုင်းဆိုင်း ဖြစ်နေမိသည်။

"ရှင် ပိုင်တဲ့ မန်ဒါလေ စံအိမ်ကြီးကြောင့်လို့ ကျွန်မ ထင်ပါတယ်"

ဟု နောက်ဆုံးတွင် ပြောချလိုက်မိတော့သည်။

သူက ဘာမျှ ပြန်မဖြေ။ ကျွန်မမှာလည်း တားမြစ်ထားသည့် နေရာတစ်ခု အတွင်းသို့ ကျူးကျော်ဝင်ရောက်မိသူလို မနေတတ်၊ မထိုင်တတ် ဖြစ်သွားမိသည်။ သူ ပိုင်သည့် မန်ဒါလေစံအိမ်ကြီးနှင့် ပတ်သက်လာလျှင် သူသည် အမြဲတမ်း နှုတ်ဆိတ် နေတတ်သည်။ ဘာကြောင့်များ သည်လို ဖြစ်နေရပါလိမ့်ဟု ကျွန်မ စဉ်းစားကြည့်နေမိ သည်။ မန်ဒါလေစံအိမ်ကြီး အကြောင်းကို မြောက်မြားစွာသော လူတို့ ကြားဖူးကြသည်။ ကျွန်မလည်း ကြားဖူးပါသည်။ သည်စံအိမ်ကြီးက သူနှင့် အခြားသူများ အကြားတွင် အရံအတားကြီးသဖွယ် ဘာကြောင့် ဖြစ်နေရသနည်းဟု ကျွန်မ စဉ်းစားနေမိသည်။

ခဏကြာအောင် ဘာစကားမျှ မဆက်ကြတော့ဘဲ တိတ်ဆိတ်စွာပင် ကျွန်မတို့ ဆက်လက်စားသောက်နေကြသည်။ ကျေးရွာတစ်ရွာရှိ ဈေးဆိုင်ကလေးမှ တစ်ခါတုန်းက ကျွန်မ ဝယ်ခဲ့ဖူးသော ပို့စကတ်ကလေးတစ်ခု အကြောင်းကို ပြန်စဉ်းစားနေမိသည်။ ကျွန်မ ကလေးဘဝတုန်းက အနောက်ပိုင်းသို့ ကျောင်းပိတ်ရက်အတွင်း အလည်သွားရင်း ထိုပို့စကတ်ကလေးတစ်ခုကို ဝယ်ခဲ့သည်။ အိမ်ကြီးတစ်ဆောင်၏ ပုံကို စိုရွှန်းသည့် ဆေးရောင်စုံများဖြင့် ရေးဆွဲထားသော ပို့စကတ် ဖြစ်သည်။ ပန်းချီကားတစ်ချပ်အနေဖြင့် အရောင်ပေးပုံ မကောင်းလှသော်လည်း အိမ်ကြီး၏အလှကိုမူ ထိခိုက်ခြင်းမရှိပါ။ ကုန်းလျှော လှေကားထစ်များဆီသို့ မရောက်မီတွင် ကျောက်ခင်း လှေကားထစ်များ ရှိသည်။ မြက်ခင်းပြင် စိမ်းစိမ်းကြီးက ပင်လယ်ပြင်ဆီသို့ ရောက်အောင် ဖြန့်ကြက်သွားသည်။ ထိုပို့စကတ်ကို နှစ်ပဲနိ ပေးခဲ့ရသည်။ ကျွန်မ၏ တစ်ပတ်စာ မုန့်ဖိုးတစ်ဝက် ဖြစ်သည်။ ပြီးတော့ ပါးရေ နားရေ တွန့်နေသည့် ဆိုင်ရှင်အဘွားကြီးကို ထိုပို့စကတ်ထဲက အဆောက် အအုံကြီးအကြောင်း မေးကြည့်မိပါသည်။ ကျွန်မ ဗဟုသုတ ခေါင်းပါးပုံကို ကြည့်ပြီး အဘွားကြီး အံ့အားသင့်သွားပုံရသည်။

"မန်ဒါလေစံအိမ် ဆိုတာ အဲဒါပဲပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားကြီး၏ ငေါ့တော့တော့ အပြောကြောင့် စိတ်မသက်မသာဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့သည်ကို ယခု ပြန်လည် အမှတ်ရနေပါသေးသည်။ ယခုတိုင်အောင်လည်း မန်ဒါလေစံအိမ်ကြီး အကြောင်းကို သည်မျှထက် ပိုပြီး ဘာမျှ မသိသေး။

ထိုပို့စကတ်ကလေးကို စာအုပ်တစ်အုပ်ကြားတွင် ကျွန်မ မေ့လျော့ထားခဲ့သည်မှာ အချိန်ကာလ ကြာညောင်းလှပါပြီ။ ထိုပို့စကတ်ကလေးကို သတိပြန်ရမိသည်နှင့် တစ်ပြိုင်တည်း မစ္စတာဒီဝင်းတားကို ကရုဏာပွားမိပါသည်။ မန်ဒါလေစံအိမ်ကြီးနှင့် ပတ်သက်လာလျှင် ဘာကြောင့် သူ နှုတ်ဆိတ်နေရသနည်း။ ထိုစံအိမ်အကြောင်း အမေးခံရတိုင်း သူ စိတ်ထိခိုက်သည့် ပုံစံမျိုး ပေါက်သွားတတ်သည်။

သည်အိမ်ကြီးနှင့် ပတ်သက်ပြီး စိတ်ထိခိုက်စရာအကြောင်း သူ့မှာ ရှိပေလိမ့်မည်။ သည်အကြောင်းကို လက်ခံ ဆွေးနွေးခြင်း မပြုနိုင်လောက်သည့် အဖြစ်အပျက်များ ရှိကောင်း ရှိလိမ့်မည်။ မန်ဒါလေစံအိမ်ကြီးသို့ မစ္စက်ဗန်ဟော့ပါး သွားရောက် လည်ပတ်စဉ်က အကြောင်းများကို ကျွန်မ စိတ်ကူးဖြင့် ပုံဖော်ကြည့်မိနေသည်။ အိမ်ကြီးအတွင်းသို့ ဝင်ရောက် ကြည့်ရှုခွင့်ရရန် ဖဲ ပဲနိ ပေးကောင်း ပေးရပေလိမ့်မည်။ ပြီးတော့ တစ်ခန်းဝင်၊ တစ်ခန်းထွက် ဘောက်ဆတ် ဘောက်ဆတ်ဖြင့် သူ လှည့်လည်သွားလာနေပေလိမ့်မည်။ သူ၏ အက်တက်တက် ရယ်သံများက တိတ်ဆိတ်ခြင်းကို ချိုးဖျက်နေပေလိမ့်မည်။ သူလည်း ကျွန်မကဲ့သို့ပင် မစ္စက်ဗန်ဟော့ပါး အကြောင်းကို စဉ်းစားနေပုံရသည်။ စကားပြတ်နေကြရာမှ အဘွားကြီးအကြောင်းကို သူက စတင် ပြောဆိုလိုက်သောကြောင့် ဖြစ်သည်။

"မင်း မိတ်ဆွေ အဘွားကြီးဟာ မင်းထက် အများကြီး အသက်ကြီးပေတာပဲ၊ မင်းနဲ့ အမျိုးတော်သလား၊ သူ့ကို သိတာ ကြာပြီလား"

ဟု သူက မေးသည်။

ကျွန်မတို့နှစ်ယောက်နှင့် ပတ်သက်ပြီး သူ ဘာမျှ နားမလည်နိုင်ဘဲ ရှိနေပုံရပါသည်။

"သူဟာ ကျွန်မရဲ့မိတ်ဆွေ မဟုတ်ပါဘူး၊ ကျွန်မရဲ့ အလုပ်ရှင်ပါ။ သူ့အတွက် အဖော်သဟဲအဖြစ် ကျွန်မကို ငှားထားတာပါ၊ တစ်နှစ်ကို ပေါင်ကိုးဆယ် လစာပေးတယ်"

ဟု ကျွန်မက ပြန်ပြောသည်။

"အင်... အဖော်သဟဲကို ပိုက်ဆံပေးပြီး ဝယ်လို့ ရတယ်ဆိုတာ ကျုပ်တော့ မသိဖူးဘူး၊ ရှေးခေတ်တုန်းကလိုပေါ့၊ အရှေ့ဘက် နိုင်ငံတွေက ကျွန်ဈေးကွက်တွေနဲ့ တူလှတယ်နော်"

"အဖော်သဟဲ ဆိုတဲ့ အဓိပ္ပာယ်ကို အဘိဓာန်ထဲမှာ ကျွန်မ ရှာကြည့်ဖူးတယ်၊ အဖော်သဟဲဆိုတာ 'အတွင်းသိ အပြင်သိ တရင်းတနှီး ပေါင်းသင်းသူ' လို့ အနက်ပေးထားတာ တွေ့ဖူးတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

ဟု ကျွန်မ ဝန်ခံ ပြောဆိုမိပါသည်။

''သူနဲ့ မင်းဟာ စရိုက်ချင်းတော့ သိပ်မတူလှဘူးနော်''

ဟု သူက ပြောသည်။

ပြီးတော့ သူက ရယ်နေသည်။ သည်လို ရယ်လိုက်တော့ သူ့အမူအရာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပါသည်။ ပိုမိုနုပျိုလာသည်ဟု ထင်ရသည်။ စောစောတုန်းက မျက်နှာလွှဲ ခဲပစ် လုပ်တတ်သည့် အမူအရာမျိုးလည်း လျော့ပါးသွားသည်ဟု ထင်ရသည်။

''ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်တာလဲ''

ဟု သူက မေးသည်။

''တစ်နှစ်ကို ပေါင်ကိုးဆယ် ဆိုတဲ့ ငွေဟာ ကျွန်မအဖို့ အင်မတန်များတဲ့ငွေဖြစ်နေပြီလေ''

''မင်းမှာ မိဘတွေ မရှိဘူးလား''

''မရှိပါဘူး၊ ဆုံးကုန်ကြပြီ''

''မင်းနာမည်ဟာ အင်မတန် ချစ်စရာကောင်းပြီး အင်မတန်လည်း ထူးခြားပေတယ်''

''ကျွန်မ အဖေဟာလည်း အင်မတန် ချစ်စရာကောင်းပြီး အင်မတန်လည်း ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ''

''သူ့ အကြောင်း ပြောပြစမ်းပါ''

သောက်လက်စ ဖျော်ရည်ဖန်ခွက်ကို ကျော်ပြီး သူ့ကို ကျွန်မ လှမ်းကြည့်လိုက်မိသည်။ ဖေဖေ့အကြောင်းကို ပြောပြဖို့ မလွယ်ကူလှပါ။ ပြောလေ့ပြောထလည်း မရှိပါ။ ဖေဖေသည် ကျွန်မအတွက် လျှို့ဝှက်ပစ္စည်း ဖြစ်သည်။ မန်ဒါလေစံအိမ်ကြီးသည် မစ္စတာဒီဝင်းတားအတွက် သီးသန့်ပစ္စည်းဖြစ်သလို ဖေဖေသည်လည်း ကျွန်မအတွက် သီးသန့်ထိန်းသိမ်းထားအပ်သော ပစ္စည်း ဖြစ်သည်။ နောက်ပြီးတော့ မွန်တီကာလို အပန်းဖြေစခန်းရှိ ယခုလို စားသောက်ခန်းထဲမှာ ထိုင်ပြီး ဖေဖေ့အကြောင်းကို ပြောပြလိုစိတ်လည်း ကျွန်မမှာ မရှိပါ။

ထို့နေ့က နေ့လယ်စာ စားပွဲအကြောင်းကို ကျွန်မ ယခု ပြန်ပြီး စဉ်းစားနေမိသည်။ တကယ် ဖြစ်ပျက်နေသလို မဟုတ်။ တစ်စုံတစ်ရာ ထူးခြားနေသလို ဖြစ်နေသည်။ စိတ်ထဲမှာလည်း ကြည်နူးချမ်းမြေ့သယောင် ထင်မှတ်နေမိသည်။ လွန်ခဲ့သည့် ၂၄ နာရီတုန်းက မစ္စက်ဗန်ဟော့ပါးနှင့်အတူ သည်နေရာမှာထိုင်ပြီး ကျောင်းထွက်စ ကျောင်းသူကလေး တစ်ယောက်လို ကျွန်မ နေခဲ့သေးသည်။ ဗိုင်းကောင်းကျောက်ဖိကလေး နေနိုင်ခဲ့သေးသည်။ ကိုယ် နှုတ် နှလုံးကို ထိန်းသိမ်းပြီး နေနိုင်ခဲ့သေးသည်။ ယခုတော့ ကျွန်မ မသိသည့် မျက်နှာစိမ်း ယောကျာ်းသားတစ်ဦးကို ကျွန်မ၏ မိသားစုများအကြောင်း

mgyoe.com SAMPLE BOOK

ဖွင့်ဟပြောဆိုနေမိချေပြီ။ ဘာကြောင့် သည်လို ထုတ်ဖော် ပြောဆိုနေမိကြောင်း ကျွန်မ မသိပါ။ တစ်ခုတော့ ရှိပါသည်။ ကျွန်မ မြင်ခဲ့ဖူးသည့် 'မကြားမသိဖူးသော လူကြီးမင်း' ပန်းချီကားထဲမှ လူပုံ၏ မျက်လုံးများက သွားလေရာသို့ လိုက်ကြည့်နေသလို မစ္စတာဒီဝင်းတား၏ မျက်လုံးများကလည်း ကျွန်မကို တိုက်တွန်း စေ့ဆော်ပေးနေသောကြောင့် ယခုလို ဖွင့်ဟ ပြောဆိုနေမိခြင်း ဖြစ်နိုင်ပါသည်။

ရှက်တတ်သည့် စိတ်များသည် ကျွန်မ၏ ခန္ဓာကိုယ်တွင်းမှ ထွက်ပြေးလွင့်စဉ်သွားကြပါပြီ။ ပင်ကိုအားဖြင့် ကျွန်မသည် နှုတ်လျှာလေးသူ ဖြစ်သော်လည်း ယခုတော့ နှုတ်သွက်လျှာသွက် ဖြစ်နေပါပြီ။ ကလေးဘဝတုန်းက ကျွန်မ၏ လျှို့ဝှက်ချက်ကလေးများ၊ စိတ်ချမ်းသာမှုကလေးများ၊ စိတ်ထိခိုက်ခဲ့ရသည်များကိုပါ ဖွင့်ဟ ပြောဆိုနေမိပါသည်။ မလည်မဝယ်နှင့် ရှင်းပြနေသော်လည်း ကျွန်မ ဆိုလိုသည်များကို သူ ကောင်းစွာသဘောပေါက် နားလည်သည်ဟု ကျွန်မ ထင်ပါသည်။ ဖေဖေ၏ စရိုက်၊ ပုံပန်းသဏ္ဌာန်၊ ဖေဖေနှင့် မေမေတို့ အပြန်အလှန် ထားရှိကြသည့် ချစ်ခြင်းမေတ္တာတရား။ ဖေဖေသည် ရာသီဥတု ကြမ်းတမ်းလှသည့် ဆောင်းရာသီတစ်ခုတွင် အဆုတ် အအေးမိသည့် ရောဂါဖြင့် ကွယ်လွန်ခဲ့ရပုံ၊ ဖေဖေ့ကို အချစ်ကြီးချစ်သော မေမေသည်လည်း ရက်သတ္တပတ် ငါးပတ်မျှ အကြာတွင် နောက်ချန်မနေရစ်တော့ဘဲ ဖေဖေ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပုံများကိုပါ ကျွန်မ ပြောတတ်သလို ပြောပြနေမိပါသည်။

စိတ်ဝိုးတဝါးဖြင့် စကားကို ခေတ္တရပ်ပြီး အသက်ရှူရပ်ထားမိခဲ့သည့် အကြောင်းကလေးများကိုပါ ကျွန်မ ပြန်လည် အမှတ်ရနေပါသေးသည်။ ထိုအချိန်တွင် စားသောက်ခန်းထဲ၌ လူတွေ ပြည့်လာပါပြီ။ စကားပြောသံများဖြင့် ညံလာပါပြီ။ ဇွန်းသံ၊ ပန်းကန်သံများကိုလည်း ကြားနေရပြီ။ တံခါးပေါက်ပေါ်မှ နာရီကို လှမ်းကြည့်လိုက်တော့ နှစ်နာရီထိုးနေသည်ကို တွေ့ရသည်။ သူနှင့် ကျွန်မ စကားထိုင်ပြောနေသည်မှာ တစ်နာရီခွဲကြီးများတောင် ကြာမြင့်သွားချေပြီ။ သူနှင့် ကျွန်မဟု ဆိုရသော်လည်း တကယ်တမ်း ပြောနေသူကတော့ ကျွန်မချည်း ဖြစ်ပါသည်။

ထိုအချက်ကို သတိရလိုက်မိသည်နှင့် တစ်ပြိုင်တည်း ကျွန်မကိုယ်ကျွန်မ သတိနှင့် ပြန်ထိန်းလိုက်ရပါသည်။ လက်ဖဝါးများလည်း ပူနွေးလာသည်။ မျက်နှာမှာလည်း ရှက်သွေးဖြာလာပါသည်။ ထို့ကြောင့် မဆင်မခြင် အလောတကြီး ပြောမိသည်များအတွက် သူ့ကို တောင်းပန်စကား ဆိုရပါတော့သည်။ သို့သော်လည်း ကျွန်မ၏ တောင်းပန်စကားကို သူ နားမထောင်ပါ။

''ကျုပ်တို့ နေ့လယ်စာ စပြီး စားကြကတည်းက မင်းကို ပြောခဲ့တယ် မဟုတ်လား၊ မင်းနာမည်ဟာ အင်မတန် ချစ်စရာကောင်းပြီး အင်မတန်လည်း ထူးခြားပေတယ်လို့ ကျုပ် ဆက်ပြောပါရစေဦး၊ ဒီနာမည်ဟာ မင်းနဲ့တင် မကဘူး၊ မင်းအဖေနဲ့လည်း အင်မတန် လိုက်ပါပေတယ်၊ ကျုပ် စိတ်မချမ်းသာခဲ့ရတာ တစ်နှစ်လောက် ရှိပါပြီ။

mgyoe.com

mgyee.com
ဒီတစ်နှစ်အတွင်းမှာ အခု မင်းနဲ့ ထိုင်ပြီး နေရတဲ့အတွက် စိတ်ချမ်းသာရတာမျိုး တစ်ခါမှ မကြုံဖူးဘူး၊ အခုတော့ ကျုပ်ရဲ့ အနေအထားကို မင်းက ပြောင်းပစ်လိုက်တာနဲ့ အတူတူပဲ၊ ကျုပ်ဟာ စိတ်ပျက်အားငယ်ခဲ့ရတယ်၊ အတွင်းကျိတ်တွေးပြီး ဆွေးနေခဲ့ရတယ်၊ အဲဒီ အားငယ်မှုနဲ့ အတွင်းကျိတ် ဆွေးခဲ့ရတာတွေဟာ တစ်နှစ်ပတ်လုံး ကျုပ်ကို အကြီးအကျယ် ဒုက္ခပေးခဲ့တာပါပဲ''

သူ့ကို ကျွန်မ လှမ်းကြည့်လိုက်မိပါသည်။ မှန်သောစကားကို သူ ဆိုကြောင်း ကျွန်မ ယုံကြည်လိုက်ပါသည်။ သူ ပိုပြီး လွတ်လပ်လာပုံရသည်။ ခေတ်နှင့် လိုက်လျော ညီထွေ ရှိလာသည်။ လူသား ပိုဆန်လာသည်။ အတိတ်၏ အရိပ်များ ဖုံးအုပ်ထားခြင်းမှ သူ လွတ်မြောက်သွားပုံရသည်။

''မင်း စဉ်းစားကြည့်ပါကွယ်၊ မင်းနဲ့ ကျုပ်မှာ တူညီတာ တစ်ခု ရှိနေတယ်၊ ဘာလဲဆိုတော့ အထီးကျန်ဖြစ်နေတဲ့ ဘဝပဲ၊ လောကကြီးမှာ မင်းကလည်း တစ်ယောက် တည်း၊ ကျုပ်ကလည်း တစ်ယောက်တည်း၊ သြော်… မေ့လို့… မေ့လို့၊ ကျုပ်မှာ အစ်မ တစ်ယောက်တော့ ရှိပါရဲ့၊ ဒါပေမဲ့ အတွေ့အဆုံ အဆက်အဆံ အင်မတန် နည်းပါတယ်၊ ပြီးတော့ ရှေးဆန်တဲ့ အဘွားတစ်ယောက်လည်း ရှိသေးတယ်၊ ဝတ္တရားတစ်ခုအနေနဲ့ တစ်နှစ်မှာ သုံးကြိမ်လောက် သွားတွေ့ရတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်စလုံးဟာ ကျုပ်အတွက် အဖော်သဟဲ မဖြစ်ကြပေဘူး၊ မစ္စက်ဗန်ဟော့ပါးကိုတော့ ကျုပ် ချီးကျူး စကား ပြောရတော့မယ်။ တစ်နှစ်ကို ပေါင် ကိုးဆယ်လောက်နဲ့ မင်းလို မိန်းကလေးမျိုးကို ရထားတာဟာ အင်မတန် အရတော်ပေတာပဲ''

''ရှင် မေ့သွားပြန်ပြီ၊ ရှင့်မှာက မန်ဒါလေစံအိမ်ကြီးနဲ့၊ ကျွန်မက ခြေသလုံး အိမ်တိုင်''

ထိုစကားကို ပြောချလိုက်မိသည်နှင့် တစ်ပြိုင်တည်း ချက်ချင်းပင် ကိုယ့်စကား အတွက် ကိုယ် စိတ်မချမ်းမသာ ဖြစ်ရပါတော့သည်။ ကျွန်မ၏ စကားကြောင့် သူ့မျက်လုံး ထဲမှာ အသိရခက်သော လျှို့ဝှက် အမူအရာကလေးများ ပြန်ပေါ်လာပြန်သည်။ ကျွန်မ လည်း စကားပြော မှားမိသည့်အတွက် စိတ်အနေ ကျဉ်းကျပ်မှုကို ခံစားရတော့သည်။ သူက ခေါင်းငုံ့ပြီး စီးကရက် မီးညှိနေသည်။ ချက်ချင်း အဖြေပြန်မပေး။

''ဟာလာလင်းလင်း ဖြစ်နေတဲ့ အိမ်တစ်ဆောင်ဟာ လူပြည့်ကျပ်နေတဲ့ ဟိုတယ် လိုပဲ၊ အထီးကျန်နိုင်တာပါပဲ''

ဟူသော စကားကို နောက်ဆုံးတွင်မှ သူ ပြောချလိုက်သည်။

''ဟိုတယ်မှာ အထီးကျန်နိုင်တာက အိမ်တစ်ဆောင်မှာ အထီးကျန်နိုင်သလို ကိုယ်ရေးကိုယ်တာနဲ့ သိပ်မဆိုင်ပေဘူး၊ အိမ်မှာ အထီးကျန်နိုင်နေတယ် ဆိုတာက ကိုယ်ရေး ကိုယ်တာလေ…''
mgyee.com

mgyoe.com SAMPLE BOOK

သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ မန်ဒါလေစံအိမ်ကြီး အကြောင်းကို သူ ပြောပြပေတော့မည်ဟု ထိုတစ်ခဏက ကျွန်မ တွေးထင်လိုက်မိပါသည်။ သို့သော်လည်း မပြောဖြစ်အောင် တစ်စုံတစ်ရာက သူ့ကို ထိန်းချုပ်ထားလိုက်ပုံရသည်။ ဖွင့်ပြောလိုသည့် စိတ်ဆန္ဒကို တစ်စုံတစ်ရာက အနိုင်ယူပြီး ထိန်းချုပ်သွားသည်ဟု ထင်မှတ်ရသည်။ ထိုနည်းတူစွာပင် သူ၏ စိတ်ဆန္ဒကိုလည်း တစ်ချိန်တည်းမှာပင် ငြိမ်းသတ်ပစ်လိုက်သည်ဟု ထင်မှတ်ရသည်။

"အဘွားကြီး တုပ်ကွေးမိနေတော့ အဖော်သဟဲကလေး ရက်အား ရသွားတာပေါ့နော်၊ ဒီလို ရက်အားရနေတုန်းမှာ ဘာများ လုပ်မယ်လို့ စိတ်ကူးထားပါသလဲ"

လေသံမှန်မှန်နှင့် သူက ဆက်ပြောသည်။ သူနှင့် ကျွန်မ ဘဝတူ ဖြစ်ပါသည် ဆိုသည့် သဘောမျိုးလည်း ပါနေသည်။

မိုနာကို လမ်းထောင့်တစ်နေရာမှ ပြတင်းပေါက် ကျဉ်းကျဉ်းနှင့် အိမ်ကလေးကို ကျွန်မ သတိရလိုက်သည်။ ယနေ့ညနေ ၃ နာရီထိုးလျှင် ပုံဆွဲစာအုပ်ယူကာ ထိုအိမ်ကလေးဆီသို့ သွားပြီး ပုံဆွဲဖို့ ရှိနေသည်။ ထိုအကြောင်းကို ပြောပြလိုက်မိသည်။ ပြီးတော့ ကျွန်မ ပြန်ရှက်နေပြန်သည်။ ပုံဆွဲသည် ဆိုသော်လည်း ကျွန်မသည် ပန်းချီဆရာမကြီး မဟုတ်။ အနုပညာ ဗီဇဓာတ်ခံ ကောင်းသူလည်း မဟုတ်။

"ဒီလိုဆိုရင် ကျုပ် ကားမောင်းပြီး မင်းကို လိုက်ပို့ပေးမယ်လေ"

ဟု သူက ပြောသည်။ ကျွန်မ ဘယ်လိုပဲ ငြင်းငြင်း၊ ရမည့်ပုံမျိုးလည်း မဟုတ်။

နေရာတကာတွင် လူတွင်ကျယ် မလုပ်ဖို့၊ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် မလုပ်ဖို့ မစ္စက်ဗန်ဟော့ပါးက ကျွန်မကို မနေ့ကပင် ပြောခဲ့သေးသည်။ ထိုစကားများကို ပြေး၍ အမှတ်ရလိုက်မိပါသည်။ ကျွန်မကို မော်တော်ကားနှင့် လိုက်ပို့အောင် မိုနာကိုမှာ ပန်းချီ သွားဆွဲမည်ဟု ရေလာမြောင်းပေး ဆွယ်တရားများ ဟောလိုက်မိလေပြီလား၊ သူက သည်အတိုင်းများ ထင်မှတ်သွားလေပြီလားဟု တွေးမိကာ ကျွန်မ မနေတတ် မထိုင်တတ် ဖြစ်သွားရပြန်ပါသည်။ မစ္စက်ဗန်ဟော့ပါးမှာ သည်လို အကျင့်တွေ အများကြီး ရှိသည်။ အသားလိုလို့ အရိုးတောင်းတတ်သည်။ ထို့ကြောင့် မစ္စက်ဗန်ဟော့ပါးနှင့် ကျွန်မကို သည်ပုတ်ထဲက သည်ပဲ၊ အတူတူနဲ့ အနူနူပါပဲဟု သဘောထားသွားမည်ကိုတော့ ကျွန်မ မလိုလားနိုင်ပါ။

သူနှင့် ကျွန်မ နေ့လယ်စာ အတူတူစားမိသည့်အတွက် ကျွန်မ ဂုဏ်သိက္ခာ မြင့်တက်လာသည်ကတော့ အမှန်ဖြစ်ပါသည်။ ထိုင်ရာမှ ကျွန်မတို့ ထလိုက်ကြတော့ ဟိုတယ် ပိုင်ရှင်သည် ကျွန်မ၏ ကုလားထိုင်ကို နောက်သို့ ဆွဲဖယ်ပေးရန် အူယားဖားယား ပြေးလာသည်။ အခါတိုင်း အမူအရာမျိုး မဟုတ်။ ဟိုတုန်းကတော့ ကျွန်မကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သဘောထားချင်မှ ထားပေလိမ့်မည်။

mgyoe.com

mgyoe.com

ယခုတော့ ခါးကို ညွှတ်ပြီး ပြုံးနှုတ်ဆက်သည်။ ကြမ်းပေါ်သို့ ကျသွားသည့် ကျွန်မ၏ လက်ကိုင်ပဝါကို တလေးတစား ကောက်ပေးသည်။

"နေ့လယ်စာ စားရတာ မြိန်ပါတယ်နော်"

ဟုလည်း မေးဖြစ်အောင် မေးလိုက်သေးသည်။ တံခါးပေါက်နားမှာ ရပ်နေသည့် စားပွဲထိုးကလည်း ကျွန်မကို တလေးတစားနှင့် လှမ်းကြည့်နေသည်။ မစ္စတာ ဒီဝင်းတားကတော့ ဒါတွေကို ပုံမှန် အဖြစ်အပျက်တွေဟု မှတ်ယူပါလိမ့်မည်။ မနေ့တုန်းက အေးစက်နေသည့် ဝက်ပေါင်ခြောက်ဟင်းနှင့် ကျွန်မ ထမင်းစားခဲ့ရသည်ကိုမှ သူ မသိရှာဘဲကိုး။ ယခုလို ကြုံရပြန်တော့ ကျွန်မကိုယ်ကျွန်မ မကျေနပ်ချင်သလိုလို ဖြစ်လာမိသည်။ ဖေဖေ့ကိုလည်း သတိရလိုက်မိပြန်သည်။ သည်လို အပေါ်ယံ ဟန်ဆောင်တာမျိုးတွေကို ဖေဖေတို့က မုန်းမှမုန်း။

"ဘာတွေများ စဉ်းစားနေသလဲဟင်"

နားနေခန်းသို့ စကြံအတိုင်း လမ်းလျှောက်လာကြခိုက် ကျွန်မကို စူးစမ်းသလို ကြည့်ပြီး သူက မေးသည်။

"တစ်ခုခုကြောင့်များ စိတ်အနှောင့်အယှက် ဖြစ်သွားသလား"

ဟိုတယ်ပိုင်ရှင်က အရေးတယူ ဆက်ဆံခြင်းသည် ကျွန်မအဖို့တော့ တွေးစရာများကို အစဖော်ပေးသလို ရှိနေတော့သည်။ အဝတ်ချုပ်သည့် အမျိုးသမီး ဘလေ့ဇ်အကြောင်းကို ကော်ဖီသောက်ရင်း ကျွန်မက ပြောပြမိသည်။ မစ္စက်ဗန်ဟော့ပါးက အဝတ်သုံးစုံ ဝယ်သည့်အတွက် ထိုအမျိုးသမီး အလွန်ပျော်သွားသည်။ ဘလေ့ဇ်ကို ဓာတ်လှေကားရှိရာသို့ ပြန်ပို့ရင်း သူ့အကြောင်းကိုပင် ကျွန်မ စဉ်းစားနေခဲ့မိကြောင်း၊ ဘလေ့ဇ်သည် သူ၏ အပ်ချုပ်ဆိုင်ခန်း ကျဉ်းကျဉ်းကလေးအတွင်းမှာ အဝတ်အထည်များကို ချုပ်လုပ်နေလိမ့်မည် ဖြစ်ကြောင်း၊ သူတို့၏ ရောဂါသည်သားငယ်က ဆိုဖာပေါ်မှာ ထိုင်ပြီး အချိန်ဖြုန်းနေမည် ဖြစ်ကြောင်း၊ စက်ချုပ်သမ အဘွားကြီးကလည်း ပင်ပန်းနွမ်းနယ်သည့် မျက်လုံးများဖြင့် မမြင်ကိုးကန်း အပ်ချည်ထိုးနေလိမ့်မည် ဖြစ်ကြောင်း၊ ကြမ်းပြင်ပေါ်မှာလည်း ဖြတ်စ၊ ညှပ်စများ ပြန့်ကျဲနေလိမ့်မည် ဖြစ်ကြောင်း စသည်ဖြင့် ကျွန်မ စိတ်ကူးမိခဲ့သမျှများကို မစ္စတာဒီဝင်းတားအား ပြန်ပြောပြနေမိသည်။

"ဟုတ်လား၊ မင်း စိတ်မှန်းကြည့်ထားတဲ့အတိုင်းကော မှန်နေသတဲ့လား"

ဟု သူက ပြုံးပြီး မေးသည်။

"မသိပါဘူးရှင်... နောက်ထပ်လည်း ကျွန်မ ဘာမှ မသိတော့ပါဘူး"

ပြီးတော့ ဓာတ်လှေကားကို ခလုတ်နှိပ်ပြီး ကျွန်မက ခေါ်ပေးကြောင်း၊ ထိုအချိန်တွင် အဝတ်ချုပ်သည့် အဘွားကြီး ဘလေ့ဇ်က သူ့ပိုက်ဆံအိတ်ထဲမှာ မွှေနှောက်ရှာဖွေပြီး ဖရန့်ငွေ တစ်ရာတန် တစ်ရွက်ကို ကျွန်မအား လှမ်းပေးကြောင်း၊ ဟောဒီမှာ ငွေတစ်ရာ၊ ဖောက်သည်တစ်ယောက်ကို အဒေါ်ဆိုင် ခေါ်လာပေးတဲ့အတွက် ကော်မရှင်အဖြစ်နဲ့ ဒီငွေ

mgyoe.com

ကို လက်ခံပါနော်' ဟု လေသံကလေးဖြင့် ပြောကြောင်း၊ သည်လို ငွေပေးခံရသည့်အတွက် ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း၊ ကျွန်မက ငြင်းဆန်လိုက်သောအခါတွင် စက်ချုပ်သမကြီးက သူ့ပခုံးများကို တွန့်လိုက်ကြောင်း၊ 'မင်းသဘောပေါ့လေ၊ ဒါပေမဲ့ ဒီလို ကော်မရှင် ပေးတယ်ဆိုတာ ထုံးစံပါပဲ၊ ပိုက်ဆံ မလိုချင်ဘဲ အဝတ်တစ်စုံလောက် လိုချင်တာလည်း ဖြစ်ကောင်း ဖြစ်လိမ့်မယ်၊ ဒီလိုဆိုရင် ငါ့ဆိုင်ကိုသာ အချိန်မရွေး လာခဲ့ပါ၊ တစ်ပြား တစ်ချပ်မှ ပေးစရာ မလိုပါဘူးကွယ်' ဟု သူက ဆက်ပြောနေကြောင်း။

သည်အချိန်တုန်းက ဘာကြောင့်မှန်း မသိ။ ကျွန်မ နေမထိထိုင်မသာ ဖြစ်ခဲ့ရကြောင်း၊ စိတ်မချမ်းမသာလည်း ဖြစ်မိကြောင်း၊ ငယ်စဉ်တုန်းက မဖတ်ရဟု တားမြစ်ထားသည့် စာအုပ်ကို ကောက်ယူ လှန်လှောကြည့်မိပြီးသောအခါတွင် ခံစားရသည့် စိတ်မျိုးနှင့် တူကြောင်း၊ လိပ်ပြာမသန့် ဖြစ်နေမိကြောင်း၊ သူ ပေးသည့် ငွေစက္ကူကို လှမ်းယူပြီး နားလည် သဘောပေါက်သည့် အပြုံးမျိုး ပြုံးပြရမည်လော။ သို့တည်းမဟုတ် သူ့အပ်ချုပ်ဆိုင်သို့ သွားပြီး အဝတ်တစ်ထည်ကို အလကားယူရမည်လော စသည်ဖြင့် အတွေးပေါင်းစုံဖြင့် ချာချာလည် ခဲ့ရကြောင်းများ တသီတတန်းကြီး ပြန်ပြောပြနေမိသည်။

သည်စကားတွေ ကြားသောအခါ သူ ရယ်မောပေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ ဇာတ်လမ်းကလည်း ခပ်ကြောင်ကြောင်ပဲ မဟုတ်ပါလား။ ဘာကြောင့် သူ့ကို သည်အကြောင်းတွေ ပြန်ပြောင်း ပြောပြနေမိကြောင်းကိုလည်း ကျွန်မကိုယ် ကျွန်မ နားမလည်နိုင်အောင် ဖြစ်ရလေတော့သည်။ သို့သော်လည်း သူက ကော်ဖီကို မွှေရင်း ချင့်ချင့်ချိန်ချိန်ဖြင့် စဉ်းစားနေပုံရသည်။

''ရောမ အမှားကြီးတစ်ခုကို မင်း လုပ်ခဲ့မိပြီလို့ ကျုပ် ထင်တယ်''

ဟု ခဏကြာတော့မှ သူ ပြန်ပြောသည်။

''ငွေတစ်ရာ လက်မခံဘဲ ငြင်းလိုက်တာကို ဆိုလိုတာလား''

ဟု မခံချိမခံသာဖြင့် ကျွန်မက ပြန်မေးမိသည်။

''မဟုတ်ပါဘူးကွယ်၊ ကိုယ့်စကားကို တလွဲ ချော်မတွေးလိုက်ပါနဲ့၊ မစ္စက် ဗန်ဟော့ပါးနဲ့တွဲပြီး ဒီအရပ်ကို မင်း ရောက်လာတာဟာ အမှားတစ်ခုကို မင်း လုပ်ခဲ့တာပဲလို့ ကျုပ် ထင်တယ်၊ မင်းဟာ ဒီလိုအလုပ်မျိုးနဲ့ မတန်ပါဘူး၊ မင်းဟာ သိပ်ကို အသက် ငယ်သေးတယ်၊ ပြီးတော့ စိတ်ဓာတ်ပျော့ညံ့တယ်၊ အပ်ချုပ်သမ ဘလေ့ဇ်နဲ့ သူပေးတဲ့ ကော်မရှင် ဆိုတာ ဘာမှ မပြောပလောက်ပါဘူး၊ ဒီလိုအဖြစ်မျိုးတွေ စောစောကတည်းက အများကြီး တွေ့ကြုံထားခဲ့ဖူးဖို့ ကောင်းတယ်၊ အဲဒီလို အတွေ့အကြုံ ရှိထားခဲ့မယ် ဆိုရင် အခု အဖြစ်အပျက်ဟာ မင်းကို ဘယ်လိုမှ အနှောင့်အယှက် ဖြစ်စေတော့မှာ မဟုတ်ဘူး၊ မင်းကိုယ်တိုင်လည်း သူတို့စရိုက်မျိုးကို လက်ခံကျင့်သုံးချင် ကျင့်သုံးလာမယ်၊ ဒါမှမဟုတ်ရင်လည်း အကျင့်စရိုက်မှာ အသန့်ရှင်းဆုံး နေနိုင်အောင် ကြိုးပမ်းချင်လည်း ကြိုးစားလိမ့်မယ်၊ ဒါထက် ဒီအလုပ်ကို လက်ခံဖို့ ဘယ်သူကများ မင်းကို အကြံပေးလိုက်တာလဲဟင်''

mmyoe.com

mgyoe.com SAMPLE BOOK

မေးရိုးမေးစဉ်အတိုင်း ကျွန်မကို မေးခွန်းများ ထုက်နေသည်နှင့်ပင် တူသေးတော့သည်။ သည်လို အမေးခံရသည့်အတွက် ကျွန်မမှာလည်း မည်သို့မျှ စိတ်အနှောင့်အယှက်မဖြစ်မိ။ ကျွန်မတို့သည် နှစ်ပေါင်းများစွာကတည်းက သိကျွမ်းရင်းနှီးလာကာ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း သိထားသူများပမာ၊ ပြီးတော့ နှစ်ပေါင်းများစွာ ကွဲသွားပြီးနောက်မှ ပြန်လည်တွေ့ဆုံကြရသူများလို ဖြစ်နေပါသည်။

"မင်းရဲ့ ရှေ့ရေးနဲ့ ပတ်သက်ပြီးတော့များ စဉ်းစားကြည့်ဖူးသလား၊ ဒီအလုပ်ကို လုပ်နေရာက နောက်ဆုံးတော့ ဘာဖြစ်မှာလဲ၊ တကယ်လို့ မစ္စက်ဗန်ဟော့ပါးက သူ့ရဲ့ အဖော်သဟဲကလေးအပေါ်မှာ ငြီးငွေ့လာပြီဆိုရင် ဘာလုပ်မှာလဲ"

ဟု သူက မေးပြန်ပါသည်။

ကျွန်မက ပြုံးလိုက်သည်။ အကယ်၍ သည်လို ဖြစ်လာလျှင်လည်း ဘာမျှ အရေးမကြီးကြောင်း၊ တခြား မစ္စက်ဗန်ဟော့ပါးတွေ ရှိနေဦးမည်သာ ဖြစ်ကြောင်း၊ နောက်ပြီးတော့ ကျွန်မ၏ အသက်က ငယ်သေးကြောင်း၊ ယုံကြည်ချက် အပြည့်ရှိကြောင်း၊ ခန္ဓာကိုယ်လည်း ကြံ့ခိုင်ကြောင်းများကို ကျွန်မက ပြန်ပြောပြနေမိသည်။

သူ ပြောနေသည်များကို နားထောင်နေရင်းမှလည်း မဂ္ဂဇင်းကြီးများထဲမှာ ကြော်ငြာများကို မြင်ယောင်နေမိပါသည်။ အခြေအနေ နွမ်းပါးသည့် အမျိုးသမီးငယ်များကို လုံခြုံမှုပေးဖို့ မိတ်ဆွေဖြစ်အသင်းများက တောင်းဆိုကြသည့် အကြောင်း၊ ဘော်ဒါဆောင်များက ယာယီ နေထိုင်ခွင့်ပေးမည်ဟု ကြော်ငြာသည့် အကြောင်းများကို စဉ်းစားကြည့်ရင်း ကျွန်မကိုယ်တိုင် ပုံဆွဲစာအုပ်ကလေးကိုင်ပြီး မိမိ လျှောက်ထားသည့် အလုပ်အတွက် ဘာအရည်အချင်းမှ မရှိဘဲ အလုပ်ခန့်ထားရေး အေဂျင်စီ၏ တင်းမာသော မေးခွန်းများကို ထစ်ထစ်ငေါ့ငေါ့ ဖြေဆိုနေကြောင်း မြင်ကွင်းမျိုးကို မြင်ယောင်နေမိသည်။ အပ်ချုပ်သမကြီး ဘလေ့ဇ်၏ ဆယ်ရာခိုင်နှုန်း ကော်မရှင်ကို လက်ခံလိုက်ခြင်းကပင် ခပ်ကောင်းကောင်းဟုလည်း စိတ်အမျှင်တန်းနေမိပါသည်။

"မင်း အသက် ဘယ်လောက်ရှိပြီလဲ"

ဟု သူက မေးသည်။

၂၁ နှစ် ရှိပြီဖြစ်ကြောင်း ကျွန်မ ပြန်ပြောပြသောအခါ သူက ရယ်သည်။

"ဒီအသက်အရွယ် ရှိသူတွေရဲ့ အကြောင်းကို ကျုပ် ကောင်းကောင်းသိတာပေါ့၊ အင်မတန် ခေါင်းမာတယ်၊ ဘေးအန္တရာယ်တွေ ထောင်ချီပြီး ရှိနေတာတောင်မှ ကိုယ့်ရဲ့ ရှေ့ရေးနဲ့ ပတ်သက်လာရင် ဘယ်တော့မှ ကြောက်လန့်ရကောင်းမှန်း မသိကြဘူး၊ ဘယ်လို အရာမျိုးကမှ တားမထားနိုင်ဘူး၊ ကဲ... ကျုပ်တို့ အဝတ်အစားလဲချိန်တောင် ရတော့မှာ မဟုတ်ဘူး၊ အပေါ်ထပ်ကို တက်ပြီး ဦးထုပ်ကလေး ဆောင်းလိုက်ဦးနော်၊ ကျုပ် မော်တော်ကား သွားယူလိုက်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ဓာတ်လှေကားထဲသို့ ကျွန်မ ဝင်သွားသည်ကို သူက လှမ်းကြည့်နေသည်။ ထိုအချိန်မှာပင် မနေ့က အဖြစ်အပျက်များကို ကျွန်မ ပြန်သတိရနေမိသည်။ ဓာတ်လှေကား အနီးမှာ မစ္စက်ဗန်ဟော့ပါးက လျှာအရိုးမရှိသလို ပြောနေခဲ့သည့် စကားများ။ သူက မူ လောကဝတ္တရားမပျက် အေးတိအေးစက်ဖြင့် ပြန်လည် ဆက်ဆံနေခဲ့သည့် အကြောင်း များ။ သူနှင့်ပတ်သက်ပြီး ကျွန်မ အဆုံးအဖြတ် မှားခဲ့ပါသည်။ သူ့ကို အသည်းနှလုံး မာကျောသူ၊ အေးတိအေးစက်နိုင်သူ၊ ထေ့တတ် ငေါ့တတ်သူအဖြစ် ကျွန်မ သတ်မှတ်ခဲ့ သည်။ တကယ်ကတော့ သည်လို မဟုတ်ပါ။ သူနှင့် ကျွန်မ နှစ်ပေါင်းများစွာကတည်းက ပေါင်းသင်းလာခဲ့သူလို ကျွန်မ စိတ်ထဲမှာ ခံစားလာရသည်။ ပြီးတော့ ကျွန်မတွင် ဘယ်တုန်း ကမျှ မရှိခဲ့ဖူးသော အစ်ကိုတစ်ယောက်ကို ကောက်ရလိုက်သလို ခံစားလာရသည်။

ထိုနေ့မွန်းလွဲပိုင်းတုန်းက ကျွန်မ အလွန်တရာ စိတ်ချမ်းမြေ့နေခဲ့ပါသည်။ ထို အကြောင်းများကို ယခု ကောင်းစွာ ပြန်လည် အမှတ်ရနေမိပါသည်။

ထိုနေ့ မွန်းလွဲပိုင်းတုန်းက ကောင်းကင်ကြီးသည် တိမ်စိုင်တိမ်လိပ်များဖြင့် လှိုင်းလို တွန့်နေသည်။ ပင်လယ်ပြင်ကြီးကလည်း လေပြည်လေညင်းအောက်တွင် လှိုင်း ဖွေးဖွေးနှင့် ရှိနေသည်။ ကျွန်မ၏ မျက်နှာကို လေပြည်လေညင်းကလေးက တိုးဝှေ့ကလူ ကျီစယ်နေသည်။ ယခုပင် ခံစားနေရသလို ပြန်လည်သတိရနေမိပါသည်။ ထိုစဉ်က ကျွန်မ၏ ရယ်မောသံကလေးများကိုလည်း ယခုပင် ပြန်လည် ကြားယောင်နေမိပါသည်။ ကျွန်မ ရယ်တော့ သူလည်း ရယ်သည်။ သူ့ရယ်သံကိုလည်း ယခုပင် ပြန်လည်ကြားယောင် နေပါသည်။

ထိုနေ့က ကျွန်မ ရောက်နေသည့် မွန်တီကာလိုသည် ယခင်က မွန်တီကာလို မဟုတ်တော့ပြီ။ အစစအရာရာ သာယာလှပနေသည့် မွန်တီကာလို အပန်းဖြေစခန်း ဖြစ်နေပြီ။ ယခင်က မရှိခဲ့ဖူးသော အလှတရားများ ရှိနေပြီ။ အရာရာတို့က ကျွန်မ စိတ်ချမ်းသာအောင် စွမ်းဆောင်နိုင်စွမ်း ရှိနေကြပြီ။ သည်အလှအပများသည် ယခင်က လည်း ရှိကောင်းရှိခဲ့ပါလိမ့်မည်။ သို့သော် ကျွန်မ မမြင်တွေ့ခဲ့။ မြင်တွေ့နိုင်စွမ်းသော ဖန်တီးမှုမျိုးလည်း မရှိခဲ့။ ယခုတော့ အရာရာတို့ လှနေပြီ။ အရာရာတို့ သာယာနေကြပြီ။

ဆိပ်ကမ်းကို ကြည့်လိုက်ပါဦး။ သက်ရှိသက်မဲ့ အရာအားလုံးတို့သည် ပျော်ရွှင် မြူးထူးစွာ ကကြိုးသီနေသလို ရှိပါသည်။ စက္ကူလှေကလေးများလို လွင့်ပါးလူပ်ရှားနေ သည်။ သင်္ဘောသားများသည်ပင်လျှင် ခင်မင်စရာကောင်းနေပြီ။ သူတို့မျက်နှာများက လည်း ပြုံးလို့ ရွှင်လို့။ လေရူးကလေးလို ပျော်လို့ပါးလို့။ ဖိမ်ခံရွက်လှေတစ်စီးကို ကျွန်မတို့ ဖြတ်ကျော်လာခဲ့ကြသည်။ မစ္စက်ဗန်ဟော့ပါး အထင်ကြီးသည့် ရွက်လှေမျိုး ဖြစ်သည်။ သည်လို ရွက်လှေမျိုးကို ပိုင်ဆိုင်သူမှာ မင်းစိုးရာဇာများ မဟုတ်ပါလား။ သည်တော့လည်း မစ္စက်ဗန်ဟော့ပါးလို အမျိုးသမီးကြီးအနေဖြင့် အထင်ကြီးရပေမပေါ့။ ကြေးဝါဖြင့် ပြုလုပ်ထားသော ရွက်သင်္ဘော၏ အဆောင်အယောင်များသည် နေရောင်

mgyoe.com

mgyoe.com SAMPLE BOOK

တွင် တပြောင်ပြောင် တညီးညီး ရှိလေသည်။ သည်မြင်ကွင်းကို မြင်ရတော့ ကျွန်မတို့ နှစ်ယောက်စလုံး ဝမ်းသာအားရစိတ်ဖြင့် လက်ဖျောက်များပင် တီးခတ်မိကြသည်။

ပြီးတော့ သူနှင့် ကျွန်မ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ သည်လို ကြည့်ရင်း အပြန်အလှန် ရယ်မောမိကြပြန်သည်။ သည်တုန်းက ကျွန်မတို့ နှစ်ယောက်၏ ပြိုင်တူ ရယ်မောသံကလေးများကို ယခုပင် ပြန်လည်ကြားယောင်နေမိပါသည်။ ထိုအချိန်က ကျွန်မ၏ အဝတ်အစားများသည်လည်း အလွန်တရာ သက်သောင့်သက်သာ ရှိလှပါချေသည်။ ဖလန်နယ်ဝတ်စုံ ပုံခပ်ညံ့ညံ့ပင်။ စကတ်ကလည်း အရောင်ပြယ်လွင့်စ ပြုနေပြီ။ ဦးထုပ်၏ အနားသားများကလည်း ကျယ်ပြန့်လွန်းလှသည်။ ဦးထုပ်ကလည်း အကောင်းမဟုတ်။ အစုတ်ပင် ဖြစ်ပါသည်။ ဖိနပ်ကို ကြည့်ပါဦး။ အညံ့စား ခွာနိမ့်ဖိနပ် ဖြစ်သည်။ ပြုတ်ထွက်မသွားရလေအောင် တစ်ချောင်းတည်းသော သည်းကြိုးဖြင့် ထိန်းထားရသည်။ ပုံပန်းမကျလှသော လက်အိတ် အညံ့စား တစ်စုံကိုလည်း လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

ကျွန်မသည် ထိုအချိန်တုန်းကလောက် တစ်ခါဖူးမျှ မနုပျိုခဲ့ဖူးပါ။ ထိုအချိန်က လောက်လည်း မရင့်ကျက်ခဲ့ဖူးပါ။ မစ္စက်ဗန်ဟော့ပါးနှင့် သူ့တုပ်ကွေးရောဂါအကြောင်းကိုလည်း ကျွန်မ သတိမရတော့ပြီ။ သူ့ ဟောလီးဝုဒ် ဖဲဝိုင်းနှင့် အရက်ပွဲများကိုလည်း မေ့ပစ်လိုက်ပြီ။ ထို့မျှမက အလွန်တရာ နုံချာနိမ့်ကျလှသော ကျွန်မ၏ ထိုစဉ်က လက်ရှိ အခြေအနေကိုပင် ကျွန်မ လုံးဝ သတိမရနိုင်တော့ပြီ။

ဘာပဲဖြစ်ဖြစ် ကျွန်မသည် အရေးပါ အရာရောက်သော မိန်းကလေးတစ်ယောက် ဖြစ်လာပြီ။ လူလားမြောက်ပြီဟုလည်း ဆိုနိုင်ပါသည်။ တစ်ချိန်တုန်းကတော့ ကျွန်မ သည် ရှက်ကြောက်လွန်းသော စိတ်၏ ဖိစီးနှိပ်စက်ခြင်းကို ခံစားခဲ့ရသည်။ ဧည့်ခန်း ဆောင်၏ အပြင်ဘက်နားတွင် ယောင်ချာချာရပ်ကာ လက်ထဲက လက်ကိုင်ပဝါကို လုံးခြေကိုင်ရင်း အခန်းတွင်းမှ မသဲမကွဲ စကားပြောသံများကို နားထောင်နေမိသယောင်။ ထိုစကားသံများ ထွက်ပေါ်လာရာ ဧည့်ခန်းဆောင်သည် မိမိနှင့် လားလားမျှ မသက်ဆိုင် သောကြောင့် အတွင်းသို့ ဝင်ရမည်ကိုပင် ရှိုးတိုးရှန့်တန့် ဖြစ်နေသယောင်။

ထိုနေ့ မွန်းလွဲပိုင်းက မစ္စတာဒီဝင်းတားနှင့်အတူ ကားစီးထွက်ခဲ့မိသည်နှင့် တစ်ပြိုင်တည်း အရှက်အကြောက် ကြီးလွန်းသည့် မိန်းကလေး၏ ဘဝကား လေနှင့် အတူ လွင့်ပါး ပျောက်ကွယ်သွားပါတော့သည်။ သို့ကလို လေနှင့်အတူ လွင့်ပါး ပျောက်ကွယ် သွားပြီဖြစ်သော မိန်းကလေးကား သနားစရာပင် ကောင်းသေးတော့သည်။ ထိုဘဝကို ပြန်လည် စဉ်းစားကြည့်မိတော့လည်း စိတ်အားငယ်စရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာပင် ကောင်းသေးတော့သည်။

လေရူးက မြူးချင်တိုင်း မြူးနေလေရာ ကျွန်မ ပန်းချီဆွဲဖို့ အခက်အခဲ တွေ့နေရ တော့သည်။ ကျောက်တုံးများ ခင်းထားသည့် ကွက်လပ်ကလေးတွင် နေရာယူပြီး ဆွဲဖို့

mgyoe.com

mgyoe.com SAMPLE BOOK
ကြိုးစားသော်လည်း လေက ထန်ချင်တိုင်း ထန်နေသဖြင့် အချည်းနှီး ဖြစ်ရတော့သည်။ ထို့ကြောင့် မော်တော်ကား ရှိရာသို့ ပြန်လာပြီး ကျွန်မတို့ မောင်းထွက်ခဲ့ကြသည်။ ဘယ်ဆီ ဘယ်ဝယ်သို့ ဦးတည်ပြီး မောင်းနေကြောင်း ကျွန်မ မသိပါ။ အလွန်ရှည်လျားသည့် မော်တော်ကားလမ်းတစ်ခုက တောင်ကုန်းများပေါ်သို့ တက်သွားသည်။ ထိုလမ်းအတိုင်း ကျွန်မတို့ မောင်းတက်လာကြသည်။ လေထဲမှာ ငှက်တစ်ကောင် ပျံဝဲနေသလို ကောင်းကင်မြင့်ဆီသို့ ကျွန်မတို့ မောင်းတက်လာကြခြင်း ဖြစ်ပါသည်။

တစ်ရာသီစာအတွက် မစွက်ဗန်ဟော့ပါး ငှားထားသည့် မော်တော်ကားနှင့် ယခု မော်တော်ကားမှာ ကွာလိုက်လေခြင်းဟု ကျွန်မ တွေးနေမိပါသည်။ မစွက်ဗန်ဟော့ပါး ငှားထားသည့် မော်တော်ကားက လေးထောင့်စပ်စပ် ပုံစံဟောင်းကြီး။ ဒိမ်မလာ အမျိုးအစား မော်တော်ကား။ မွန်းလွဲပိုင်းအချိန်များမှာ မင်တုန်အရပ်သို့ ထိုမော်တော်ကားဖြင့် ကျွန်မတို့ သွားလေ့သွားထ ရှိပါသည်။ ထိုသို့ သွားသည့်အခါတိုင်း ကားမောင်းသူ၏ နောက်ကျောဘက်မှာ ကျွန်မ ထိုင်လေ့ရှိပါသည်။ ပတ်ဝန်းကျင်မှ ရှုခင်းများကို ကြည့်ရှုလိုလျှင် ခါးကို ဆန့်ကာ၊ လည်ပင်းကို ဆန့်ကာဖြင့် မော့မော့ကြည့်ရသည်။

ယခု မစ္စတာဒီဝင်းတား၏ မော်တော်ကားကတော့ မာကျူရီနတ်သား၏ အတောင်ပံများကို တပ်ဆင်ထားသကဲ့သို့ ရှိပါသည်။ အမြင့်ကြီးဆီသို့ ကျွန်မတို့ တက်လာကြပြီ။ ကားမောင်းကလည်း မြန်ပါပေ့။ အန္တရာယ်ဖြစ်လောက်အောင်ကို မြန်နေခြင်း ဖြစ်ပါသည်။ သို့ကလို အန္တရာယ်ဖြစ်လောက်အောင် မြန်ဆန်နေခြင်းကိုပင် ကျွန်မက ကျေနပ်နှစ်သိမ့်နေမိပြန်ပါသည်။ ဘာကြောင့်ဆို ကျွန်မအတွက် အသစ်အဆန်းတွေ ဖြစ်နေသည် မဟုတ်ပါလား။ ပြီးတော့ ကျွန်မ၏ အသက်အရွယ်ကလည်း ငယ်ရွယ် နုပျိုလှသည် မဟုတ်ပါလား။

ထိုနေ့က ကျယ်လောင်စွာ ရယ်မောနေမိသည်ကိုလည်း ပြန်လည် အမှတ်ရနေမိပါသည်။ ကျွန်မ၏ ကျယ်လောင်သော ရယ်မောသံများသည် လေနှင့်အတူ လွင့်မျောပါသွားသည်။ သူ့ကို ကျွန်မ လှမ်းကြည့်လိုက်မိပါသည်။ ရယ်မောရွှင်ပျခြင်း လုံးဝ မရှိတော့ပါ။ အတိတ်ကြီး တိတ်နေပြန်သည်။ ပတ်ဝန်းကျင် လောကကြီးနှင့် ကင်းကွာနေဟန် တူပါသည်။ လျှို့ဝှက်ချက်များအတွင်းမှာ ရစ်ပတ်နှောင်ဖွဲ့ခြင်း ခံနေရသလို မနေ့က အမူအရာအတိုင်း ပြန်ဖြစ်နေပြန်ပါသည်။

ကျွန်မတို့၏ မော်တော်ကားသည် ရှေ့ဆက်၍ တက်နိုင်စရာ အကြောင်းမရှိတော့ပါ။ အမြင့်ဆုံး တောင်ထိပ်သို့ ကျွန်မတို့ ရောက်နေကြပါပြီ။ အောက်ကို ငုံ့ကြည့်လိုက်တော့ ကျွန်မတို့ တက်လာသည့် လမ်းကို အတိုင်းသား မြင်နေရသည်။ ချောက်ကမ်းပါးတွေဖြင့် မတ်စောက်လှပါဘိ။

သူက ကားရပ်လိုက်သည်။ ကားလမ်း၏ အဆုံးမှာ မတ်စောက်သည့် ချောက်ကမ်းပါးကြီး ရှိသည်။ ပေနှစ်ထောင်လောက်တော့ နက်ရှိုင်းပေလိမ့်မည်။ ကားပေါ်မှ
mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်မတို့ ဆင်းခဲ့ကြသည်။ အောက်သို့ ငုံ့ကြည့်လိုက်မိသည်။ သည်တော့မှပင် ကျွန်မ၏စိတ်များ တည်ငြိမ်မှုကို ရတော့သည်။ ချောက်ကမ်းပါး နူတ်ခမ်းနှင့် ကား၏ အကွာအဝေးမှာ ကားအလျား၏ တစ်ဝက်မျှလောက်သာ ရှိချေတော့သည်။ ဇယားကွက်ရိုက်ထားသော တွန့်ကြေနေသည့် စက္ကူတစ်ရွက်လို ပင်လယ်ပြင်ကြီးက မိုးကုပ်စက်ဝိုင်းဆီသို့ ဖြန့်ကြက်သွားသည်။ ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ရှိနေသည့် အဖြူရောင်အိမ်များကို လိမ္မော်ရောင် တောက်နေသော နေရောင်အောက်မှာ ခရုခွံများသဖွယ် မြင်တွေ့နေရသည်။ ကျွန်မတို့ ရပ်နေကြသည့် တောင်ကုန်းပေါ်က နေရောင်ကတော့ သည်လို မဟုတ်။ ပတ်ဝန်းကျင်၏ တိတ်ဆိတ် ငြိမ်သက်မှုကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည် ထင်ရ၏။ ဇာပါးကလေးနှင့် လွှမ်းအုပ်ထားသလိုလည်း မဟုတ်။ လေငြိမ်သွားသည်။ ထို့ကြောင့် ရုတ်ခြည်းဆိုသလိုပင် အအေးဓာတ်က လွန်ကဲလာသည်။

''ဒီနေရာကို ရှင် ကောင်းကောင်း သိနေသလိုပဲနော်၊ အရင်တုန်းက ရောက်ဖူးသလားဟင်''

သူ့ကို ကျွန်မ လှမ်းမေးမိသည်။ ကျွန်မ၏ လေသံသည် အခါတိုင်းနှင့် မတူ။ ပေါ့ပြက်ပြက်လည်း နိုင်လှသည်။ ကျွန်မကို သူ ငုံ့ကြည့်သည်။ သို့သော်လည်း ကျွန်မကို မှတ်မိပုံမရ။ ကျွန်မနှင့်တကွ လောကကြီးကိုပါ သူ မေ့နေပုံရပါသည်။ ကျွန်မ သိနိုင်စွမ်းမရှိသော အတွေးများကြားမှာ ဝင်ပါလှည့်သလို သူ နစ်မျောနေပုံရပါသည်။ အိပ်ပျော်နေရင်း လမ်းလျှောက်နေသည့် ပုံမျိုးလည်း ပေါက်နေပါသည်။ ထိုအချိန်ပိုင်း ကလေးအတွင်းမှာတော့ သူသည် သာမန် အနေအထားမျိုးမှာ မရှိတော့ဟု ကျွန်မ ထင်မှတ်မိပါသည်။ အချို့သောသူများသည် သူတို့၏ အတွင်းစိတ် တစ်ခုခုက အမိန့်ပေးထားသည်ကို နာခံနေတတ်ကြသည်ဟု ကြားဖူးပါသည်။ မစ္စတာဒီဝင်းတားသည်လည်း ထိုသူများကဲ့သို့ ဖြစ်နေပုံရပါသည်။

''နောက်တောင် ကျနေပြီနော်၊ ကျွန်မတို့ ပြန်ကြရအောင်လား''

ဟု အမှုမဲ့ အမှတ်မဲ့ လေသံမျိုးဖြင့် ကျွန်မက ဆက်ပြောပါသည်။ ရင်ထဲမှာ ဖုံးအုပ်ထားသည့် အနေဖြင့်လည်း ပြုံးလိုက်မိပါသည်။ သို့သော် အချည်းနှီးသာ ဖြစ်ပါသည်။ ကျွန်မ ဘာတွေ ခံစားနေရသည်ကို ကလေးငယ်တစ်ယောက်ကပင် ကောင်းစွာ ရိပ်ဖမ်းမိနိုင်ပါသည်။

အမှန်တော့ သူ့ကို ကျွန်မ လူကဲခတ်မှားခဲ့သည်။ တကယ်တမ်းဆိုလျှင် သူ့မှာ ဘာအမှားမျှ မရှိ။ ယခုလို ကျွန်မ ထပ်မံပြောလိုက်မိသည့်အတွက် အိပ်မက်ဆိုးထဲမှ သူ လွတ်မြောက်လာပုံ ရပါသည်။ တစ်ဆက်တည်းမှာပင် သူ သတိကင်းလွတ်သွားသည့်အတွက် ကျွန်မကို တောင်းပန်စကား ဆိုနေပါသည်။ ထို့ကြောင့် ကျွန်မ၏ မျက်နှာမှာ သွေးဆုတ်သွားသည်။ သည်အဖြစ်ကိုလည်း သူ သတိထားလိုက်မိပါသည်။

''အခုလို လုပ်မိတာ ကိုယ့်ဟာကိုယ်တောင် ခွင့်မလွှတ်နိုင်စရာပဲ''
mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောရင်း ကျွန်မ၏လက်ကို ကိုင်ကာ ကားဆီသို့ တွန်းပို့ပေးပါသည်။

ကားပေါ်ရောက်တော့ တံခါးကို သူက ဆောင့်ပိတ်ပေးလိုက်သည်။

"ဘာမှ မကြောက်နဲ့နော်၊ ပြန်လှည့်ရတာက အမြင်ထက် ပိုလွယ်တယ်"

ဟု သူက ပြောသော်လည်း ကျွန်မမှာ မူးနောက်နောက်ကြီး ဖြစ်လာတော့သည်။ ဖျားချင်သလို နာချင်သလိုလည်း ဖြစ်လာသည်။ ထို့ကြောင့် ထိုင်ခုံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်မိသည်။ သူကတော့ ကားကို ညင်ညင်သာသာကလေး ပြန်ကွေ့နေသည်။ လာလမ်းကို ဦးပြန်တည်မိသည်အထိ အလွန်တရာ ညင်သာစွာ ပြန်ကွေ့နေခြင်း ဖြစ်ပါသည်။

"ဒါထက် အရင်တုန်းက ဒီနေရာကို ရှင် ရောက်ဖူးသလားဟင်"

ဟု သူ့ကို ထပ်မေးမိပြန်ပါသည်။ လမ်းကျဉ်းကလေးအတိုင်း မော်တော်ကားက ပြန်ဆင်းလာပြီမို့ စောစောက တင်းကျပ်နေသည့် စိတ်များ လျော့ပြေသွားပါသည်။

"ရောက်ဖူးတယ်"

ထို့မျှ ပြောပြီး သူ ခဏဆိုင်းနေသည်။ ပြီးတော့မှ ဆက်ပြောသည်။

"ဒါပေမဲ့ ပြန်မရောက်တာ နှစ်ပေါင်း တော်တော်ကြာပြီ၊ ဒီအချိန်တွေကြားထဲမှာ ဘာတွေများ ပြောင်းလဲနေသလဲ ဆိုတာ ကြည့်ချင်လို့"

"ပြောင်းကော ပြောင်းနေသလား"

"မပြောင်းဘူး၊ ဘာမှ မပြောင်းလဲဘူး"

အတိတ်အကြောင်းများကို ပြန်ပြောင်း သတိရစေသည့် သည်လို နေရာမျိုးသို့ ကျွန်မကို ခေါ်ပြီး ဘာကြောင့်များ သူ ပြန်ရောက်လာရပါလိမ့်ဟု စဉ်းစားနေမိပါသည်။ အတိတ်ကာလနှင့် ယခု ပစ္စုပ္ပန်ကာလကြားတွင် နှစ်ပေါင်း မည်မျှ ကြာရှည်ခဲ့ပြီနည်း။ အတွေးအခေါ်နှင့် အမူအကျင့်တွေ မည်မျှ ကွဲလွဲခဲ့ပြီနည်း။ စိတ်နေသဘောထားတွေကော ဘယ်လောက် ခြားနားသွားပြီနည်း။ ကျွန်မ မသိချင်ပါ။ ဘာကိုမျှ မသိချင်ပါ။ သူနှင့်အတူ သည်နေရာသို့ လိုက်မလာမိလျှင် ကောင်းလေစွဟုသာ စိတ်ကူးပေါက်မိပါတော့သည်။

အကွေ့အကောက်များသည့် လမ်းအတိုင်း ကျွန်မတို့ ဆင်းလာကြသည်။ စကားလည်း ဆက်မပြောမိ။ ကျနေပေါ်မှာ တိမ်စိုင်ကြီးက တန်းနေသည်။ လေကလည်း အေးစိမ့်ပြီး သန့်ရှင်းလတ်ဆတ်လှသည်။

မမျှော်လင့်ဘဲ ရုတ်ခြည်းဆိုသလိုပင် မန်ဒါလေစံအိမ်ကြီး အကြောင်းကို ကောက်ကာငင်ကာ သူ ပြောလေတော့သည်။

သို့သော်လည်း မန်ဒါလေစံအိမ်ကြီးမှာ နေထိုင်ရသည့် သူ့ဘဝအကြောင်း တစ်လုံးတစ်ပါဒမျှ မပါ။ သူ့ကိုယ်ရေးကိုယ်တာအကြောင်း တစ်ခွန်းမျှမပါ။

mgyoe.com

mgyoe.com SAMPLE BOOK

မန်ဒါလေ စံအိမ်ကြီး၌ နွေဦးကာလဆိုလျှင် နေလုံးကြီးက မည်ကဲ့သို့ ဝင်သွားကြောင်း၊ ပင်လယ်ပြင်ပေါ်တွင် မည်ပုံ အလင်းရောင် ဖြာကျနေကြောင်း၊ ထိုအခါမျိုးတွင် ပင်လယ်ပြင်ကြီးသည် ကျောက်သင်ပုန်းကဲ့သို့ ညိုမှောင်သမ်းနေကြောင်း၊ ရှည်လျားသည့် ဆောင်းရာသီ၏ အအေးဒဏ်ကြောင့် အေးမြနေတတ်ကြောင်း၊ ပင်လယ်ကွေ့အတွင်းသို့ ဝင်လာသည့် ရေလှိုင်းသံများကိုလည်း ကုန်းလျှောကလေးပေါ်မှ နေ၍ ကြားနေရကြောင်း။

နှင်းပန်းတို့သည်လည်း အစွမ်းကုန် ပွင့်နေတတ်ကြောင်း၊ ညနေခင်း လေပြည်လေညင်းကလေးတွင် သည်းသည်းလှုပ်လှုပ် ဖြစ်နေကြကြောင်း၊ ရိုးတံရှည်ရှည်များ၏ ထိပ်ဖျားတွင် ရွှေရောင်ဦးခေါင်းများ တပ်ဆင်ထားသကဲ့သို့ ရှိကြောင်း၊ နှင်းပန်းများမှာ ဘယ်လောက်ပင် ခူးခူး လျော့နည်းမသွားကြောင်း၊ စစ်တပ်ကြီး တစ်တပ်ကဲ့သို့ ကြွဲကြွဲခိုင်ကာ ပွင့်မြဲ ပွင့်နေကြကြောင်း။

အရောင်စုံဝေသည့် နွေဦးပန်းများကိုလည်း မြက်ခင်းပြင်၏ အောက်ဘက်ကမ်းခြေတွင် စိုက်ပျိုးထားကြောင်း၊ ယခုအချိန်လောက်ဆိုလျှင် ထိုပန်းများ တုံးစပြုပြီ ဖြစ်ကြောင်း၊ မိုးဦးကျတွင် ပေါက်သည့် ပန်းဝါတစ်မျိုးကတော့ သက်ဆိုးရှည်လှကြောင်း၊ ပပ်ကြားအက်ကလေးရှိလျှင်ပင် ပေါက်ရောက်ရှင်သန်နိုင်ကြောင်း၊ ခေါင်းလောင်းပြာပန်းများကမူ ယခုလို ရာသီတွင် မပွင့်သေးကြောင်း၊ အနည်းငယ် အချိန်စောနေသေးကြောင်း၊ သူတို့ ပွင့်ပြီဆိုလျှင် တစ်တောလုံးကို ဖြန့်ကြက်ကာ မိုးကောင်းကင်ကြီးနှင့်ပင် အပြာချင်း အန်တုနေတတ်ကြောင်း။

အဆိုပါ ခေါင်းလောင်းပြာပန်းများကို အိမ်တွင်း ယူလာပြီး ပန်းအိုးထိုးခွင့်ကို ဘယ်တော့မှ သူ ခွင့်မပြုကြောင်း၊ သူ့အရိုးက ပန်းအိုးထဲမှ ရေကို ပုပ်စေတတ်ကြောင်း၊ ထို့ကြောင့် ထိုခေါင်းလောင်းပြာပန်း၏ အလှကို ကြည့်ရှုလိုလျှင် တောတွင်းမှာ လမ်းလျှောက်ကြည့်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း၊ အကောင်းဆုံးအချိန်မှာလည်း နေမွန်းတည့်သည့် အချိန်ဖြစ်ကြောင်း၊ အနံ့ကမူ မီးခိုးနံ့လိုလို ခါးသက်သက်အနံ့မျိုး ဖြစ်ကြောင်း၊ ထိုပန်းကို ခူးယူသူများသည် သဘာဝအလှအပကို အစမွှ ဖျက်ဆီးခြင်းနှင့် တူကြောင်း၊ မန်ဒါလေ စံအိမ်ကြီးတွင် ထိုပန်းမျိုးကို မခူးရန် သူ တားမြစ်ထားကြောင်း၊ ရံဖန်ရံခါ သူ မော်တော်ကားမောင်းသွားသည့်အခါများတွင် ခေါင်းလောင်းပြာ ပန်းစည်းကြီးများကို စက်ဘီးလက်ကိုင်ပေါ် တင်ကာ စက်ဘီးစီးနေသူများကိုလည်း တွေ့ရတတ်ကြောင်း။

မိုးဦးကျတွင် အလေ့ကျ ပေါက်တတ်သည့် ပန်းများလည်း မြောက်မြားစွာ ရှိကြောင်း၊ အချို့အိမ်များကမူ ယိုဘူးလွတ်တွင် ထည့်စိုက်ပြီး ပြတင်းပေါက်မှာ ထားတတ်ကြကြောင်း၊ ရေမှန်မှန်လဲပေးမည် ဆိုလျှင် ရက်သတ္တ တစ်ပတ်လောက် မနွမ်းဘဲ ခံနိုင်ကြောင်း၊ မန်ဒါလေစံအိမ်ကြီး အတွင်းသို့မူ မည်သည့်တောပန်းရိုင်းကိုမျှ ယူလာခွင့် မပြုကြောင်း၊ အုတ်တံတိုင်း ကာရံထားသည့် ပန်းခြံထဲမှာ အထူးစိုက်ပျိုးထားသော ပန်းပင်များသာ ရှိကြောင်း၊ နှင်းဆီပန်းများလည်း ပါဝင်ကြောင်း၊ နှင်းဆီပန်းကတော့ အပင်မှာ သည်အတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK
ထားခြင်းထက် ခူးပြီး ပန်းအိုးထိုးခြင်းက ပို၍ မျက်စိပသာဒ ရှိကြောင်း၊ အပြင်ဘက် လေဟာပြင်တွင် မထင်ရှားခဲ့သည့် အရောင်နှင့် အနံ့တို့သည် ဧည့်ခန်းထဲမှာ ပန်းအိုးတစ်လုံး နှင့် အလှပြင်ထားသောအခါကျမှ ပေါ်ပေါက်လာတတ်ကြောင်း၊ နှင်းဆီပန်းများ အစွမ်းကုန် ပွင့်ပြီဆိုလျှင် ဆံပင် ဖရိုဖရဲနှင့် မိန်းမတစ်ယောက်ကဲ့သို့ ပွရောင်းရောင်း ဖြစ်လာကြောင်း၊ ဧည့်ခန်းထဲမှာ ထားမှ ချပ်ချပ်ရပ်ရပ် ရှိကြောင်း။

မန္တလေးစံအိမ်ကြီးတွင် တစ်နှစ်လျှင် ရှစ်လပတ်လုံး နှင်းဆီပန်းများကို ပန်းအိုး တွင် အလှထိုးထားကြောင်း သူ အရှည်ကြီး ပြောပြနေပါသည်။

သရဖူပန်းများကို ကျွန်မ ကြိုက်၊ မကြိုက်လည်း သူက မေးပါသေးသည်။ မြက်ခင်းပြင်၏ အစပ်တွင် သရဖူ ပန်းပင်တစ်ပင် စိုက်ပျိုးထားကြောင်း၊ သူ့အိပ်ခန်း ပြတင်းပေါက်မှနေ၍ သရဖူပန်းရနံ့များကို ရှူရှိုက်နိုင်ကြောင်း၊ လက်တွေ့သမားကျလှ သော သူ့အစ်မကမူ မန္တလေး စံအိမ်ကြီးတွင် ပန်းပေါင်းစုံအနံ့တို့ မွေးထုံနေသည့်အတွက် အမြဲတမ်း ဆိုသလို ကန့်ကွက်စကား ပြောလေ့ရှိကြောင်း၊ ထိုပန်းနံ့များကြောင့် သူ့အဖို့ အရက် သောက်ရသလို မူးနောက်နောက် ဖြစ်လာလေ့ရှိကြောင်း၊ သူ့အစ်မ ပြောပြသည်မှာ မှန် ကြောင်း၊ သို့သော်လည်း သူကတော့ အရေးမစိုက်ခဲ့ကြောင်း၊ သို့ကလို ပန်းပေါင်းစုံရနံ့ ကြောင့် မူးယစ်ယစ် ဖြစ်ရသည်ကို သူ နှစ်သက်ကြောင်း၊ တမာခါးပင်များကိုလည်း ပန်းအိုးဖြူတွင် ထိုးကာ အိမ်ထဲမှာ ထားလေ့ရှိကြောင်း၊ ပန်းရနံ့ စူးစူးများက အိမ်ထဲမှာ ထုံပျံ့နေကြောင်း။

တောင်ကြားမှတစ်ဆင့် ပင်လယ်ကွေ့ဆီသို့ သွားရာလမ်းကလေး၏ ဘယ်ဘက် တွင် တောင်ဇလပ်ပန်းပင်ကြီးများကို စိုက်ပျိုးထားကြောင်း၊ မေလလို အချိန်မျိုးတွင် ညစာ စားပြီး ထိုလမ်းအတိုင်း လျှောက်သွားပါက ချိုမြသည့် လေညင်းကို ရှူရှိုက်ရမည် ဖြစ်ကြောင်း၊ ကြွေကျနေသည့် ပန်းချပ် ပန်းလွှာကလေးများကို ကောက်ယူပြီး လက်နှင့် ခြေကြည့်မည် ဆိုလျှင် အလွန်တရာ ချိုမြသည့် အနံ့မျိုးကို ရမည်ဖြစ်ကြောင်း၊ တောင်ကြား ကလေးမှ ထွက်လာသောအခါတွင်မူ မူးဝေထိုင်းမှိုင်းသည့် ဝေဒနာကို ခံစားရမည် ဖြစ်ကြောင်း၊ ပင်လယ်ကမ်းခြေသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ငြိမ်နေသည့် ရေပြင်နှင့် လုံးဝ ပြောင်းလဲသွားသော ပတ်ဝန်းကျင်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ချက်ချင်း အပြောင်း အလဲ ဖြစ်သွားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှကြောင်း တသီကြီး သူ ပြောပြနေ သည်။

ထိုသို့ ပြောပြနေဆဲမှာပင် ကျွန်မတို့ ကားသည် မြို့ထဲသို့ ရောက်လာပြီဖြစ်ကြောင်း သတိထားလိုက်မိပါသည်။ နေဝင်ဆည်းဆာချိန် ရောက်လာသည်ကိုပင် ကျွန်မ သတိ မထားလိုက်မိပါ။ လမ်းမီးတွေလည်း ထိန်ထိန်လင်းနေကြပြီ။ ပတ်ဝန်းကျင်၏ အသံ မျိုးစုံကိုလည်း ကြားလိုက်ရပြီ။ ယင်းအသံမျိုးစုံတို့က ကျွန်မ၏ အာရုံကြောများကို
mgyoe.com

mgyoe.com SAMPLE BOOK
လာရောက် တိုက်ခိုက်ကြလေတော့သည်။ မွန်တီကာလို၏ မီးရောင်များသည် အရောင်မှိန်လွန်းလှသည်ဟုလည်း ကျွန်မ၏ စိတ်ထဲမှာ ခံစားလာရပါသည်။

ခဏကြာလျှင် ကျွန်မတို့ တည်းခိုနေကြသည့် ဟိုတယ်သို့ ပြန်ရောက်ကြတော့မည်။ ထိုင်ခုံရှေ့က အံဆွဲထဲမှာ ကျွန်မ၏ လက်အိတ်ကို ရှာကြည့်ပါသည်။ တွေ့ပါသည်။ ပြီးတော့ စာအုပ်တစ်အုပ်ကိုလည်း လက်နှင့် သွားစမ်းမိသည်။ အဖုံးက ပါးပါးလျှားလျှား ဖြစ်သောကြောင့် ကဗျာစာအုပ် ဖြစ်ရပေလိမ့်မည်။ ဟိုတယ် တံခါးပေါက်ရှေ့တွင် မော်တော်ကား အရှိန်လျှော့လိုက်စဉ် စာအုပ်ခေါင်းစဉ်ကို ဖတ်ဖို့ ကျွန်မ စူးစိုက်ကြည့်လိုက်မိသည်။

"ယူသွားလေ… ဖတ်ချင်ရင် ဖတ်ကြည့်ပါ"

ဟု မစ္စတာဒီဝင်းတားက ပြောပါသည်။ ယခု ပြောသည့် သူ့အသံသည် သာမန်လေသံမျိုး ဖြစ်နေပြန်သည်။ မပြောင်းလဲတော့သလို ဖြစ်နေပြန်သည်။ ကျွန်မတို့၏ မော်တော်ယာဉ်စီး ခရီးကလည်း ပြီးဆုံးသွားချေပြီ။ တည်းခိုနေသည့် ဟိုတယ်သို့လည်း ပြန်ရောက်ကြပြီ။ ကိုယ့်ဘဝ အနေအထားအမှန်သို့ ပြန်ရောက်ကြပြီ။ မန်ဒါလေစံအိမ်ကြီးနှင့် ကျွန်မတို့သည်ကား မိုင်ပေါင်း အထောင်အသောင်း ဝေးကွာသွားပြန်လေတော့သည်။

ကျွန်မ အများကြီး ပျော်မြူးသွားပါသည်။ လက်အိတ်များနှင့်အတူ စာအုပ်ကို တင်းကျပ်စွာ ကိုင်ထားမိသည်။ သူ ပိုင်ဆိုင်သည့် ပစ္စည်းတစ်ခုခုကို ကျွန်မ တပ်မက်မိနေကြောင်းလည်း ခံစားရသည်။ ယခုဆိုလျှင် သူနှင့်အတူ နေလိုက်ရသည့် တစ်နေ့တာကား ကုန်ဆုံး လွန်မြောက်သွားပြီ မဟုတ်ပါလား။

"ကိုင်း… ဆင်းပေတော့၊ ကျုပ်လည်း ကားသွားသိမ်းလိုက်ဦးမယ်၊ ဒီနေ့ညတော့ စားသောက်ခန်းထဲမှာ မင်းနဲ့ ကျုပ် တွေ့ရတော့မှာ မဟုတ်ဘူး၊ ညစာ အပြင်ထွက်စားတော့မယ်၊ ဘာပဲဖြစ်ဖြစ် အခုလို ကျုပ်နဲ့ ကားလိုက်စီးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်ကွယ်"

အယုယခံရသည့် ကလေးငယ်တစ်ယောက် အယုယခံရမှု ပြီးဆုံးသွားသောအခါတွင် စိတ်ပျက် အားငယ်ခြင်းကို ခံစားရလေသကဲ့သို့ ကျွန်မလည်း ခံစားရကာ ဟိုတယ်လှေကားထစ်များအတိုင်း တစ်ကိုယ်တည်း တက်ခဲ့ရလေတော့သည်။ သည်ကနေ့ မွန်းလွဲပိုင်း အချိန်၏ အတွေ့အကြုံကလေးများက ကျွန်မကို ဖျက်ဆီးလိုက်ပါပြီ။ အိပ်ချိန်သို့ရောက်ဖို့ အချိန်တွေ အများကြီး ကျန်နေသေးသည်။ ထိုကျန်ရှိနေသေးသည့် အချိန်များတွင် ကျွန်မသည် အထီးကျန်ဘဝဖြင့် ဟာတိဟာတာ ဖြစ်နေရတော့မည်။ ညစာကိုလည်း ခြောက်သွေ့စွာ တစ်ကိုယ်တည်း စားရပေတော့မည်။ အပေါ်ထပ်က သူနာပြုဆရာမ၏ စူးစမ်းလေ့လာသော အကြည့်များကိုလည်း ကျွန်မ ရင်ဆိုင်နိုင်စွမ်း မရှိပါ။ မစ္စက်ဗန်ဟော့ပါးကလည်း ခြောက်ကပ်ကပ် အက်တက်တက် အသံဖြင့် စစ်လား ဆေးလား၊
mgyoe.com

mgyoe.com SAMPLE BOOK

မေးလား မြန်းလား လုပ်ကောင်း လုပ်ပေလိမ့်မည်။ ဒါကိုလည်း ကျွန်မ ရင်ဆိုင်နိုင်စွမ်း မရှိပါ။ ထို့ကြောင့် ဧည့်ခန်းထောင့် တိုင်ကွယ်တစ်နေရာတွင် ထိုင်ချလိုက်ပြီး လက်ဖက်ရည် မှာလိုက်ရသည်။

စားပွဲထိုး ရောက်လာသည်။ သူ့ကို ကြည့်ရသည်မှာလည်း ထုံထိုင်းထိုင်း ဖြစ်နေသည်။ ကျွန်မ တစ်ယောက်တည်း လာထိုင်နေသည့်အတွက် သူ့အနေနှင့်လည်း ပျိုးပျိုး ပျာပျာ လုပ်စရာ အကြောင်းမရှိတော့။ နောက်ပြီး ယခုအချိန်ကလည်း လက်ဖက်ရည် သောက်ချိန် မဟုတ်တော့။ ငါးနာရီခွဲပြီးနေပြီ။ ခဏကြာလျှင် အရက်သောက်ချိန် ရောက်တော့မည်။ ကျွန်မ၏ စိတ်ထဲမှာ ငြိုငြင်ချင်သလိုလို ဖြစ်လာသည်။ မကျေနိုင် မချမ်းနိုင် ဖြစ်ခြင်းထက် ပိုပါသည်။ ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်ပြီး ကဗျာ စာအုပ်ကလေးကို ဆွဲယူလိုက်သည်။ အကြိမ်ကြိမ် အဖန်ဖန် ကိုင်တွယ်ထားသောကြောင့် စာအုပ်က အနွမ်းကြီး နွမ်းနေပြီ။ စာအုပ်ကို ကိုင်လိုက်သည်ဆိုလျှင်ပင် တစ်နေရာမှ စာမျက်နှာတစ်ခုက အလိုလို ပွင့်သွားသည်။ ထိုစာမျက်နှာကိုပင် အလီလီ အလာလာ ဖွင့်ပြီး ဖတ်ထားသယောင် ရှိသည်။

*ကိုယ့်စိတ်နှင့် ကိုယ်၊ မျက်ရည်စိုကာ၊*
*သူ့လွတ်ရာသို့၊ များစွာနွေည ပြေးခဲ့ပြီ။*

*သူနှင့်ဝေးရာ၊ ဝေးကမ္ဘာသို့၊*
*နှစ်ပေါင်းများစွာ၊ ပြေးခဲ့ပြီ။*

*သူလမ်းမသိရာ၊ ဝင်္ကပါသို့၊*
*ဆင့်ကာဆင့်ကာ ပြေးခဲ့ပြီ။*

*မရပ်မနား၊ ပြေးလွှားရင်းဖြင့်*
*ကွင်းကာ ရှောင်ကာ ပုန်းခဲ့ပြီ။*

*ကြီးမားထန်ပြင်း၊ စိုးရွံ့ခြင်းဖြင့်၊*
*တက်ဆင်းလမ်းကြမ်း၊ ခြောက်ကမ်းပါးတွေ၊*
*ပြေးလေရှောင်ပုန်း၊ မပြတ်ဒုန်းစိုင်းခဲ့သော်လည်း*
*သူလေ… အရိပ်ပမာ၊ ပါခဲ့ပါပြီတည်း။*

mgyoe.com

mgyoe.com SAMPLE BOOK

အဝင်တံခါး သော့ပေါက်မှနေ၍ တစ်စုံတစ်ယောက်က ကျွန်မကို ချောင်းမြောင်းကြည့်ရှုနေသည်ဟု စိတ်ထဲမှာ အလိုလို ခံစားလာရသည်။ ထို့ကြောင့် ကဗျာစာအုပ်ကလေးကို ခိုးကြောင်ခိုးဝှက်ဖြင့် ဘေးမှာ အသာချထားလိုက်မိသည်။

ညနေတုန်းက ကျွန်မတို့ ရောက်ခဲ့သည့် တောင်ကုန်းများပေါ်သို့ သွားဖြစ်အောင် မစ္စတာဒီဝင်းတားကို မည်သို့သော တန်ခိုးရှင်ကများ စေ့ဆော် တိုက်တွန်းလိုက်ပါလိမ့်ဟု ကျွန်မ စဉ်းစားနေမိသည်။ ပေနှစ်ထောင်လောက် နက်သည့် ချောက်ကမ်းပါးကြီးနှင့် ကားကိုယ်ထည်အလျား တစ်ဝက်စာမျှသာ လိုတော့သော နေရာသို့ သူ မောင်းသွားသည့် အကြောင်းကိုလည်း စဉ်းစားနေမိသည်။ သူ့မျက်နှာပေါ်မှာလည်း မည်သို့သော ခံစားချက်မျိုးမှ မရှိတော့လေပြီတကား။ သူ့စိတ်ထဲမှာ မည်သို့သော ခြေသံများကို ကြားနေလေသနည်း။ မည်သို့သော တီးတိုးသံများကို ကြားနေရလေသနည်း။ ဘာတွေကို ပြန်ပြောင်းသတိရနေသနည်း။ နောက်ပြီးတော့ သည်ကဗျာစာအုပ်ကလေးကို သူ့ကား အံဆွဲထဲမှာ ဘာကြောင့် ထည့်သိမ်းထားရလေသနည်း။ တသီကြီး ကျွန်မ စဉ်းစားကြည့်နေမိသည်။

အတိတ်အကြောင်းတွေနှင့် သူ့ကို ကင်းလွတ်စေချင်ပါသည်။ ကျွန်မကိုယ်တိုင်ပင် သူနှင့် တစ်စုံတစ်ရာ ပတ်သက်ချင်စိတ် ပေါ်ပေါက်လာပါသည်။ သို့သော်လည်း ကျွန်မကို ကြည့်ပါဦး။ နွမ်းပါးစုတ်ချာလှသည့် အင်္ကျီနှင့်၊ စကတ်နှင့်။ ပြီးတော့ အနားပြန့်ကျယ်လှသော ကျောင်းသူဦးထုပ် အညံ့စားကြီးနှင့်။

လေးလံထုံထိုင်းလှသည့် စားပွဲထိုးက ကျွန်မအတွက် လက်ဖက်ရည် ယူလာပေးသည်။ ကျွန်မကလည်း ထောပတ်သုတ် ပေါင်မုန့်ကို အရသာခံမနေနိုင်တော့ဘဲ ထိုင်းမှိုင်းစွာ စားသောက်နေရင်း သူ ပြောပြသော မန်ဒါလေ စံအိမ်ကြီးမှ တောင်ကြားကလေးဆီသို့ သွားသည့် လူသွားလမ်းကလေး အကြောင်းကို တွေးနေမိသည်။ သည်လိုတွေးကြည့်နေရင်းမှာပင် တောင်ဇလပ်ပန်းနံ့များက ကျွန်မ၏ စိတ်အာရုံမှာ ကြိုင်သင်းလာသည်။ ပင်လယ်ကွေ့ကလေး၏ ကမ်းခြေမှ ကျောက်စရစ်ခဲ ဖြူဖြူကလေးများကိုလည်း မြင်ယောင်နေမိသည်။

သည်အိမ်နှင့် သည်နေရာကို သူ ဒါလောက် ချစ်မြတ်နိုးနေပါသည် ဆိုလျှင် ဘာမျှ အနှစ်သာရ မရှိသော မွန်တီကာလိုသို့ သူ ဘာကြောင့် ရောက်လာသနည်း။ သည်ကိုလာဖို့ သူ့မှာ အစီအစဉ် မရှိကြောင်း၊ ကသောကမျော ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း မစ္စက်ဗန်ဟော့ပါးကို သူ ပြောပြခဲ့သည်။ တန်ခိုးရှင်တစ်ဦးဦး၏ စေ့ဆော်ချက်အရ တောင်ကြားထဲက လူသွားလမ်းကလေးအတိုင်း သူ ပြေးလာနေသည့်ပုံကို ကျွန်မ၏ စိတ်အာရုံထဲမှာ ပုံဖော်ကြည့်နေမိပါသည်။

ကဗျာစာအုပ်ကလေးကို ကျွန်မ ကောက်ယူလိုက်မိပြန်ပါသည်။ သည်တစ်ခါမှာတော့ စာအုပ်၏ အတွင်းမျက်နှာစာ အဖွင့်စာရွက်နေရာက လန်နေပါသည်။ ထိုအပေါ်တွင် ရည်ညွှန်းချက်ကလေး ရေးထားသဖြင့် ဖတ်ကြည့်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

***'မက်ခ်သို့... မှ ... ရဘက်ကာ၊ ၁၇ မေလ'***

လက်ရေးက ခပ်စောင်းစောင်းပင် ဖြစ်သည်။ စာရေးသူက စိတ်မရှည်စွာဖြင့် ရေးထားပုံရသည်။ ကလောင်ဖျားမှ မင်သီးသောကြောင့် တစ်ဖက် ရေခံစက္ကူမှာပါ သွားပြီး မင်အနည်းငယ် စွန်းနေသည်ကို တွေ့ရသည်။ **'ရဘက်ကာ'** ဟူသော နာမည် ကျတော့ မင်က လုံးဝ ပိုထူသွားသည်။ ထို့ကြောင့် စာလုံးများအားလုံးထဲမှာ **'ရဘက်ကာ'** ဆိုသော စကားလုံးက နက်မှောင်ထင်ရှားနေသည်။ 'ရကောက်' စာလုံးက ရှည်လျားလှလေရာ အခြားစာလုံးများ အားလုံး၏ အပေါ်မှာ မိုးနေသည်။

စာအုပ်ကို ကမန်းကတန်း ပိတ်ကာ လက်အိတ်များအောက်သို့ ထိုးသွင်းပြီး ဝေးဝေးမှာ ချထားလိုက်မိသည်။ ပြီးတော့ ဘေးက ကုလားထိုင်ပေါ်မှ ရုပ်စုံမဂ္ဂဇင်း တစ်စောင်ကို လှမ်းဆွဲယူကာ စာမျက်နှာများကို တောင်လှန် မြောက်လှန် လုပ်နေမိသည်။ ပြင်သစ်နိုင်ငံ လွာမြစ်ကမ်းပေါ်ရှိ တစ်လွာရဲတိုက်ကြီး၏ လှပသော ဓာတ်ပုံများနှင့် ဆောင်းပါးကို ဖော်ပြထားသည်။ ထိုဆောင်းပါးကို ကျွန်မ ဖတ်နေသည်မှာ မှန်ပါ၏။ ဓာတ်ပုံအညွှန်းများနှင့် ပုံစာများကို ဂဃနဏ ဖတ်နေသည်မှာ မှန်ပါ၏။ ဆုံးသွားသော အခါ စာလုံးကလေး တစ်လုံးတလေကိုမျှပင် ကျွန်မ နားလည် သဘောပေါက်ခြင်း မရှိတော့ပါ။ စာရွက်ပေါ်မှာရှိသည့် တစ်လွာရဲတိုက်ကြီး၏ ပုံကို ကြည့်နေရင်း ထိုရဲတိုက်ကြီး သည် မစ္စက်ဗန်ဟော့ပါး၏ မျက်နှာ ဖြစ်နေတော့သည်။ ဟိုတစ်နေ့ညနေက ကျွန်မတို့ စားပွဲနှင့် မလှမ်းမကမ်းမှာ ထိုင်နေသော မစ္စတာဒီဝင်းတားကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသည့် မစ္စက်ဗန်ဟော့ပါး၏ မျက်နှာ ဖြစ်နေသည်။ ပြီးတော့ သူ ပြောခဲ့သည့် စကားများကိုလည်း ပြန်လည် ကြားယောင်နေမိပါသည်။

"အလွန့်အလွန်ကို ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အဖြစ်ဆိုးကြီးပေါ့ကွယ်၊ သတင်းစာတွေကလည်း ဒီအကြောင်းနဲ့ပဲ ပြည့်နေတော့တယ်၊ မစ္စတာဒီဝင်းတားဟာ ဒီ အကြောင်းနဲ့ ပတ်သက်ပြီး လုံးဝ မပြောတဲ့အကြောင်း၊ သူ့ဇနီးရဲ့ နာမည်ကလေးကိုတောင် မှ ထုတ်ဖော်မပြောတဲ့အကြောင်း ရေးကြတယ်၊ သူ့ဇနီးက ရေနစ်ပြီး သေသွားတာလေ၊ သိတယ် မဟုတ်လား၊ မန်ဒါလေစံအိမ်ကြီးနားက ပင်လယ်အော်ကလေးထဲမှာ နစ်ပြီး သေသွားတာ"

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

လူ့ဘဝတွင် ပထမဦးဆုံးအကြိမ် ပေါ်လာသည့် ချစ်ခြင်းမေတ္တာ၏ ဝေဒနာကို ကျွန်မ ခံစား ခဲ့ရပါသည်။ သည်လို ပထမဦးဆုံး ခံစားရသော ချစ်ခြင်းမေတ္တာ၏ စိတ်ဝေဒနာကို တစ်သက် တွင် နောက်တစ်ကျော့ ပြန်ပြီး ခံစားရတော့မည် မဟုတ်သည့်အတွက်လည်း ကျွန်မ ဝမ်းအသာကြီး သာခဲ့မိပါသည်။ ချစ်ခြင်းမေတ္တာ၏ စိတ်ဝေဒနာမျိုးကို ကဗျာဆရာတွေက ဘယ်လိုပဲ ကာရန် အနုအလှတွေနှင့် ဖွဲ့နွဲ့ကြစေကာမူ စိတ်ဝေဒနာသည်ကား စိတ်ဝေဒနာ ပင် ဖြစ်ပါသည်။ ပြီးတော့ ဝန်ထုပ်ဝန်ပိုးကြီး တစ်ရပ်လည်း ဖြစ်ပါချေသည်။

ထိုအချိန်တုန်းက ကျွန်မ၏ အသက်မှာ ၂၁ နှစ်မျှသာ ရှိပါသေးသည်။ ၂၁ နှစ် အရွယ်မျှသာ ရှိသေးသော မိန်းမပျိုကလေးများကား သူရသတ္တိနှင့် ပြည့်စုံကြသည်မဟုတ်။ သူတို့သည် အထိုက်အလျောက်တော့ သူရဲဘောကြောင်ကြစမြဲ ဖြစ်သည်။ အကြောင်းမဲ့ စိုးရိမ်ထိတ်လန့်နေတတ်ကြသည်။ ပြီးတော့ အလွယ်ကလေးနှင့်လည်း အသည်းနှလုံးမှာ စွဲထင်တတ်ကြသည်။ ဒဏ်ရာအနာတရ ဖြစ်တတ်ကြသည်။ ထိခိုက်နာကြည်းစေသော စကားလုံးများကိုလည်း နာသာခံခက် ဖြစ်တတ်ကြသည်။

ယခုတော့ ကျွန်မ၏ အသက်မှာ လူလတ်ပိုင်းအရွယ်သို့ ရောက်လာပါပြီ။ သည်လို အသက်အရွယ်ကလေး ရလာတော့ လောကဓံတရားများကို အထိုက်အလျောက် ခံနိုင်ရည်ရှိလာပါပြီ။ ခံနိုင်ရည် ရှိလာပါပြီဟု ဆိုနိုင်သည့်တိုင်အောင် ပေါ့ပေါ့တန်တန် ပြော လိုက်သော စကားလုံးများလိုပင် နာကြည်းချင် နာကြည်းနေတတ်ပြန်ပါသည်။ မထိမဲ့မြင် အကြည့်ခံရခြင်းကိုပင် သေတစ်ပန် သက်တစ်ဆုံး အသည်းဆတ်ဆတ် ခါချင် ခါနေတတ်ပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ပါသည်။ ကိုယ့်အပေါ်မှာ မရိုးမသား ဆက်ဆံခြင်းကိုလည်း 'မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူခြင်း' မှန်းသိကာ မလိုတမာလည်း ဖြစ်တတ်ပါသေးသည်။

အသက်အရွယ် ကြီးရင့်ပြီးသူများအနေဖြင့် စိတ်အနှောင့်အယှက် ဖြစ်ဖို့ဆိုသည်မှာ မလွယ်ကူတော့ပါ။ အထစ်အငေါ့များကိုလည်း တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်စွမ်းရှိကြပါပြီ။ သို့သော် ထိုအချိန်တုန်းက ကျွန်မသည် ငယ်ရွယ်သေးသူမို့ သည်လို တည်ငြိမ်မှုမျိုး မရှိခဲ့ပါ။ မပြောပလောက်သော အကြောင်းအရာကလေး တစ်ခုကိုပင် မခံမရပ်နိုင်လောက်အောင် နာကြည်းချင်၊ နာကြည်းနေတတ်ပါသည်။ မဖြစ်လောက်သော အကြောင်းအရာကလေး တစ်ခုကြောင့်လည်း မနေတတ် မထိုင်တတ် ဖြစ်ချင် ဖြစ်နေတတ်ပါသည်။

"ဒီကနေ့ တစ်မနက်စာလုံး ညည်း ဘာတွေများ လုပ်နေသလဲ"

ထိုစဉ်က မစ္စက်ဗန်ဟော့ပါး မေးခဲ့သည့် မေးခွန်းကို ယခုတိုင်အောင်ပင် ကျွန်မပြန်လည်ကြားယောင်နေမိပါသေးသည်။ ထိုသို့ မေးစဉ် မစ္စက်ဗန်ဟော့ပါးသည် ခုတင်ပေါ်တွင် ခေါင်းအုံးများကို မှေးမှီကာ လူမမာ လုပ်နေရသောအချိန် ဖြစ်ပါသည်။ အမှန်တကယ် ဖျားနာနေခြင်းကား မဟုတ်ပါ။ သို့သော်လည်း အိပ်ရာထဲမှာ ရက်ရှည်ကြီး လဲလျောင်းနေရသည့်အတွက် သူကိုယ်တိုင်လည်း နေမထိထိုင်မသာ ဖြစ်နေပုံပေါက်ပါသည်။

ကျွန်မက ခုတင်ဘေးရှိ စားပွဲအံဆွဲထဲမှ ဖဲထုပ်ကို ဆွဲထုတ်ယူလိုက်ပါသည်။ အပြစ်တစ်ခုခုကို ကျူးလွန်ထားမိသကဲ့သို့ လည်ပင်းသို့တိုင်အောင်လည်း ကြက်သီးမွေးညင်းများ ထမိပါသည်။

"တင်းနစ် အရိုက်သင်ပေးတဲ့ ဆရာနဲ့ အတူတူ တင်းနစ် ကစားနေပါတယ်ရှင်"

အဘွားကြီးကို ကျွန်မ လိမ်ပြောလိုက်မိပါသည်။ သည်လို လိမ်ပြောလိုက်မိသည်နှင့် တစ်ပြိုင်တည်း ကြောက်စိတ်များက ကျွန်မကိုယ်ကို ဖုံးလွှမ်းသွားပြန်ပါသည်။ ယခုလိုပြောလိုက်မိချိန်မှာပင် တင်းနစ် အရိုက်သင်ဆရာက သည်အခန်းထဲသို့ တက်လာပြီးရက်ပေါင်းများစွာ ကြာအောင် ကျွန်မ လေ့ကျင့်ခန်းမဆင်းဘဲ နေကြောင်း ပြောပါက ဘာတွေဖြစ်ကုန်လေမည်နည်း။

"အေးကွယ်... ငါက အခုလို အိပ်ရာထဲ ဗုန်းဗုန်းလဲနေတော့ မင်းအဖို့လည်းဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ကို ဖြစ်နေတော့မှာပေါ့"

မစ္စက်ဗန်ဟော့ပါးက စီးကရက်တိုကို မိတ်ကပ်ဖျက်သည့် ဆီဘူးထဲသို့ ထိုးခြေထည့်လိုက်ပြီး ဖဲထုပ်ကို ကုလားဖန်ထိုးနေပါတော့သည်။ သူ ကုလားဖန်ထိုးပုံမှာ အလွန်ကျွမ်းကျင်လှပါသည်။ ဖဲသုံးချပ်စီကိုလည်း အပြန်ပြန်အလှန်လှန် မွှေနှောက်နေသည်။

"တစ်နေကုန် တစ်နေခန်း မင်း ဘာတွေ လုပ်နေသလဲဆိုတာ ငါဖြင့် မတွေးတတ်အောင်ပဲ၊ မင်း ဆွဲတဲ့ ပန်းချီပုံကြမ်းတွေလည်း ငါ့ကို မပြတော့ပါလား၊ ပြီးတော့ငါ့ဖို့ တက်ဖောလ် အစာကြေဆေး ဝယ်ပေးဖို့လည်း မင်း မေ့နေပြီ၊ မင်း တင်းနစ် ကစား

mgyoe.com

တာ တိုးတက်မှု ရှိပါစေလို့ ငါ ဆုတောင်းပါတယ်၊ ငါတော့ ဒါပဲ ပြောတတ်တော့တယ်၊ မင်းကောင်းကောင်း ကစားတတ်ရင် တစ်နေ့ကျတော့ မင်းအဖို့ အများကြီး အသုံးတည့်မယ်၊ ကောင်းကောင်း မကစားတတ်သေးရင်တော့ အင်မတန် စိတ်ကုန်စရာကောင်းတယ်၊ ဒါထက် စပေးဘောကို အောက်ပင့်ရိုက်နေတုန်းပဲလား''

ပြောရင်းဆိုရင်း စပိတ်ကွင်း ဖဲတစ်ချပ်ကို ဖဲပုံထဲသို့ ပစ်ချလိုက်ပါသည်။ ဖဲချပ်ပေါ်ရှိ ဘုရင်မ၏ မျက်နှာမည်းမည်းကြီးက မိန်းမရွှင် မျက်နှာမျိုးနှင့် ကျွန်မကို မော့ကြည့်နေပါသည်။

''ဟုတ်ကဲ့ပါရှင်''

အလိုက်သင့် ပြန်ဖြေလိုက်ရသော်လည်း သူ့မေးခွန်းကြီးက ကျွန်မကို ပျားတုပ်သလို ခံလိုက်ရပါသည်။ မှန်ပါသည်။ ယခုထက်တိုင်အောင် တင်းနစ် စပေးဘောကို အောင်ပင့်ရိုက်နေရဆဲပင် ဖြစ်ပါသည်။ တင်းနစ်အရိုက်သင်ဆရာနှင့် ကျွန်မ မကစားခဲ့ပါ။ မစ္စက်ဗန်ဟော့ပါး အိပ်ရာထဲ လဲပြီဆိုကတည်းက တင်းနစ်ကွင်းပေါ်မှာ တစ်ကြိမ်တစ်ခါမျှ ခြေမချဖူးတော့ပါ။ ယခုဆိုလျှင် ရက်သတ္တနှစ်ပတ်ပင် ကျော်ခဲ့ပြီ။

သို့သော်လည်း အမှန်အတိုင်း မပြောဘဲ ဘာကြောင့် လိမ်လည်ပြောလိုက်မိကြောင်း ကျွန်မ ပြန်စဉ်းစားနေမိပါသည်။ မနက်တိုင်း မစ္စတာဒီဝင်းတားနှင့်အတူ ကားလျှောက်စီး နေသည်ကို ဘာကြောင့် အမှန်အတိုင်း ဖွင့်မပြောမိပါလိမ့်။ မစ္စတာဒီဝင်းတားနှင့် အတူတူ သူ့စားပွဲမှာ နေ့တိုင်းထိုင်ကာ နေ့လယ်စာ စားခဲ့ကြသည်ကို ဘာကြောင့် ဖွင့်မပြောမိပါလိမ့်။

''တင်းနစ် ကစားရင် ပိုက်ဘက်ကို များများတက်၊ ဒီလို မတက်လို့ကတော့ မင်း ဘယ်တော့မှ လူတော် ဖြစ်လာမှာ မဟုတ်ဘူး''

အဘွားကြီးက စကားတံ ရှည်နေသည်။ ကျွန်မကလည်း သူ ပြောသည်ကို လက်ခံလိုက်ပါသည်။ ပြီးတော့ မိန်းမတော် မိန်းမကောင်း၊ မိန်းမအလိမ္မာကြီး အယောင်ဆောင်ကာ ဖူးနီကင်းဖဲချပ်ဖြင့် သူ့ စပိတ်ကွင်းကို ဖုံးအုပ်ပစ်လိုက်မိပါတော့သည်။

မွန်တီကာလို အပန်းဖြေစခန်းတွင် နေခဲ့ရစဉ်က ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာအတော်များများကို ကျွန်မ မေ့လျော့နေပါပြီ။ အဲဒီရက်များတုန်းက မနက်တိုင်း သူနှင့်ကျွန်မ ကားလျှောက်စီးခဲ့ကြသည့် အကြောင်းများ၊ ဘယ်နေရာတွေကို ရောက်ခဲ့သည်ဆိုသည်များ၊ ပြီးတော့ ဘာအကြောင်းတွေ စကားဖောင်ဖွဲ့ခဲ့ကြသည် ဆိုသည်များကို ကောင်းစွာ မမှတ်မိတော့ပါ။

သို့သော်လည်း ကျွန်မ မမေ့နိုင်သည့် အကြောင်းများကတော့ ရှိနေပါသေးသည်။ သူနှင့် တွေ့ရတော့မည်ဆိုလျှင် ကျွန်မ၏ လက်ချောင်းကလေးများ မည်မျှလောက်တုန်ယင်နေကြသည်ကို လည်းကောင်း၊ ဖြစ်ကတတ်ဆန်း ဦးထုပ်ဆောင်းလာမိခဲ့သည်ကိုလည်းကောင်း၊ ဓာတ်လှေကားဆင်းနေပုံက သည်းမခံနိုင်လောက်အောင် နှေးကွေးနေ

mgyoe.com

mgyoe.com SAMPLE BOOK

သောကြောင့် စကြံများအတိုင်း တရကြမ်း ပြေးကာ လှေကားထစ်များကို ခုန်ပျံကျော်လွှား ပြေးဆင်းခဲ့မိသည်ကို လည်းကောင်း၊ အပြင်ထွက်ပြန်တော့လည်း ဆုံလည်တံခါးကို တံခါးစောင့် ဖွင့်ပေးသည်ကိုပင် မစောင့်နိုင်တော့ဘဲ ကိုယ့်ဟာကိုယ် အလောသုံးဆယ် တွန်းဖွင့်ထွက်ခဲ့သည်များကို လည်းကောင်း ကျွန်မ လုံးဝ မေ့နိုင်တော့မည် မဟုတ်ပါ။

ကျွန်မ ရောက်သွားတော့ ကားထဲက ကားမောင်းသူနေရာမှာ သူ ထိုင်နေပေလိမ့်မည်။ သတင်းစာ တစ်စောင်ကိုလည်း ဖတ်နေပေလိမ့်မည်။ ကျွန်မကို မြင်တော့ ပြုံးလိမ့်မည်။ လက်ထဲက သတင်းစာကို ပခုံးပေါ်ကျော်ပြီး နောက်ထိုင်ခုံပေါ်သို့ လှမ်းပစ်တင်လိုက်လိမ့်မည်။ တစ်ဆက်တည်း တခါးဖွင့်ကာ မေးလိမ့်မည်။

"ကိုင်း… အဖော်သဟဲ ကောင်းကလေး… ဒီနေ့မနက် ကျန်းခဲ့သာလို့ မာပါစ၊ နောက်ပြီးတော့ အဖော်သဟဲကောင်းကလေးက ဘယ်အရပ်ကိုများ သွားလိုပါသတဲ့လဲ ခင်ဗျား"

သူနှင့်သာ အတူနေရမည်ဆိုလျှင် တစ်နေရာတည်းမှာပင် ပတ်ချာလှည့်ပြီး သူ မောင်းလိုက မောင်းစမ်းပါစေ။ ကျွန်မတို့ကတော့ အရေးမစိုက်နိုင်ပါပြီ။ သူ့ဘေးက ထိုင်ခုံမှာ ဝင်ထိုင်မိပြီဆိုသည်နှင့် တစ်ပြိုင်တည်း ကျွန်မ၏ တစ်ကိုယ်လုံးရှိ သွေးများက ဆူဝေ ပြေးလွှားတွန်းထိုးကုန်ကြပြီ မဟုတ်လား။ ရှေ့က လေကာမှန်ဘက်သို့ ကိုယ်ကို ကိုင်းလိုက်ပြီး ဒူးနှစ်ဖက်ကို လက်နှင့် သိုင်းဖက်ထားမိတော့သည်။ သူနှင့် တွေ့သည့်အခါတိုင်း အတန်းငယ်သော ကျောင်းသားလေးတစ်ယောက် အတန်းကြီးသော ကျောင်းသားကြီးနှင့် တွေ့ပြီး ဂရုစိုက်ခံရသည့်အခါ ခံစားရသလို စိတ်ထဲမှာ ဖြစ်ပေါ်စမြဲပင်။ နောက်ပြီးတော့ သူက ပိုပြီး ကြင်နာသည်။ ပိုပြီး ဖော်ရွေသည်။

"ဒီကနေ့ တိုက်တဲ့လေက နည်းနည်း ပိုစိမ့်တယ်၊ ကျုပ် ကုတ်အင်္ကျီကို ခြုံထားလိုက်ရင် ကောင်းမယ်"

ထိုအကြောင်းကလေးကိုလည်း ကျွန်မ ကောင်းစွာ မှတ်မိနေပါသေးသည်။ သူ့အဝတ်အစားကို ဝတ်ဆင်ခွင့်ရသည့်အတွက်လည်း အလွန်တရာ ပီတိဖြစ်လောက်အောင် အသက်အရွယ်ကလည်း ငယ်နုနေသေးသည် မဟုတ်ပါလား။ ကျောင်းသားငယ် တစ်ယောက်က သူ လေးစား အထင်ကြီးသည့် ကျောင်းသားကြီး တစ်ယောက်၏ အဝတ်အစားကို လည်ပင်းမှာ ချည်ပတ်ထားခွင့် ရသည့်အခါတွင် ဂုဏ်ယူမိသလို ကျွန်မလည်း သူ့အဝတ်အစားကို မိနစ်အနည်းငယ်မျှပင် ဝတ်ဆင်ခွင့် ရစေဦးတော့ ကျွန်မအဖို့တော့ ဇရာမအောင်ပွဲကြီး တစ်ခု ဖြစ်နေပါတော့သည်။ ထိုနံနက်ခင်းကား သာယာမှုအပေါင်းတို့နှင့် အတိပြီးနေသည်တကား။

သူနှင့် ကျွန်မ၏ ဆက်ဆံရေးကား အချစ်ဝတ္ထုများထဲတွင် ကျွန်မ ဖတ်ခဲ့ရဖူးသလို မဟုတ်။ မထိခလုတ်၊ ထိခလုတ်နှင့် ထေ့တေ့တေ့ ပြောပုံဆိုပုံမျိုးလည်း မရှိ။ ပြေးနိုင်မှ လွတ်စေ့မနော် ဆိုကာ အတင်းလိုက်၊ အတင်းပြေးရသည်မျိုးလည်း မရှိ၊ ခြေးချင်း

mgyoe.com

mgyoe.com

ယှဉ်ပြိုင် ထိုးခုတ်သူ နှစ်ဦးတို့ အပြန်အလှန် ဟန်ရေးပြကာ အသည်းယားစရာ ရန်စပြုံးများ ပြုံးပြရသည်လည်း မရှိ။ နောက်ပြီးတော့ ရေလာမြောင်းပေး အတတ်ပညာမျိုးကိုလည်း ကျွန်မ မတတ်မြောက်ရိုး အမှန်ပါ။ သူ့မြေပုံစံ စာရွက်ကလေးကို ပေါင်ပေါ်မှာတင်ပြီး သည်အတိုင်းပဲ သူ့ဘေးမှာ ထိုင်နေမိတတ်သည်။ သူ စကားပြောသည် ဖြစ်စေ၊ မပြောသည် ဖြစ်စေ ကျွန်မကတော့ ရင်ထဲမှာ ကြည်နူးချမ်းသာနေမိသည်။

သူ စကားပြောခြင်း၊ မပြောခြင်းမှာ ကျွန်မ၏ စိတ်ကို မည်သို့မျှ မပြောင်းလဲစေပါ။ မည်သို့မျှလည်း မထိခိုက်စေပါ။ ကျွန်မ၏ တစ်ခုတည်းသော ရန်သူမှာ မော်တော်ကား ရှေ့ဒိုင်ခွက်ခုံရှိ နာရီကလေးပင် ဖြစ်ပါသည်။ နာရီလက်တံများက တားမနိုင် ဆီးမရ မနားတမ်း ရွေ့လျားနေကြသည်။ ယခုပင် တစ်နာရီ ထိုးသွားချေပြီ။ အရှေ့အရပ်ကို လည်း ကျွန်မတို့ မောင်းခဲ့ကြပါ၏။ အနောက်အရပ်ဘက်သို့လည်း ကျွန်မတို့ မောင်းခဲ့ကြ ပါ၏။ မြေထဲပင်လယ်ကမ်းခြေကို မှီခိုနေကြရသည့် မြောက်မြားစွာသော ကျေးရွာကလေး များကိုလည်း ဖြတ်ကျော် မောင်းနှင်ခဲ့ပါ၏။ ယခုအချိန်မှာတော့ ထိုကျေးရွာကလေး တစ်ရွာတလေကိုမျှပင် ကျွန်မ ပြန်လည်မှတ်မိနိုင်စွမ်း မရှိတော့ပါ။

ကျွန်မ သေသေချာချာ မှတ်မိနေသေးသည်ကား ကျွန်မ ထိုင်နေသည့် မော်တော် ကား ထိုင်ခုံမှ သားရေ၏ အထိအတွေ့ပင် ဖြစ်ပါသည်။ နောက်ပြီးတော့ ကျွန်မ၏ ပေါင်ပေါ်တွင် တင်ထားသော သူ့မြေပုံစာရွက်ကလေးပင် ဖြစ်ပါသည်။ မြေပုံစာရွက် ကလေး၏ အနားသားများက စုတ်ပြဲနေပြီ။ ကိုင်တွယ်ဖန်များသောကြောင့် ခေါက်ရိုးသား များကလည်း ကျိုးကြေနေပြီ။

တစ်ရက်တွင်မူ နာရီဒိုင်ခွက်ကလေးကို ကြည့်ရင်း ကျွန်မ စိတ်ရှုပေါက်နေမိ၏။ 'အခု တဒင်္ဂအချိန်ကလေးကို ကြည့်စမ်း၊ အခု တဒင်္ဂအချိန်ကလေးဟာ ဆယ့်တစ်နာရီ ထိုးပြီးလို့ မိနစ်နှစ်ဆယ် ကျော်သွားပြီ၊ ဒီအချိန်ကလေး ပျောက်ဆုံးမသွားပါစေနဲ့' ဟု စိတ်ကူးရင်း ဆုတောင်းနေမိသည်။ ပြီးတော့ မျက်လုံးများကို စုံမှိတ်ထားလိုက်မိပါ သည်။ သည်လို မျက်လုံး စုံမှိတ်ထားခြင်းအားဖြင့် သည်တဒင်္ဂကလေးကို စိတ်အာရုံထဲ မှာ ပိုလို့စွဲမှတ်မိစေပါသည်။

ကျွန်မ မျက်လုံး ပြန်ဖွင့်လိုက်တော့ ကျွန်မတို့ကားက လမ်းကွေ့တစ်ခုပေါ်သို့ ရောက်နေပြီ။ ဖြူစောင်အနက်ကလေး ပခုံးပေါ်တင်ထားသည့် လယ်သူမကလေးတစ်ဦးက ကျွန်မတို့ကို လက်ဝှေ့ယမ်းပြနေသည်။ သည်လယ်သူမကလေးကို ယခုပင် မြင်ယောင် နေမိပါသေးသည်။ ဖုန်ပေနေသော ဂါဝန်၊ နှစ်လိုရွှင်ပျသော အပြုံးများကို ယခုပင် ပြန်လည်မြင်ယောင်နေမိပါသေးသည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ကားလမ်းကွေ့ ကို ကျွန်မတို့ ချိုးလိုက်တော့ လယ်သူမကလေးလည်း တောစွယ်နှင့်ကွယ်ကာ မြင်ကွင်း မှ ပျောက်သွားလေတော့သည်။ သူသည် အတိတ်ဖြစ်သွားပါပြီ။ အတိတ်ကာလနှင့် သာ သက်ဆိုင်သွားပါပြီ။ အတိတ်မှာသာ နေရစ်ခဲ့ပေတော့။ စိတ်အာရုံတွင် မှတ်ထင်စရာ ကလေး တစ်ခုအဖြစ်သာ ရှိပါစေတော့။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုနေရာကလေးကို ကျွန်မ ပြန်သွားလိုက်ချင်ပါသေးသည်။ ဟိုတုန်းက ကျွန်မ ခံစားခဲ့ရသည့် ကြည်နူးချမ်းသာမှုကလေးကို ပြန်လည်ရယူ ခံစားလိုက်ချင်ပါသေးသည်။ သို့ပါသော်လည်း တကယ်တမ်း ကျွန်မ ပြန်သွားမည်ဆိုလျှင် ဟိုတုန်းကအတိုင်း တစ်သဝေမတိမ်း ပြန်လည်ကြုံတွေ့ရလိမ့်မည် မဟုတ်ပါ။ ဟိုတုန်းက နေမင်း၏ အရောင်သည် ပင်လျှင် ယခုအခါတွင် ပြောင်းလဲနေပေလိမ့်မည်။ လယ်သူမကလေးကို ပြန်တွေ့သည် ထားဦးတော့၊ ဟိုတုန်းက ပုံစံမျိုးဖြစ်တော့မည် မဟုတ်ပါ။ ကျွန်မတို့ကိုလည်း လက်ဝှေ့ယမ်းပြတော့မည် မဟုတ်ပါ။ ကျွန်မတို့ကို သူ မြင်ချင်မှတောင် မြင်ပေလိမ့်မည်။ သည်လို တွေးလိုက်မိသည်နှင့် တစ်ပြိုင်တည်း စောစောက နွေးထွေးနေသော ကျွန်မ၏ စိတ်အာရုံများသည် ပျက်ပြယ်သွားရလေတော့သည်။

နာရီဒိုင်ခွက်ကို ကျွန်မ လှမ်းကြည့်လိုက်မိပြန်ပါသည်။ မိနစ်တည်းဟူသော အချိန်ပင် ကုန်ဆုံးလွန်မြောက်သွားလေပြီ။ ကျွန်မ၏ ထို'တဒင်္ဂ'ကလေးသည် လွန်ခဲ့သော ငါးမိနစ်အချိန်မှာ ကျန်ရစ်ခဲ့လေပြီ။ ခဏကြာလျှင်ပင် သတ်မှတ်ထားသည့်အချိန် စေ့ရောက်ပေတော့မည်။ အချိန် စေ့ရောက်သည်နှင့် တစ်ပြိုင်တည်း ဟိုတယ်သို့ မပြန်လိုသော်လည်း မပြန်မဖြစ် ပြန်ကို ပြန်ရပါတော့မည်။

"ကိုယ့်စိတ်ထဲက အမြဲထာဝရ မှတ်မိနေချင်တာကလေးကို ပုလင်းထဲမှာ ထည့်သိမ်းထားလို့ရတဲ့ တီထွင်မှုမျိုး လုပ်လို့ရရင် သိပ်ကောင်းမှာပဲနော်…"

ဟု စိတ်လိုက်မာန်ပါပင် ကျွန်မ ပြောလိုက်မိပါသည်။ ထိုမျှနှင့်လည်း မရပ်နားသေး။

"ရေမွှေးကို ပုလင်းထဲမှာ ထည့်သိမ်းထားသလိုလေ၊ အနံ့လည်း ဘယ်တော့မှ မပြယ်ဘူး၊ ဘယ်တော့မှလည်း ပျောက်ပျက်မသွားဘူး၊ အဲဒီလိုဆိုရင် ကိုယ်ခံစားမှတ်မိချင်တာကလေးကို ပြန်ပြီး ခံစားချင်တဲ့အခါမှာ ပုလင်းဖုံးကို ဖွင့်ပြီး ခံစားမှတ်မိနိုင်တာပေါ့၊ ခံစား မှတ်မိချင်တာကလေးကလည်း အသစ်တစ်ဖန် ပြန်ဖြစ်လာမယ်"

ကျွန်မက ဆက်တိုက်ပြောချနေမိသည်။ ပြီးတော့ သူ့ကို မော့ကြည့်လိုက်သည်။ ဘာများ သူ ပြောလေမလဲရယ်လို့ပေါ့။ သူကတော့ ကျွန်မဘက်ကို ငဲ့စောင်းလို့မှ မကြည့်ပါ။ ရှေ့က လမ်းကိုသာ မမှိတ်မသုန် အာရုံစိုက်ပြီး ကြည့်နေသည်။

"မင်းရဲ့ ငယ်ရွယ်စဉ် အဖြစ်အပျက်တွေထဲက ဘယ်ဟာကိုများ ပြန်ပြီး ခံစားမှတ်မိနိုင်အောင် ပုလင်းထဲ ထည့်သိမ်းထားချင်လို့လဲ"

ဟု သူက မေးပါသည်။ သူ့လေသံကို နားထောင်ကြည့်ခြင်းအားဖြင့် ကျွန်မကို နောက်ပြောင်လိုတာလား၊ အတည်ပေါက် ပြောနေတာလား ကျွန်မ အကဲမဖမ်းတတ်ပါ။

"ဘယ်ဟာရယ်လို့တော့ မသေချာပါဘူးရှင်၊ ဒါပေမဲ့ အခုလောလောလတ်လတ် ကြုံတွေ့နေရတဲ့ ဟောဒီတဒင်္ဂ အချိန်ကလေးကို ကျွန်မ ထည့်ပြီးတော့ သိမ်းထားလိုက်ချင်ပါတယ်၊ ဒါမှ သေတဲ့အထိ တစ်သက်လုံး မမေ့နိုင်တော့မှာ"

mgyoe.com

mgyoe.com SAMPLE BOOK

ကိုင်း… ကောင်းကြပါလေရော။ မိန်းမပျိုကလေးတန်မဲ့နှင့် ပြောသင့်၊ မပြောသင့် မဆင်ခြင်မိ။ ပြောကောင်းသည် မပြောကောင်းသည် မစဉ်းစားမိ။ ဘာပြောလျှင် ဘယ် အဓိပ္ပာယ် ရောက်သည်ကိုမျှ မတွေးတော့ဘဲ ရူးတူးတူး ပေါချာချာဖြင့် ပြောချမိလျက်သား ဖြစ်သွားပါတော့သည်။

"ယောဗျာ… ဒီစကားဟာ ဒီကနေ့ ကြုံတွေ့ရတာကလေးတွေအတွက် တုံ့ပြန် တဲ့ လက်ဆောင်မွန်ပေပဲလား၊ ဒါမှမဟုတ် ကျုပ် ကားမောင်း တော်တယ်လို့ ချီးကျူး လိုက်တာပေပဲလား"

ထိုသို့ ပြောပြီး သူက ရယ်မောနေပါသည်။ ရူးတူးတူး ပေါချာချာ ညီမငယ် တစ်ယောက်ကို အစ်ကိုတစ်ယောက်က သရော်လှောင်ပြောင်သည့် ရယ်ပုံမျိုး ဖြစ်ပါသည်။ သူကတော့ ရယ်နိုင် မောနိုင်ပြီပေါ့။ ကျွန်မမှာသာလျှင် တစ်ချီတည်းနှင့် နှုတ်ပိတ် တိတ်ငြိမ် သွားရတော့သည်။ သူနှင့် ကျွန်မကြားရှိ ကြီးမားသော ကွာဟချက်ကြီးကိုလည်း ချက်ချင်း သိရှိခံစားလိုက်ရတော့သည်။ နောက်ပြီးတော့ ကျွန်မအပေါ်မှာ သူ ထားရှိသည့် ကြီးမား သော အကြင်နာတရားကလည်း ထိုကွာဟချက်ကြီးကို ပို၍ ကျယ်ပြောသွားစေပါသည်။ သူနှင့်ကျွန်မ ပို၍ ဝေးကွာသွားကြပြီဟုလည်း ကျွန်မ ခံစားလိုက်ရပါသည်။

သည်နေ့မနက် အဖြစ်အပျက်များကို မစ္စက်ဗန်ဟော့ပါးအား ပြန်ပြောပြ၍ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း ကျွန်မ သဘောပေါက် နားလည်လိုက်ပါသည်။ မစ္စတာဒီဝင်းတား၏ အပြုံးက ကျွန်မ၏ နှလုံးသားကို ဓားထက်ထက်နှင့် မွှန်းသလို ရှိပါသည်။ ကျွန်မ၏ စကားကို ကြားရလျှင်လည်း ဟိုအဘွားကြီးက သည်လို သရော်ပြုံး မျိုးကိုပင် ပြုံးပေလိမ့်ဦးမည်။ ကျွန်မ၏ နှလုံးသားများကို ဓားနှင့် မွှန်းသည့် အပြုံးမျိုး ဖြစ်ပါလိမ့်မည်။

ကျွန်မ ပြန်ပြောပြသည့် စကားများကို ကြားရရုံမျှနှင့် အဘွားကြီး စိတ်ဆိုး မာန်ဆိုး ဖြစ်လိမ့်မည်တော့ မဟုတ်ပါ။ အံ့သြတကြီးဖြင့် တုန်လှုပ်ချောက်ချားခြင်းလည်း ဖြစ်လိမ့်မည် မဟုတ်ပါ။ ကျွန်မ၏ စကားကိုလည်း ယုံကြည်လိမ့်မည် မဟုတ်ပါ။ ပြီးတော့ မျက်ခုံးကို မသိမသာ ချီပင့်လိုက်ပေလိမ့်မည်။ ပခုံးကိုလည်း တွန့်လိုက်ပေလိမ့်မည်။ 'နား ရှိလို့သာ ကြားလိုက်ရပါတယ်အေ' ဟူသော သဘောမျိုးဖြင့်…

"ဟုတ်လား မိန်းကလေးရဲ့၊ မင်းကို ဒီလို ကားမောင်းပို့တယ် ဆိုတော့ သူဟာ မင်းအပေါ်မှာ ရက်ရက်ရောရောကြီးကို အစွမ်းကုန် အကြင်နာတရားတွေ ထားလိုက်တာ ပေါ့ကွယ်။ မင်းကို ဒီလို လိုက်ပို့ပေးနေရတဲ့အတွက် သူ့ခမျာ သေချင်ပက်ကျိ ဖြစ်လောက် အောင် ပျင်းမနေဘူး ဆိုတာတော့ မင်း သေချာပါတယ်နော်"

ဟူသော အဓိပ္ပာယ်ပါသည့် စကားများကို ပြန်ပြောပေလိမ့်မည်။ ပြီးတော့ ကျွန်မ၏ ပခုံးကို ခပ်သာသာ ပုတ်ကာ တက်ဇောလ် အစာကြေဆေး အဝယ်ခိုင်းပေလိမ့်မည်။ ကျွန်မ၏အသက်ငယ်သည်မှာ မှန်ပါသည်။ သည်လို အသက်ငယ်သည့်အတွက် အထင်သေး၊

mgyoe.com

mgyoe.com SAMPLE BOOK
အမြင်သေးစရာတွေ ကျွန်မမှာ ဘာများ ရှိသနည်းဟု တွေးရင်း ကျွန်မ အသည်းယားလာပါသည်။ သည်လို စဉ်းစားမိတော့ မကျေမနပ်ဖြင့် လက်သည်းများကို ကျွန်မ ပြန်ကိုက်နေမိပါသည်။

"ကျွန်မလေ ကျွန်မ… ဟို… အသက် သုံးဆယ့်ခြောက်နှစ်လောက် ရှိပြီး အနက်ရောင် ပိုးသားဂါဝန်နဲ့ ပုလဲပုတီး ဆွဲထားတဲ့ မိန်းမတစ်ယောက် ဖြစ်ချင်လိုက်တာ"

ဟု ဒေါသကလေးထွက်ကာ ကျွန်မက ပြန်ပြောချလိုက်မိတော့သည်။ သူ ရယ်မောနေပုံနှင့် နှုတ်စောင့်စည်းလွန်းပုံကို ကျွန်မ မကျေမနပ် ဖြစ်မိသောကြောင့်လည်း သည်လို ပြောလိုက်မိခြင်း ဖြစ်ပါသည်။

"အဲဒီလို မိန်းမတစ်ယောက်သာ ဖြစ်နေမယ်ဆိုရင် ဒီမော်တော်ကားထဲမှာ မင်း ရှိတော့မှာ မဟုတ်ဘူး၊ ကိုင်း… မင်းလက်သည်းတွေကို ကိုက်နေတာ ရပ်တော့လေ…၊ အခုအတိုင်းကိုပဲ တော်တော်အရုပ်ဆိုးနေပြီ"

"ရှင်ကတော့ ကျွန်မဟာ မဆိုင်တာကို မေးတယ်၊ ရိုင်းစိုင်းတယ်လို့ ထင်မှာပဲ၊ တကယ်ပါ၊ ကျိန်ပြောရဲပါတယ်၊ ဒါပေမဲ့ ကျွန်မ သိချင်လွန်းလို့ပါ၊ နေ့စဉ်နဲ့အမျှ ရှင်နဲ့ အတူတူ ကားလိုက်စီးဖို့ ဘာဖြစ်လို့ ကျွန်မကို ခေါ်ခေါ်နေရတာလဲဟင်၊ ရှင့်မှာ အကြင်နာတရား ရှိတာကတော့ အထင်အရှားပါပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့ ကျွန်မကိုမှ ရွေးပြီး အကြင်နာတရားတွေ ပိုနေရတာလဲ"

ဟု တဲ့တိုးပင် မေးချလိုက်ပါတော့သည်။

ပြီးတော့ ကျွန်မ၏ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။ အသက်ပင် ငယ်သော်လည်း ဣန္ဒြေကြီး တစ်ခွဲသား ဖြစ်အောင် အတတ်နိုင်ဆုံး ဟန်ဆောင်ပစ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်နဲ့ အတူတူ ကားလျှောက်စီးရအောင် မင်းကို ကျုပ် ခေါ်မိတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းကလေးဟာ မင်း ပြောသလို အသက်သုံးဆယ့်ခြောက်နှစ် ရှိပြီး အနက်ရောင် ပိုးသားဂါဝန်နဲ့ ပုလဲပုတီး ဆွဲထားတဲ့ မိန်းမတစ်ယောက် မဟုတ်လို့ဘဲ"

သူ ပြောပုံက အလေးအနက် ပုံစံမျိုး။ သို့သော်လည်း သူ့မျက်နှာပေါ်မှာတော့ မည်သည့်အမူအရာကိုမျှ မမြင်တွေ့ရပါ။ စိတ်ထဲမှာ ကျိတ်ပြီး ရယ်၊ မရယ်တော့ ကျွန်မ မပြောနိုင်ပါ။

"ဒီလိုဆိုရင်လည်း ပြီးရောပေါ့လေ၊ ကျွန်မနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာ မှန်သမျှ ရှင် အကုန်လုံး သိပြီးပြီ၊ နောက်ထပ် ရှင် သိစရာလို့ဆိုလည်း ဘာမှ မကျန်တော့သလောက်ပါပဲ၊ ဒါကို ကျွန်မ ဝန်ခံပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မ လူလုပ်ရတဲ့ အချိန်ကလည်း သိပ်ကြာသေးတာမှ မဟုတ်တာ၊ အခုမှ ၂၁ နှစ်ပဲ ရှိသေးတယ်၊ ဒါကြောင့် အတွေ့အကြုံလည်း ဟုတ်ဟုတ်ငြားငြား ရှိသေးတာ မဟုတ်ပါဘူး၊ ကျွန်မ မိဘတွေ ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြတာလောက်ပဲ ကျွန်မမှာ ပြောစရာ ရှိပါတယ်၊ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရှင့်အကြောင်းကိုတော့ ပထမဆုံး စတွေ့လိုက်ရတဲ့ နေ့ကထက် ပိုပြီး နောက်ထပ် ဘာမှ ထွေထွေထူးထူး မသိရသေးဘူး''

''ပထမဆုံး စတွေ့လိုက်ရတဲ့ နေ့တုန်းက ကျုပ်နဲ့ ပတ်သက်ပြီး ဘာတွေများ မင်းက သိလိုက်ရသလဲ''

''ဘာတွေ သိရမလဲ၊ ရှင်ဟာ မန်ဒါလေစံအိမ်ကြီးမှာ နေတဲ့ အကြောင်းပေါ့၊ နောက်ပြီးတော့ ရှင့်မိန်းမ ကွယ်လွန် အနိစ္စရောက်သွားတဲ့ အကြောင်းပေါ့''

နောက်ဆုံးတော့ သည်စကားကြီးကို ကျွန်မ ပြောလိုက်မိပါတော့သည်။ လွန်ခဲ့သည့် ရက်များကတည်းက ကျွန်မ ပြောချင်လွန်းသဖြင့် လျှာအယားကြီး ယားနေခဲ့သည့် စကားလုံးကြီးဖြစ်သော 'ရှင့်မိန်းမ'။ ယခုတော့ သည်စကားလုံးကြီးကို အထစ်အငေါ့မရှိ အလွယ်တကူပင် ကျွန်မ ပြောချလိုက်မိပါတော့သည်။ သူလိုငါလို ပြောရိုးပြောစဉ် ပြောသလို ပြောလိုက်မိပါတော့သည်။ 'ရှင့်မိန်းမ'။ သည်စကားလုံးကြီးက လွယ်လင့်တကူ ပျောက်ပျက်မသွားဘဲ လေထဲမှာ ပျံ့ဝဲပြီး ကျွန်မနားထဲသို့ ပြန်လည် ပဲ့တင်ထပ်နေပါတော့သည်။ ပြီးတော့ ကျွန်မရှေ့မှာ ထိုစကားလုံးကြီးက ကခုန်နေသလို ရှိနေပြန်ပါသည်။

သည်စကားလုံးကြီးကို ကျွန်မ ပြောချလိုက်သော်လည်း သူကမူ နှုတ်ဆိတ်နေလိုက်ပါသည်။ ထင်မြင်ချက် တစ်စုံတစ်ရာကိုလည်း ပြန်ပေးခြင်း မရှိပါ။ သည်စကားလုံးကြီးသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော၊ မုန်းတီးဖွယ်ကောင်းသော၊ ကြောက်ရွံ့စိုးထိတ်ဖွယ်ကောင်းသော စကားလုံးကြီး ဖြစ်နေပါတော့သည်။ ထုတ်ဖော်မပြောသင့်သော စကားလုံးကြီး ဖြစ်နေပါတော့သည်။ လျှာပေါ်သို့ မတင်သင့်သော စကားလုံးကြီး ဖြစ်ပါသည်။

ယခုတော့ နှုတ်ကျွံသွားခဲ့ပါပြီ။ ကြမ်းပေါက်ကျွံလျှင် နုတ်၍ ရပါသည်။ စကားကျွံလျှင် နုတ်၍ ရစကောင်းသည် မဟုတ်ပါ။ ယခုတော့ လျှာအရိုးမရှိသလို ပြောမိလျက်သား ဖြစ်သွားပါပြီ။ ဘယ်နံရောအခါတွင်မျှ သည်စကားလုံးကြီးကို မပြောခဲ့ဖူးပါဟု အတွန့်မတက်နိုင်တော့ပါပြီ။ ကဗျာစာအုပ်ရေခံ စက္ကူပေါ်က လက်ရေး ခပ်စောင်းစောင်းနှင့် ရေးထားသော 'ရကောက်' စာလုံးကို ကျွန်မ၏ စိတ်ထဲမှာ ပြေးမြင်လိုက်မိပြန်ပါသည်။ ကျွန်မ၏ အသည်းနှလုံးထဲမှာ နာကျင်လာသည်။ စိတ်အထိအခိုက်ကြီး ထိခိုက်မိတော့သည်။

ဘယ်သောအခါတွင်မှ ကျွန်မကို သူ ခွင့်လွှတ်တော့မည် မဟုတ်။ ပြီးတော့ သူနှင့် ကျွန်မတို့၏ မိတ်ဆွေဖြစ်ရသော ဘဝကလေးသည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ရချေတော့မည်။ စိုသောလက် ခြောက်ရပေတော့မည်။

သည်တုန်းက ရှေ့တည့်တည့်သို့သာ ကျွန်မ သဲကြီးမဲကြီး စူးစိုက်ကြည့်နေမိခဲ့သည့်အဖြစ်ကို ယခု ပြန်သတိရနေမိသေးသည်။ ကြည့်မည့်သာ ကြည့်ရသည်။ ကျွန်မတို့၏ ကားရှေ့မှန်မှာ ခုန်ပျံပြေးလွှားနေသည့် မော်တော်ကားလမ်းကိုလည်း ကျွန်မ

mgyoe.com

mgyoe.com SAMPLE BOOK
မမြင်။ ကျွန်မ ပြောလိုက်မိသော 'ရှင့်မိန်းမ' ဟူသည့် စကားလုံးကြီးကသာ ကျွန်မ၏ နားထဲမှာ တုန်ခါ မြည်ဟည်းနေတော့သည်။

သူတိတ် ကိုယ်တိတ် အပြိုင်တိတ်ဆိတ်လာကြသည့် အချိန်သည် မိနစ်ပေါင်း များစွာ ကြာမြင့်လာပါ၏။ မိနစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် ကျွန်မတို့၏ ခရီးသည်လည်း မိုင်ပေါင်း အတော်များများ ပေါက်ခဲ့ပြီ။ အရာခပ်သိမ်းတို့ ပြီးဆုံးသွားကြပါပြီ။ အားလုံး နိဂုံးတံသွားကြပါပြီ။ သူနှင့်အတူ ဘယ်နံ့ရောအခါတွင်မှ ကျွန်မ မော်တော်ကားစီးခွင့်ရတော့မည် မဟုတ်ပါ။

မနက်ဖြန်ဆိုလျှင် တစ်ရပ်တစ်ကျေးသို့ မစ္စတာဒီဝင်းတား ထွက်ခွာသွားပေတော့မည်။ မစ္စက်ဗန်ဟော့ပါးလည်း မနက်ဖြန်ဆိုလျှင် အိပ်ရာထဲမှ ထနိုင်ပေတော့မည်။ အဘွားကြီးနှင့် ကျွန်မသည် ခါတိုင်းလိုပင် လေကားထစ်များတစ်လျှောက်မှာ လမ်းလျှောက်နေကြရပေလိမ့်မည်။ အလုပ်သမားများက မစ္စတာဒီဝင်းတား၏ သေတ္တာများကို အောက်ထပ်သို့ သယ်ချလာကြပေလိမ့်မည်။ သေတ္တာများပေါ်မှ ချိတ်ထားသည့် လေဘယ်လ်ကတ်ပြားများကို လှစ်ခနဲ လှမ်းမြင်လိုက်ရပေလိမ့်မည်။ ထိုအပေါ်မှာ သူ သွားမည့် ခရီးဆုံးနေရာကို ဖော်ပြထားပေလိမ့်မည်။ လမ်းကွေ့ကိုရောက်တော့ မော်တော်ကား ဂီယာပြောင်းသည့် အသံကိုလည်း ကြားရပေလိမ့်မည်။ ပြီးတော့ အခြားယာဉ် ရထားတို့၏ အသံများနှင့် ရောနှောကာ အသံရော၊ ကားပါ ပျောက်ကွယ်သွားပေတော့မည်။ သံသရာဆုံးသည့်တိုင် ပျောက်ကွယ်သွားခြင်းပင် ဖြစ်ပေလိမ့်မည်။

ကျွန်မ စိတ်အာရုံထဲမှာ ထင်ဟပ်လာသည့် မြင်ကွင်းသည် အထင်ရှားဆုံး ဖြစ်လာပါသည်။ သေတ္တာများ သယ်ယူပေးသည့် အလုပ်သမားအား မစ္စတာဒီဝင်းတားက ဘောက်ဆူးပေးသည်ကို လည်းကောင်း၊ အလုပ်သမားက ပိုက်ဆံကို အိတ်ထဲသို့ ထည့်လိုက်ပြီး တံခါးစောင့်ကို သမင်လည်ပြန် လှည့်ကြည့်ကာ တစ်စုံတစ်ရာ ပြောလိုက်သည်ကို လည်းကောင်း ကျွန်မ၏ အာရုံမျက်စိထဲမှာ ထင်ထင်ရှားရှားကြီး မြင်တွေ့နေရပါသည်။

သို့ကလို ကျွန်မ၏ စိတ်အာရုံမှာ ထွေပြားနေသည့်အတွက် ကျွန်မတို့ စီးလာသည့် မော်တော်ကား အရှိန်နှေးသွားသည်ကို ကျွန်မ သတိမထားလိုက်မိပါ။ လမ်းဘေး တစ်နေရာမှာ မော်တော်ကား လုံးဝ ထိုးရပ်လိုက်တော့မှပင် လက်ရှိဘဝကို သတိပြန်ရပါတော့သည်။ မစ္စတာဒီဝင်းတားသည် မတုန်မလှုပ် ကျောက်ရုပ်လို ထိုင်နေသည်။ သူ့ခေါင်းပေါ်မှာ ဦးထုပ် မရှိ။ လည်ပင်းမှာမူ မာဖလာအဖြူကို ပတ်ထားသည်။ ပန်းချီကားထဲမှာ ကျွန်မ မြင်ခဲ့ဖူးသည့် အလယ်ခေတ် သူရဲကောင်းနှင့် ပို၍ပင် တူလာသည်။ သူ့ဟန်ပန်သည် လက်ရှိပတ်ဝန်းကျင် မြင်ကွင်းများနှင့် လိုက်လျောညီထွေ မရှိပါချေ။ မြင့်မားသော ဘုရားရှိခိုးကျောင်း၏ လှေကားထစ်များပေါ်မှာ သူ ရပ်နေဖို့ ကောင်းသည်။ သူ့ကိုယ်ရုံကြီးကို နောက်ကျောဘက်သို့ ပစ်တင်ထားကာ သူ့ခြေထောက်အောက်တွင်လည်း သူတောင်းစားတစ်ယောက်က ဝပ်လျှိုးပြီး ရွှေဒင်္ဂါး တောင်းနေသည့် မြင်ကွင်းမျိုးနှင့်သာ လိုက်ဖက်နေသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

အကြင်နာတရားရှိလှသော၊ ပေါင်း၍ သင်း၍ ကောင်းလှသော မိတ်ဆွေ တစ်ယောက် မဟုတ်တော့ပြီ။ ထိုမျှမကသေး လက်သည်းများကို သွားနှင့် ကျွန်မ ကိုက်သည့်အခါ တိုင်း ညီမငယ်တစ်ယောက်ကို နောက်ပြောင်သလို နောက်ပြောင်လေ့ရှိသော အစ်ကို တစ်ယောက်အဖြစ်မှလည်း သူ ပြောင်းလဲသွားလေပြီ။ ယခု ကျွန်မ၏ဘေးမှာ ထိုင်နေ သူကား သူစိမ်းပြင်ပြင်ပင် ဖြစ်ချေသည်တကား။ သည်လို သူစိမ်းပြင်ပြင်တစ်ယောက် ၏ ဘေးတွင် ဘာကြောင့်များ ကျွန်မ ဝင်ပြီး ထိုင်နေမိပါလိမ့်။

သည့်နောက်တော့ ကျွန်မဘက်သို့ လှည့်လာပြီး သူ စကားပြောပါသည်။

"ကိုယ် သတိရချင်တာကလေးကို ပုလင်းထဲမှာ ထည့်သိမ်းထားလို့ရတဲ့ တီထွင် မှုမျိုး လုပ်လို့ရရင် ကောင်းမှာပဲလို့ စောစောတုန်းက မင်းပြောခဲ့တယ်၊ ကိုယ်ပြန်ပြီး ခံစားချင်တဲ့အခါတိုင်း ပုလင်းကလေးကို ဖွင့်ပြီး ခံစားလို့ ရနိုင်တယ် ဆိုတာလေ၊ ဒီကိစ္စမှာ ကျုပ်က မင်းနဲ့ အယူအဆချင်း ကွဲသွားပြီ၊ အတိတ်ကာလရဲ့ အဖြစ်အပျက်တွေထဲက သတိရစရာတွေ ဆိုတာ ကျုပ်အဖို့တော့ အင်မတန် ခါးသီးလှပါတယ်ကွယ်၊ ကျုပ်ကတော့ အားလုံးကို မေ့ပစ်လိုက်ချင်တယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကြုံတွေ့ခဲ့ရတဲ့ အဖြစ် အပျက်တစ်ခုဟာ ဆိုရင် ကျုပ်ရဲ့ တစ်ဘဝလုံးကို ဖောက်ထိုးမိုးမျှော် ဖြစ်အောင် ဖန်တီးပစ် လိုက်တာနဲ့ အတူတူပဲ၊ အဲဒီအချိန်အထိ ဟိုတုန်းက ဖြစ်ပျက်ခဲ့တာတွေ မှန်သမျှ အားလုံး ကို ကျုပ် မေ့ပစ်လိုက်ချင်တယ်။

ဟိုဘက်ပိုင်းက အချိန်နာရီ နေ့ရက်တွေဟာ ပြီးသွားပြီ၊ ပြည်ဖုံးကားချလိုက် ပြီ၊ လူသစ် စိတ်သစ် ဘဝသစ်နဲ့ ကျုပ် ပြန်ပြီး အသက်ရှင်ရမယ်၊ မင်းနဲ့ကျုပ် ပထမဆုံး စပြီး တွေ့ဖူးတဲ့ နေ့တုန်းက မင်းရဲ့ အဘွားကြီး မစ္စက်ဗန်ဟော့ပါးက မွန်တီကာလိုကို ကျုပ် ဘာကြောင့် လာတာလဲလို့ မေးခဲ့တယ်၊ အဲဒီအဖြစ်အပျက်ကလေးတွေကို ပြန်ပြီး ခံစားချင်တဲ့အခါမှာ ခံစားနိုင်အောင် မင်းက ပုလင်းထဲထည့်ပြီး သိမ်းထားချင်ပေလိမ့် မယ်၊ ဒါပေမဲ့ အမြဲတမ်း ဒီလိုမဖြစ်နိုင်ပါဘူးကွယ်၊ ကိုယ် ဆန္ဒရှိတိုင်း ဖြစ်ချင်မှ ဖြစ်တာ မျိုး၊ တစ်ခါတစ်ရံကျတော့ ပုလင်းထဲ ထည့်သိမ်းထားချင်တဲ့ အဖြစ်အပျက်ကလေးရဲ့ အနံ့က သိပ်ပြင်းနေတတ်တယ်၊ ဒီတော့ ပုလင်းဘူးဆို့က နိုင်အောင် ထိန်းထားနိုင်ပါ့မလား၊ အကုသိုလ် ဆိုတာမျိုးကလည်း ရှိသေးတယ်၊ အကုသိုလ် ဝင်ချင်ပြီဆိုရင် မကောင်းဆိုးဝါး တစ်ကောင်ကောင်က ပုလင်းဘူးဆို့ကို ဆွဲဖွင့်လို့ ပွင့်သွားတာမျိုးလည်း ရှိတယ်။

ကျုပ်ရဲ့ အတိတ်ပုလင်းဘူးဆို့ကို ကျုပ်ပြန်ပြီး ဖွင့်ကြည့်လိုက်မိတဲ့နေ့ဟာ မင်းနဲ့ ကျုပ် ပထမဦးဆုံးအကြိမ် ကားအတူတူ လျှောက်စီးကြတဲ့နေ့ပဲ၊ ဟိုတောင်ထိပ်ပေါ်ကို တို့တစ်တွေ ကားမောင်းတက်ခဲ့ကြတယ်လေ၊ ပြီးတော့ အောက်က ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်ခဲ့ကြတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ နှစ်ပေါင်း အတော်အတန်ကြာတုန်းက အဲဒီ နေရာကို ကျုပ်မိန်းမနဲ့ အတူတူ ရောက်ခဲ့ဖူးတယ်၊ ပြောင်းလဲသွားတာတွေများ ရှိသလား လို့ ကျုပ် ကို မင်းမေးခဲ့သေးတယ်လေ၊ ဘာမှ မပြောင်းလဲပါဘူးကွယ်၊ အားလုံး အတူတူ

mgyoe.com

mgyoe.com SAMPLE BOOK
ပါပဲ၊ အဲဒီ နေရာကို မင်းနဲ့ အတူတူ အခုလို ပြန်ရောက်သွားတော့ ကျုပ် သဘောပေါက် နားလည်လာတာ တစ်ခုရှိတယ်၊ ဘာလဲဆိုရင် အဲဒီ ချောက်ကမ်းပါးနေရာဟာ ကျုပ်ရဲ့ အတိတ်ကြောင်းတွေနဲ့ ပတ်သက်ပြီး ဘာမှ အစပြန်ဖော်မပေးဘူး၊ ကျုပ်နဲ့ ကျုပ်မိန်းမက သတိပြန်ရစရာတွေ ချန်မထားခဲ့လို့လည်း ဖြစ်နိုင်ပါတယ်၊ နောက်ပြီးတော့ ကျုပ်နဲ့ အတူတူ မင်း ရှိနေလို့လည်း ဖြစ်နိုင်တယ်၊ ကျုပ်ရဲ့ အတိတ်အကြောင်းတွေကို မင်းက ဖျောက်ဖျက်ပစ်လိုက်ပြီလေ။

ဒါကို မင်းသိရဲ့လား… ဟောဒီ မွှန်တီကာလို အပန်းဖြေစခန်းမှာ ထိန်လင်းနေတဲ့ မီးရောင်တွေက ကျုပ်ရဲ့ အတိတ်ကြောင်းတွေ ပျောက်ပျက်သွားအောင် မစွမ်းဆောင်နိုင်ပေဘူး၊ မင်းကသာလျှင် စွမ်းဆောင်နိုင်ပေတယ်၊ အတိတ်ရဲ့ အနှောင်အဖွဲ့ထဲကနေ ကျုပ်လွတ်မြောက်လာအောင် မင်းကသာ ကယ်တင်နိုင်ပေတယ်၊ တကယ်လို့ ဒီ မွှန်တီကာလိုမှာ မင်းနဲ့သာ ကျုပ်မတွေ့ခဲ့ဘူးဆိုရင် ခြေဦးတည့်ရာကို ကျုပ် ထွက်သွားမိတာ ကြာလှပြီ၊ အီတလီကို ရောက်ချင် ရောက်နေမယ်၊ ဂရိစ်နိုင်ငံကို ရောက်ချင်ရောက်နေမယ်၊ ဒီထက်ပိုဝေးတဲ့ နေရာကိုလည်း ရောက်ချင် ရောက်နေမယ်၊ အခုတော့ ခြေဦးတည့်ရာ လေလွင့်ချင်တိုင်း လွင့်ရတော့မယ့် ကျုပ်ရဲ့ ဘဝကြီးကို မင်းက ကယ်တင်လိုက်ပြီ၊ ဒီတော့ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ မထုံတတ်သေးတွေလည်း လုပ်မနေနဲ့တော့၊ ကျုပ်က မင်းအပေါ်မှာ အကြင်နာတရားတွေ၊ သဒ္ဓါတရားတွေ ပိုလွန်းလှတယ်လို့လည်း လောကွတ်စကားတွေ ပြောမနေနဲ့တော့။

ကျုပ်နဲ့ အတူတူ ကားလျှောက်စီးဖို့ ခေါ်ရတာကတော့ မင်းကို အဖော်အဖြစ်နဲ့ ကျုပ်က လိုချင်လို့၊ မင်းနဲ့ ပေါင်းချင် သင်းချင်၊ အတူတကွ သွားချင်လာချင်လို့ပဲ ဖြစ်တယ်၊ အခု ကျုပ် ပြောခဲ့တာတွေကို မင်း မယုံကြည်ဘူးဆိုရင် အခုချက်ချင်း ကားပေါ်က ဆင်းပြီး ဟိုတယ်ကို ပြန်ပေတော့၊ ကိုယ့်လမ်းကို ရှာပြီး ပြန်ပေတော့၊ ကဲ… လုပ်လေ၊ တံခါးဖွင့်ဆင်း…. ဆင်း၊ သွားတော့”

မလှုပ်မချောက်နှင့် ကျွန်မ ငြိမ်ငြိမ်ကလေး ထိုင်နေမိပါသည်။ လက်နှစ်ဖက်ကိုလည်း ပေါင်ပေါ်မှာ ယှက်တင်ထားမိပါသည်။ သူအတည်ပေါက် ပြောနေတာလား၊ နောက်ပြောင်ပြောနေတာလား ကျွန်မ မဝေခွဲတတ်ပါ။

“ကိုင်း… ဒီကိစ္စကို မင်း ဘယ်လို လုပ်မလဲ”

ဟု သူက ဆက်မေးပါသည်။

ယခု အသက်အရွယ်ထက်များ ကျွန်မ တစ်နှစ် နှစ်နှစ်လောက် ပိုငယ်မည် ဆိုလျှင် ဟစ်၍ ငိုလိုက်မိပေလိမ့်မည်ဟု ထင်ပါသည်။ ကလေးငယ်တို့သည် မျက်ရည်လွယ်ကြသည် မဟုတ်ပါလား။ ထစ်ခနဲဆိုလျှင် မျက်ရည်က အလျှင်ကျတတ်စမြဲပင်။ ယခုတော့ ကျွန်မ၏ မျက်လုံးအိမ်ထဲမှာ နာကျင်ကိုက်ခဲလာသည်။ ကျွန်မ၏ မျက်နှာပေါ်တွင်လည်း သွေးရောင်လွှမ်းနေပြီဖြစ်ကြောင်း ကျွန်မ ခံစားလိုက်ရပါသည်။ မော်တော်ကား လေကာမှန်မှာ
mgyoe.com

mgyoe.com SAMPLE BOOK
ချိတ်ထားသည့် မှန်ကလေးထဲသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်တော့ ကျွန်မ၏ မျက်နှာသွင်ပြင်သည် ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှပါ၏။ မျက်လုံးအစုံကလည်း ကြက်သွေးရောင်တောက်လျက်။ ဖြောင့်တန်းသည့် ဆံပင်များကလည်း သက္ကလတ်ဦးထုပ် အောက်မှနေ၍ ဖရိုဖရဲ ထွက်ကျလျက်။

"ကျွန်မ အိမ်ပြန်ချင်တယ်"

သည်မျှပဲ ကျွန်မ ပြန်ပြောနိုင်ပါသည်။ ကျွန်မ၏ အသံကလည်း တုန်တုန်ယင်ယင်ဖြစ်တော့မည့် အခြေအနေမျိုးသို့ ရောက်နေပြီ။ သူက ဘာစကားတစ်ခွန်းမျှ ဆက်မပြောတော့ဘဲ ကားစက်နှိုးကာ ပြန်လှည့်ကွေ့ပြီး လာလမ်းသို့ ဦးတည်လိုက်သည်။

အပြန်လမ်းက ခရီးတွင်လှသည်။ ကားက မြန်လွန်းနေသည်ဟုလည်း ကျွန်မထင်ပါသည်။ အမြင်စိမ်းလှသော ပတ်ဝန်းကျင် ရှုခင်းများကလည်း ကျွန်မတို့ကို အထူးအဆန်းသဖွယ် လှမ်းကြည့်လိုက်ကြပေလိမ့်မည်။

ကျွန်မ အမြဲတစေ အမှတ်ထင်ထင် ဖြစ်ချင်ပါသည်ဟု ဆိုခဲ့သော လမ်းကွေ့သို့ရောက်လာသည်။ အလာတုန်းက တွေ့ခဲ့ရသည့် တောသူမကလေးလည်း မရှိတော့ပြီ။ ပတ်ဝန်းကျင်၏ အသွေးအရောင်များကလည်း ပြောင်းလဲနေကြပြီ။ အခြား အခြားသောလမ်းကွေ့များထက် ဘာတစ်ခုမျှ ပိုမိုထူးခြားသော လမ်းကွေ့လည်း မဟုတ်တော့ပါ။

ကျွန်မ၏ ပျော်ရွှင်ချမ်းမြေ့မှုများ ဆိတ်သုဉ်းပျောက်ကွယ်သွားသလို လမ်းကွေ့ကလေး၏ သာယာလှပမှုများသည်လည်း ပျောက်ဆုံး လွင့်ပါးသွားကြလေပြီ။ သည်အတွေး ဝင်လာသည်နှင့် တစ်ပြိုင်တည်း ကျွန်မ၏ မျက်နှာပေါ်ရှိ အကြောများ တင်းကျပ်လာပါသည်။ ငါ့အသက် မငယ်တော့ဘူးဟု အံတင်းကာ ဆယ်ထားသည့် သိက္ခာများလည်းအဖတ်ဆယ်မရတော့လောက်အောင် ဖြစ်သွားပါသည်။ သည်အခါမှာပင် အလွန်တရာမုန်းစရာ ကောင်းလှသည့် မျက်ရည်များက မျက်လုံးအိမ်ထဲမှာ အိုင်ထွန်းကာ ပါးပြင်ပေါ်သို့ ဒလဟော ပြေးဆင်းသွားကြလေတော့သည်။

သည်မျက်ရည်များကို ကျွန်မ ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပါ။ ထိန်းနိုင်စွမ်းမရှိတော့သည်နှင့် တစ်ပြိုင်တည်း သူတို့ကလည်း ထင်တိုင်းကြဲကြတော့သည်။ မျက်ရည်သုတ်ရန် အိတ်ထဲက လက်ကိုင်ပဝါကို နှိုက်ယူလိုက်လျှင် သူ မြင်သွားပေတော့မည်။ ဒီလောက်တောင် ဖြစ်လှတာ နေစမ်းပါစေ။ ကျစမ်းပါစေ။ မထိ မတို့ဘဲ သည်အတိုင်းကို ထားပစ်လိုက်မည်။

နှုတ်ခမ်းသားပေါ်သို့ မျက်ရည်များ ရောက်လာသည်။ ငန်သည့် အရသာကိုခံစားလိုက်ရသည်။ ငန်စမ်းပါစေ။ ကျွန်မဘက်သို့ သူ လှည့်ကြည့်၊ မကြည့် ကျွန်မမသိပါ။ ဘေးဘီသို့ ကျွန်မ စောင်းငဲ့မကြည့်တော့ဘဲ ရှေ့တည့်တည့်သို့သာ သဲကြီးမဲကြီးစူးစိုက်ကြည့်နေသောကြောင့် မသိခြင်း ဖြစ်ပါသည်။ ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်နေ
mgyoe.com

mgyoe.com SAMPLE BOOK
သည် ဆိုသော်လည်း မျက်ရည်တွေ ဖုံးလွှမ်းနေသောကြောင့် မြင်ကွင်းများကို သဲသဲကွဲကွဲ မြင်ရသည် မဟုတ်ပါ။

သို့သော်လည်း သူက ကျွန်မ၏ လက်တစ်ဖက်ကို ကောက်ယူဆွဲကိုင်လိုက်သည်။ ပြီးတော့ ထိုလက်ကိုပင် သူ နမ်းပါသည်။ နမ်းပြီးသောအခါ သူ့လက်ကိုင်ပဝါကို ကျွန်မ၏ ပေါင်ပေါ်သို့ ပစ်တင်ပေးပါသည်။ သူ့ လက်ကိုင်ပဝါကို တို့ရမှာ ရှက်လိုက်သည့်ဖြစ်ခြင်း။ ဖော်ပြနိုင်စွမ်း မရှိလောက်အောင်ကို ကျွန်မ ရှက်မိပါသည်။

ကျွန်မ ဖတ်ခဲ့ဖူးသည့် အချစ်ဝတ္ထုများထဲက ဇာတ်လိုက်မင်းသမီး၊ မင်းသားများ ငိုသည့်အခန်းကို တွေးကြည့်လိုက်မိပါသည်။ သူတို့ကျတော့ လှလှပပကလေးတွေ ငိုကြသတဲ့ရှင်…။ ကျွန်မ၏ လက်ရှိအဖြစ်ကတော့ သူတို့နှင့် မဆီလေးရယ်တဲ့မှ အို… မဆိုင်။ ကျွန်မ၏ မျက်နှာကြီးကျတော့ ရောင်အမ်းပြီး ပုံပန်းပျက်နေပါလိမ့်မည်။ မျက်လုံးပတ်လည်မှာလည်း အနီကွင်းကြီးတွေ ဖြစ်နေပါလိမ့်မည်။ အချစ်ဝတ္ထုထဲကလို ဘယ်မှာလဲ လှတာတွေ…။

ပျော်စရာကောင်းသည့် သည်နံနက်ခင်းကလေးကို ယခုလို မျက်ရည်နှင့် ဇာတ်သိမ်းပစ်လိုက်ရသည်မှာ စိတ်ပျက်ဖွယ်ရာ ကောင်းလှပါဘိ။ သည်တစ်နေ့တာ ကုန်ဆုံးဖို့ကလည်း အချိန်တွေ အများကြီး ကျန်နေသေးသည်။

မစ္စက်ဗန်ဟော့ပါးနှင့်အတူ အခန်းထဲမှာပင် နေ့လယ်စာ စားရဦးတော့မည်။ သူနာပြုဆရာမ အပြင်သွားနေသည့်အတွက် ကျွန်မ ငြင်းလို့ ရမည်မဟုတ်။ ပြီးတော့ နာလန်ထစမှာ ဖွဲကြီးနပဲကြီးနှင့် ဖဲကစားတတ်သည့် သည်အဘွားကြီးနှင့်အတူ ဖဲကစားရဦးတော့မည်။

သူ့အခန်းထဲမှာလည်း ပွစာကျဲနေပေလိမ့်မည်။ စောင်တွေ၊ အိပ်ရာခင်းတွေ၊ ခေါင်းအုံးတွေကလည်း တွန့်ကြေနေလိမ့်မည်။ အိပ်ရာဘေး စားပွဲခုံငယ်ပေါ်မှာလည်း ပေါင်ဒါမှုန့်တွေ၊ ရေမွှေးပုလင်းတွေ၊ ဆိုးဆေးစက်တွေက ပေကျံနေလိမ့်မည်။ အိပ်ရာပေါ်မှာလည်း တစ်ရွက်စီ ဖရိုဖရဲ ပြန့်ကျဲနေသည့် နေ့စဉ်သတင်းစာ၊ အနားတွန့်နေသည့် ပြင်သစ်ဝတ္ထုစာအုပ်များ၊ အမေရိကန် မဂ္ဂဇင်းများလည်း စည်းမရှိ ကမ်းမရှိ ဖြစ်ချင်တိုင်း ဖြစ်နေကြပေလိမ့်မည်။

စည်းမဲ့ကမ်းမဲ့ ထိုးခြေထားသည့် စီးကရက်တိုများကလည်း ဆိုးဆေးဖျက်ပုလင်းထဲမှာ၊ စပျစ်သီး ပန်းကန်ထဲမှာ၊ အခန်းကြမ်းပြင် နေရာအနှံ့မှာ ပြန့်ကျဲချင်တိုင်း ကျဲနေကြပေလိမ့်မည်။ လူနာမေးလာရင်း မတော်မတရား ယူလာကြသည့် ပန်းများကလည်း နေသားတကျ မရှိသည့် ပန်းအိုးထဲမှာ မြင်မကောင်း ရှုမကောင်း ရှိနေကြပေလိမ့်မည်။

နောက်ပြီးတော့ သူ့မိတ်ဆွေများ ရောက်လာကြမည်။ အရက်သောက်ဖို့ လာကြခြင်း ဖြစ်သည့်အတွက် ကျွန်မက အရက်စပ်ပေးရဦးမည်။ ပြီးတော့ လူကြောက်တတ်သော
mgyoe.com

mgyoe.com

ကျွန်မသည် အခန်းထောင့် တစ်နေရာမှာ ကုပ်ကုပ်ကလေး ထိုင်နေရဦးမည်။ ကြက်တူရွေးလို တစာစာ ပြောနေကြသည့် သူတို့၏ စကားသံများကြားထဲမှာ ကျွန်မ နစ်မွန်းနေရဦးတော့မည်။ မစ္စက်ဗန်ဟော့ပါးကမူ ကျယ်လောင်ကျယ်လောင်ဖြင့် စကားပြောနေပေလိမ့်မည်။ ခရီးဆောင် ဓာတ်စက်ကို လှမ်းဆွဲယူပြီး ဓာတ်ပြားတစ်ချပ် ဖွင့်လိမ့်မည်။ သီချင်းသံထွက်ပေါ်လာသည်နှင့် တစ်ပြိုင်တည်း သူ့ပခုံးကြီးနှစ်ဖက်ကို တွန့်ကာ တွန့်ကာဖြင့် စည်းလိုက်ပေလိမ့်မည်။

သည်အဘွားကြီးကို ကျန်းမာနေစေချင်ပါသည်။ သူ့ဆံပင်တွေ သပ်သပ်ရပ်ရပ် ရှိနေစေချင်ပါသည်။ သူ့အတွက် တက်ဖောလ် အစာကြေဆေး ဝယ်ပေးဖို့ မေ့ရကောင်းလားဟုလည်း ကျွန်မကို ဆူဆူပူပူ လုပ်ပေလိမ့်ဦးမည်။

သည်လို အဖြစ်အပျက်မျိုးတွေနှင့် ကျွန်မ ရင်ဆိုင်နေရသည့် အချိန်တွင် မစ္စတာဒီဝင်းတားကတော့ တစ်ကိုယ်တည်း တစ်နေရာသို့ ထွက်သွားပေလိမ့်မည်။ ပင်လယ်ကမ်းခြေလို နေရာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ သူ့ပါးပြင်ပေါ်သို့ ပင်လယ်လေ တိုက်ခတ်နေသည်ကိုလည်း အရသာယူကောင်း ယူနေလိမ့်မည်။ နေရောင်သာသည့် နေရာများသို့လည်း လိုက်ကောင်း လိုက်နေလိမ့်မည်။ ကျွန်မ ဘာမျှမသိရသော သူ၏ အတိတ်ဓာတ်ကြောင်းများထဲမှာ နစ်မျောချင်လည်း နစ်မျောနေပေလိမ့်မည်။ သို့တည်းမဟုတ် လွန်လေပြီးသော နှစ်ကာလများက အဖြစ်အပျက်များကို ပြန်ပြောင်းအောက်မေ့ တသနေချင်လည်း နေလိမ့်မည်။

သူနှင့် ကျွန်မ၏ကြားက ကွာဟချက်ကြီးမှာ ဟိုတုန်းကထက်ပင် ပိုလို့ ကျယ်ပြောသွားပါပြီ။ ကျွန်မနှင့် အလွန်ဝေးကွာသည့် တစ်နေရာမှာ သူ ရပ်နေသည်။ ကျွန်မကိုလည်း ကျောခိုင်းထားသည်။ ပင်လယ်ပြင်၏ ဟိုတစ်ဖက်ကမ်းထိပ်မှာ သူ ရောက်နေသည့် သဘောမျိုး ဖြစ်ပါသည်။

သို့ကလို အတွေးတွေ ချာချာလည်ရင်း ကျွန်မသည် ပို၍ သေးငယ်သွားသလို၊ ငယ်ရွယ်လွန်းသွားသလို၊ အထီးကျန်အနိုင်ကြီး နိုင်သွားသလို ခံစားလိုက်ရပါသည်။ သည်အခါတွင် ဘာဟန်တွေမျှ လုပ်နေနိုင်တော့ပါ။ ဘာဣန္ဒြေတွေကိုမျှ ဆောင်မနေနိုင်တော့ပါ။ ပေါင်ပေါ်က သူ့လက်ကိုင်ပဝါကို ကောက်ယူပြီး တစ်ချက်တည်း နှပ်ညှစ်ပစ်လိုက်ပါတော့သည်။ သည်လို လုပ်လိုက်မိသည့်အတွက် အရုပ်ဆိုးချင်လည်း ဆိုးပါစေတော့။ ဆိုးချင်သလောက် ဆိုးစမ်းပါစေ။ ဘာကိုမျှ ကျွန်မ ဂရုစိုက်တော့မည် မဟုတ်ပါ။

''ဖြစ်ချင်တာ ဖြစ်စမ်းကွာ''

ရုတ်တရက် သူ ပြောချလိုက်သည်ကို ကြားလိုက်ရသည်။ စိတ်ဆိုးသည့် အသံလား၊ စိတ်ပျက်ပြီး ငြီးငွေ့သည့် အသံလား၊ ကျွန်မ အသေအချာ မပြောနိုင်ပါ။

ကျွန်မကို သူ့ဘေးသို့ ဆွဲယူလိုက်သည်။ ပြီးတော့ ကျွန်မ၏ ပခုံးကို သိုင်းဖက်ထားလိုက်ပါသည်။ မျက်နှာကိုမူ ရှေ့တည့်တည့်သို့သာ လှည့်ထားသည်။ ညာဘက်လက်

mgyoe.com

mgyoe.com SAMPLE BOOK

က မော်တော်ကား လက်ကိုင်ကို ကိုင်လျက်သားပင်။ ဟိုတုန်း ဟိုတုန်းကများထက်ပင် ကားကို ပိုမြန်အောင် သူ မောင်းခဲ့ကြောင်း ကျွန်မ ပြန်လည် အမှတ်ရနေမိပါသေးသည်။

"မင်းဟာ… အင်မတန် ငယ်ပါသေးတယ်၊ ကျုပ်သာ မွေးခဲ့မယ်ဆိုရင် မင်းဟာ ကျုပ်သမီးလောက်ပဲ ရှိမယ်၊ နောက်ပြီးတော့ မင်းနဲ့ ဘယ်လို ဆက်ဆံရမယ် ဆိုတာတောင် ကျုပ် မသိတော့ဘူး"

ဟု သူက ပြောနေသည်။

လမ်းက ပိုကျဉ်းလာသည်။ လမ်းတစ်ဆစ်ချိုး နေရာတစ်ခုသို့လည်း ရောက်လာသည်။ ခွေးတစ်ကောင်ကိုလည်း လွတ်အောင် ရှောင်လိုက်ရသေးသည်။ ထို့ကြောင့် ကျွန်မကို ဖက်ထားရာမှ သူ လွတ်လိုက်လိမ့်မည်ဟု ထင်သည်။ သို့သော်လည်း သိုင်းဖက်မြဲ ဖက်ထားပါသည်။ တစ်ဆစ်ချိုးကို လွန်လာသည်။ လမ်းကြီးက ဖြောင့်တန်းစွာ ပေါ်လာပြန်သည်။ သူကလည်း ကျွန်မကို ဖက်မြဲ ဖက်ထားဆဲ ဖြစ်သည်။

"ဒီနေ့မနက် ကျုပ် ပြောခဲ့တာတွေကို မင်း မေ့ပစ်လိုက်နိုင်ပါတယ်၊ ဒါတွေ အားလုံး ပြီးသွားပြီ၊ ဒီအကြောင်းတွေကို ပြန်ပြီး မစဉ်းစားကြစို့နဲ့၊ ကျုပ်မိသားစုက ကျုပ်ကို မက်ဇင်မ်လို့ ခေါ်တယ်၊ မင်းကလည်း ကျုပ်ကို ဒီအတိုင်းပဲ ခေါ်စေချင်ပါတယ်၊ ကျုပ်ကို မရင်းနှီးတဲ့ လူစိမ်းတစ်ယောက်ကို ဆက်ဆံသလို မင်း ဆက်ဆံခဲ့ရတာ ကြာပြီလေ"

ကျွန်မ၏ ခေါင်းပေါ်မှ ဦးထုပ်၏ အနားသားကို လက်နှင့် သူ စမ်းပြီး ဆွဲချွတ်လိုက်သည်။ ပြီးတော့ နောက်ခုံပေါ်သို့ နောက်ပြန် လှမ်းပစ်တင်လိုက်သည်။ နောက်ပြီးတော့ ကျွန်မ၏ခေါင်းကို သူ ငုံ့၍ နမ်းပါလေတော့သည်။

"အနက်ရောင် ပိုးသားဂါဝန်ကို ဘယ်တော့မှ မဝတ်ပါဘူးလို့ ကတိပေးစမ်း"

သူ့စကားကို ကြားရတော့ ကျွန်မ ပြုံးမိပြန်ပါသည်။ သူကလည်း ကျွန်မကို ပြန်ရယ်ပြသည်။ နံနက်ခင်းသည် သာယာသွားပြန်ပါပြီ။ နံနက်ခင်းသည် အလွန်တရာ တောက်ပသော အရာဝတ္ထုတစ်ခု ဖြစ်သွားပြန်ပါပြီ။ အဘွားကြီး မစ္စက်ဗန်ဟော့ပါးကိုလည်း ကျွန်မ ဂရုမစိုက်တော့ပြီ။ အချိန်တွေ ရှည်လျားစွာ ကျန်နေသေးသည့် မွန်းလွဲပိုင်း အချိန်ကိုလည်း ကျွန်မ ဂရုမစိုက်တော့ပြီ။ လက်ဖျောက်တစ်ချက် တီးလိုက်သလို အားလုံးကို မေ့ပစ်လိုက်ပါတော့သည်။ ရှည်လျားပါသည် ဆိုသော ထိုအချိန်များက အလွယ်တကူ ကုန်ဆုံး လွန်မြောက်ကြပါလိမ့်မည်။ နောက်ပြီးတော့ ယနေ့ည ဆိုတာ ရှိလိမ့်မည်။ မနက်ဖြန် ဆိုတာလည်း ရှိလိမ့်မည်။ ထိုညတွေ၊ မနက်ဖြန်တွေသည် သာယာလှပသော ညနှင့် မနက်ဖြန်တွေ ဖြစ်လိမ့်မည်။

ကျွန်မ၏ စိတ်ထဲမှာ သတ္တိတွေ ပြည့်ဖြိုးလာသည်။ ရွှင်လန်းချမ်းမြေ့လာသည်။ သည်အချိန်ကလေးတုန်းက မစ္စတာဒီဝင်းတားကို တန်းတူရည်တူ ဆက်ဆံဝံ့သော သတ္တိတွေလည်း အပြည့်ရှိလာသည်။ မစ္စက်ဗန်ဟော့ပါး၏ အိပ်ခန်းထဲသို့ အချိန်နောက်ကျပြီး

 mgyoe.com SAMPLE BOOK 

ကျွန်မ ဝင်သွားရမည်ကို မြင်ယောင်နေမိသေးတော့သည်။ ကျွန်မ နောက်ကျသည့်အတွက် အဘွားကြီးက အမေးအမြန်းထူလိမ့်မည်။ ကျွန်မကလည်း ပမာမခန့် တစ်ချက် သမ်းဝေလိုက်ရင်း–

"အချိန်တွေကိုတောင် ကျွန်မဖြင့် သတိမရနိုင်တော့ပါဘူးရှင်၊ မက်ဇင်မ်နဲ့ အတူတူ နေ့လယ်စာ သွားစားနေလို့လေ"

ဟုလည်း ပြန်ပြောမိပေလိမ့်မည်။

သူနှင့် စတွေ့တွေ့ချင်းမှာပင် ကျွန်မ နာမည်၏ ရှေ့ဆုံးအလုံးကို သူ ခေါ်ခဲ့သည်။ သို့သော်လည်း လူတစ်ယောက်၏ နာမည်မှ ရှေ့ဆုံးအလုံးကို ပိုင်စိုးပိုင်နင်း ခေါ်ခြင်းသည် ရိုင်းစိုင်းသော အပြုအမူ ဖြစ်သည်ဟု ကလေးငယ်တစ်ယောက် တွေးထင်သလိုပင် ကျွန်မလည်း အစွဲကြီး ရှိနေသူ ဖြစ်ပါသည်။

ယခုတော့ အခြေအနေတွေ အားလုံး ပြောင်းကုန်ပြီ။ သည်နေ့ မနက်ခင်း၏ အတွေ့အကြုံများက ကျွန်မကို ရာထူးတိုးပေးလိုက်သလို ရှိသွားပြီ။ ကျွန်မ၏ အဆင့်အတန်း ပိုမိုမြင့်တက်သွားပြီ။ သူနှင့် ကျွန်မ၏ ရင်းနှီးကျွမ်းဝင်မှုအဆင့်က မြင့်တက်သွားပြီ။ ကျွန်မ တွေးထင်ထားခဲ့သလို သူ့ထက် အများကြီး အောက်တန်း နောက်တန်းကျသည့် ဘဝမျိုး မဟုတ်တော့ပါ။ ပြီးတော့ ကျွန်မကိုလည်း သူ နမ်းခဲ့ပြီ။ လက်ကို တစ်ကြိမ်၊ ခေါင်းကို တစ်ကြိမ်။ သို့သော်လည်း သူ နမ်းပုံကြီးက အလုပ်သဘောဆန်လွန်းလှပါ၏။ ကျွန်မကို နှစ်သိမ့်သည့်သဘော ဖြစ်နေပါ၏။ ညင်ညင်သာသာကလေး နမ်းလိုက်ခြင်း ဖြစ်ပါ၏။

သူ့အနမ်းကြီးက ကျွန်မ ဖတ်ဖူးထားသော အချစ်ဝတ္ထုများထဲက နမ်းသလိုလည်း မဟုတ်။ အသည်းတုန် အူတုန်စရာလည်း မကောင်း။ ရင်ဖိုပြီး ရက်သွေးကလေး ဖြာသွားရသည်မျိုးလည်း မဟုတ်။ သူနှင့် ကျွန်မ၏ ဆက်ဆံရေးကို ပိုမိုချောမွေ့အောင် ပြုလုပ်လိုက်သည်နှင့်ပင် တူသေးတော့သည်။ အရာရာတို့ကို ပိုမိုရိုးစင်းသွားအောင် ပြုလုပ်လိုက်သည်နှင့်ပင် တူလှပါ၏။ သူနှင့် ကျွန်မ ခြားနားသော ကွာဟချက်ကြီးကိုလည်း ပေါင်းကူးတံတားထိုးပေးလိုက်သလို ရှိပါချေသည်။ သူ့ကို ကျွန်မက မက်ဇင်မ်လို့ ခေါ်ရမယ်တဲ့လေ။

ထိုနေ့ မွန်းလွဲပိုင်းတုန်းက မစ္စက်ဗန်ဟော့ပါးနှင့် ဖဲကစားရသည်မှာလည်း အခါတိုင်းလို ပျင်းရိငြီးငွေ့ဖွယ်ရာ မကောင်းတော့ပါ။ သို့သော်လည်း မနက်ပိုင်းက ဘာတွေ ဖြစ်ခဲ့ကြောင်း ဖွင့်ပြောဖို့တော့ ကျွန်မမှာ သတ္တိမရှိရိုး အမှန်ပင်။ ဖဲကစားပြီး ဖဲချပ်များကို ဘူးထဲသို့ ထည့်သိမ်းရင်း အဘွားကြီးက ကျွန်မကို မေးပါသည်။

"ပြောစမ်းပါဦး၊ ဟို ဟိုတယ်ထဲမှာ မက်ဇ်ဒီဝင်းတား ရှိနေတုန်းပဲလား"

သည်လို အမေးခံလိုက်ရတော့ ရေငုပ်သမား ကမ်းနဖူးပေါ်မှာ တုံ့ဆိုင်းဆိုင်း လုပ်နေသလို ကျွန်မလည်း ခဏတော့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားမိပါသည်။ ပြီးတော့ အမှန်ကို ကျွန်မ မပြောရဲတော့။

mgyoe.com

mgyoe.com SAMPLE BOOK

''ဟုတ်ကဲ့··· ရှိနေပါလိမ့်မယ်၊ စားသောက်ခန်းထဲကိုတော့ ထမင်း လာလာ စားနေတာပဲ''

တစ်ယောက်ယောက်က အဘွားကြီးကို သံတော်ဦးတင်လိုက်ပြီဟု ကျွန်မ ထင်ပါသည်။ ကျွန်မတို့ နှစ်ယောက် တပူးတွဲတွဲ လုပ်နေကြသည်ကို တစ်ယောက်ယောက်က မြင်တွေ့သွားပါလိမ့်မည်။ သို့တည်းမဟုတ် ကျွန်မကို တင်းနစ်ရိုက်နည်း သင်ပေးနေသူ ဆရာက အဘွားကြီးကို တိုင်လိုက်တာလည်း ဖြစ်နိုင်ပါသည်။ ဒါမှမဟုတ် ဟိုတယ် မန်နေဂျာက စာရေး အကြောင်းကြားလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ကျွန်မကို ဘယ်လိုများ ဆူပူကြိမ်းမောင်းလေမည်နည်းဟု တွေးရင်း ငြိမ်ပြီး ကျွန်မ စောင့်နေမိပါသည်။

သို့သော်လည်း ကျွန်မ ထင်သလို ဖြစ်မလာပါ။ အဘွားကြီးက ဖဲချပ်များကို ဘူးထဲသို့ ဆက်ထည့်နေသည်။ သူ့အိပ်ရာခင်း စန့်စန့်ရန့်ရန့် ဖြစ်သွားအောင် ကျွန်မ ပြုလုပ်ပေးနေခိုက်တွင် မစ္စက်ဗန်ဟော့ပါးက အနည်းငယ် သမ်းဝေလိုက်သည်။ ကျွန်မက ပေါင်ဒါဘူး၊ နှုတ်ခမ်းနီ ဆိုးဆေးများကို ယူပေးလိုက်သည်။ သူက ဖဲထုပ်ကို ဘေးမှာ ချလိုက်ပြီး စားပွဲပေါ်က လက်ကိုင်ကြည့်မှန်ကို ကောက်ယူသည်။

''လူကတော့ ဖွဲမက်စရာကောင်းလောက်တဲ့ လူချော၊ ဒါပေမဲ့ စိတ်နေသဘောထားက ခပ်ဆန်းဆန်းရယ်၊ အသိရခက်တဲ့ စိတ်သဘောထားမျိုးလို့ ငါ ထင်တယ်၊ ဟိုတစ်နေ့ စားသောက်ခန်းထဲမှာ တွေ့ကြတုန်းက သူ့ မန်ဒါလေစံအိမ်ကြီးကို လာလည်ဖို့ ငါ့ကို ဖိတ်တော့မယ်လို့ ထင်တာ၊ တစ်လုံးမှ ဟမသွားဘူး''

ဟု မစ္စက်ဗန်ဟော့ပါးက ပြောသည်။

ကျွန်မက ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်ပါသည်။ သူ့နှုတ်ခမ်းသား မာကျောကျောကြီးပေါ်မှာ ဆိုးဆေးဖြင့် ကောက်ကြောင်းခြယ်နေသည်ကိုသာ ငေးစိုက်ကြည့်နေလိုက်ပါသည်။

''သူ့မိန်းမကိုတော့ တစ်ခါမှ မမြင်ဖူးပါဘူး''

ထိုစကားကို ပြောရင်း ကြည့်နေဆဲ မှန်ကိုပါ ဖယ်လိုက်သည်။ ကျွန်မ၏ မျက်နှာပေါ်မှ မည်သို့သော အမူအရာများ ပေါ်သွားလေသနည်းဟု စပ်စုနိုင်ရန် ဖြစ်သည်။

''ဒါပေမဲ့ အင်မတန် ချစ်စရာကောင်းတယ် ဆိုတာတော့ ငါ ယုံတယ်၊ အဖိုးတန် ဝတ်ကောင်းစားလှတွေက ကိုယ်ပေါ်မှာ အမြဲပဲတဲ့၊ နေရာတကာမှာလည်း သိပ်ကို ထက်ထက် မြက်မြက် ရှိတယ်ဆိုပဲ၊ သူတို့ လင်မယားက မန်ဒါလေစံအိမ်ကြီးမှာ အင်မတန်ကြီးကျယ်တဲ့ ဧည့်ခံပွဲကြီးတွေလည်း မပြတ် ခင်းကျင်းလေ့ ရှိသတဲ့၊ မစ္စတာဒီဝင်းတားဟာ သူ့မိန်းမကို အင်မတန် မြတ်နိုးတယ်လို့ ငါ ယုံတယ်၊ အခုတော့ ကောက်ကာငင်ကာနဲ့ ဖြုန်းခနဲ ကြေကွဲစရာ အဖြစ်ဆိုးကြီးကို ကြုံသွားရတော့တာပဲ၊ အင်း··· ငါ့နှုတ်ခမ်းက နီနီရဲရဲကြီးနဲ့ဆိုရင် ပေါင်ဒါ အရောင်ရင့်ရင့်နဲ့မှ လိုက်တော့မှာပဲ၊ အဲဒါ ပေါင်ဒါဘူးကလေး လှမ်းလိုက်စမ်းပါ သမီးရယ်၊ ဒီပေါင်ဒါဘူးကို အံဆွဲထဲ ပြန်ထည့်သိမ်းထားလိုက်ပါနော်''

mgyoe.com

mgyoe.com SAMPLE BOOK

တံခါး ခေါင်းလောင်းမြည်သံ ကြားရပြီး ဧည့်သည်များ ရောက်လာမည့်အချိန်အထိ ပေါင်ဒါရိုက်၊ နှုတ်ခမ်းနီဆိုး၊ ရေမွှေးဆွတ် စသည့် အလုပ်များဖြင့် ကျွန်မတို့ ဇယ်စက်သွားကြပါသည်။ ကျွန်မကလည်း သူတို့ကို အရက်ခွက်ကမ်းခြင်း၊ ဝတ္ထုရားကျေ စကား အနည်းငယ်ပြောခြင်း၊ ဓာတ်ပြား အသစ်လဲပေးခြင်း၊ စီးကရက်တို့များကို ရှင်းလင်းပေးခြင်းများဖြင့် ကိုယ့်အလုပ်ကိုယ် လုပ်နေရပြန်ပါသည်။

"နောက်ထပ် ပန်းချီများ ဆွဲဖြစ်သေးသလား မိန်းကလေးရေ…"

ဟု ဘဏ်သူဌေး အဘိုးကြီးက မေးပါသည်။ မမေးလိုသော်လည်း လောကဝတ်အရ မေးရသည့် သဘောမျိုးဖြစ်ကြောင်း ကျွန်မ သိပါသည်။ ကျွန်မကလည်း လောကဝတ်အရ အားယူပြီး ပြန်ပြုံးပြရပါသည်။

"သိပ်မဆွဲဖြစ်လှပါဘူးရှင်၊ စီးကရက် တစ်လိပ်လောက် ထပ်ယူပါဦးလားရှင်"

သို့ကလို ပြန်ဖြေနေရသော်လည်း ကျွန်မ၏ စိတ်အစဉ်ကတော့ သည်နေရာတွင် မရှိပါ။ စိတ်က တစ်နေရာသို့ လွင့်ပါးနေပါသည်။ မစ္စတာဒီဝင်းတား၏ ဇနီးပုံကို စိတ်ကူးဖြင့် ပုံဖော်ကြည့်နေမိပါသည်။ သို့သော်လည်း ကျွန်မ၏ စိတ်ကူးထဲက သူ့ရုပ်ပုံသည် မပီဝိုးတဝါး ဖြစ်နေပါသည်။ အသားရောင်တွေကလည်း မထင်ရှား။ မျက်လုံးနှင့် သူ့ဆံပင်ပုံများကိုလည်း ပုံဖော်၍ မရနိုင်အောင် ဖြစ်နေပါသည်။

တာရှည်ခံသည့်အလှ သူ့မှာ ရှိခဲ့သည်။ သူ ပြုံးပုံကလေးကလည်း တစ်ခါ မြင်လျှင် တစ်သက် မမေ့နိုင်သော အပြုံးမျိုး ဖြစ်သည်။ တစ်နေရာရာမှာ သူ့အသံ လွင်လွင်ကလေးကလည်း တွဲခိုနေပါလိမ့်မည်။ သူ ပြောခဲ့သည့် စကားလုံးများကလည်း ပြန်လည် အမှတ်ရနေဖွယ်ရာ ကောင်းပါလိမ့်မည်။ သူ သွားလာလည်ပတ်ခဲ့သည့် နေရာပေါင်း မြောက်မြားစွာ ရှိသည်။ သူ့လက်နှင့် ထိတွေ့ ကိုင်တွယ်ခဲ့သော အရာဝတ္ထုတွေလည်း ရှိသည်။ သူ ဝတ်ခဲ့သည့် အဝတ်အစားများ ထည့်သွင်း သိမ်းဆည်းထားရာ ဗီရိုများလည်း ရှိကောင်း ရှိရပေမည်။ ထိုအဝတ်အစားများထဲတွင် သူ သုံးခဲ့သည့် ရေမွှေးနံ့များနှင့် သူ့ကိုယ်သင်းနံ့ကလေးများလည်း ပြယ်လွင့်ဦးမည် မဟုတ်သေး။

ကျွန်မ အိပ်ခန်းထဲရှိ ကျွန်မ၏ ခေါင်းအုံးအောက်မှာပင် သူ့လက်များနှင့် ကိုင်တွယ်ခဲ့သည့် စာအုပ်တစ်အုပ် ရှိနေသေးသည်။ ပထမဆုံး စာမျက်နှာကို လှန်ရင်း၊ ကောက်နေသည့် ကလောင်သွားမှ မင်ကို ခါကာ စာရေးရင်း သူ ပြုံးနေမည့် ပုံကိုပင် ကျွန်မ မြင်ယောင်နေမိပါသည်။

'မက်ဇ်… ရဘက်ကာထံမှ…'

ထိုနေ့သည် မက်ဇ်၏ မွေးနေ့ ဖြစ်ပေလိမ့်မည်။ အမျိုးသမီးက အခြားလက်ဆောင်ပစ္စည်းများနှင့်အတူ ထိုစာအုပ်ကလေးကိုလည်း နံနက်စာ စားမည့် စားပွဲပေါ်မှာ ရောနှော တင်ထားပေလိမ့်မည်။ ပြီးတော့ သူတို့ ဇနီးမောင်နှံနှစ်ယောက် ပြိုင်တူ ရယ်မောကြကာ

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဆောင်ပစ္စည်းများပေါ်ရှိ စက္ကူနှင့် ကြိုးများကို ဖြေကြပေလိမ့်မည်။ စာအုပ်ပေါ်မှ 'မက်ဇ်' ဆိုသော စာလုံးကလေးကို သူ ဖတ်နေသောအခါ အမျိုးသမီးက သူ့ပခုံးပေါ်မှ ကျော်ပြီး ကိုယ်ကို ကိုင်းကြည့်နေပေလိမ့်မည်။ သူ့ကို သည်မိန်းမက 'မက်ဇ်' လို့ ခေါ်သတဲ့။ မှတ်မိလွယ်သော အမည် ဖြစ်သည်။ ရှင်လန်းချမ်းမြေ့ဖွယ်ကောင်းသော အမည်လည်း ဖြစ်သည်။ ပြီးတော့ အခေါ်ရလည်း လွယ်သည်။

အိမ်သားများကတော့ မက်ဇင်မ်ဟု ခေါ်ချင်လျှင်လည်း ခေါ်နိုင်ကြပါသည်။ သူ့အဘွားတွေ၊ အဒေါ်တွေက မက်ဇင်မ်ဟု ခေါ်ကြပေလိမ့်မည်။ ကျွန်မတို့လို အသက်ငယ်ပြီး ဘာမျှ အရေးမကြီးသူများအဖို့တော့ မက်ဇင်မ်ဟု ခေါ်လည်း အကြောင်းမဟုတ်။ 'မက်ဇ်'ဟူသော အမည်မှာ သည်မိန်းမက ရွေးချယ်ထားခြင်း ဖြစ်သည်။ သူပိုင် စကားလုံး ဖြစ်သည်။ သည်နာမည်ကိုပင် ယုံကြည်ချက်ကြီး တစ်ခွဲသားဖြင့် ကဗျာစာအုပ် ရေခံစာရွက်ပေါ်တွင် သည်မိန်းမ ရေးခဲ့ပြီ မဟုတ်လား။ မင်လုံးက ကြီးကြီး၊ လက်ရေးက စောင်းစောင်း၊ စာရွက်ဖြူပေါ်မှာ ထင်းလို့။ ထိုစာလုံးသည် ထိုအမျိုးသမီး၏ အမှတ်လက္ခဏာပင် ဖြစ်ချေသည်။ သူ့ကိုယ်သူ အလွန်သေချာသူ၊ အလွန်စိတ်ချသူ ဖြစ်ချေသည်။

သည်လို ခံစားချက်မျိုးဖြင့် ဒီဝင်းတားထံသို့ အကြိမ်ပေါင်း ဘယ်လောက်များအောင် သူ ရေးခဲ့လေသနည်း။

သူ့ယောက်ျား ခရီးသွားနေခိုက်တွင်လည်း စာရွက် အပိုင်းအပြတ်များပေါ်တွင်လည်းကောင်း၊ စာမျက်နှာ တစ်ခုပြီးတစ်ခုပေါ်တွင် လည်းကောင်း သူတို့အကြောင်းကို ရေးပြနေပေလိမ့်မည်။ သည်မိန်းမ၏ အသံကလည်း တစ်အိမ်လုံးမှာ တစာစာ လွှမ်းနေလိမ့်မည်။ စာအုပ်ထဲမှာ ပေါ့ပြက်ပြက် ရေးလိုက်သလို သူ့အသံကလည်း ပန်းခြံထဲအထိ ကျူးကျော် ပဲ့တင်ထပ်နေပေါလိမ့်မည်။

ပြီးတော့ သူ့ကို ကျွန်မက မက်ဇင်မ်လို့ ခေါ်ရမယ်တဲ့ရှင်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၆ )

ထုပ်ရ ပိုးရ သိမ်းရဆည်းရပြန်ပါပြီ။ တစ်နေရာကို ခွာရပြန်ဦးတော့မည် ဆိုတော့လည်း စိတ်ထဲက မကျေနပ်ချင်မိ။ သေတ္တာများကို သော့ခတ်လိုက်၊ ထိုသော့က ကြမ်းပေါ်မှာ ပွစာကျဲနေသည့် စက္ကူစများကြားတွင် ပျောက်လိုက်ဖြင့် ဂျင်ခြေလည်နေသည်။ သည်အလုပ်မျိုးကို ကျွန်မ အမြဲတမ်း မုန်းတီးမိပါသည်။ ယခုလည်း မုန်းတီးစိတ်များ တဖွားဖွား ပေါ်နေမိပြန်သည်။ ကျွန်မဘဝသည် တစ်နေရာတည်းမှာ ကြာရှည်လေးမြင့် အတည်တကျ နေရသည် ဟူ၍ မရှိ။ တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်း သွားလာနေရသည်ချည်း ဖြစ်သည်။ 'သေတ္တာသွားရာ လူက ပါရသည်' ဆိုသည့် စကားမှာ ကျွန်မအတွက်ပင် ရည်ညွှန်းလေရော့သလားဟု ဆိုရတော့မည်ပင်။

ယခုလည်း ကြည့်ပါဦး။ စားပွဲ အံဆွဲများကို ဖွင့်လိုက်၊ ပိတ်လိုက်ဖြင့် ကိုယ့်ပစ္စည်းများ မကျန်ရစ်ရလေအောင် စစ်ဆေးကြည့်ရှုရသည်။ အဝတ်ဗီရို တံခါးများကိုလည်း ဖွင့်ဟထားရသည်။ သို့မှသာ ဘာတွေ ကြွင်းကျန်နေရစ်သည်ကို အလွယ်တကူ မြင်တွေ့နိုင်သည်။

ကျွန်မ၏ စိတ်ထဲမှာ ဝမ်းနည်းစိတ်များ တလှုလှု လွင့်လာသည်။ တစ်စုံတစ်ရာကို လက်လွှတ်ဆုံးရှုံးလိုက်ရသလို ခံစားရသည့်စိတ်မျိုး ဖြစ်သည်။ သည်နေရာကလေးမှာ ကျွန်မတို့ ဇနီးမောင်နှံ နေခဲ့ကြသည်။ ကျွန်မတို့ ဇနီးမောင်နှံ ကြည်နူးချမ်းမြေ့ခဲ့ကြသည်။ အချိန်ကာလအားဖြင့် မည်မျှပင် တိုတောင်းပါစေ၊ သည်နေရာ ကလေးကို အချိန်အတိုင်းအတာတစ်ခုအထိတော့ ကျွန်မတို့ ပိုင်ဆိုင်ခဲ့ကြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်အမိုးအောက်မှာ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ညတာမျှ အိပ်စက်နားနေခဲ့ကြသည် မှန်သော်လည်း ကျွန်မတို့နှင့် သက်ဆိုင်ရာ တစ်စုံတစ်ရာကို သည်နေရာမှာ ချန်ထားရစ်ခဲ့ရသလို ခံစားရပါသည်။ ရုပ်ဝတ္ထုအနေဖြင့်ကား မဟုတ်ပါ။ မှန်တင်ခုံပေါ်မှာ ဆံညှပ်ကလေး တစ်ချောင်းမျှပင် မကျန်ရစ်ခဲ့သည်မှာ မှန်ပါ၏။ ခေါင်းကိုက်ပျောက်ဆေး ပုလင်းခွံကလေး တစ်လုံးမျှပင် မကျန်ရစ်ခဲ့သည်မှာ မှန်ပါ၏။ ခေါင်းအုံးအောက်မှာ လက်ကိုင်ပဝါကလေး တစ်ထည်မျှပင် မကျန်ရစ်ခဲ့သည်မှာလည်း မှန်ပါ၏။ သို့သော် အမျိုးအမည်တပ်ကာ ဖော်ပြနိုင်စွမ်း မရှိသော တစ်စုံတစ်ရာတော့ ကျန်ရစ်ခဲ့သည်မှာ အမှန်ဖြစ်ပါချေသည်။

ကျွန်မ စဉ်းစားကြည့်မိပါသည်။ ကျွန်မတို့ အတူတကွ နေထိုင်ခဲ့ကြသည့် အချိန်ကာလကလေးတစ်ခု ဆိုသည်ကတော့ သည်နေရာမှာ ကျန်ရစ်ခဲ့ချေပြီ။ 'စိတ်ခံစားချက်ကလေးတစ်ခု' ဆိုသည်ကတော့ သည်နေရာမှာ အမှန်တကယ်ပင် ကျန်ရစ်ခဲ့ချေပြီ။

သည်နေရာကလေးက ကျွန်မတို့ ဇနီးမောင်နှံကို နားခိုရာပေးခဲ့သည်။ သည်နေရာကလေးမှာ ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက် ချစ်တင်းတုံ့လှယ် စကားတွေ ကြွယ်ခဲ့ကြသည်။ ပတ်လည်မှာ နံရံများ ကာရံထားသည့် သည်အခန်းကလေးထဲမှာ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက် ချစ်ရည်လူးကာ ရွှင်မြူးခဲ့ကြသည်။

ယင်းအဖြစ်အပျက်များကား မနေ့က အဖြစ်အပျက်များပင်။ အားလုံး အတိတ်ဖြစ်သွားပါပြီ။ အတိတ်မှာ ကျန်ရစ်ခဲ့ကြပါပြီ။ 'ယနေ့' ဆိုသည်ကို ကျွန်မတို့ ဆိုက်ရောက်ကျော်ဖြတ်နေကြပြီ။ မနေ့က အဖြစ်အပျက်များ မရှိတော့။ မနေ့က အကြောင်းများ မဟုတ်တော့။ မနေ့က ဆိုသည်ကို ပြန်လည်ကိုင်ဖမ်း၍ လုံးဝ မရနိုင်တော့။ တစ်နည်းတစ်ဖုံအားဖြင့်တော့ ပြောင်းလဲသွားကြပြီ။ မနေ့က ဖြစ်ပျက် ပြုလုပ်ခဲ့ကြသည်များကို ယခုပြန်လည် ဖြစ်ပျက်အောင် ပြုလုပ်၍ ရနိုင်ပါသည် ထားဦးတော့၊ မနေ့က မဟုတ်တော့ပြီ။ မနေ့က အဖြစ်အပျက် မဟုတ်တော့ပြီ။ မတူညီနိုင်ပြီ။

လမ်းဘေး တစ်နေရာရှိ တည်းခိုခန်းကလေး တစ်ခုမှာ နေ့လယ်စာ စားဖို့ ကားထိုးရပ်လိုက်သည် ဆိုပါစို့။ ကိုယ်နှင့် အကျွမ်းတဝင် မရှိသော မှောင်နေသည့် အခန်းကလေးတစ်ခုထဲသို့ လက်ဆေးရန် ကျွန်မ ဝင်သွားမည်။ တံခါးလက်ကိုင်ကလေးကိုလည်း ကျွန်မ မသိ။ နံရံတွင် ကပ်ထားရာမှာ ကွာကျစပြုနေသည့် စက္ကူကိုလည်း ကျွန်မ မသိ။ လက်ဆေးကြွေခွက်ပေါ်ရှိ အနည်းငယ် ကွဲနေသော ကြည့်မှန်သည်လည်း ကျွန်မနှင့် အကျွမ်းတဝင်မရှိ။ အားလုံး အစိမ်းသက်သက်များသာ ဖြစ်ပါသည်။

ဘယ်လောက်ပဲ စိမ်းနေပါသည် ဆိုဆို သည်အချိန်ပိုင်းကလေးမှာတော့ ထိုအရာများအားလုံးသည် ကျွန်မနှင့် သက်ဆိုင်နေကြသည်ချည်း ဖြစ်ပါ၏။ ကျွန်မတို့ချင်းအပြန်အလှန် သိကျွမ်းနေကြသည့်သဘော ဖြစ်ပါ၏။ ယခု ပစ္စုပ္ပန်တည့်တည့်အချိန်မှာ

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်မတို့ချင်း ကျွမ်းဝင်နေကြသည့် သဘောပင် ဖြစ်ပါ၏။ အတိတ်မရှိ။ အနာဂတ်မရှိ။ သည်နေရာမှာ ကျွန်မလက်များ ဆေးကြောသုတ်သင်နေပါသည်။ အနည်းငယ် ကွဲနေသည့် ကြည့်မှန်ကလေးထဲမှာ ကျွန်မကိုယ် ကျွန်မ ပြန်ကြည့်နေပါသည်။ မှန်ထဲက ကျွန်မသည် ထိုပစ္စုပ္ပန် အချိန်ကလေး၏ ကျွန်မ ဖြစ်ပါသည်။ သည်အချိန်ပိုင်းကလေးသည် ကုန်ဆုံး လွန်မြောက်သွားသေးသည် မဟုတ်။

ပြီးတော့ တံခါးကို ဖွင့်ကာ ကျွန်မကို ထိုင်စောင့်နေသည့် ခင်ပွန်းရှိရာ စားသောက် ခန်းထဲသို့ ကျွန်မ လှမ်းဝင်သွားသည်။ ထိုအချိန်ပိုင်း ကလေးမှာပင် ကျွန်မ၏ အသက် သည် စောစောကထက် ကြီးရင့်သွားချေပြီ။ စောစောက အချိန်ပိုင်းများကို ဖြတ်သန်း လွန်မြောက်ခဲ့ပါပြီ။ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ခြင်းသည် သိနိုင်စွမ်းမရှိသော ရည်မှန်းချက် ပန်းတိုင် တစ်ခုသို့ ကျွန်မ ဦးတည်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်မ၏ ခင်ပွန်းနှင့် ကျွန်မသည် အပြန်အလှန် ပြုံးရယ်လိုက်ကြသည်။ ကြိုက် နှစ်သက်ရာ နေ့လယ်စာကို မှာယူစားသောက်ကြသည်။ ရောက်တတ်ရာရာ ထွေရာလေးပါး များကို ပြောကြဆိုကြမည်။ သည်အချိန်မှာပင် ကျွန်မကိုယ်ကျွန်မ ပြန်ပြောနေမိသည်။

'အခု ငါဟာ လွန်ခဲ့တဲ့ ငါးမိနစ်တုန်းက ငါ့ခင်ပွန်းကို သည်နေရာမှာ ထားခဲ့ပြီး လက်ဆေးဖို့ ထသွားတဲ့ငါ မဟုတ်တော့ပါကလား၊ စောစောက ငါဟာ အတိတ်မှာ ကျန်ရစ် ခဲ့ပြီ၊ ပျက်သွားပြီ၊ အခု ငါဟာ စောစောက ငါမဟုတ်တော့ဘဲ အခြား မိန်းမတစ်ယောက် ဖြစ်နေပြီ၊ စောစောက ငါထက် အသက်ပိုကြီးနေပြီ၊ ပိုပြီး ရင့်ကျက်တည်ငြိမ်နေပြီ' စသည် ဖြင့် ကျွန်မကိုယ်ကျွန်မ ပြန်ပြောမိသည်။

မွန်တီကာလို အပန်းဖြေစခန်းမှာ ကျွန်မတို့ တည်းခိုခဲ့ကြသည့် ကိုတေဒါဇူး ဟိုတယ်ကြီး ပိုင်ရှင်သစ်တစ်ယောက်၏ လက်သို့ ရောက်သွားပြီဖြစ်ကြောင်း၊ ကိုတေဒါဇူး ဆိုသော မူလအမည်ကိုလည်း ပြောင်းလဲပစ်လိုက်ပြီ ဖြစ်ကြောင်း ဟိုတစ်နေ့က သတင်းစာ ထဲမှာ ကျွန်မ ဖတ်လိုက်ရပါသည်။ အခန်းများကို အလှပြန်ပြင်ပြီးပြီ။ အတွင်းပိုင်း အားလုံးကို ပြောင်းလဲပစ်လိုက်သည်။ ဒုတိယထပ်မှာ ရှိနေသည့် မစ္စက်ဗန်ဟော့ပါး တည်းခို ခဲ့သော အခန်းသည်လည်း လုံးဝ ရှိနိုင်တော့မည် မဟုတ်ပါ။ ကျွန်မ နေထိုင်ခဲ့ရသည့် အိပ်ခန်း ကျဉ်းကျဉ်းကလေးသည်ပင် ကြက်ပျောက်ငှက်ပျောက် ဖြစ်နေလောက်ပြီ။ ထိုနေရာသို့ ဘယ်နံရောအခါတွင်မှ ကျွန်မ ပြန်သွားတော့မည် မဟုတ်ကြောင်းကိုလည်း ကျွန်မ သိနေသည်။

ကိုတေဒါဇူး ဟိုတယ်ရှိ မစ္စက်ဗန်ဟော့ပါး၏ အခန်းထဲက ကြမ်းပြင်ပေါ်မှာ ကျွန်မ ဒူးထောက်ထိုင်ရင်း အဘွားကြီး၏ သေတ္တာသော့များကို မကျွမ်းမကျင် ပိတ်ပေး နေခဲ့ရသည့် နေ့တစ်နေ့ကိုလည်း ယခုပင် ကျွန်မ သတိပြန်ရနေပါသည်။ ထိုအလုပ်မျိုးကို လည်း နောက်ထပ် ဘယ်တော့မှ ကျွန်မ လုပ်ရတော့မည် မဟုတ်ပါ။

ထိုနေ့က သော့ခလောက်ကို ဖြောက်ခနဲ ညှစ်ပိတ်လိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်မ၏ ဘဝအဆစ်အပိုင်းလေးတစ်ခု နိဂုံးချုပ်သွားပါပြီ။ ပြတင်းပေါက်ကို ကျော်ပြီး
mgyoe.com

mgyoe.com SAMPLE BOOK
အပြင်သို့ လှမ်းကြည့်လိုက်မိသည်။ ဓာတ်ပုံအယ်လ်ဘမ်ကို တစ်ရွက်ချင်း လှန်ကြည့်နေရသလို ရှိပါသည်။ အိမ်ခေါင်မိုးများကို တွေ့ရသည်။ ပင်လယ်ပြင်ကြီးကို လှမ်းမြင်ရသည်။ သို့သော်လည်း ထိုအရာအားလုံး ကျွန်မနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါပြီ။ သူတို့အားလုံး မနေ့ကအရာများ ဖြစ်သွားကြပြီ။ အတိတ်ကာလနှင့် သက်ဆိုင်သွားကြပြီ။ ယခု ကျွန်မ ရပ်နေသည့် အခန်းများသည်ပင်လျှင် ဟင်းလင်းပြင် ဖြစ်သွားပြီ။ ကျွန်မတို့ ပိုင်သည့် ပစ္စည်းများကို ဖြုတ်ယူ သိမ်းဆည်းပြီးပြီ။ ကျွန်မတို့ကိုလည်း အလိုမရှိတော့။ မနက်ဖြန်တွင် သည်အခန်းထဲသို့ ကျွန်မတို့အစား ဝင်ရောက်နေရာယူတော့မည့် လူသစ်ကို မျှော်နေကြပြီ။

သေတ္တာကြီးများကို စင်္ကြံထဲမှာ ထုတ်ထားပြီးပြီ။ နောက်မှ ဆက်လက်သိမ်းဆည်းရမည့် အသေးအဖွဲများသာ ကျန်တော့သည်။ တစ်ဝက်တစ်ပျက် ကျန်နေသေးသည့် အဘွားကြီး၏ ဆေးပုလင်းများ၊ စွန့်ပစ်ထားသည့် မျက်နှာလိမ်း ကရင်ဘူးများ၊ စုတ်ဖြဲထားသည့် ငွေတောင်းခံလွှာများ၊ ပေးစာများသာ ကျန်တော့သည်။ စားပွဲမှ အံဆွဲများသည်လည်း ပွင့်လျက်။ ဗီရိုများထဲမှာလည်း ဘာမျှ မကျန်တော့။

မနေ့ မနက်တုန်းက မစ္စက်ဗန်ဟော့ပါးဖို့ ကော်ဖီ ထည့်ပေးနေတုန်း ကျွန်မကို သူက စာတစ်စောင် ပြသည်။

"သမီးဟယ်လင်က စနေနေ့ကျရင် သင်္ဘောနဲ့ နယူးယောက်ကို ပြန်တော့မယ်တဲ့၊ ငါ့မြေး နန်စီကလေးက အူအတက်ပေါက်ချင်သလိုလို ဖြစ်နေတယ်၊ ဒါကြောင့် အမေရိကန်ကို ပြန်လာခဲ့ဖို့ ဟိုကလည်း သူတို့ဆီ ကြေးနန်းရိုက်ပြီး ခေါ်နေတယ်၊ ငါလည်း ဘာလုပ်ရမလဲဆိုတာ အခုမှပဲ ဆုံးဖြတ်နိုင်တော့တယ်၊ တို့လည်း သူတို့နဲ့ အတူတူ ပြန်ကြမယ်၊ ဥရောပမှာ ဒါလောက်ကြာကြာနေရတာ ငါဖြင့် သေချင်စော်နံလောက်အောင် ငြီးငွေ့နေပြီ၊ နောက်ရာသီစောစောပိုင်းမှာ တို့ ပြန်လာကြရင်လည်း ဖြစ်သွားပဲ၊ နယူးယောက်မြို့ကြီးကို ရောက်ရတော့မယ် ဆိုတော့ မင်းစိတ်ထဲမှာ ဘယ်လို နေသလဲ"

ထောင်သွင်း အကျဉ်းချထားခြင်း ခံရသည်ထက်ပင် ပိုမိုဆိုးရွားပေလိမ့်မည်ဟု ကျွန်မ ထင်လိုက်မိပါသည်။ ကျွန်မ၏ စိတ်အထင်က မျက်နှာပေါ်မှာပါ အမူအရာ ထင်ဟပ်သွားပုံရပါသည်။ ထို့ကြောင့် အဘွားကြီးက အံ့ဩသွားသည်။ ပြီးတော့ စိတ်ပျက်သည့် အမူအရာ ပေါ်လာသည်။

"ကလေးမရေ၊ မင်းကတော့ ခက်ပါသေးတယ်ကွယ်၊ မင်းမှာ ဘာကိုမဆို စိတ်တိုင်းကျနိုင်တယ်လို့ကို မရှိဘူး၊ ငါဖြင့် မင်းကို နားမလည်နိုင်အောင် ဖြစ်နေမိပြီ၊ ငွေကြေးတစ်ပြားတစ်ချပ် မရှိတဲ့ မင်းလို အဆင့်အတန်းမျိုးတွေ တို့တိုင်းပြည်မှာ ဘယ်လောက်တောင် အပျော်ကြီး ပျော်နိုင်ကြတယ် ဆိုတာ မင်း သဘောမပေါက်ဘူး ထင်တယ်၊ ယောက်ျားကလေးတွေ ဆိုတာ ရိုက်သတ်လို့ မကုန်နိုင်ဘူး၊ ရင်သပ်ရှုမောစရာတွေ လည်း မှိုလိုပေါက်၊ မင်းနဲ့ အဆင့်အတန်းချင်းတူတဲ့ အပေါင်းအသင်း အသိုင်းအဝိုင်းတစ်ခုကို
mgyoe.com

mgyoe.com SAMPLE BOOK
လည်း မင်း ရမယ်၊ ဒီမှာလို ငါ့အနားမှာ အမြဲထိုင်ပြီး ခိုင်းသမျှ လုပ်ပေးနေဖို့လည်း မလိုဘူး၊ မွန်တီကာလိုမှာ မင်း မပျော်ဘူးလို့ ငါ ထင်နေတာ''

''ကျွန်မ ဒီမှာ နေသားကျနေပါပြီရှင်''

ဟု စိတ်ညစ်ညစ်ဖြင့် ပါးစပ်ထဲ တွေ့ရာကို ထစ်ထစ်ငေါ့ငေါ့ ပြောချလိုက်မိပါသည်။ ကျွန်မ၏ စိတ်ထဲမှာ ပဋိပက္ခကလေးတစ်ခု ဖြစ်ပေါ်နေသည်။

''ဟုတ်လား၊ အေး… ကောင်းတယ်၊ ဒီလိုဆိုရင် နယူးယောက်မြို့မှာလည်း မင်း နေသားတကျ ဖြစ်သွားအောင် လုပ်ရမှာပေါ့ကွယ်၊ ဒါဆို အားလုံး အဆင်ပြေသွားမှာပါ၊ ဟယ်လင်တို့ စီးမယ့်သင်္ဘောကို မီဖို့ဆိုရင် လက်မှတ်ကိစ္စကို တို့ ချက်ချင်း လုပ်ကြမှ ဖြစ်တော့မယ်၊ အောက်ထပ်က ဧည့်ကြိုရုံးခန်းကို တန်းပြေးပေတော့၊ နည်းနည်းပါးပါး ချက်ချက်ချာချာရှိတဲ့ ဟိုစာရေး ခပ်ငယ်ငယ်ကလေးနဲ့ အစီအစဉ်လုပ်၊ ဒီတစ်နေ့လုံးတော့ ဖင်ယားလို့တောင်မှ ကုတ်အားတော့မှာ မဟုတ်ဘူး၊ မွန်တီကာလိုကို ခွဲရမှာမို့ မင်းအဖို့ အလွမ်းသယ်နေချိန် မရှိဘူးနော်''

တစ်ဆက်တည်း အဘွားကြီးက မကျေနပ်သလို ရယ်ပါသည်။ ပြီးတော့ စီးကရက်တိုကို ထောပတ်ခွက်ထဲ ထိုးခြေထည့်ကာ သူ့မိတ်ဆွေ အပေါင်းအသင်းများကို ဖုန်းဆက်ရန် ထသွားသည်။

ဧည့်ကြိုရုံးခန်းသို့ ချက်ချင်း တန်းပြီး မပြေးဝံ့အောင် ဖြစ်နေမိသည်။ ထို့ကြောင့် ရေချိုးခန်းထဲ ဝင်လာပြီး တံခါးကို အတွင်းမှ သော့ခတ်လိုက်သည်။ ပြီးတော့ သပေါ့ဖျာပေါ်မှာ ထိုင်ချကာ ခေါင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားမိသည်။

နောက်ဆုံးကျတော့လည်း ဒါမျိုးနှင့်ပင် ကြုံရလေတော့သည်။ တစ်နေရာတည်းမှာ အတည်တကျ မနေနိုင်ဘဲ တစ်ရပ်တစ်ကျေးသို့ ပြေးရသည့် အလုပ်ကိုပင် လုပ်ရတော့သည်။ အားလုံး ပြည်ဖုံးကားချသွားပြန်ပါပြီ။

မနက်ဖြန် ညနေဆိုလျှင် မစ္စက်ဗန်ဟော့ပါး၏ အစေအပါးတစ်ယောက်ပီပီ သူ၏ လက်ဝတ်လက်စားဘူးနှင့် ခြုံစောင်ကို ကိုင်ရင်း ရထားတွဲထဲမှာ ကျွန်မ ရှိနေရတော့မည်။ အဘွားကြီးကမူ ငှက်မွေးတစ်ချောင်း အလှထိုးထားသည့် ပုံပျက်ပန်းပျက် သူ့ဦးထုပ်အသစ်ကြီးကို ဆောင်းလျက်၊ သားမွေးအင်္ကျီကြီးကို ဝတ်လျက်၊ ထိုသားမွေးအင်္ကျီကြီးကြောင့် သူ့ကိုယ်လုံးကိုယ်ထည်မှာ ပုကွကွဖြစ်လျက် ရထားတွဲထဲမှာ ကျွန်မနှင့် မျက်နှာချင်းဆိုင် ထိုင်နေပေလိမ့်မည်။

ရထားတွဲပေါ်က တဂျုံးဂျုံး မြည်နေသော တံခါးများရှိသည့် အခန်းကျဉ်းကလေးထဲတွင် ကျွန်မတို့ နှစ်ယောက်သား သွားတိုက်၊ မျက်နှာသစ် လုပ်ကြရပေလိမ့်မည်။ ကြွေရေခွက်မှာ စိုရွှဲနေပေလိမ့်မည်။ မျက်နှာသုတ်ပဝါကလည်း စိုထိုင်းထိုင်း ဖြစ်နေလိမ့်မည်။ ဆပ်ပြာခဲပေါ်တွင် ဆံပင်ကလေး တစ်ချောင်း ကပ်နေလိမ့်မည်။ သောက်ရေတကောင်းမှာ ရေတစ်ဝက်သာ ရှိပေလိမ့်မည်။
mgyoe.com

mgyoe.com SAMPLE BOOK

အသံတဂျုံးဂျုံး မြည်ကာ ရထားကြီးက ကျွန်မတို့ကို သယ်ဆောင်ပြေးနေခိုက်မှာပင် မစ္စတာဒီဝင်းတားနှင့် ကျွန်မသည် တစ်စ တစ်စဖြင့် မိုင်ပေါင်းများစွာ ဝေးကွာလာပြီဖြစ်ကြောင်း ရထားကြီးက ပြောပြနေသလို ရှိလိမ့်မည်။ သည်လိုအချိန်မျိုးမှာ သူကတော့ ဟိုတယ်ထဲရှိ ကျွန်မ သိသည့် စားပွဲမှာ တစ်ကိုယ်တည်း ထိုင်ရင်း စာတစ်အုပ်ကို ဖတ်နေလိမ့်မည်။ သူ့ကို ခွဲခွာပြီး ကျွန်မ ထွက်လာခဲ့ရသော်လည်း သူ့စိတ်ထဲမှာ မည်သို့မျှ ထိခိုက်ခံစားရမည် မဟုတ်။ ကျွန်မအကြောင်းကလေးကိုတောင်မှ တွေးတော စိတ်ကူးနေလိမ့်မည် မဟုတ်။

ကျွန်မတို့ ဟိုတယ်မှ ထွက်ခွာမသွားမီ နားနေခန်းထဲမှာ သူ့ကိုသွားပြီး နှုတ်ဆက်ရပါမည်။ သည်လို နှုတ်ဆက်ရသော်လည်း လွတ်လပ်လပ်လပ်ကြီးတော့ မဟုတ်။ မစ္စက်ဗန်ဟော့ပါး တွေ့သွားမည်ကို စိုးရိမ်မိသည့်အတွက် ခိုးကြောင်ခိုးဝှက်နိုင်လွန်းပေလိမ့်မည်။ ထစ်ထစ်ငေါ့ငေါ့လည်း ဖြစ်နေပေလိမ့်မည်။ ပြီးတော့ အပြုံးကလေးဖြင့် သည်လိုစကားလုံးမျိုးကိုလည်း ပြောမိကောင်း ပြောမိကြပါလိမ့်မည်။

"ကောင်းပါပြီကွယ်... စာရေးပေါ့"

"ကျွန်မအပေါ် ကြင်ကြင်နာနာ ဆက်ဆံခဲ့တာတွေအတွက် ကျေးဇူးတင်စကားတောင် ကျွန်မ မပြောဖြစ်ခဲ့ဘူးရှင်" ဆိုတာမျိုး။ နောက်ပြီးတော့-

"ကျွန်မတို့ ရိုက်ခဲ့တဲ့ ဓာတ်ပုံကလေးတွေ ကျွန်မဆီကို ပို့ပေးပါနော်" ဆိုတာမျိုး။

"မင်းလိပ်စာလည်း ပြောဦးမှပေါ့"

"ဟုတ်ကဲ့ရှင့်... နောက်မှ ကျွန်မ ပို့လိုက်ပါ့မယ်"

သည်လို ပြောပြီးသောအခါ သူက ထုံးစံအတိုင်း စီးကရက်ကို မီးညှိလိမ့်မည်။ အနီးမှ ဖြတ်သွားသော စားပွဲထိုးတစ်ယောက်ထံမှာ မီးတောင်းလိမ့်မည်။ သည်လိုအချိန်မျိုးကလေးမှာပင်-

'သူနဲ့ ခွဲသွားဖို့ လေးမိနစ်ခွဲပဲ အချိန်ကျန်တော့တယ်၊ သူ့ကို ဘယ်တော့မှ ငါ ထပ်ပြီး တွေ့ရတော့မှာ မဟုတ်ပါဘူး'

ဟုလည်း ကျွန်မ၏ စိတ်ထဲက တွေးမိကောင်း တွေးမိနေပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူနှင့်ဝေးရာသို့ ကျွန်မ သွားရတော့မည်။ သည်ကိစ္စတွေ အားလုံးကလည်း ပြည်ဖုံးကားချသွားပြီ။ နောက်ထပ် ဘာမျှလည်း ပြောစရာ မရှိတော့။ ကျွန်မတို့ နှစ်ယောက်မှာ သူစိမ်းပြင်ပြင်များ ဖြစ်သွားကြပါပြီ။ သူနှင့် ကျွန်မတို့၏ တွေ့ဆုံခြင်းသည် နောက်ဆုံးအကြိမ်လည်း ဖြစ်၊ တစ်ကြိမ်တည်းလည်းဖြစ် ဆိုသော အတွေ့မျိုးပင်။ သည်အချိန်မှာပင် ကျွန်မ၏ အတွင်းစိတ်ကတော့ မခံမရပ်နိုင်အောင် နာကြည်းဆွေးမြည့်နေပါပြီ။ စိတ်ထဲမှာလည်း ကျိတ်၍ ရှိုက်ညည်းငိုကြွေးကာ။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင့်ကို ကျွန်မ အသည်းတုန်အောင် ချစ်ရပါတယ်ရှင်၊ ကျွန်မ ဘယ်လိုမှ ဖြေဆည်လို့ မရတော့ပါဘူး၊ ဒီအဖြစ်မျိုးကို ဘယ်တုန်းကမှလည်း မကြုံခဲ့ဖူးပါဘူး၊ နောက်ထပ်လည်း ဘယ်တော့မှ ထပ်ကြုံနိုင်တော့မှာ မဟုတ်ပါဘူး"

စသည်ဖြင့် ရင်ထဲမှာ တိတ်တိတ်ကလေး ကျိတ်ပြီး ပြောနေမိပေလိမ့်မည်။

အသံမထွက်ဘဲ ရင်ထဲက သည်လိုပြောရင်း ကျွန်မ၏ အမူအရာကိုမူ အပူရုပ်ဆင်ကာ အံတင်းထားပါလိမ့်မည်။ ပြီးတော့ ကိုယ့်အပူကို ဖုံးဖိသည့်အနေဖြင့် ဟန်ဆောင်ပြုံးကလေးလည်း ပြုံးမိပါလိမ့်မည်။ ရင်ထဲက အသံကို ဖုံးဖိထားလျက်က နှုတ်ဖျားမှ တကယ် ထွက်သွားနိုင်သည့် စကားလုံးများကား…

"ဟောဟိုနားက အဘိုးအိုကြီးကို ကြည့်လိုက်စမ်းပါရှင်၊ ဘယ်လောက်များ ရယ်စရာကောင်းလိုက်ပါသလဲ၊ သူ ဘယ်သူများပါလိမ့်၊ ဒီကို ရောက်လာတဲ့ လူသစ်နဲ့ တူတယ်နော်" ဆိုတာမျိုး ဖြစ်နေနိုင်သည်။ ပြီးတော့ ကျွန်မတို့၏ နောက်ဆုံးအချိန်ကလေးတွင် ထိုမျက်နှာစိမ်းနှင့် ပတ်သက်ပြီး ရယ်ပွဲဖွဲ့နေကြပါလိမ့်မည်။ သူနှင့် ကျွန်မသည် ပင်လျှင် အပြန်အလှန် စိမ်းနေကြပြီ မဟုတ်ပါလား။

"ကျွန်မတို့ ရိုက်ခဲ့တဲ့ ဓာတ်ပုံကလေးတွေ ကောင်းမှာပါနော်"

ဟု နေရခက် ထိုင်ရခက်ဖြင့် စောစောက ပြောခဲ့ပြီးသား စကားကိုပင် ထပ်မံ၍ ပြောမိကောင်း ပြောမိနေပေလိမ့်မည်။

"ကောင်းမှာပါကွယ်၊ ပန်းခြံထဲမှာ ရိုက်ခဲ့တဲ့ ဓာတ်ပုံက ကောင်းမှာပါ၊ အဲဒီတုန်းက အလင်းရောင်ကလည်း အလောတော်ပဲ မဟုတ်လား"

ဟု သူက ပြန်ပြောပေလိမ့်မည်။ တကယ်ဆိုတော့ ဓာတ်ပုံကောင်း၊ မကောင်းက အကြောင်းမဟုတ်ပါ။ မည်းသည်ဖြစ်စေ၊ မှောင်သည်ဖြစ်စေ ကျွန်မ ဂရုစိုက်မည် မဟုတ်ပါ။ စကားမရှိ စကားရှာပြီး ယခုလို ပြောနေမိခြင်းမှာလည်း သူနှင့် ကျွန်မတို့၏ နောက်ဆုံးအချိန်ကလေး ဖြစ်နေသည့်အတွက် အချိန်ဆွဲသည့်အနေဖြင့် ယခုလို ပြောနေမိခြင်းသာ ဖြစ်ပေလိမ့်မည်။ နောက်ဆုံး နှုတ်ဆက်နိုင်ဖို့သည်သာလျှင် အရေးအကြီးဆုံး ဖြစ်ပါသည်။

"ဒါထက်ရှင်… ရှင့်ကို ကျေးဇူးတင်လို့ မဆုံးကြောင်း တစ်ကြိမ်ထပ်ပြီး ပြောပါရစေဦး"

ဟု ပြောရင်း ပုံပျက်ပန်းပျက် ကျွန်မ ပြုံးလိုက်မိပေလိမ့်မည်။ ထိုပုံပျက်ပန်းပျက် အပြုံးကြီးက ကျွန်မ၏ တစ်မျက်နှာလုံးကို ဖုံးအုပ်ထားပေလိမ့်မည်။

"ရှင်နဲ့ ကျွန်မ အတူသွားလာ လည်ပတ်ခဲ့ရတဲ့ အချိန်တွေမှာ ကျွန်မ ပျော်လိုက်တာ၊ ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး၊ ထမင်းမေ့ ဟင်းမေ့နဲ့ ဆွေမျိုးတောင် မေ့သွားတာပဲ"

ဟူသော စကားမျိုးကိုလည်း ကျွန်မ ပြောမိပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်စကားမျိုးကို ကျွန်မ၏ တစ်သက်တွင် ဘယ်တုန်းကမျှ မသုံးနှုန်းခဲ့ဖူးပါ။ ဆွေမျိုးတောင် မေ့သွားတာပဲ ဆိုသောစကား။ သည်စကားလုံးကြီး၏ အဓိပ္ပာယ်က ဘယ်ထိများ သက်ရောက်စေပါလိမ့်။ ဘုရားသခင်မှပင် သိပေလိမ့်မည်။ ကျွန်မလို မိန်းမပျိုကလေး တစ်ယောက်က သူလို လူစိမ်းယောကျ်ားလေး တစ်ယောက်ကို 'ရှင်နဲ့ အတူနေရတာ ဆွေမျိုးတောင် မေ့သွားတာပဲ' ဟူသော စကားမျိုး ပြောသင့်ပါသလား။

ဘာကိုမျှ ကျွန်မ ဂရုမစိုက်နိုင်တော့ပါ။ ကျောင်းသူကလေးတွေ ဟော်ကီ အရှုံး၊ အနိုင် သတင်းကို အချင်းချင်း ပြောကြသလို ကျွန်မ ပြောချလိုက်ပါသည်။ သည်လို အချိန်မျိုးမှာ ဓာတ်လှေကားတံခါး ပွင့်လာလိမ့်မည်။ အတွင်းမှ မစ္စက်ဗန်ဟော့ပါး ထွက်လာလိမ့်မည်။ နားနေခန်းကို ဖြတ်ပြီး အဘွားကြီးဆီသို့ ကျွန်မက လျှောက်သွားလိမ့်မည်။ သူကလည်း သူ၏ ထောင့်နေရာကလေးသို့ ပြန်လျှောက်သွားကာ သတင်းစာ တစ်စောင်ကို ကောက်ယူပေလိမ့်မည်။

ရေချိုးခန်းထဲက သပေါ့ဖျာပေါ်မှာ ကျွန်မ ထိုင်ရင်း အတွေးအာရုံ လိုက်နေမိသည်မှာ ရယ်စရာပင် ကောင်းသေးတော့သည်။ သို့သော်လည်း ကျွန်မ၏ အတွေးများသည် တကယ်ပင် ဖြစ်ပျက်နေကြသယောင် ကျွန်မ ခံစားခဲ့ရပါသည်။ အမေရိကန်သို့ သင်္ဘောစီးပြီး ကျွန်မတို့ သွားကြပုံ၊ နယူးယောက်မြို့ကြီးသို့ ကျွန်မတို့ ရောက်သွားကြပုံများကိုပါ ကျွန်မ၏ စိတ်အာရုံ ကြေးမုံပြင်တွင် အရိပ်ထင်လာပါသည်။ ဟယ်လင်၏ စူးရှသော အသံများကိုလည်း ကြားယောင်လာသည်။ ဟင်လင်သည် သူ့အမေ မစ္စက်ဗန်ဟော့ပါး အသေးစားကလေး ဖြစ်ပေလိမ့်မည်။

ကျွန်မနှင့် အဆင့်အတန်းတူ ကောလိပ်ကျောင်းသားများ၊ ဘဏ်တိုက်စာရေးကလေးများနှင့် ကျွန်မကို မစ္စက်ဗန်ဟော့ပါးက မိတ်ဆက်ပေးလိမ့်မည်။

''ဗုဒ္ဓဟူးနေ့ညမှာ တို့နှစ်ယောက် တွေ့ကြရအောင်နော်''

ဆိုတာမျိုးတွေ၊

''ခပ်မြူးမြူး သီချင်းတွေကို မင်း ကြိုက်တတ်သလား'' ဆိုတာမျိုးတွေ၊

မျက်နှာမှာ အဆီပြောင်ပြီး နှာခေါင်းပွပွနှင့် ကောင်ကလေးတွေက ကျွန်မကို မေးကြပေလိမ့်မည်။ ကျွန်မကလည်း ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတွေကို လက်ခံနေရပေဦးမည်။ တကယ်တမ်းကတော့ အခုလို ရေချိုးခန်းထဲမှာ တံခါးသော့ခတ်ပြီး စိမ်ပြေနပြေ ထိုင်ရင်း ကိုယ့်အတွေးနှင့်သာ ကိုယ် နေပစ်လိုက်ချင်ပါတော့သည်။ ထိုအခိုက် အဘွားကြီး မစ္စက်ဗန်ဟော့ပါးက တံခါးကို လာဆွဲလှုပ်ပါသည်။

''ဟဲ့… အထဲမှာ ဘာလုပ်နေတာလဲ''

''ဟုတ်ကဲ့… စိတ်မရှိပါနဲ့ရှင်၊ ကျွန်မ အခုလာပါပြီ''

ဟု ပြောပြောဆိုဆို ရေပိုက်ခေါင်းကို ဖွင့်ဟန်ဆောင်လိုက်ရပါသည်။ မျက်နှာသုတ်ပဝါကိုလည်း တန်းပေါ်သို့ ခေါက်တင်လိုက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တံခါးဖွင့်ပြီး ထွက်လိုက်တော့ အဘွားကြီးက ကျွန်မကို လူထူးလူဆန်းလို ကြည့်နေပါသည်။

''ဒီထဲမှာ ဒါလောက်အကြာကြီး ဘာတွေလုပ်နေတာလဲ၊ ဒီနေ့မနက် စိတ်ကူးယဉ် နေဖို့ အချိန်မရှိဘူး ဆိုတာလည်း မင်း အသိသားနဲ့၊ လုပ်စရာတွေ တစ်ပုံတစ်ခေါင်းကြီးနဲ့''

မစ္စတာဒီဝင်းတားလည်း မန်ဒါလေ စံအိမ်ကြီးသို့ ပြန်ပေလိမ့်မည်။ ဟုတ်ပါ သည်။ ရက်သတ္တပတ် အနည်းငယ်အတွင်း သူလည်း ပြန်ပေလိမ့်မည်။ ကျွန်မ၏ အတွေးမျှင် များကား မပြတ်နိုင်သေး။ စံအိမ်ကြီးသို့ သူ ပြန်ရောက်သွားတော့ ခန်းမထဲကနေပြီး တောင်ပုံ ရာပုံ စာတွေက သူ့ကို စောင့်နေလိမ့်မည်။ ထိုစာတွေထဲတွင် ကျွန်မ၏ စာကလေး တစ်စောင်လည်း ပါလိမ့်မည်။ နယူးယောက်သို့ သွားရင်း သင်္ဘောပေါ်တွင် ရေးသည့်စာ ဖြစ်မည်။ ထိုစာမှာ ကျွန်မ စိတ်ချမ်းသာကြောင်း၊ ပျော်ရွှင်ကြောင်းများကို ဖွတ်အတင်း လုပ်ကာ ရွှင်ရွှင်မြူးမြူးကလေး ရေးထားသည့်စာ ဖြစ်လိမ့်မည်။ ကျွန်မနှင့် ခရီးသွားဖော် အခြား ခရီးသည်များ အကြောင်းကိုလည်း ရေးသားပြမိပေလိမ့်မည်။

ကျွန်မ၏ စာကလေးသည် မင်စုတ်စက္ကူ အနားတွင် သည်အတိုင်း ရှိနေပေ လိမ့်မည်။ ရက်သတ္တပတ်ပေါင်းများစွာကြာမှ ထိုစာကို အမှတ်မထင် သူတွေ့ပြီး ပြန်စာ ရေးလိမ့်မည်။ သည်လို တွေ့ရခြင်းမှာလည်း တနင်္ဂနွေ တစ်နံနက်တွင် နေ့လယ်စာ မစားမီ အခန်းထဲသို့ အူယားဖားယား ဝင်လာကာ ငွေပေးချေစရာရှိသည့် ငွေတောင်းလွှာများကို ရှင်းလင်းရင်း တွေ့ခြင်း ဖြစ်ပေလိမ့်မည်။ နောက်ပိုင်းတွင်တော့ ဘာစာမှ မလာတော့။

သည်လိုဖြင့် နှာတာလူးပွဲတော် ရောက်လာသောအခါ ကျွန်မ မျက်နှာငယ်ရပါ ဦးမည်။ မကောင်းတတ်သောကြောင့် ကျွန်မထံသို့ နှာတာလူးပွဲတော် ဆုတောင်းကတ်ပြား ကလေး သူ ပို့ပေးလိမ့်မည်။ နှင်းခဲနေသော မြင်ကွင်းကြီးကို နောက်ခံထားသည့် မန်ဒါလေ စံအိမ်ကြီးပုံပါသော ကတ်ပြား ဖြစ်လိမ့်မည်။ 'ချမ်းမြေ့ဖွယ်ကောင်းသော နှာတာလူး ပွဲတော်နှင့် စည်ပင်တိုးတက်သည့် နှစ်သစ်မင်္ဂလာ ဖြစ်ပါစေလို့ မက်ဇင်မ်ဒီဝင်းတားက ဆုတောင်းလိုက်ပါတယ်' ဟူသော စာသားများကို ပုံနှိပ်ထားပေလိမ့်မည်။

သို့သော်လည်း ကျွန်မကို အကြင်နာတရားလေး ပြသသည့်အနေဖြင့်၊ တစ်နည်း ဆိုရလျှင် နှစ်သိမ့်သည့်အနေဖြင့် ပုံနှိပ်ထားသည့် သူ့အမည်ကို မင်နှင့် ဖျက်ပစ်ကာ ကိုယ်တိုင် လက်မှတ်ရေးထိုးပေလိမ့်မည်။ ကျန်နေသေးသည့် နေရာကလေးတွင်လည်း 'နယူးယောက် မြို့ကြီးမှာ မင်း ပျော်နေရောပေါ့' ဟု ထပ်မံရေးပေလိမ့်မည်။ ပြီးတော့ စာအိတ်ပိတ်၊ တံဆိပ်ခေါင်းကပ်ကာ အခြား စာပုံကြီးထဲမှာ ထည့်ထားလိုက်ပေမည်။

''ခင်ဗျားတို့ မနက်ဖြန် သွားကြတော့မယ် ဆိုတာ အတော်မနိပ်တာပဲဗျာ။ နောက်အပတ်ဆိုရင် ဘဲလေးကပွဲကြီး စတော့မယ်လေ၊ ခင်ဗျားလည်း သိသားပဲ၊ မစ္စက် ဗန်ဟော့ပါးကော ဒီအကြောင်း သိရဲ့လား''

mgyoe.com

mgyoe.com SAMPLE BOOK

ဧည့်ကြိုစာရေးက လက်တစ်ဖက်က တယ်လီဖုန်း ကိုင်ထားရင်း ကျွန်မကို လှမ်းမေးလိုက်ပါသည်။ သည်တော့မှပင် မန်ဒါလေစံအိမ်ကြီးနှင့် နာတာလူးပွဲတော်များဆီသို့ စိတ်ကူးယဉ် အာရုံလွင့်မျောနေသော ကျွန်မသည် လက်ရှိ ပစ္စုပ္ပန်ဘဝသို့ ပြန်ရောက်လာပါတော့သည်။

မစ္စက်ဗန်ဟော့ပါးသည် တုပ်ကွေးမိပြီးကတည်းက ပထမဦးဆုံးအကြိမ်အဖြစ်နှင့် စားသောက်ခန်းမထဲသို့ဆင်းကာ ယနေ့ နေ့လယ်စာ စားသည်။ သူ့နောက်မှ ကပ်ပြီး ခန်းမထဲသို့ ကျွန်မ ဝင်လိုက်လာရင်း ရင်ထဲမှာ နာကျင်သည့် ဝေဒနာတစ်မျိုးကို ကျွန်မ ခံစားနေရပါသည်။ ကိန်းမြို့သို့ မစ္စတာဒီဝင်းတား သွားနေသည်။ မနေ့တုန်းက သူကိုယ်တိုင် ကျွန်မကို ပြောပြထားသောကြောင့် သည်လောက်တော့ ကျွန်မ သိထားသည်။ သို့သော်လည်း အလိုက်ကန်းဆိုး မသိတတ်သော စားပွဲထိုးက လာပြီး-

"မမလေး၊ ဒီနေ့ညနေစာကို အခါတိုင်းလိုပဲ ဆရာကြီးနဲ့ အတူတူစားမှာလား ခင်ဗျာ"

ဟု မေးနေလျှင် သောက်ခွတော့ ကျရချည်ရဲ့ဟု စိတ်ပူမိပါသည်။ ကျွန်မတို့ စားပွဲနားကို သူ ကပ်လာတော့ အနည်းငယ် စနိုးစနောင့် ဖြစ်မိပါသည်။ တကယ်တမ်း သူ ရောက်လာသောအခါ ဘာမျှမပြောသဖြင့် တော်ပါသေးရဲ့။

ထုပ်ရင်းပိုးရင်း၊ သိမ်းရင်းဆည်းရင်းဖြင့် တစ်နေကုန်သွားသည်။ ညဦးပိုင်းကျတော့ နှုတ်ဆက်ဖို့ ဧည့်သည်တွေ ရောက်လာကြသည်။ ဧည့်ခန်းထဲမှာပဲ ကျွန်မတို့ ညစာ စားလိုက်ကြသည်။ ညစာ စားပြီးသည်နှင့် တစ်ပြိုင်တည်း အဘွားကြီးက အိပ်ရာတန်းဝင်တော့သည်။

ယခုအချိန်အထိ မစ္စတာဒီဝင်းတားကို ကျွန်မ မတွေ့ရသေးပါ။ သို့ဖြင့် ညကိုးနာရီခွဲတော့ သေတ္တာမှာ နာမည်ရေးပြီး ကပ်ဖို့ စက္ကူကတ်ပြားယူရန် အကြောင်းပြကာ အောက်ထပ်သို့ ကျွန်မ ဆင်းခဲ့ပါသည်။ အောက်ထပ်မှာလည်း သူ မရှိပါ။ သည်အခါတွင် ကျွန်မကို လှမ်းမြင်လိုက်သော အမြင်ကတ်စရာကောင်းသည့် ဧည့်ကြိုစာရေးက စပ်ဖြီးဖြီးဖြင့်-

"မစ္စတာဒီဝင်းတားကို လာရှာတာ ဆိုရင်တော့ ဒီနေ့ည သန်းခေါင်မတိုင်ခင်အထိ သူ ပြန်ရောက်ဦးမှာ မဟုတ်ပါဘူး၊ ကိန်းမြို့ကနေပြီး သူ အကြောင်းကြားလိုက်တာ ကျွန်တော်တို့ဆီ ရောက်နေပါတယ်"

ဟု ပြောပါသည်။

"ကျွန်မ စက္ကူကတ်ပြား တစ်ထုပ်လောက် လိုချင်လို့ လာတာပါ"

ဟု ကျွန်မ ပြန်ပြောလိုက်ပါသည်။ သို့သော်လည်း ကျွန်မ၏ ပြောစကားကို သူ မယုံကြောင်း သူ့မျက်လုံးများက ဖော်ပြနေပါသည်။ သည်လိုဖြင့်ပင် သူနှင့်အတူတူနေရမည့် နောက်ဆုံး ညဦးပိုင်းကလေးသည် ပျောက်ကွယ် ပျက်စီးသွားရပါပြီ။ ကျွန်မအဖို့

mgyoe.com

myanmarbook.com SAMPLE BOOK


တော့ ခဲလေသမျှ သဲရေကျ ဖြစ်ရပါတော့သည်။ သူနှင့်တွေ့ဖို့ တစ်နေ့လုံး မျှော်လင့်စောင့်စားနေခဲ့ရသည်များ သဲထဲရေသွန် ဖြစ်ကုန်ရပါပြီ။ ယခုမှတော့ ကိုယ့်အိပ်ခန်းထဲမှာ တစ်ကိုယ်တည်းနေရင်း ပစ္စည်းတွေကို ငေးကာ အချိန်ဖြုန်းရပါတော့မည်။ ကျွန်မသည် သူ့အတွက် အဖော်ကောင်း မဖြစ်နိုင်တော့ပြီ။ နေနှင့်လ ရွှေနှင့်မြ မဟုတ်နိုင်တော့ပြီ။ ကျွန်မ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရုံမျှဖြင့် သည်အကြောင်းကို သူ သိသွားလေပြီထင့်။

ထိုနေ့ညက တစ်ညလုံး ကျွန်မ ငိုပါသည်။ အသက်အရွယ် ခပ်ငယ်ငယ်၊ မလိမ်မိုးမလိမ္မာ မိန်းမပျိုလေးတစ်ယောက်၏ ခါးသီးသော မျက်ရည်မျိုးကို ကျွန်မ သွန်ချခဲ့ပါသည်။ ယနေ့လို အသက်အရွယ်၊ ယနေ့လို အချိန်အခါမျိုးတွင် ထိုစဉ်က သွန်ချခဲ့သော မျက်ရည်မျိုးကို သွန်ချနိုင်တော့မည် မဟုတ်ပါ။ ထိုစဉ်က ငိုပုံငိုနည်းမျိုးဖြင့် ငိုကြွေးနိုင်တော့မည် မဟုတ်ပါ။ ယနေ့ဆိုလျှင် ကျွန်မတို့သည် အသက် ၂၀ နှစ်၏ သည်ဘက်ပိုင်းသို့ အများကြီး ကျော်လွန်လာခဲ့ကြပါပြီ။ ထို့ကြောင့်လည်း ထိုစဉ်က ခေါင်းအုံး တစ်လုံးလုံးရွဲရွဲနစ်အောင် ငိုခဲ့သလို ယခု ငိုနိုင်တော့မည် မဟုတ်ပါ။

ထိုစဉ်က တစ်ခေါင်းလုံးလည်း အုံခဲနေခဲ့ပါသည်။ မျက်လုံးတွေလည်း ရောင်ကိုင်းနေခဲ့ပါသည်။ လည်ချောင်းမှာလည်း တစ်ဆို့ ပိတ်ကျပ်နေခဲ့ပါသည်။ နောက်တစ်နေ့မနက် မိုးလင်းတော့ ကျွန်မ ရင်ထဲမှာ သောက အရောက်ကြီး ရောက်ခဲ့ရပါသည်။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော သည်အပူရုပ်ကို တစ်လောကလုံးက လူတွေ မမြင်တွေ့နိုင်အောင် ဟန်လုပ်၍ ဖုံးအုပ်ရပါဦးမည်။ ထို့ကြောင့် ရေအေးအေးကလေးနှင့် ရေဖတ်တိုက်နှိပ်နယ်ပေးရသည်။ အော်ဒီကလုံး ရေမွှေးဆွတ်လိုက်သည်။ ငိုရုပ်မပေါ်အောင် မျက်နှာကို ပေါင်ဒါကလေး ဖို့လိုက်ရသေးသည်။

သည်ကြားထဲကပင် နောက်တစ်ကြိမ် မဖြေဆည်နိုင်ဘဲ အသည်းကွဲလောက်အောင် ထပ်မံငိုကြွေးမိဦးမည့် အရေးကို တွေးကာ သေမလောက် ကြောက်ခဲ့ရပါသည်။ သည်လို အခါမျိုးတွင် ကျွန်မ မည်သို့ ထိန်းသိမ်းရပါမည်နည်း။ ငိုချင်လွန်းအားကြီးသဖြင့် နှုတ်ခမ်းတွေကလည်း တဆတ်ဆတ် တုန်ပေလိမ့်ဦးမည်။ ထိုနေ့မနက်က ပြတင်းပေါက် တံခါးရွက်ကို အကျယ်ဆုံးဖြစ်အောင် ကျွန်မ ဖွင့်ထားခဲ့သည်ကို အမှတ်ရနေပါသေးသည်။ မျက်နှာပေါ်မှာ ပေါင်ဒါဖို့ထားသော်လည်း တစ်ညလုံး ငိုထားခဲ့သဖြင့် ပန်းနုရောင်က ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပါ။ နံနက်ခင်း၏ လေပြည်လေညင်း အတိုက်ခံလိုက်ရလျှင် ထိုပန်းနုရောင်များ ပျောက်ကွယ်သွားလေမလား ဟူသော မျှော်လင့်ချက်ဖြင့် ပြတင်းတံခါးကို ဖွင့်ထားမိခြင်း ဖြစ်ပါသည်။

နေရောင်သည် ထိုနေ့ကလောက် တောက်ပသည်ကို မမြင်ခဲ့ဖူးပါ။ ပြီးတော့ ထိုနေ့လောက် အာမခံချက်တွေဖြင့် ပြည့်လျှမ်းနေသော နေ့ရက်မျိုးကိုလည်း မကြုံခဲ့ဖူးပါ။ ရုတ်ခြည်းဆိုသလိုပင် မွန်တီကာလို အပန်းဖြေစခန်းသည် အကြင်နာတရားတွေ ပြည့်လျှံ

myanmarbook.com

mgyoe.com SAMPLE BOOK

နေတော့သည်။ အလှတရားတွေ ဖုံးလွှမ်းနေတော့သည်။ ကမ္ဘာပေါ်တွင် ရှိးသားမှုတရားတွေ အပြည့်ဝဆုံးသော နေရာတစ်နေရာ ဖြစ်နေပြီ။

သည်နေရာကို ကျွန်မ ချစ်ပါသည်။ ချစ်ခြင်းမေတ္တာတရားက ကျွန်မ၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းထားလိုက်ပါသည်။ သည်နေရာမှာပဲ သေသည်အထိ တစ်ဘဝလုံး နေသွားချင်ပါသည်။ သို့သော် ယနေ့ပင်လျှင် သည်နေရာကို ခွဲခွာသွားရပါတော့မည်။

အလှပြင် စားပွဲက မှန်ထဲမှာကြည့်ပြီး ကျွန်မ ခေါင်းဖြီးနေခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်ပါသည်။ ရေစင်မှာ သွားပြီး နောက်ဆုံးအကြိမ်အဖြစ်နှင့်လည်း သွားတိုက်ရပါဦးမည်။ သည်အိပ်ရာပေါ်မှာလည်း ဘယ်သောအခါတွင်မှ ပြန်လည်အိပ်စက်ခွင့် ရတော့မည်မဟုတ်ပါ။ လျှပ်စစ်မီးခလုတ်များကိုလည်း ဘယ်တော့မှ ပြန်ပိတ်ခွင့်ရတော့မည် မဟုတ်ပါ။ အများသူငါ အသုံးပြုနေကြသော သည်လို ဟိုတယ်အိပ်ခန်းကလေးကိုပင် ကျွန်မ၏ စိတ်ထဲမှာ တန်ဖိုးထား စွဲလမ်းတမ်းတနေပါတော့သည်။

''မင်း အအေးမိမနေပါဘူးနော်၊ ဟုတ်လား''

ဟု နံနက်စာ စားကြရင်း မစ္စက်ဗန်ဟော့ပါးက ကျွန်မကို မေးပါသည်။

''မမိပါဘူးရှင်၊ အအေးမိနေတယ်လို့ ကျွန်မ မထင်မိပါဘူး''

ကျွန်မ ဆုတ်သာ တက်သာ အဖြေမျိုးကိုသာ ပြန်ပေးလိုက်ပါသည်။ သို့မှသာ ကျွန်မ၏ မျက်လုံးများ ရှိသင့်သည်ထက် ပိုမိုနီရဲနေသည့်အကြောင်း ထပ်မံမေးမြန်းလာပါက အလိုက်သင့် ဖြေနိုင်မည် ဖြစ်ပါသည်။

''အခုလို အထုပ်အပိုးတွေ ပြင်ဆင်ပြီးခါမှ ဒါတွေပတ်လည်မှာ တရစ်ဝဲဝဲလုပ်နေရတာ ငါ အမုန်းဆုံးပဲ ကလေးမရယ်၊ ဒါကြောင့် စောစောထွက်တဲ့ ရထားနဲ့ပဲတို့ လိုက်ကြရအောင်၊ ကြိုးစားကြည့်ရင်တော့ မီနိုင်ကောင်းပါရဲ့၊ ဒါမှ ပါရီမြို့မှာ အချိန်ကြာကြာ နေနိုင်မယ်၊ ချိန်းထားတဲ့နေရာမှာ တို့ကို စောင့်မနေနဲ့တော့လို့ ဟယ်လင့်ဆီကို ကြေးနန်းရိုက်လိုက်ပါ၊ ဒါပေမဲ့ တခြားတစ်နေရာမှာ တွေ့ဖို့တော့ အစီအစဉ် လုပ်လိုက်၊ အင်း… ဘယ်နေရာမှာ တွေ့ရပါ့''

အဘွားကြီးက သူ့လက်ပတ်နာရီကို ငုံကြည့်လိုက်သည်။

''ရထားလက်မှတ် ကြိုတင်စီစဉ်ထားတာ သူတို့ ပြောင်းလဲပေးနိုင်ကောင်းပါရဲ့လို့ ငါ ထင်တယ်၊ အေးလေ… ကြိုးစားကြည့်တာ မမှားပါဘူး၊ မင်း ဟိုတယ်ရုံးခန်းသွားပြီး စုံစမ်းကြည့်လိုက်ပါဦး''

''ဟုတ်ကဲ့ပါရှင်''

ကျွန်မသည် ထိုမျှပြောပြီး အဘွားကြီး စိတ်တိုင်းကျ ကပြပေးနေရသော ရုပ်သေးရုပ်လို အိပ်ခန်းထဲသို့ ဝင်လာခဲ့ပါသည်။ ကိုယ်ပေါ်မှ အိမ်နေဝတ်ရုံကြီးကို ချွတ်လိုက်သည်။ ဝတ်နေကျ ဖလန်နယ်ဂါဝန် ဝတ်ပြီး ကြယ်သီးများ တပ်လိုက်သည်။ လက်ဖြစ်ဆွယ်တာကို ခေါင်းမှ စွပ်ချလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဆက်တည်းမှာပင် အဘွားကြီး မစ္စက်ဗန်ဟော့ပါး အပေါ်တွင် မုန်းတီးစိတ်များ ပွားလာမိပါသည်။ ယခုတော့ အားလုံး နိဂုံးချုပ်သွားပါပြီ။ ကျွန်မ၏ ကိုယ်ပိုင် နံနက်ခင်း အချိန်ကလေးကိုပင် ကျွန်မထံမှ လုယူသွားခြင်း ခံလိုက်ရပေတော့သည်။ နောက်ဆုံး ဖြစ်သော နာရီဝက် အချိန်ကလေးကိုပင် အပြင်က ကုန်းလျှောကလေးပေါ်မှာ မစ္စတာဒီဝင်းတားနှင့်အတူ ကျွန်မ မထိုင်နိုင်တော့ပြီ။ ယုတ်စွအဆုံး သူ့ကို နှုတ်ဆက်စကားပြောဖို့ ဆယ်မိနစ်မျှသော အချိန်ကလေးကိုပင် မရနိုင်တော့ပြီ။ ဘာကြောင့်ဆို အဘွားကြီးသည် သူ ထင်ထားသည်ထက်စောပြီး နံနက်စာ စားပြီးသွားသောကြောင့် ဖြစ်သည်။ •

ဘာကြောင့်ဆို သည်ပဟိုတယ်ထဲမှာ ဆက်နေဖို့ သူ ငြီးငွေ့သွားသောကြောင့် ဖြစ်သည်။

သည်လိုဆိုတော့လည်း ကျွန်မ၏ အလိုဆန္ဒများကို ချွန်းအုပ် ထိန်းသိမ်းကာ သူ သွားရာနောက်သို့ လိုက်ပါရတော့မည်ပေါ့။ မာနကြီး တစ်ခွဲသား လုပ်နေစရာလည်း အကြောင်း မရှိတော့။ ကျွန်မသည် ဧည့်ခန်းတံခါးကို ဒိုင်းခနဲ ပိတ်ပစ်ခဲ့ပြီး စင်္ကြံအတိုင်း ပြေးထွက်လာမိသည်။ ဓာတ်လှေကားကိုလည်း စောင့်မနေတော့ပါ။ စတုတ္ထထပ်ရှိရာသို့ လှေကားထစ်များအတိုင်း ပြေးတက်လာမိသည်။ တက်သည်မှာလည်း ရိုးရိုးမဟုတ်။ လှေကား သုံး လေးထစ်ခြား ခုန်ပျံကျော်လွှားကာ တက်လာခဲ့မိခြင်း ဖြစ်ပါသည်။

သူ့အခန်းနံပါတ်ကို ကျွန်မ သိပါသည်။ ၁၄၈။ အခန်းတံခါးကို ခပ်ကြမ်းကြမ်းပင် ထုလိုက်မိသည်။ မျက်နှာပေါ်မှာလည်း သွေးရောင်ရဲရဲ လွှမ်းနေပြီ။ အသက်ကိုပင် ဖြောင့်ဖြောင့်မရှုနိုင်။

"ဝင်ခဲ့ပါ"

အတွင်းမှ မစ္စတာဒီဝင်းတား၏ အော်ပြောသံကို ကြားရသည်။ တံခါးကို ကျွန်မ ဖွင့်လိုက်သည်။ မဆင်မခြင်ဘဲ ယခုလို စိတ်လိုက်မာန်ပါ ပြုလုပ်လိုက်မိသည့်အတွက်လည်း ကျွန်မ နောင်တရလိုက်မိပါသည်။ သူသည် ယခုမှ အိပ်ရာက နိုးစ ဖြစ်ပေလိမ့်မည်။ မနေ့ညတုန်းက အချိန်နောက်ကျပြီးမှ အိပ်ရာဝင်ခဲ့ပေလိမ့်မည်။ ထို့ကြောင့် အိပ်ရာထဲမှာ လဲလျောင်းနေတုန်း ဖြစ်နိုင်ပါသည်။ အိပ်ရာနိုးစမို့ သူ့အာရုံမှာလည်း မရှင်းမလင်းပင် ရှိနေပေလိမ့်ဦးမည်။

ဖွင့်ထားသော ပြတင်းပေါက်နားမှ သူရပ်ပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရိတ်နေသည်။ ညဝတ် ပဂျားမားအင်္ကျီပေါ်တွင် ကုလားအုတ်မွေးအပေါ်အင်္ကျီ ထပ်ဝတ်ထားသည်။ ကျွန်မ ဝတ်ထားသည့် ဖလန်နယ်ဂါဝန်၊ ဖိနပ်ထူထူကြီးများနှင့် ယှဉ်ကြည့်ပြီး ကျွန်မ၏ အဝတ်အစားများက လွန်မင်းစွာ ထူထဲနေသလို ခံစားမိသည်။ ကိုယ့်ကိုယ်ကိုယ် ဇာတ်ဆန်လှပြီဟု ကျွန်မ ထင်ခဲ့သည်။ တကယ်တော့ ရူးနှမ်းခြင်းသာ ဖြစ်ပါသည်။

"ဘာ အလိုရှိပါသလဲ၊ ကိစ္စများ ရှိသလားဟင်"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု သူက ဆီးမေးသည်။

''ကျွန်မ နှုတ်ဆက်ရအောင် လာတာပါရှင်၊ ဒီနေ့မနက်ပဲ ကျွန်မတို့ သွားကြတော့မယ်''

ဟု ကျွန်မက ပြန်ပြောပါသည်။

သူက ကျွန်မကို စိုက်ကြည့်နေသည်။ ပြီးတော့ ရေစင်ပေါ်မှာ မှုတ်ဆိတ်ရိတ်ဓားကို တင်လိုက်သည်။

''တံခါး ပြန်ပိတ်လိုက်''

ကျောဘက်က တံခါးကို ကျွန်မ ပြန်ပိတ်လိုက်ပါသည်။ ပြီးတော့ ထိုနေရာမှာပင် ရပ်နေမိသည်။ ကျွန်မကိုယ်ကျွန်မ သတိထား ထိန်းနေသည့်ကြားကပင် ဖြစ်ပုံက ခပ်ကြောင်ကြောင်နိုင်လှပါသည်။ ကျွန်မ၏ လက်နှစ်ဖက်ကလည်း ဘေးမှာ တွဲလောင်းကျလျက်။

''ဘာစကားတွေ လာပြောနေတာလဲဟင်''

ဟု သူက မေးပါသည်။

''တကယ်ပြောတာပါ၊ ကျွန်မတို့ ဒီနေ့ သွားကြတော့မယ်၊ ပထမတုန်းကတော့ နောက်မှထွက်တဲ့ ရထားနဲ့ လိုက်ဖို့ပါပဲ၊ ဒါပေမဲ့ အခုတော့ အဘွားကြီးက စောစောထွက်တဲ့ ရထားနဲ့ပဲ လိုက်ချင်တယ်တဲ့လေ၊ ရှင်နဲ့ ထပ်ပြီး မတွေ့ရတော့မှာကို ကျွန်မ သိပ်ကြောက်နေမိတယ်၊ ကျွန်မတို့ မသွားခင် ရှင့်ကို တွေ့ပြီး ကျေးဇူးတင်စကား ပြောမှ ဖြစ်မယ်လို့ စိတ်ထဲမှာလည်း ခံစားနေရပါတယ်ရှင်''

မိုက်မဲသော စကားလုံးများကို ဖွင့်ပြောမိလျက်သား ဖြစ်သွားပါတော့သည်။ ကျွန်မ စိတ်ကူးယဉ်ထားခဲ့သည့် စကားလုံးများပင် ဖြစ်ပါ၏။ တောင့်တောင့်ကြီး ကျွန်မ ရပ်နေပုံကလည်း ပုံပျက်ပန်းပျက် နိုင်လှပါသည်။ ထိုတဒင်္ဂ အချိန်ကလေးတွင် ကျွန်မကို သူ အကဲခတ် ကြည့်နေသည်ဟုသာ ပြောရပါတော့မည်။

''စောစောတုန်းက ဘာဖြစ်လို့ ဒီအကြောင်း ကျုပ်ကို မပြောခဲ့တာလဲကွယ်''

''မစ္စက်ဗန်ဟော့ပါးက မနေ့ကမှ ဆုံးဖြတ်လိုက်တာပါ၊ အားလုံး ကတိုက်ကရိုက်ဖြစ်ကုန်တယ်၊ သူ့သမီးက စနေနေ့ကျရင် နယူးယောက်ကို သင်္ဘောနဲ့ သွားမယ်၊ ကျွန်မတို့လည်း သူနဲ့အတူတူ သင်္ဘောနဲ့ လိုက်ရမယ်၊ ပါရီမြို့မှာ သူ့သမီးနဲ့ ကျွန်မတို့ ဆုံကြမယ်၊ အဲဒီကတစ်ဆင့် သင်္ဘောထွက်မယ့် ရှာဘူးဝါးမြို့ကို ခရီးဆက်ကြရမယ်''

''အဘွားကြီးက မင်းကိုပါ သူနဲ့အတူတူ နယူးယောက်မြို့ကို ခေါ်သွားမှာလား''

''ဟုတ်ပါတယ် ကျွန်မ လိုက်မသွားချင်ဘူး၊ ဒီလို လိုက်သွားရမှာကို သိပ်မုန်းတာပဲ၊ ကျွန်မတော့ အရမ်းကို စိတ်မချမ်းမသာ ဖြစ်ရတော့မယ်''

''ဒီလိုဆိုရင် ဘာကြောင့် လိုက်သွားမှာလဲကွယ်''

mgyoe.com

mgyoe.com
SAMPLE BOOK

"မလိုက်လို့ မဖြစ်ဘူးလေ၊ ရှင် သိပါတယ်၊ သခရဖို့ ကျွန်မ အလုပ်လုပ်နေရတာပါ၊ ဒီအလုပ်က ထွက်ပစ်နိုင်တဲ့ အခြေအနေမျိုး ကျွန်မမှာ မရှိပါဘူး"

သူက မှတ်ဆိတ်ရိတ်ဓားကို ကောက်ကိုင်လိုက်သည်။ မျက်နှာပေါ်မှ ဆပ်ပြာမြှုပ်များကို ရှင်းပစ်လိုက်သည်။

"ထိုင်ပါဦး၊ မကြာပါဘူး၊ ရေချိုးခန်းထဲမှာပဲ ကိုယ် အဝတ်အစား လဲလိုက်မယ်၊ ငါးမိနစ်အတွင်း အဆင်သင့် ဖြစ်မယ်"

ကုလားထိုင်ပေါ်မှ သူ့အဝတ်အစားများကို ယူပြီး ရေချိုးခန်း ကြမ်းပြင်ပေါ်သို့ လှမ်းပစ်လိုက်သည်။ တစ်ဆက်တည်း အတွင်းသို့ ဝင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။ ကျွန်မကမူ ခုတင်ပေါ်မှာ ထိုင်ချလိုက်ပြီး လက်သည်းများကို သွားနှင့် စတင်ကိုက်နေမိတော့သည်။

အခြေအနေက အမှန်တကယ် ဖြစ်နေသည်နှင့် မတူ။ ကျွန်မကိုယ် ကျွန်မလည်း ပုံစံချပြီး အလုပ်လုပ်နေမိသလို ခံစားရသည်။ သူ ဘာတွေ စဉ်းစားနေပြီနည်း။ သူ ဘာတွေ လုပ်ဦးတော့မည်နည်းဟု ကျွန်မ တွေးကြည့်နေမိသည်။

အခန်းထဲမှာ မျက်လုံး ဝေ့ကြည့်လိုက်မိပါသည်။ မည်သည့် ယောက်ျားမျိုးမဆို နေထိုင်တတ်သော အခန်းမျိုးပင် ဖြစ်နေပါသည်။ ဘာတစ်ခုမျှ သပ်သပ်ရပ်ရပ် မရှိ။ အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုတာမျိုးလို ဖြစ်နေသည်။ ဖိနပ်တွေက များလွန်းသည်။ လိုတာထက်ပင် ပိုနေသည်။ လည်စည်းနက်ကတိုင်တွေကလည်း တိုးလိုးတွဲလောင်း။ မှန်တင်ခုံပေါ်မှာ ခေါင်းလျှော်ရည် ပုလင်းကြီး တစ်ပုလင်းနှင့် ဆင်စွယ်လက်ကိုင်ရိုးတပ် ဝက်မှင်ဘီးတစ်စုံမှအပ အခြား ဘာမျှ မရှိ။ ဓာတ်ပုံ မရှိ။ လျှပ်တစ်ပြက် ဓာတ်ပုံလည်း မရှိ။ ဓာတ်ပုံနှင့် အလားတူ ဆင်တူယိုးမှားကလေးပင် မရှိ။

ထောင်ထားအပ်သည့် ဓာတ်ပုံများကို စိတ်ကူးထဲမှာ ပုံဖော်ကြည့်နေမိပါသည်။ ယုတ်စွအဆုံး သူ့အိပ်ရာဘေးမှာတော့ သူ့မိန်းမ၏ ဓာတ်ပုံတစ်ပုံလောက် ရှိဖို့ကောင်းသည်။ သို့တည်းမဟုတ် မီးလင်းဖို နဖူးစည်း အလယ်တည့်တည့်ပေါ်လောက်မှာ ထောင်ထားဖို့ကောင်းသည်။ သားရေပေါင် ခုံခုံညားညားဖြင့် ဓာတ်ပုံကြီးတစ်ပုံ ဖြစ်ဖို့ကောင်းသည်။ ယခုတော့ စာအုပ်တွေနှင့် စီးကရက် တစ်ဘူးသာ ရှိသည်။

သူ ကတိပြုခဲ့သည့်အတိုင်း ငါးမိနစ် အချိန်ကလေးအတွင်းမှာ သူ အသင့်ဖြစ်သွားပါတော့သည်။

"ကုန်းစောင်းကလေးမှာ ကိုယ် မနက်စာ သွားစားမယ်၊ မင်းလည်း လိုက်ခဲ့ပါ"

ကျွန်မက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်မိသည်။

"ကျွန်မမှာ အချိန်မရှိတော့ပါဘူးရှင်၊ အခုအချိန်လောက်ဆိုရင် ဟိုတယ် ရုံးခန်းထဲကို ကျွန်မ ရောက်နေဖို့ ကောင်းပြီ၊ ကြိုယူထားတဲ့ ရထားလက်မှတ်တွေ ပြန်လဲရဦးမယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ကျွန်မက ပြန်ပြောပါသည်။

''ဒီကိစ္စက အရေးမကြီးပါဘူးကွယ်၊ မင်းကို ကိုယ် စကားပြောစရာ ရှိနေတယ်''

သူက ပြောပြောဆိုဆိုဖြင့် စကြံထဲသို့ ထွက်သွားပြီး လျှပ်စစ်ခေါင်းလောင်းတီးကာ ဓာတ်လှေကားကို ခေါ်လိုက်ပါသည်။ စောစောရထားသည် နောက်တစ်နာရီခွဲမျှအကြာတွင် ထွက်တော့မည်ဖြစ်ကြောင်း သူ သဘောမပေါက်ဟု ကျွန်မ ထင်ပါသည်။ ခဏကြာလျှင် မစ္စက်ဗန်ဟော့ပါးက ရုံးခန်းကို ဖုန်းလှမ်းဆက်ပြီး ကျွန်မ ရှိ၊ မရှိ မေးတော့မည်။

ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ကျွန်မတို့ ဆင်းခဲ့ကြသည်။ စကားတစ်လုံးမျှ မပြောမိ။ ထိုနည်းအတိုင်းပင် နံနက်စာအတွက် စားပွဲ၊ ကုလားထိုင်များ ခင်းကျင်းထားသည့် ကုန်းစောင်းကလေးဆီသို့ ဆက်လျှောက်လာခဲ့ကြသည်။

''မင်း ဘာစားမလဲ''

''ကျွန်မ စားပြီးပါပြီ၊ နောက်ပြီးတော့ ဘာပဲဖြစ်ဖြစ် ကျွန်မ လေးမိနစ်ပဲ နေနိုင်တော့မှာနော်''

ဟု ကျွန်မက ပြန်ပြောပါသည်။

''ကျုပ်ဖို့ ကော်ဖီရယ်၊ ကြက်ဥပြုတ်ရယ်၊ လိမ္မော်ခွဲယိုရယ်၊ လိမ္မော်သီးရယ် ယူခဲ့''

စားပွဲထိုးကို လှမ်းပြောသည်။ ပြီးတော့ အိတ်ထဲမှ ကော်ဖတ်နှတစ်ချပ်ကို ထုတ်ယူပြီး သူ့လက်သည်းများကို ကော်ဖတ်စားနေသည်။

''ဒီလိုဆိုတော့ မစ္စက်ဗန်ဟော့ပါးက မွန်တီကာလို အပန်းဖြေစခန်းမှာ နေရတာ ဝသွားပြီပေါ့၊ ဒါကြောင့် ခု သူ့တိုင်းပြည် သူ ပြန်ချင်ပြီပေါ့၊ ကိုယ်လည်း သူ့လိုပါပဲ၊ သူက နယူးယောက်ကို ပြန်မယ်၊ ကိုယ်က မန်ဒါလေစံအိမ်ကြီးကို ပြန်မယ်၊ ဘယ်ကို မင်း လိုက်ချင်သလဲ၊ မင်း ကြိုက်ရာလမ်းကို မင်း ရွေးပေတော့''

''ဒီကိစ္စကို ရယ်စရာ လုပ်မပစ်လိုက်ပါနဲ့ရှင်၊ မတရားပါဘူး၊ အင်း... ရထားလက်မှတ်ကိစ္စ ကျွန်မ ပြေးလုပ်လိုက်ဦးမှ ကောင်းမယ်ထင်တယ်၊ ကဲ... ကျွန်မ အခုပဲ အပြီးအပိုင် နှုတ်ဆက်ခဲ့ပါပြီနော်''

''ကိုယ်ဟာ မနက်စာ စားနေတဲ့ အချိန်မှာ ရယ်ရွှန်းဖတ်ရွှန်းတွေ လုပ်တတ်တဲ့ လူစားမျိုးလို့ မင်း ထင်ရင် မှားပြီ၊ မနက်စောစောပိုင်း အချိန်မျိုးမှာ ကိုယ်ဟာ အမြဲတမ်း စိတ်တိုနေတတ်တယ်၊ မင်းကို တစ်ခါ ထပ်ပြောဦးမယ်၊ မင်း ကြိုက်နှစ်သက်ရာကို စိတ်တိုင်းကျ ရွေးနိုင်တယ်၊ မစ္စက်ဗန်ဟော့ပါးနဲ့အတူတူ အမေရိကန်ကို လိုက်သွားမလား၊ ဒါမှမဟုတ် တို့တိုင်းပြည် တို့ပြန်ပြီး ကိုယ်နဲ့အတူတူ မန်ဒါလေစံအိမ်ကြီးကို အပြီးအပိုင် လိုက်ခဲ့မလား''

mgyoe.com

mgyoe.com

"ရှင်က အတွင်းရေးမှူးတစ်ယောက် လိုချင်တယ်ဆိုတဲ့ သဘောလား၊ ဒါမှ မဟုတ် တခြားကိစ္စလား"

"မဟုတ်ဘူး၊ ကိုယ်နဲ့ လက်ထပ်ဖို့ မင်းကို ပြောနေတာ၊ သောက်ရူးမလေး"

စားပွဲထိုးက နံနက်စာများနှင့်အတူ ပြန်ရောက်လာသည်။ ကျွန်မက လက်နှစ်ဖက်ကို ပေါင်ကြားထဲမှာ ထည့်ထားရင်း ကော်ဖီအိုးနှင့် နွားနို့ကရားများ စားပွဲထိုး ချနေသည်ကို စောင့်ကြည့်နေမိသည်။

"ရှင် နားမလည်သေးပါဘူး"

စားပွဲထိုး ထွက်သွားသောအခါ ကျွန်မက ပြန်ပြောသည်။

"ကျွန်မဟာ ယောကျ်ားတွေက လက်ထပ်ယူရမယ့် မိန်းကလေးမျိုး မဟုတ်ပါဘူးရှင်"

"ဘာသဘောနဲ့ ဒီစကားကို ပြောတာလဲ"

ဟု ပြောရင်း ကျွန်မကို သူ စိုက်ကြည့်နေပါသည်။ ဇွန်းကိုလည်း ပြန်ချထားလိုက်သည်။

လိမ္မော်ခွံယိုပေါ်မှာ လာနားသည့် ယင်တစ်ကောင်ကို ကျွန်မ ကြည့်နေမိသည်။ သူက ထိုယင်ကောင်ကို စိတ်မရှည်နိုင်သလို လက်နှင့်ယမ်းကာ မောင်းထုတ်လိုက်သည်။

"ကျွန်မလည်း သေသေချာချာ မပြောတတ်တော့ပါဘူးရှင်၊ ဘယ်လို ရှင်းပြရမယ် ဆိုတာလည်း သိတယ်လို့ ကိုယ့်ဟာကိုယ် မထင်တော့ပါဘူး၊ တစ်ခု သေချာတာကတော့ ကျွန်မဟာ ရှင့်ကမ္ဘာနဲ့ အလွန်းသင့်နိုင်မယ်လို့ မထင်မိပါဘူးရှင်"

"ဘာလဲ ကိုယ့်ကမ္ဘာ ဆိုတာ"

"ဟိုသင်းလေ… မန်ဒါလေစံအိမ်ကြီးကို ပြောတာပါ၊ ကျွန်မ ဘာကို ဆိုလိုတယ် ဆိုတာ ရှင် သိပါတယ်လေ"

မစ္စတာဒီဝင်းတားသည် ဇွန်းကို ပြန်ကောက်ကိုင်လိုက်ပြီး လိမ္မော်ခွံယိုကို စားနေသည်။

"မင်းလည်းပဲ မစ္စက်ဗန်ဟော့ပါးလို ခပ်တုံးတုံးပါပဲလား၊ အသိဉာဏ်ကလည်း ခေါင်းပါးတယ်၊ မန်ဒါလေစံအိမ်အကြောင်း မင်း ဘာသိသလဲ၊ မင်းဟာ မန်ဒါလေစံအိမ်ကြီးနဲ့ အလွန်းသင့်နိုင်၊ မသင့်နိုင် ဆိုတာကို အဆုံးအဖြတ်ပေးရမယ့်လူက ကိုယ်လေ၊ မင်းက ဆုံးဖြတ်ရမယ့်လူ မဟုတ်ဘူး၊ အကြောင်းဆိုက်လာလို့ ဒီစကားကို ပေါ့ပေါ့တန်တန် ကလေး ကိုယ်က ပြောလိုက်တယ်လို့ မင်း ထင်သလား၊ နယူးယောက်မြို့ကို မင်း လိုက် မသွားချင်ဘူး ပြောလိုက်တာနဲ့ ဒီလိုဆို မန်ဒါလေစံအိမ်ကို ကိုယ်နဲ့ အတူတူ လိုက်ခဲ့ပေါ့လို့ ခေါ်နေတယ်များ ထင်သလား၊ မင်းအပေါ်မှာ စာနာထောက်ထားတဲ့အနေနဲ့ ကိုယ်နဲ့ အတူတူ ကားလျှောက်စီးဖို့ ခေါ်ခဲ့တယ်လို့ မင်း ထင်ခဲ့တယ်၊ ပထမဆုံးညမှာပဲ မင်းကို ညစာကျွေးတာဟာ သနားလို့ ကျွေးတာလို့ မင်း အထင်ပေါက်ခဲ့တယ်၊ အခု ကိုယ့်ကို

mgyoe.com

mgyoe.com SAMPLE BOOK
လက်ထပ်ဖို့ ပြောနေတာဟာလည်း မင်းကို သနားလို့ ပြောနေတယ်များ မင်း ထင်သလား၊ ဟုတ်သလား ပြောစမ်းပါဦး''

''ဟုတ်ကဲ့ပါရှင်''

သူက ပေါင်မုန့်ပေါ်မှာ ယိုကို ဖြန့်သုတ်နေသည်။

''တစ်နေ့ကျရင် မင်း သဘောပေါက်လာလိမ့်မယ်၊ ကိုယ်ဟာ သနားကြင်နာစိတ်ကလေးကြောင့် အပေးအကမ်း ရက်ရောတဲ့ လူစားမျိုး မဟုတ်ဘူး ဆိုတာ မင်း နားလည်လာလိမ့်မယ်၊ ဒါမျိုးကို ကိုယ် ဝါသနာမပါဘူး၊ အခုအချိန်မှာတော့ ဘာကိုမှ မင်း သဘောပေါက်နိုင်လိမ့်ဦးမယ် မဟုတ်ဘူး၊ ကိုယ့်မေးခွန်းကို မင်း မဖြေရသေးဘူးနော်၊ ကိုယ့်ကို မင်း လက်ထပ်မလား''

နားနှင့်ဆတ်ဆတ် ကိုယ်တိုင် ကြားလိုက်ရလင့်ကစား ကိုယ့်နားကိုပင် ကိုယ် မယုံကြည်နိုင်အောင် ဖြစ်ရပါတော့သည်။ သည်လို စကားမျိုး အပြောခံရလိမ့်မည်ဟု အရူးအမူး စိတ်ကူးယဉ်ကောင်းခဲ့သည့် အချိန်မှာပင် သည်အဆင့် ရောက်အောင်တော့ ကျွန်မ စိတ်ကူးမယဉ်ခဲ့မိရိုးအမှန် ဖြစ်ပါသည်။

တစ်ကြိမ်တုန်းက ကျွန်မ စိတ်ကူးအယဉ်ကြီး ယဉ်ခဲ့မိဖူးပါသည်။ သူနှင့်အတူ မော်တော်ကား လျှောက်စီးရင်း မိုင်ပေါင်းများစွာ ခရီးပေါက်သည်အထိ တစ်ယောက်ကို တစ်ယောက် စကားမပြောမိကြဘဲ တိတ်ဆိတ်စွာ နေခဲ့ကြသည်။ ထိုအချိန်တွင် ဇာတ်လမ်းရှည်ကြီးတစ်ခုကို ကျွန်မ စိတ်ကူးယဉ်နေမိပါတော့သည်။

ကျွန်မ၏ စိတ်ကူးထဲတွင် မစ္စတာဒီဝင်းတား အပြင်းဖျားနေပါသည်။ ထို့ကြောင့် ကျွန်မထံသို့ သူက လူလွှတ်ပြီး အခေါ်ခိုင်းလိုက်သည်။ သူ့ကို လာရောက်ပြုစုပေးရန် ဖြစ်ပါသည်။ ကျွန်မ လိုက်သွားပြီး ဖျားနေသော သူ့ခေါင်းပေါ်သို့ အော်ဒီကလုံး ရေမွှေး ဆွတ်ဖျန်းပေးမည် ပြင်ဆင်တုန်း ကျွန်မတို့ စီးလာသည့် မော်တော်ကားက ဟိုတယ်သို့ ပြန်ရောက်လာရာ စိတ်ကူးယဉ် ဇာတ်လမ်းကြီးသည် ထိုနေရာမှာပင် တစ်ပိုင်းတန်းလန်းဖြင့် ဆတ်တငံ့ငံ့ကြီး ပြတ်တောက်သွားပါတော့သည်။

သည့်ပြင် တစ်ချိန်ကလည်း ကျွန်မ စိတ်ကူးယဉ်မိပါသေးသည်။ ကျွန်မသည် မန်ဒါလေစံအိမ်ဝင်းကြီးအတွင်းရှိ အိမ်တစ်ဆောင်မှာ နေထိုင်လျက် ရှိပါသည်။ သူသည် ကျွန်မထံသို့ အခါအားလျော်စွာ လာရောက်လည်ပတ်လေ့ ရှိပါသည်။ ထိုသို့ လာရောက်လည်ပတ်သည့်အခါတိုင်း မီးလင်းဖိုရှေ့မှာ သူ ထိုင်လေ့ ရှိပါသည်။ ကျွန်မ စိတ်ကူးယဉ်မိသော ဇာတ်လမ်းများမှာ ထိုမျှသာ ဖြစ်ပါသည်။ သူနှင့် လက်ထပ်ဖို့ ယခုလို ဖြုန်းစားဒိုင်းစားကြီး မပြော။

ယခုတော့ သူ ပြောလေပြီ။

ကျွန်မမှာ ထိတ်လန့်တကြီးဖြင့် ချောက်ချောက်ချားချား ဖြစ်ရပါတော့သည်။ ရှင်ဘုရင်တစ်ပါးက ကျွန်မကို မိဖုရားမြှောက်လိုပါသည်ဟု အခွင့်ပန်လိုက်သလို ခံစားလိုက်
mgyoe.com

mgyoe.com SAMPLE BOOK

ရပါတော့သည်။ အိပ်မက် မက်နေခြင်းများလား၊ အမှန်တကယ် ဖြစ်နေခြင်းမှ ဟုတ်ပါလေစ ဟု ကျွန်မကိုယ်ကျွန်မ မယုံကြည်နိုင်အောင် ဖြစ်ရပါတော့သည်။

သူကတော့ ဘာမျှ အထူးအဆန်း မဖြစ်သလို လိမ္မော်ခွဲယိုကို ဏ္ဍွေမပျက် ဆက်စားနေပါသည်။ ဝတ္ထုစာအုပ်တွေထဲမှာလိုလည်း မဟုတ်။ အချစ်ဝတ္ထုစာအုပ်ထဲမှာဆိုရင် အမျိုးသားက အမျိုးသမီးရှေ့မှာ ဒူးထောက်ပြီး ချစ်ရေးဆိုကြစမြဲ ဖြစ်သည်။ အချိန်ကလည်း လရောင်ရွှန်းမြ လှပသာယာသည့် ညချမ်းချိန်ခါမျိုး ဖြစ်သည်။ ယခုလို နံနက်စာစားနေသည့် အချိန်မျိုးကြီးမှာ မဟုတ်။ သည်လို ပတ်ဝန်းကျင်၊ သည်လိုအချိန်၊ သည်လို အပြုအမူမျိုး လုံးဝ မဟုတ်။

"မင်းနဲ့ လက်ထပ်ခွင့်ရဖို့ အခုလို တောင်းဆိုပုံမျိုးဟာ တယ်ပြီး နိပ်ပုံတော့ မပေါ်ဘူး၊ ရိုင်းရိုင်းစိုင်းစိုင်းကြီး ဖြစ်နေပုံရတယ်။ ဒီအတွက် ကိုယ် ဝမ်းနည်းပါတယ်ကွယ်၊ ကိုယ့်ကို မင်း ချစ်နေပြီလို့ ထင်ထားမိခဲ့တာကိုး၊ အင်း… ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိတာတွေကြောင့် ဒီတစ်ချီတော့ ကိုယ် ကောင်းကောင်းကြီး အထိနာသွားပြီပေါ့လေ"

ဟု သူက ပြောပါသည်။

"ရှင့်ကို ကျွန်မ ချစ်ပါတယ်ရှင်၊ အူလှိုက်သည်းလှိုက် ချစ်ပါတယ်၊ ရှင့်အတွက် ကျွန်မမှာ ရတက်ပွေမဆုံး ဖြစ်ခဲ့ရပါတယ်၊ မနေ့ညတုန်းက တစ်ညလုံး ကျွန်မ ငိုတယ်သိလား၊ ရှင်နဲ့ ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်တော့ဘူး ဆိုပြီး ကျွန်မ ငိုမိတာပါ"

ကျွန်မ ထိုစကားများကို ပြောချလိုက်သောအခါ သူ ရယ်မောသည်ကို ကျွန်မ ပြန်လည်မှတ်မိနေပါသေးသည်။ စားပွဲကို ကျော်ပြီး ကျွန်မဆီသို့လည်း သူ လက်ကမ်းလိုက်သည်။

"ကျေးဇူးတင်လိုက်တာကွယ်"

ဟုလည်း သူ ပြောသည်။

"ကိုယ့်ကို မင်း ပြောပြဖူးတဲ့ မင်းရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အသက် ၃၆ နှစ်အရွယ်ကို မင်း ရောက်တဲ့နေ့မှာ ဒီကနေ့ ဒီအချိန်ကလေးအကြောင်း မင်းကို ကိုယ် ပြန်ပြီး သတိပေးမယ်၊ မင်းကတော့ ကိုယ့်ကို ယုံနိုင်မှာ မဟုတ်ဘူး၊ မင်း အသက်ငယ်သေးတဲ့ အတွက် ကိုယ် သနားတယ်၊ အရာရာကို မင်း နားလည်နိုင်အောင် မင်းအသက်ကို ကြီးရင့်လာစေချင်ပါတယ်"

ကျွန်မကတော့ အရှက်ကြီး ရှက်လိုက်မိပါပြီ။ နောက်ပြီးတော့ အခုလို သူ ရယ်နေသည်ကိုလည်း ဒေါသဖြစ်မိပါသည်။ မိန်းမ ဆိုသည်မှာ ယောကျ်ားများကို ပွင့်ပွင့်လင်းလင်းကြီး မပြောသင့်။ အဖုံး လှန်ပြလိုက်သလို လုံးဝဥဿုံ ဖွင့်ဟ ဝန်မခံသင့်။ သြော်… ကျွန်မမှာ လေ့လာစရာတွေ၊ သိနားလည်စရာတွေ အများကြီး ရှိနေပါသေးကလား။

"ဒါဆို အားလုံး ပြီးသွားပြီပေါ့ ကလေးရယ်၊ မဟုတ်ဘူးလား"

mgyoe.com

mgyoe.com
SAMPLE BOOK

သူက ပြောရင်း ပေါင်မုန့်မီးကင်နှင့် လိမ္မော်ခွဲယိုကို ဆက်စားနေသည်။

"မင်းဟာ မစ္စက်ဗန်ဟော့ပါး၏ အဖော်သဟဲ အဖြစ်ကနေပြီး ကိုယ့်ရဲ့ ဘဝ ကြင်ဖော် ဖြစ်လာပြီ၊ မင်း ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားတွေကတော့ အားလုံး အတူတူ ပဲ ဆိုပါတော့၊ ကိုယ့်စာကြည့်တိုက်ကို စာအုပ်သစ်တွေနဲ့ ဖြည့်ချင်တယ်၊ ဧည့်ခန်းထဲမှာ ပန်းအိုးတွေ ထိုးထားချင်တယ်၊ ညစာ စားပြီးတော့ ဖဲကလေး ကစားလိုက်ချင်တယ်၊ ကိုယ့်အတွက် လက်ဖက်ရည်ကိုတော့ တစ်ယောက်ယောက်က ထည့်ပေးမှာပေါ့နော်၊ တစ်ခုပဲ မတူတာ ရှိပါတယ်၊ ကိုယ်က တက်ဇောလ်အစာကြေဆေး မသုံးဘူး၊ အီနို အစာကြေ ဆေးကိုပဲ သုံးတယ်၊ နောက်ပြီးတော့ ကိုယ် သုံးနေကျဖြစ်တဲ့ သွားတိုက်ဆေးကိုတော့ မပြတ်ရအောင် ဂရုစိုက်"

ကျွန်မသည် စားပွဲကို လက်ချောင်းကလေးများနှင့် ခေါက်နေမိပါသည်။ သူနှင့် ကျွန်မအကြောင်းကို စဉ်းစားရင်း မသေချာ မရေရာသလိုလည်း ခံစားနေမိပါသည်။ သူက တော့ ကျွန်မကို ကြည့်ပြီး ရယ်မြဲ ရယ်နေပါသည်။ ဒါတွေ အားလုံးကို ရယ်စရာအဖြစ်များ သူ လုပ်နေလေရော့သလား။ ကျွန်မကို သူ မော့ကြည့်ပြန်သည်။ ကျွန်မ၏ မျက်နှာပေါ် က သောကရိပ်များကို သူ မြင်တွေ့သွားပုံရပါသည်။

"ကိုယ် လုပ်နေပုံတွေဟာ မင်းအပေါ်မှာ ရိုင်းစိုင်းရက်စက်ရာများ ကျသွားလေ သလားကွယ်၊ ဟင်... ပြောစမ်းပါဦး၊ အခုလို ကိုယ် ချစ်ရေးဆိုပုံကြီးက မင်း မျှော်မှန်း ထားတာမျိုး မဟုတ်တော့ဘူးနဲ့ တူတယ်၊ ဖြစ်သင့်တာကတော့ မင်းက အဖြူရောင် ဂါဝန် ကလေးကို ဝတ်လို့၊ လက်ထဲမှာလည်း နှင်းဆီပန်းကလေးတစ်ပွင့် ကိုင်လို့၊ သာယာညင်းပျောင်း တဲ့ တယောသံကလေးကလည်း ခပ်လှမ်းလှမ်းကနေ လွင့်မျောလာလို့၊ ဒီအချိန်မှာ ကိုယ်တို့ နှစ်ယောက်ဟာ ထန်းပင်ကလေးတစ်ပင်ရဲ့ နောက်ကွယ်မှာ ရှိနေရမယ်၊ ကိုယ်က စိတ်ကို မထိန်းသိမ်းနိုင်တော့ဘဲ အချစ်စိတ်တွေ ပေါက်ကွဲပွင့်အန်ထွက်လာရမယ်၊ ရုတ်တရက် မင်းကို ပွေ့ဖက်လိုက်ပြီး အရူးအမူး ချစ်ပစ်လိုက်ရမယ်၊ ဒီလို မဟုတ်လား၊ ဒီတော့မှ မင်းအနေနဲ့လည်း အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်ထားသမျှကလေးတွေ အားလုံး ပြည့်စုံ တော့မယ် အချစ်ရယ်၊ အခုတော့ ဒီလို မဟုတ်ပါလား၊ အခု ကိုယ် ချစ်ရေးဆိုပုံကြီးက ရက်စရာကြီးတောင် ဖြစ်နေပြီ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး ကလေးရယ်၊ ပျားရည်ဆမ်းခရီး အဖြစ် ဗင်းနစ်မြို့ကို ခေါ်သွားပါ့မယ်၊ ဟိုကျတော့ တစ်ယောက်လက်ကို တစ်ယောက် မလွှတ်တမ်း ဆုပ်ကိုင်ရင်း လှေကလေးတွေ စီးကြမယ်၊ ဒါပေမဲ့ အဲဒီမှာ ကိုယ်တို့ ကြာကြာမနေပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မန်ဒါလေစံအိမ်ကြီးကို ပြချင်လှပြီလေ"

မန်ဒါလေစံအိမ်ကြီးကို ပြချင်လှပြီတဲ့...။

ကိစ္စအားလုံး ဖြစ်ပျက်သွားပြီးပြီ ဖြစ်ကြောင်း ချက်ချင်းပင် ကျွန်မ သဘော ပေါက်လိုက်ပါတော့သည်။ ကျွန်မသည် သူ့ဇနီး ဖြစ်ရပါတော့မည်။ ဥယျာဉ်ကြီးထဲမှာ သူနှင့် ယှဉ်တွဲပြီး လမ်းလျှောက်ရပါတော့မည်။ ပြီးတော့ တောင်ကြားကလေးထဲက

mgyoe.com

mgyoe.com SAMPLE BOOK
လမ်းကလေးအတိုင်း ပင်လယ်ကမ်းခြေဆီသို့လည်း သွားကြရပါဦးမည်။ နံနက်စာ စားပြီး သောအခါ လှေကားထစ်များပေါ်မှာ ရပ်ရင်း ကျွန်မသည် အသစ်တစ်ဖန် ဖြစ်ပေါ်လာ သည့်နေ့ကို ငေးမျှော်ကြည့်နေမိပါလိမ့်မည်။ ပြီးတော့ ငှက်ကလေးများကိုလည်း အစာ ပစ်ကျွေးနေမိပေလိမ့်မည်။

သည့်နောက်ပိုင်းမှာတော့ နေပူဒဏ်မှ ကောင်းကောင်းလုံခြုံသည့် ဦးထုပ်ကြီး ကို ဆောင်းကာ ကတ်ကြေးတစ်လက် ကိုင်ပြီး လမ်းသလားရင်း စံအိမ်ကြီးအတွက် ပန်းများ ခူးနေမိပေလိမ့်မည်။ ကျွန်မ ကလေးဘဝတုန်းက သည်စံအိမ်ကြီးပုံ ပါသည့် ပို့စကတ်ကလေး တစ်ခုကို ဝယ်ခဲ့မိဖူးပါသည်။ သည်လို ဝယ်ခဲ့မိခြင်းသည် ကျွန်မဘဝ အတွက် ကြိုတင် နိမိတ်ဖတ်လိုက်ခြင်းပင် ဖြစ်ကြောင်း ယခုမှပင် သိရှိသဘောပေါက် ရပါတော့သည်။

သူက မန်ဒါလေစံအိမ်ကြီးကို ပြချင်လှပြီတဲ့…။

ကျွန်မ၏ စိတ်အာရုံထဲမှာ ဗလုံးဗထွေးတွေ ဖြစ်နေပြီ။ လူပုံသဏ္ဌာန်တွေလည်း တစ်ခုပြီးတစ်ခု ပေါ်လာသည်။ သူကတော့ ဘာမျှ မခံစားရသလို လိမ္မော်သီး စားနေသည်။ ကျွန်မကိုလည်း တစိမ့်စိမ့် ကြည့်နေသည်။ ကျွန်မ၏ စိတ်အာရုံထဲမှာတော့ သူနှင့်ကျွန်မ ယှဉ်တွဲပြီး လူအုပ်အလယ်တွင် ရပ်နေသည့် အဖြစ်ကိုသာ မြင်ယောင်နေမိပါတော့သည်။

"ကျွန်တော့် ဇနီးကို ခင်ဗျား မတွေ့ဖူးသေးဘူး ထင်တယ်"

ဟု သူက ပြောပေလိမ့်မည်။

မစ္စက်ဒီဝင်းတား။ ဘုရား… ဘုရား ကျွန်မသည် သူ့ဇနီး မစ္စက်ဒီဝင်းတား ဖြစ်ရတော့မှာပါကလား။ ကျွန်မ၏ နာမည်သည် မစ္စက်ဒီဝင်းတား ဖြစ်ရပါတော့မည်။ ချက်လက်မှတ်များပေါ်မှာ ကုန်ပစ္စည်းဝယ်ဖို့ အမှာစာများပေါ်မှာ၊ ညစာ ထမင်းလာစား ဖို့ မိတ်ဆွေများထံ ပို့သည့် ဖိတ်စာများပေါ်မှာ မစ္စက်ဒီဝင်းတားဟု ကျွန်မ လက်မှတ်ထိုး ရပါတော့မည်။

တယ်လီဖုန်းဖြင့် ကျွန်မ ပြောနေမည်ဖြစ်သော 'နောက် စနေနေ့ကျရင် မန်ဒါလေ စံအိမ်ကြီးကို အလည်လာကြပါဦးလားရှင်' ဟူသည့် စကားသံများကိုလည်း နားထဲမှာ ကြားယောင်နေမိပါသည်။ လူအုပ်ကြီး…

မှန်ပါသည်။ အမြဲတမ်း ဧည့်သည်လူအုပ်ကြီးဖြင့် ပြည့်ကျပ်နေပေလိမ့်မည်။

'ဟယ်… သူဟာ ရိုးရိုးကလေးနဲ့ ချစ်စရာကောင်းလှတယ်၊ သူနဲ့ တွေ့ဖြစ်အောင် တွေ့လိုက်စမ်းပါ"

ဒါကတော့ လူအုပ်ကြီးထဲက ကျွန်မနှင့် ပတ်သက်ပြီး ပြောမည့် စကား။ လူအုပ်ကြီး ၏ အစွန်တစ်နေရာတွင် သည်စကားမျိုးကို လေသံကလေးဖြင့် တိုးတိုးသက်သာ ပြောဆို နေကြပေလိမ့်မည်။ ကျွန်မကလည်း ထိုစကားကို မကြားချင်ယောင်ဆောင်ပြီး တစ်ဖက် ကို ကျော်ခိုင်း ထွက်သွားမိပေလိမ့်မည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မန်ဒါလေ စံအိမ်ဝင်းကြီးအတွင်းရှိ အိမ်တစ်ဆောင်ဆီသို့ ခြင်းတောင်းတစ်လုံး ကိုင်ကာ ကျွန်မ သွားမိပေလိမ့်မည်။ ထိုအိမ်တစ်ဆောင်ရှိ ဖျားနေသော အဘွားကြီး တစ်ယောက်အတွက် စပျစ်သီးများနှင့် မက်မုန်သီးများကို ခြင်းထဲမှာ ထည့်ယူလာခဲ့မိပေလိမ့်မည်။ လူမမာ အဘွားကြီးက လက်ဆန့်တန်းကာ ကျွန်မကို ကြိုဆိုလျက်။

"စိတ်နှလုံးထား မွန်မြတ်ပြီး အကြင်နာတရား ကြီးမားလှတဲ့အတွက် သူဌေးကတော် ကလေးကို ဘုရားသခင်က ကောင်းချီး ပေးသနားတော်မူပါတယ်ရှင်"

ဟု ပြောပေလိမ့် မည်။

"လိုချင်တာရှိရင် စံအိမ်ကြီးကို လူလွှတ်ပြီး အတောင်းသာ ခိုင်းလိုက်"

ဟုလည်း ကျွန်မက ပြန်လည်ပြောဆိုမိပေလိမ့်မည်။

မစ္စက်ဒီဝင်းတား။ ဟုတ်ပါသည်။ ကျွန်မသည် သူ့ဇနီး မစ္စက်ဒီဝင်းတား ဖြစ်ရပါတော့မည်။ ထမင်းစားခန်းကြီးထဲမှာ အရောင်တဖိတ်ဖိတ် တောက်ပြောင်နေသော စားပွဲကြီးနှင့် ရှည်လျားလှသော ဖယောင်းတိုင်ကြီးများကိုလည်း ကျွန်မ မြင်ယောင်နေမိပါသည်။ မက်ဇင်မ်က စားပွဲထိပ်မှာ ထိုင်လျက်။ ကျွန်မတို့သည် ထမင်းစားပွဲကလေးတစ်ခုကို လူပေါင်း ၂၄ ယောက်ဖြင့် ခင်းကျင်းနေကြခြင်း ဖြစ်ပါသည်။ ကျွန်မက ခေါင်းမှာ ပန်းတစ်ပွင့် ပန်လို့။ လူတိုင်းက ကျွန်မကိုသာ ငေးစိုက်ကြည့်နေကြမည်။ ပြီးတော့ ကိုယ်စီကိုယ်င ဖန်ခွက်များကို မြှောက်ကာ-

"သတို့သမီး ကျန်းမာရွှင်လန်းစေဖို့ ဆုတောင်းကြပါစို့"

ဟု ဆိုကြမည်။ သည့်နောက်ပိုင်းမှာတော့-

"မင်း ဒါလောက် ချစ်စရာကောင်းတာ တစ်ခါမှ ကိုယ်မမြင်ဖူးဘူးကွယ်"

ဟု မက်ဇင်မ်က ကျွန်မကို ပြောပါလိမ့်မည်။ စံအိမ်ကြီး၏ အဆောင်အဆောင် အခန်းတို့ကလည်း အေးချမ်းကာ ပန်းများဖြင့် ပြည့်နှက်နေပါသည်။ ပြီးတော့ ကျွန်မတို့၏ အိပ်ခန်း။ ဆောင်းရာသီများတွင် မီးလင်းဖိုမှာ မီးထည့်လို့။ ကျွန်မ၏ အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်ပါသည်။ အမျိုးသမီးတစ်ယောက် ဝင်လာပါသည်။ သူ့မျက်နှာကလည်း ပြုံးလို့ရွှင်လို့။ သူသည် မက်ဇင်မ်၏အစ်မ ဖြစ်ပါသည်။ သူက ပြောပါသည်။

"သူ ဒီလောက် ပျော်ရွှင်ချမ်းမြေ့အောင် မင်း ဖန်တီးပေးလိုက်တာ တကယ့်ကို အံ့သြစရာပါပဲကွယ်၊ လူတိုင်း သိပ်စိတ်ချမ်းသာနေကြတယ်၊ ညီမလေးရဲ့ တကယ့် အောင်ပွဲပါပဲ"

မစ္စက်ဒီဝင်းတား...။ ကျွန်မသည် မစ္စက်ဒီဝင်းတား ဖြစ်ရပါတော့မည်။

"လိမ္မော်သီးက ချဉ်လိုက်တာကွယ်၊ ကိုယ် မစားတော့ပါဘူး"

ဟု မစ္စတာ ဒီဝင်းတားက ပြောပါသည်။ ပြီးတော့ ကျွန်မကိုလည်း ငေးစိုက် ကြည့်နေပါသည်။ သူ့စကားလုံးများက ကျွန်မ၏ စိတ်အာရုံထဲသို့ ဖြည်းဖြည်းချင်း

mgyoe.com

mgyoe.com SAMPLE BOOK
ဝင်လာတော့မှပင် ပစ္စုပ္ပန်တည့်တည့်သို့ ကျွန်မ ပြန်ရောက်ပါတော့သည်။ စားပွဲပေါ်ရှိ သစ်သီးပန်းကန်ကို ငုံ့ကြည့်လိုက်မိပါသည်။ လိမ္မော်သီးအရောင်က ဖျော့တော့တော့ ဖြစ်နေပါသည်။ သူ ပြောသည်မှာ မှန်ပါသည်။ လိမ္မော်သီးက အလွန်ချဉ်လှပါသည်။ သည်တော့မှပင် ချဉ်သည့် ခါးသည့် အရသာကို ကျွန်မအလိုလို ခံစားလိုက်ရပါတော့သည်။

"မစ္စက်ဖန်ဟော့ပါးကို ကိုယ်တို့အကြောင်း ကိုယ် ဖွင့်ပြောပေးရမလား၊ ဒါမှမဟုတ် မင်းကိုယ်တိုင်ပဲ ပြောမလား"

ဟု သူက မေးပါသည်။

လက်သုတ်ပဝါကို သူက ဖြန့်ခေါက်နေသည်။ ပန်းကန်ကိုလည်း လွတ်ရာသို့ တွန်းပစ်လိုက်သည်။ သည်ပြဿနာကြီးကို ဘာမျှ အရေးမကြီးသော သာမန် အဖြစ်အပျက် ကလေးတစ်ခုသဖွယ် အေးအေးသက်သာ သူ ပြောနေပုံကို ကျွန်မ တွေးကြည့်နေမိပါ သည်။ ဆောင်ရွက်ရမည့် အစီအစဉ်များကို ရိုးရိုးကလေး ပြောနေသလို ရှိပါသည်။ ကျွန်မအဖို့မှာတော့ မိုးကျပြီး ပေါက်ကွဲသွားသလို ခံစားနေရပါသည်။ အပြင်းအထန် ပေါက်ကွဲကာ ထောင်သောင်းချီသော အစအနကလေးများအဖြစ် ကြေမွလွင့်စဉ်သွားသည် ဟု ခံစားလိုက်ရပါသည်။

"ရှင်ပဲ ပြောလိုက်ပါ၊ အဘွားကြီးတော့ အရမ်းစိတ်ဆိုးတော့မှာပဲ"

ထိုင်ရာမှ ကျွန်မတို့ ထလိုက်ကြပါသည်။ ကျွန်မ၏ စိတ်များ အလွန်အမင်းလှုပ် ရှားနေကာ မျက်နှာမှာ သွေးရောင်လွှမ်းနေပါသည်။ ခြေတွေ လက်တွေလည်း တဆတ်ဆတ် တုန်နေပါသည်။ အကယ်၍များ သူက ကျွန်မလက်ကို ဆွဲကိုင်ကာ–

"တို့ကို ဝမ်းသာစကား မင်း ပြောရလိမ့်မယ်နော်၊ ဒီမိန်းကလေးနဲ့ ကျုပ်နဲ့ လက်ထပ်ကြတော့မလို့လေ"

ဟုများ စားပွဲထိုးကို ပြုံးပြုံးကြီး ပြောလိုက်ချေသော် ခက်ရချည့်ရဲ့ဟု ကျွန်မ တွေးနေမိပါသည်။ သူ့စကားကို အခြားစားပွဲထိုးများကပါ ကြားလိုက်ကြရမည် ဆိုပါစို့။ အားလုံးက အပြုံးကိုယ်စီဖြင့် ကျွန်မတို့ကို ဦးညွှတ်အရိုအသေပြုပြီး နှုတ်ဆက်ကြပေလိမ့် မည်။ ညေ့ခန်းကြီးကို ဖြတ်ပြီး ကျွန်မတို့ လျှောက်သွားကြသောအခါတွင် အံ့သြတကြီး ဖြစ်သွားသည့် အမူအရာများ၊ စိတ်အားထက်သန်စွာ ပြောဆိုသံများ ဖုံးလွှမ်းသွားပေ လိမ့်မည်။

သို့သော်လည်း ကျွန်မ စိတ်ကူးကြည့်သလို ဖြစ်မလာပါ။ သူက စားပွဲထိုးကို ဘာစကားမျှ မပြောပါ။ ဘာမျှ မပြောတော့ဘဲ ကုန်းလျှောနေရာကလေးမှ သူ ထွက်ခွာ သွားပါသည်။ ကျွန်မကလည်း သူ့နောက်မှ ကပ်ပါရင်း ဓာတ်လှေကား ရှိရာသို့ သွားပါ သည်။ ညေ့ကြိုစားပွဲနားမှ ကျွန်မတို့ ဖြတ်လျှောက်သွားတော့ မည်သူကမျှ ကျွန်မ တို့ကို မော်၍ပင် မကြည့်ကြပါ။ ညေ့ကြိုစာရေးသည် စာရွက် တစ်ထပ်ကြီးဖြင့် အလုပ်ရှုပ် နေပါသည်။ သူ့လက်ထောက်ကိုလည်း သမင်လည်ပြန် ပြန်ကြည့်ရင်း စကားလှမ်းပြောနေ
mgyoe.com

mgyoe.com SAMPLE BOOK

ပါသည်။ ကျွန်မသည် မစ္စက်ဒီဝင်းတား ဖြစ်တော့မည့်အကြောင်းကို သူ ဘာမျှ သိပုံမပေါ်ဟု ကျွန်မ တွေးလိုက်မိပါသည်။ မန်ဒါလေစံအိမ်ကြီးမှာ ကျွန်မ နေထိုင်ရတော့မည်။ မန်ဒါလေစံအိမ်ကြီးကို ကျွန်မ ပိုင်ဆိုင်ရတော့မည်။

ဒုတိယထပ်သို့ ဓာတ်လှေကားဖြင့် ကျွန်မတို့ တက်လာကြသည်။ ပြီးတော့ စင်္ကြံလမ်းအတိုင်း ဆက်လျှောက်သွားကြသည်။ သူက ကျွန်မ၏ လက်တစ်ဖက်ကို ကိုင်ကာ ဟန်ပါပါ ဆွဲယမ်းရင်း လျှောက်လာပါသည်။

"အသက် ၄၂ နှစ် ဆိုတာ မင်းအတွက် သိပ်များကြီးနေပြီလို့ ထင်သလားဟင်"

ဟု သူက မေးပါသည်။

"အို… မထင်ပါဘူးရှင်၊ အသက်ငယ်တဲ့ ယောကျ်ားတွေကိုလည်း ကျွန်မ မကြိုက်ပါဘူး"

ဟု ကျွန်မက စိတ်အားထက်သန်စွာဖြင့် ခပ်မြန်မြန် ပြန်ဖြေလိုက်မိပါသည်။

"အသက်ငယ်တဲ့ ယောကျ်ားတွေအကြောင်းလည်း မင်း ဘယ်တုန်းကမှ မသိခဲ့ပါဘူးကွယ်"

ပြောရင်း ဆိုရင်းမှာပင် မစ္စက်ဗန်ဟော့ပါး၏ အခန်းရှေ့သို့ ရောက်လာကြပါသည်။

"ဒီအကြောင်းကို ကိုယ်တစ်ယောက်တည်း ဝင်ပြောပြလိုက်တာ ကောင်းလိမ့်မယ် ထင်တယ်"

ဟု သူက ပြောပါသည်။ တစ်ဆက်တည်းပင်-

"ကိုယ့်ကို တစ်ခု ပြောပြစမ်းပါဦး၊ ကိုယ်နဲ့ မြန်မြန်ဆန်ဆန် လက်ထပ်ရမယ့်အတွက် မင်း ဘယ်လိုမှ မအောက်မေ့ပါဘူးနော်၊ မင်္ဂလာခန်းဝင်ပစ္စည်းတွေ ဘာတွေ ဝယ်မနေချင်တော့ဘူး မဟုတ်လား၊ တကယ်တော့ ဒါတွေဟာ ဘာမှ အဓိပ္ပာယ်မရှိပါဘူးနော်၊ ဘာကြောင့်လဲ ဆိုတော့ လက်ထပ်တဲ့ ကိစ္စဟာ တစ်ရက် နှစ်ရက်အတွင်းမှာ အားလုံး ချောချောမောမော ပြီးသွားမှာပါ၊ စားပွဲပေါ်မှာတင် လက်ထပ်ခွင့် လိုင်စင်ရမယ်ကွာ၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီး ဖြစ်သွားမယ်ကွာ၊ ပြီးတော့ ဗင်းနစ်မြို့ကို မော်တော်ကားနဲ့ သွားကြမယ်၊ ဒါမှ မဟုတ်ရင်လည်း မင်းသွားချင်တဲ့ ဘယ်နေရာကို မဆိုပေါ့"

"ဘုရားရှိခိုးကျောင်းမှာ လက်ထပ်မှာ မဟုတ်ဘူးလား၊ ဟိုလေ… အဖြူရောင်ဂါဝန်ကို ဝတ်လို့၊ သတို့သမီးရံတွေ ဘာတွေနဲ့ပေါ့၊ ခေါင်းလောင်းတွေကလည်း ထိုးလို့လေ၊ ဘုရားစာတွေ ရွတ်တဲ့ အဖွဲ့နဲ့၊ အဲဒီလိုမျိုး မဟုတ်ဘူးလားဟင်၊ ပြီးတော့ အစ်ကို့ဆွေမျိုးတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေရော…"

ကျွန်မက တသိကြီး မေးချလိုက်မိပါသည်။

"မင်း မေ့သွားပြန်ပြီ၊ အဲဒီလို ပုံစံမျိုးနဲ့ အလျင်တုန်းက ကိုယ် လက်ထပ်ခဲ့ဖူးပြီလေ"

ဟု သူက ပြန်ပြောပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘွားကြီး၏ အခန်းရှေ့မှာ ကျွန်မတို့ ရပ်နေမိကြပါသည်။ စာထည့်သည့် ပုံးထဲသို့ ထိုးကြိတ်ထည့်ထားသော သတင်းစာများကို သတိပြုမိသည်။ သည်နေ့မနက် နံနက်စာ စားချိန်တွင် သတင်းစာကိုပင် မဖတ်အားလောက်အောင် ကျွန်မတို့ အလုပ်များခဲ့ကြပါသည်။

"ကဲ... ဘယ်လိုလဲ၊ မင်း သဘောထားက ဘယ်လိုလဲ"

"ကောင်းပါတယ်လေ၊ ကျွန်မက ကိုယ့်တိုင်းပြည်မှာ ပြန်ပြီး လက်ထပ်ကြရင် ကောင်းမလားလို့ စဉ်းစားလိုက်မိလို့ပါ၊ တကယ်ကတော့ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ကြဖို့တို့၊ လူတွေ တစ်လှေကြီး ဖိတ်တာမျိုးတို့၊ အဲဒီလို ကြီးကြီးကျယ်ကျယ်တွေပေါ့လေ၊ ဒါမျိုးကို ကျွန်မ မျှော်မှန်းမထားမိခဲ့ပါဘူး"

ကျွန်မက သူ့ကို ပြုံးပြလိုက်ပါသည်။ မျက်နှာ အမူအရာကိုလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေဟန် လုပ်ပြလိုက်ပါသည်။

"အဲဒါဆို တစ်မျိုး ပျော်စရာ ကောင်းမှာပေါ့နော်"

ဟူ၍လည်း သူ့ကို ဆက်ပြောမိပါသည်။

သူက အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ဧည့်ခန်း အဝင်ပေါက်သို့ ကျွန်မတို့ ဝင်လာခဲ့ကြပါသည်။

"သူငယ်မလားဟေ့..."

ဧည့်ခန်းတွင်းမှ မစ္စက်ဗန်ဟော့ပါး၏အသံ ထွက်လာပါသည်။

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ ရုံးကို ငါ ဖုန်းဆက်တာ သုံးခါ ရှိသွားပြီ၊ မင်းအရိပ်အယောင်ကိုတောင် မတွေ့ဘူးလို့ သူတို့က ပြောတယ်"

ကျွန်မ၏ ရင်ထဲမှာ ရယ်ချင်စိတ် ရုတ်တရက် ပေါ်လာပါသည်။ တစ်ဆက်တည်း ငိုချင်စိတ်လည်း ပေါ်လာပြန်ပါသည်။ ရယ်ခြင်းအမူ၊ ငိုခြင်းအမူ နှစ်ခုစလုံး တစ်ပြိုင်တည်း ပြုလုပ်လိုစိတ်လည်း ပေါ်လာပါသည်။ ပြီးတော့ ရင်ထဲမှာလည်း နာကျင်သည့် ဝေဒနာ တစ်မျိုးကို ခံစားလာရပါသည်။ ဒါတွေ ဘာမှ ဖြစ်မလာလျှင် ကောင်းလေစွဟူသော စိတ်ရူး စိတ်မိုက်ကလေးလည်း ထိုအချိန်အတွင်းမှာ ပေါ်လာပါသည်။ အခြား တစ်နေရာရာမှာ ကျွန်မ တစ်ယောက်တည်း ရှိနေလိုက်ချင်သည်။ သည်အတိုင်း လျှောက်သွားနေလိုက်ချင်သည်။ စိတ်လွတ်လက်လွတ်ဖြင့် လေကလေးပါ ချွန်နေလိုက်ချင်သည်။

"ဒါတွေအားလုံး ကျွန်တော့် အပြစ်ချည်းပါပဲ ခင်ဗျာ"

မစ္စတာဒီဝင်းတားက ပြောပြောဆိုဆိုဖြင့် အခန်းတံခါး ဖွင့်ကာ အတွင်းသို့ ဝင်သွားပါသည်။ ပြီးတော့ တံခါးကို ပြန်ပိတ်လိုက်သည်။ အဘွားကြီး၏ အံ့သြတကြီး အာမေဍိတ်ပြုသံကို ကြားလိုက်ရပါသည်။

ကျွန်မကမူ အိပ်ခန်းထဲသို့ ဝင်ခဲ့ပြီး ဖွင့်ထားသော ပြတင်းပေါက်နားမှာ ထိုင်လိုက်ပါသည်။ ဆရာဝန်၏ ဆေးဝါးကုသခန်း အပြင်ဘက်ရှိ ဧည့်ခန်းကလေးထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK
ထိုင်စောင့်နေသည်နှင့်ပင် တူသေးတော့သည်။ ယင်းကဲ့သို့ ထိုင်စောင့်ရင်း မဂ္ဂဇင်းတစ်အုပ်၏ စာမျက်နှာများကို လှန်လှောကြည့်နေရသလို၊ အရေးမကြီးသော ဓာတ်ပုံများကို အဓိပ္ပာယ်မရှိ ကြည့်နေရင်း ရေးထားသည့် ဆောင်းပါးများကိုလည်း ဖတ်နေရသလို၊ သို့သော်လည်း ထိုဆောင်းပါးပါ အကြောင်းအရာများကိုမူ ဘယ်တော့မှ ပြန်လည် မမှတ်မိတော့သလို ခံစားနေရပါသည်။

သွက်လက်ချက်ချာသည့် သူနာပြုဆရာမကလေး ထွက်လာသည်အထိ စောင့်နေရသည့်ပုံမျိုး။

''ကောင်းသွားပါပြီ၊ ခွဲစိတ်ကုသမှုဟာ သိပ်ကို အောင်မြင်သွားပါပြီ၊ ဘာမှ ပူစရာ မရှိတော့ပါဘူး၊ ကျွန်မတော့ အိမ်ပြန်ပြီး တစ်ရေးလောက် အိပ်ပစ်လိုက်ဦးမယ်''

ဟု ပြောသွားသလို ခံစားနေရပါသည်။

သည်ဟိုတယ်ခန်းမထဲက အုတ်နံရံများမှာ ထူထဲလွန်းလှပါသည်။ ထို့ကြောင့် တစ်ဖက် ဧည့်ခန်းတွင်းမှ စကားပြောသံများကို မကြားရပါ။ မစ္စတာဒီဝင်းတားက မစ္စက်ဗန်ယော့ပါးကို ဘာတွေများ ပြောနေမလဲ။ ဘယ်လို စကားလုံးတွေကိုများ သူ ရွေးချယ်အသုံးပြုနေမလဲဟု ကျွန်မ တွေးကြည့်နေမိပါသည်။

''ကျွန်တော်တော့ သူ့ကို မြင်မြင်ချင်း ချစ်နေမိတော့တာပါပဲဗျာ၊ ဒါကြောင့် နေ့တိုင်း ကျွန်တော်တို့နှစ်ယောက် ချိန်းတွေ့ခဲ့ကြတယ်လေ''

ဟုများ ပြောလေမလား။

''ဟုတ်တာပေါ့ မစ္စတာဒီဝင်းတားရယ်၊ ကျွန်မ ကြားခဲ့ဖူးသမျှတွေထဲမှာတော့ စိတ်ကူးယဉ်စရာ အကောင်းဆုံး အချစ်ဇာတ်လမ်းကလေးပါပဲ''

ဟု အဘွားကြီးက ပြန်ဖြေလေမည်လား။

စိတ်ကူးယဉ်စရာ အကောင်းဆုံးအချစ်…။

သည်အပေါ်ထပ်သို့ တက်လာစဉ် ဓာတ်လှေကားထဲမှာတုန်းက ကျွန်မ စိတ်ထဲမှာ ရှာဖွေကြည့်မိခဲ့သည့် စကားလုံးသည် ယင်းစကားလုံးပင် ဖြစ်ပါ၏။ ဟုတ်ပါတယ်ရှင်။ စိတ်ကူးယဉ်စရာ အကောင်းဆုံးသောအချစ်… လူတွေက သည်စကားလုံးကိုပင် သုံးနှုန်းပြောဆိုကြပေလိမ့်မည်။ စိတ်ကူးယဉ်စရာ အကောင်းဆုံးသောအချစ် ဆိုသည်မှာ ဖြုန်းဖြုန်းဒိုင်းဒိုင်း ပေါ်လာတတ်တာမျိုး ဖြစ်၏။ ပြီးတော့ အလွန်တရာလည်း စိတ်ကူးယဉ်လို့ကောင်းလှပေ၏။ ပြီးတော့ နှစ်ယောက်သား စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားကြဖို့ ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်ကြပါ၏။ စွန့်စားခန်းတစ်ခုနှင့်ပင် တူနေသေးတော့သည်။

ပြတင်းပေါက်အနီး ကုလားထိုင်ပေါ်မှာ ထိုင်ကာ ဒူးနှစ်ဖက်ကို သိုင်းဖက်ထားရင်း ကျွန်မကိုယ်ကျွန်မ ပြန်ပြုံးမိပါသည်။ ဘယ်လောက် အံ့သြစရာ ကောင်းလိုက်ပါသလဲ။ ကျွန်မ ကြုံတွေ့ ရင်ဆိုင်ရတော့မည့် ဘဝသည်လည်း ဘယ်လောက် ကြည်နူးချမ်းမြေ့စရာ ကောင်းလိုက်ပါသလဲဟုလည်း တွေးနေမိပါသည်။
mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မချစ်သောသူနှင့် ကျွန်မ လက်ထပ်ရတော့မည်။

ကျွန်မသည် မစ္စက်ဒီဝင်းတား ဖြစ်ရတော့မည်။ သူ့ဇနီး ဖြစ်ရတော့မည်။ ဆရာဝန်၏ လူနာကုသခန်း အပြင်ဘက်ရှိ ဧည့်ခန်းထဲမှာ ထိုင်သလို သည်နေရာမှာ ထိုင်ပြီး စောင့်နေရသည့်အတွက် ကျွန်မမှာ နေမထိထိုင်မသာ ဖြစ်လာပါသည်။ တကယ်ဆိုတော့ သဘာဝအတိုင်းသာ ဖြစ်ဖို့ ကောင်းပါ၏။ ကျွန်မ၏ ချစ်သူနှင့် အပြန်အလှန် လက်ချင်းချိတ်ကာ ဧည့်ခန်းထဲမှာ ထိုင်ပြီး အပြုံးချင်း ဖလှယ်ကြဖို့ ကောင်းပါသည်။ သည်လိုနေရင်း မစ္စတာဒီဝင်းတားက–

“ကျွန်တော်တို့နှစ်ယောက် လက်ထပ်ကြတော့မလို့လေ၊ ကျွန်တော်တို့ နှစ်ယောက် အရမ်းချစ်နေကြပြီ”

ဟုသာ ပြောဖို့ ကောင်းပါသည်။

အရမ်းချစ်နေကြပြီ။ သို့သော်လည်း ‘ချစ်နေမိပါပြီ’ ဆိုသော စကားလုံးကို ယခုအချိန်အထိ သူ မပြောဖူးသေးပါကလား။ အေးလေ၊ အချိန်မှ မရှိဘဲကိုး။ အခုကိစ္စက နံနက်စာ စားရင်း စားပွဲမှာ တက်သုတ်နှင်ကာ ပေါ်ပေါက်လာရသော အဖြစ်အပျက်ပင် မဟုတ်ပါလား။ လိမ္မော်ခွံယိုရယ်၊ ကော်ဖီရယ်၊ ပြီးတော့ လိမ္မော်သီးရယ် ဘယ်မှာ အချိန်ရှိလို့လဲ၊ လိမ္မော်သီးက သိပ်ချဉ်သတဲ့လေ။ ဒါကလေးလောက် ပြောဖို့ပဲ သူ့မှာ အချိန်ရခဲ့တာ။ ‘မင်းကို ကိုယ်ချစ်နေမိပြီ’ ဆိုတာမျိုး ပြောဖို့မှ အချိန်မရသေးဘဲ။

မဟုတ်သေးပါဘူး။ ‘ချစ်နေပါပြီ’ ဆိုသည့် စကားလုံးမျိုးကို သူ လုံးဝ မပြောခဲ့။ လက်ထပ်ကြစို့ ဆိုသော စကားကိုသာ သူ ပြောသည်။ တိုတိုနှင့် လိုရင်းပင်။ ပဓာနကျသော စကားလုံးကိုသာ သူ ပြောပါသည်။ တကယ်ဆိုတော့လည်း တိုတိုနှင့် လိုရင်းကို ပြောကာ ပဓာနကျသည့် ချစ်ရေးဆိုမှုမျိုးက ပိုလို့ ကောင်းမြတ်လှပါ၏။ ပိုပြီး စစ်မှန်လှပါ၏။ တခြားလူတွေလို မဟုတ်။ စကားတွေ ဖောင်လောက်အောင် ပြောနေသော်လည်း အစစ်အမှန် ဆိုလို့ တစ်ဝက်မျှပင် မပါတတ်သော ယောက်ျားငယ်ငယ်ကလေးတွေလို မဟုတ်။ ယောက်ျားငယ်ငယ်တွေက ချစ်လှပါသည်။ ကြိုက်လှပါသည်ဟု လျှာ အရိုးမရှိတိုင်း ပြောသလိုမျိုး မဟုတ်။

ရာဘက်ကာကို ပထမဦးဆုံးအကြိမ် သူ ချစ်ရေးဆိုခဲ့ဖူးသလို မဟုတ်။

အို… ဒီအကြောင်းကို ငါ မစဉ်းစားရ။ မတွေးရ။ ဆေးဖယ်ပစ်လိုက်။ မေ့ပစ်လိုက်။ နတ်မိစ္ဆာတွေက ငါ့ခေါင်းထဲ လာထည့်ပေးတာတွေကို လက်မခံနဲ့။ တွန်းထုတ်ပစ်လိုက်။ ရာဘက်ကာ ဆိုတာကို တွေးမိတာဟာ မကောင်းဆိုးရွားတွေက လုပ်ကြံဖန်တီးထည့်လိုက်တာ။ မတွေးနဲ့။ ဘယ်တော့မှ မတွေးနဲ့။ မတွေးနဲ့… မတွေးနဲ့…ငါ့ကို သူချစ်တယ်။ သူက ငါ့ကို မန်ဒါလေစံအိမ်ကြီး ပြချင်တယ်။ မန်ဒါလေစံအိမ်ကြီးက အများသူငါတွေ ပြောဆိုနေကြသလိုပဲ တကယ်ပဲ ကြီးကျယ်ခမ်းနားသလား။ ငါ့ကိုကော လှိုက်လှဲပျူငှာ လက်ခံ ကြိုဆိုကြပါ့မလား။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ၏ အိပ်ရာဘေးမှာ ကဗျာစာအုပ်တစ်အုပ် ရှိနေပါသည်။ ကျွန်မကို ထိုကဗျာစာအုပ် ငှားထားမိကြောင်းကိုလည်း သူ မေ့နေပြီ။ ထိုစာအုပ်ကလည်း သူ့အတွက် ဘာမျှ တန်ဖိုးမရှိတော့ပြီ။

''ကဲ... လုပ်စမ်း''

မကောင်းဆိုးရွားက ကျွန်မကို လေသံတိုးတိုးဖြင့် ပြောနေပြီ။

''အဖွင့်စာမျက်နှာကို လှန်လိုက်စမ်း၊ မင်း လုပ်ချင်နေတာဟာ ဒါပဲ မဟုတ်လား၊ ကဲ... အဖွင့်စာမျက်နှာကို လှန်လိုက်စမ်းကွာ''

မကောင်းဆိုးဝါးက ဆက်ပြောနေပါသည်။ ဘာဆိုင်လို့လဲ။ ဘာအဓိပ္ပာယ်ရှိသလဲဟု ကျွန်မကိုယ် ကျွန်မ ပြန်ပြောမိပါသည်။ ဒီကဗျာစာအုပ်ကို တခြားပစ္စည်းတွေနဲ့ အတူတူ ရောထားလိုက်ရင် ပြီးတာပဲ မဟုတ်လား။

ကျွန်မ တစ်ချက် သမ်းဝေလိုက်မိပါသည်။ ပြီးတော့ အိပ်ရာဘေးမှ စားပွဲဆီသို့ စိတ်မှတ်မထင် လျှောက်သွားမိသည်။ စားပွဲပေါ်က ကဗျာစာအုပ်ကို ကောက်ယူလိုက်သည်။ ထိုအချိန်မှာပင် အိပ်ရာဘေးက လျှပ်စစ်မီးကြိုးနှင့် ခြေထောက်ငြိပြီး ယိမ်းယိုင်သွားပါသည်။ ထို့ကြောင့် လက်ထဲမှ စာအုပ်က ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားပါသည်။ ငုံ့ကြည့်လိုက်တော့ စာအုပ်က ပွင့်လျက်။ ပွင့်နေသည့် စာမျက်နှာကလည်း အဖွင့်စာမျက်နှာ။

'မက်ဇ်သို့... ရဘက်ကာ ထံမှ...'

သည်မိန်းမ သေသွားပြီ။ သေသွားသူ တစ်ယောက်အကြောင်းကို ဘာမျှ စဉ်းစားနေစရာ မလို။ သေသွားကြသူများသည် ငြိမ်းချမ်းစွာ အိပ်ပျော်သွားကြခြင်း ဖြစ်သည်။ လူတို့ကို မြှုပ်နှံရာ မြေပုံပတ်လည်မှာလည်း မြက်ပင်များ ရှည်လျားစွာ ပေါက်နေကြပြီ။ သူ အသက်ရှင်စဉ်က ဘာတွေပဲ ရေးခဲ့ ရေးခဲ့၊ သူ့မှာ ဘယ်လို အားမာန်တွေပဲ ရှိခဲ့ ရှိခဲ့၊ အဓိပ္ပာယ်မရှိတော့ပြီ။ စာလုံးကလေးတွေက ခပ်စောင်းစောင်း။ မင်က ခပ်ပြန့်ပြန့်။ မနေ့တုန်းကမှ ရေးထားဘိသကဲ့သို့ ရှိချေသည်။

ကျွန်မသည် အလှပြင်ပစ္စည်းများ ထည့်သည့် သေတ္တာထဲမှ လက်သည်းညှပ်သော ကတ်ကြေးကို ထုတ်ယူလိုက်သည်။ ပြီးတော့ ထိုစာ ရေးထားသည့် စာရွက်ကို ညှပ်ပစ်လိုက်သည်။ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်လိုက်မိသူလို နောက်သို့ သမင်လည်ပြန် လှည့်ကြည့်မိပါသည်။

အစအနကလေးပင် မကျန်အောင် ကျွန်မ ဖြတ်ယူလိုက်ပါသည်။ ထိုစာရွက်ကလေး မရှိတော့သောအခါတွင် စာအုပ်ကလေးသည် ဖြူဖြူဖွေးဖွေးနှင့် သန့်ရှင်းစင်ကြယ်သွားလေပြီ။ တစ်ကြိမ် တစ်ခါမှ အကိုင်အတွယ် မခံရသေးသော စာအုပ်အသစ်ကလေးသဖွယ် ဖြစ်သွားသည်။ ညှပ်ယူပြီးသည့် စာရွက်ကို အစိတ်စိတ်အမြွာမြွာ ဆွဲဖြဲကာ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ပြီးတော့ ပြတင်းပေါက်နားမှ ကုလားထိုင်ဆီသို့ ပြန်သွားပြီး ထိုင်နေလိုက်ပါသည်။ သို့သော်လည်း အမှိုက်ခြင်းထဲမှ စာရွက်စုတ်ကလေးများ အကြောင်းကို ကျွန်မ တွေးနေမိပြန်သည်။ ခဏကြာတော့ ထိုင်ရာမှ ထပြီး အမှိုက်ခြင်းဆီသို့ သွားကာ စာရွက်စုတ်ကလေးများကို ငုံ့ကြည့်မိပါသည်။

အစိတ်စိတ်အမြွာမြွာ ဖြစ်နေသည့်တိုင်အောင် ရေးထားသည့် မင်အရောင်များက ထင်းထင်းကြီး ပေါ်နေပြန်သည်။ ထိုလက်ရေးသည် ပျက်စီးမသွားသေး။ မီးခြစ်ယူပြီး စာရွက်စုတ် အပိုင်းအစများကို မီးတင်ရှို့ပစ်လိုက်မိသည်။ စာရွက်စုတ်ကလေးများကို လောင်ကျွမ်းနေသည့် မီးတောက်ကလေးက ချစ်စရာ ကောင်းလှပါသည်။ မီးရှိန်ကြောင့် တွန့်လိမ်သွားကာ တဖြည်းဖြည်း ပြာဖြစ်သွားသည့် စာရွက်စုတ်ကလေးများ၏ အဖြစ်ကို ကြည့်ရသည်မှာ အရသာ ရှိလှပါသည်။ လက်ရေးစာလုံး စောင်းစောင်းကလေးများမှာ မည်သည့်နည်းနှင့်မျှ ထင်ထင်ရှားရှား ရပ်တည်မနေနိုင်တော့။ စာရွက်စုတ်များ ဘဝမှ ပြာမှုန်ဘဝသို့ ကူးပြောင်းသွားရလေတော့သည်။

'ရကောက်'အက္ခရာကို နောက်ဆုံးမှ လောင်သည်။ ဒါတောင် မီးတောက်ထဲမှာ သူက တွန့်လိမ်ကောက်ကွေးနေသေးသည်။ ခဏကြာအောင် နန့်ကြာဆွဲနေလိုက်သေးသည်။ မူလကထက် ပိုပြီး ကြီးမားလာသေးသည်။ နောက်ဆုံးကျတော့မှ မီးတောက်က သူ့ကို အနိုင်ယူ ဖျက်ဆီးပစ်လိုက်လေတော့သည်။ ပြာဘဝမျှပင် မကတော့။ စိစိညက်ညက် ကြေသည့် ပြာမှုန်များ ဘဝသို့ ရောက်သွားလေတော့သည်။

ရေစင်ရှိရာသို့ သွားပြီး ကျွန်မ၏ လက်နှစ်ဖက်ကို ဆေးကြော သုတ်သင်ပစ်လိုက်သည်။ စိတ်ထဲမှာ အများကြီး သက်သာသွားပါပြီ။ စိတ်သစ် လူသစ် ဘဝသစ်သို့ ရောက်သွားသလိုလည်း ခံစားလိုက်ရပါသည်။ နံရံပေါ်မှာ ချိတ်ဆွဲထားသည့် ပြက္ခဒိန်တွင် ဇန်နဝါရီလ ၁ ရက်နေ့ကို ညွှန်ပြနေတာ ကြည့်နေသလို ရှိချေသည်။ နှစ်အသစ်၊ လအသစ်၊ နေ့အသစ်၊ အားလုံးအသစ်။ ကျွန်မလည်း လူသစ် စိတ်သစ်။ ယုံကြည်ချက်အသစ်။

အခန်းတံခါး ပွင့်သွားပြီး မစ္စတာဒီဝင်းတား အခန်းတွင်းသို့ ဝင်လာသည်။

"အားလုံး အဆင်ပြေသွားပါပြီ၊ အဘွားကြီး အံ့အားသင့်ပြီး ရုတ်တရက် စကားပြန်မပြောနိုင်ဘူး၊ ဒါပေမဲ့ သူ့ စိတ်ကို သူ ထိန်းနိုင်သွားပါပြီ၊ အောက်ထပ်က ရုံးခန်းကို သွားလိုက်ဦးမယ်၊ ပထမရထားနဲ့ မစ္စက်ဗန်ဟော့ပါး လိုက်သွားနိုင်ဖို့ စီစဉ်ပေးလိုက်ဦးမယ်၊ ပထမတော့ သူက ဇဝေဇဝါပဲ၊ ကိုယ်တို့ လက်ထပ်စာချုပ် လက်မှတ်ထိုးရာမှာ သူက သက်သေအဖြစ် လက်မှတ်ဝင်ထိုးခွင့်များ ရမလားလို့ မျှော်လင့်ပုံပဲ၊ ဒါပေမဲ့ ကိုယ်က ခပ်ပြတ်ပြတ်ပဲ ငြင်းလိုက်တယ်၊ ကဲ··· သူနဲ့ စကားသွားပြောလိုက်ပါဦး"

ဝမ်းသာကြောင်း၊ ပျော်ရွှင်ကြောင်းများကို တစ်လုံးတစ်ပါဒမျှ သူ ပြောမသွားပါ။ ကျွန်မ လက်ကို ဆွဲပြီး အဘွားကြီးရှိနေသည့် ဧည့်ခန်းတွင်းသို့လည်း ခေါ်မသွားပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးရယ်ကာ လက်မြှောက် ဂုဏ်ယမ်းပြပြီး စကြံအတိုင်း တစ်ယောက်တည်း လျှောက်ထွက်သွားလေသည်။ ကျွန်မလည်း မစ္စက်ဗန်ဟော့ပါး ရှိရာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့မိသည်။ ဘာလုပ်ရမှန်းလည်း မသိ။ မနေတတ် မထိုင်တတ်လည်း ဖြစ်နေမိပါသည်။ အခြားအိမ်ရှင်မတစ်ဦး၏ လက်သို့ လွှဲပြောင်းပေးအပ်ခြင်း ခံရသော အိမ်ဖော်တစ်ယောက်လိုလည်း ခံစားနေမိပါသည်။

မစ္စက်ဗန်ဟော့ပါးသည် ပြတင်းပေါက်နားမှာ မတ်တတ်ရပ်ကာ စီးကရက်သောက်နေသည်။ သူ့ကို ကျွန်မ ထပ်မံတွေ့ရတော့မည် မဟုတ်ပြီ။ သူ့ကုတ်အင်္ကျီကြီးက ကြီးမားသော ရင်သားပေါ်မှာ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသည်။ ရယ်စရာကောင်းသော သူ့ဦးထုပ်ကြီးကိုလည်း ခေါင်းပေါ်မှာ တစောင်း ဆောင်းထားသည်။

"ကောင်းသပေါ့လေ…"

သူက စတင် ပြောဆိုပါသည်။ လေသံက ခြောက်ကပ်ကပ်နှင့် မာရေကျောရေနိုင်လှပါသည်။ မစ္စတာဒီဝင်းတားနှင့် ပြောလေ့ရှိသော လေသံမျိုး မဟုတ်။

"တစ်ပြိုင်တည်းမှာ အလုပ်နှစ်ခု လုပ်တတ်တဲ့ မိန်းကလေးအနေနဲ့ မင်းကို ချီးကျူးရတော့မလို ဖြစ်နေပြီ၊ ငြိမ်တဲ့ရေဟာ အင်မတန်နက်တယ် ဆိုတာလိုပဲ…မင်းကိစ္စကို နည်းနည်းကလေးမှ မရိပ်မိလိုက်ဘူး၊ နေစမ်းပါဦး၊ ဒီဘဝ ရောက်သွားအောင် မင်း ဘယ်လိုများ ကုလားဖန်ထိုးလိုက်ပါလိမ့်"

ဘယ်လို ပြန်ဖြေရမည်ကို ကျွန်မ မသိပါ။ သူ ပြုံးပုံကိုလည်း ကျွန်မ မနှစ်သက်ပါ။

"ငါ တုပ်ကွေးမိပြီး အိပ်ရာထဲ လဲသွားတာ မင်းအဖို့ ကံကောင်းဖို့ ဖြစ်သွားတာပေါ့လေ၊ အဲဒီရက်တွေကို မင်း ဘယ်လို အသုံးချခဲ့တယ်ဆိုတာ အခုမှပဲ ငါ သဘောပေါက်တော့တယ်၊ နောက်ပြီးတော့ အမေ့မေ့ အလျော့လျော့နဲ့ မင်း ဖြစ်နေခဲ့တာတွေကိုလည်း ခုမှ သဘောပေါက်တော့တယ်၊ ငါ့ကို ပြောတော့ တင်းနစ် အရိုက်သင်နေတယ်ပေါ့လေ၊ ဟင်း ဟင်း… ငါ့ကို အကျိုးအကြောင်းလောက်တော့ ပြောပြခဲ့ဖို့ကောင်းတယ်"

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်"

အဘွားကြီးက ကျွန်မကို စူးစမ်းသလို ကြည့်သည်။ ခြေဆုံးခေါင်းဖျား မျက်စိကစားသည်။

"တစ်ရက် နှစ်ရက်အတွင်း မင်းကို လက်ထပ်ယူချင်တယ်လို့ သူက ငါ့ကို ပြောတယ်၊ မင်းမှာ ခွင့်တောင်းစရာ မိဘ ညီအစ်ကိုမောင်နှမ မရှိတာ ကံကောင်းသွားပြန်တာပေါ့လေ၊ အေးပါလေ… ငါ့အနေနဲ့လည်း ဘာမှ လုပ်စရာ မလိုတော့ပါဘူး၊ ဒီပြဿနာတွေ အားလုံးထဲက ငါ လက်ရှောင်လိုက်ပါပြီ၊ သူ့မိတ်ဆွေ အပေါင်းအသင်းတွေက ဘယ်လို ထင်ကြမလဲ ဆိုတာပဲ ငါ စဉ်းစားကြည့်မိတယ်၊ ဒါလည်း သူ့အပေါ် တည်တာပေါ့လေ၊ နေစမ်းပါဦး၊ မင်းထက် အများကြီး အသက်ကြီးတယ် ဆိုတာတော့ မင်း သဘောပေါက်ပြီးသားပါနော်"

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့ အသက်က ၄၂ နှစ်ပဲ ရှိပါသေးတယ်၊ နောက်ပြီးတော့ ကျွန်မကလည်း ၂၁ နှစ် ဆိုတော့ ကောင်းကောင်း အရွယ်ရောက်နေပါပြီ"

အဘွားကြီးက ရယ်ပါသည်။ စီးကရက် ပြာများကိုလည်း ကြမ်းပြင်ပေါ်သို့ ခြွေချလိုက်ပါသည်။

"ကိုယ်ထင် ခုတင်ရွှေနန်း ဆိုတာမျိုးပေါ့အေ"

မစ္စက်ဗန်ဟော့ပါးက ကျွန်မကို ကြည့်ရှု အကဲခတ်နေပြန်ပါသည်။ ဘယ်တုန်းကမျှ မကြည့်ခဲ့ဖူးသော အကြည့်မျိုးဖြင့် ကြည့်နေခြင်း ဖြစ်သည်။ အကဲဖြတ်သည့် အကြည့်မျိုး။ တိရစ္ဆာန် ပြပွဲ ပြိုင်ပွဲများတွင် အကဲဖြတ် လူကြီးများက အမှတ်ပေးနိုင်ရန် တိရစ္ဆာန်များကို ကြည့်ရှု အကဲဖြတ်သည့် အကြည့်မျိုး။ သူ့မျက်လုံးထဲမှာ စပ်စုသည့် အရိပ်အယောင်များ ပေါ်နေသည်။ မလိုတမာ အရိပ်အယောင်မျိုးကိုလည်း မြင်တွေ့နေရပါသည်။

"ပြောစမ်းပါဦး၊ မလုပ်သင့်တာ တစ်ခုခုကိုများ မင်း လုပ်ခဲ့မိပြီလား"

ဟု သူက ဆက်မေးပြန်ပါသည်။ မိတ်ဆွေအချင်းချင်း တရင်းတနှီး မေးသည့် ပုံစံမျိုး ဖြစ်သည်။ တကယ်တော့ ကျွန်မကို ဆယ်ရာခိုင်နှုန်း ကော်မရှင် ပေးခဲ့သည့် အင်္ဂလိပ်ချုပ်သော အမျိုးသမီး ဘလေ့ဇ်နှင့် သည်အဘွားကြီးမှာ တူညီလှပါသည်။

"ရှင် ဘာကို ဆိုလိုသလဲ ဆိုတာ ကျွန်မ မသိပါဘူးရှင်"

အဘွားကြီးက ရယ်သည်။ ပခုံးများကိုလည်း တွန့်လိုက်သည်။

"ကဲ… ထားပါတော့လေ၊ ဒါပေမဲ့ အင်္ဂလိပ်မကလေးတွေဟာ မြင်းပွဲမှာ ခြေလှမ်းထားတဲ့ ကော်ကောင်မြင်းတွေပဲလို့ အမြဲတမ်း ငါ ပြောလေ့ရှိတယ်၊ မင်းလည်း ဒီအတိုင်းပေါ့လေ၊ အခုတော့ ပါရီမြို့ကို ငါတစ်ယောက်တည်းပဲ ခရီးဆက်ရတော့မှာပေါ့၊ လက်ထပ်ခွင့်လိုင်စင် ရဖို့ မင်းခင်ပွန်းလောင်းက ကြိုးစားနေတုန်း ငါက မင်းကို ဒီမှာ ခွဲထားခဲ့ပြီး သွားရတော့မှာပေါ့၊ မင်းတို့ လက်ထပ်ပွဲတက်ဖို့ ငါ့ကို သူ မဖိတ်တာတော့ သတိထားမိသကွဲ့"

"ဘယ်သူ့ကိုမှ သူ မဖိတ်ချင်ဘူးလို့ ကျွန်မ ထင်ပါတယ်၊ နောက်ပြီးတော့လည်း အဲဒီအချိန်လောက်ဆိုရင် ရှင်ကလည်း သင်္ဘောနဲ့ ခရီးဆက်နေလောက်ပြီ မဟုတ်လား"

"ဟင်း… ဟင်း…"

သူက ပါးစပ်မဖွင့်ဘဲ ထိုမျှသာ အသံပြုကာ အလှပြင်ပစ္စည်းများထည့်သည့် သေတ္တာကို ဖွင့်သည်။ ပြီးတော့ သူ့နှာခေါင်းကို ပေါင်ဒါ ထပ်ရိုက်နေသည်။

"မင်းစိတ်ကိုမင်း ကောင်းကောင်းသိမယ်လို့ ငါ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကြီးတစ်ခုလုံးကို မင်းတို့ တက်သုတ်ရိုက်လိုက်ကြတာ မဟုတ်လား၊ တစ်ပတ်နှစ်ပတ် အချိန်ကလေးအတွင်းမှာ ဖြစ်သွားတာလေ၊ သူဟာ ပေါင်းရ သင်းရ လွယ်တဲ့ လူလို့တော့ ငါ မထင်ဘူး၊ သူ့ ဓလေ့စရိုက်အတိုင်း မင်း လိုက်နာ ကျင့်ကြံနိုင်ဖို့ လိုတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

အခုအချိန်အထိ မင်းကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုပြီး မင်းဘဝအတွက် ဘာတစ်ခုမှ မလုပ်ရသေးဘူး၊ မင်းအတွက် အစစအရာရာ ငါကပဲ ပုံစံချပြီး လုပ်ပေးခဲ့တာ မဟုတ်လား၊ အခုတော့ မန်ဒါလေ စံအိမ်ကြီးရဲ့ အိမ်ကြီးရှင်မအဖြစ် မင်း တာဝန်ယူရတော့မယ်၊ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် သူငယ်မ၊ ဒီတာဝန်တွေကို ဘယ်နည်းနဲ့မှ ညည်း ဖြောင့်ဖြောင့်တန်းတန်း ယူနိုင်လိမ့်မယ်လို့ ငါ မထင်ဘူး''

လွန်ခဲ့သည့် တစ်နာရီလောက်တုန်းက သည်အတိုင်းပဲ ကျွန်မ စဉ်းစားခဲ့ပါသေးသည်။ ယခု သူ့စကားလုံးများက ကျွန်မ၏ အတွေးဟောင်းကို ပြန်ပြီး ပဲ့တင်ရိုက်နေသလို ရှိပါသည်။

''မင်းမှာ ဘာတွေ့အကြုံမှလည်း မရှိဘူး၊ သူတို့ပတ်ဝန်းကျင် အခြေအနေတွေအကြောင်းကိုလည်း မင်း မသိဘူး၊ ငါတို့ ဖဲကစားပြီး လက်ဖက်ရည်သောက်ကြတဲ့အခါမှာတောင် စကားတစ်လုံးကို အမြီးအမောက်တည့်အောင် မင်း ပြောတတ်တာ မဟုတ်ဘူး၊ သူ့ပတ်ဝန်းကျင် သူ့အဝိုင်းအဝိုင်း သူ့မိတ်ဆွေသင်္ဂဟတွေနဲ့ ဆက်ဆံရတဲ့အခါမှာ မင်း ဘယ်လို စကားပြောမလဲ၊ သူ့အရင်မိန်းမ အသက်ရှင်စဉ်တုန်းက မန်ဒါလေစံအိမ်ကြီးမှာ သူတို့ ကျင်းပခဲ့ကြတဲ့ ဧည့်ခံပွဲကြီးတွေဟာ အင်မတန် ကျော်ကြားပေတာပဲ၊ အေးလေ··· ဒီအကြောင်းတွေ သူက မင်းကို ပြောပြထားပြီးပြီလား''

ကျွန်မ အိုးတိုးအမ်းတမ်း ဖြစ်နေမိပါသည်။ သို့သော် မစ္စက်ဗန်ဟော့ပါးက ဆက်ပြောပြန်ပါသည်။ ကျွန်မအဖြေကို မစောင့်သည့်အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရပေဦးတော့မည်။

''သဘာဝတရားအတိုင်း ဆိုရင်တော့ သူက မင်းကို စိတ်ချမ်းသာစေချင်မှာပေါ့လေ၊ သူဟာ အင်မတန် စွဲမက်စရာကောင်းတဲ့လူ ဖြစ်တယ် ဆိုတာကိုတော့ ငါ လက်ခံပါတယ်၊ ဒါပေမဲ့ အင်း··· ဟို··· ဝမ်းတော့နည်းပါရဲ့ကွယ်၊ ငါ ထင်တာကတော့ မင်းဟာ ဧရာမအမှားကြီး တစ်ခုကို လုပ်နေတာပဲ၊ ဒီအတွက် မင်း အကြီးအကျယ် စိတ်ဆင်းရဲရလိမ့်မယ်''

ပေါင်ဒါဘူးကို သူ ပြန်ချလိုက်သည်။ ပြီးတော့ ကျွန်မကို သမင်လည်ပြန် ပြန်ကြည့်နေပြန်ပါသည်။ နောက်ဆုံးမှာတော့ သူ ရိုးရိုးသားသား စေတနာနှင့် ပြောဆိုဟန် တူပါသည်။ သို့သော်လည်း ထိုရိုးသားပုံမျိုးကို ကျွန်မ အလိုမရှိပါ။ ကျွန်မ ဘာမျှ မပြောဘဲ နေလိုက်သည်။ သို့သော်လည်း ကျွန်မ၏ မျက်နှာ အမူအရာကတော့ ဘယ်နည်းနှင့်မျှ ရွှင်ရွှင်ပျပျ မရှိနိုင်တော့ပါ။ ထို့ကြောင့်လည်း မစ္စက်ဗန်ဟော့ပါးက အလှပြင်စားပွဲ ရှိရာသို့ လျှောက်သွားသည်။ မှန်ထဲမှာ ကြည့်ပြီး မှိုပွင့်ငယ်သဏ္ဌာန် သူ့ဦးထုပ်ကို ပြင်ဆောင်းနေသည်။

သည်အဘွားကြီး သွားတော့မည် ဆိုသည့်အတွက် ကျွန်မ ဝမ်းသာနေမိသည်။ သူနှင့် ထပ်တွေ့ရတော့မှာ မဟုတ်သည့်အတွက်လည်း ဝမ်းသာမိသည်။ သူနှင့်အတူ

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ဖြုန်းခဲ့ရသည့် လတွေ၊ ကျွန်မကို သူ အလုပ်ခန့်ထားခဲ့တာတွေ၊ သူ ပေးသည့် ပိုက်ဆံများကို ယူခဲ့မိတာတွေ၊ သူ သွားလေရာရာ နောက်သို့ အရိပ်ပမာ တကောက်ကောက် လိုက်ခဲ့ရတာတွေ၊ အို… ဒါတွေအားလုံးကို ကျွန်မ စိတ်အနာကြီး နာမိပါသည်။ အာဃာတ စိတ်တွေ အပွားကြီး ပွားမိပါသည်။

ကျွန်မတွင် ဘာအတွေ့အကြုံမျှ မရှိသည်မှာ မှန်ပါသည်။ ကျွန်မသည် ရှုံးရှုံး မိုက်မိုက် ဖြစ်သည်မှာ မှန်ပါသည်။ အရက်အကြောက် ကြီးသည်။ အသက်ငယ်သည်။ ဒါတွေ အားလုံးကို ကျွန်မ သိပါသည်။ သူ ပြောပြနေစရာ မလိုပါ။ ယခုတော့ သူ ပြောပုံ ဆိုပုံတွေက သိသာ ထင်ရှားလှသည်။ ကျွန်မ လင်ကောင်း သားကောင်း ရမည့်အတွက် သူက မနာလိုတိုရှည် ဖြစ်နေပုံရသည်။ ကြားက ဝမ်းနည်းပက်လက် ဖြစ်နေပုံရသည်။

ကောင်းပါပြီ။ ကျွန်မအနေဖြင့် ဘာမျှ ဂရုစိုက်နေစရာ မလိုပါ။ သူ့ကို ကျွန်မ မေ့ပစ်ရမည်။ သူ ပြောသော မှီချိုး မှုစ်ချိုး စကားလုံးများကိုလည်း မေ့ပစ်ရမည်။ ဟို ကဗျာစာအုပ်ထဲက စာရွက်ကို ဆွဲဖြဲပြီး အစိတ်စိတ်အမြွှာမြွှာ ဆုတ်ကာ မီးရှို့ပစ်လိုက်ပြီး ကတည်းက ကျွန်မ၏ စိတ်ထဲမှာ ယုံကြည်ချက်အသစ်တွေ မွေးဖွားလာသည်။

ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်ကြားမှာ အတိတ်အကြောင်းတွေ လုံးဝ ပေါ်ပေါက်ရတော့မည် မဟုတ်ပါ။ ကျွန်မတို့ ဇနီးမောင်နှံသည် ဘဝသစ်တစ်ခုကို စတင် ထူထောင်ကြရပါတော့မည်။ အမှိုက်ခြင်းထဲမှာ ပြာမှုန်များ ပျောက်ကွယ်သွားသလို အတိတ် သည်လည်း လွင့်ပါးပျောက်ကွယ်သွားပါပြီ။

ကျွန်မသည် မစ္စတာဒီဝင်းတား၏ဇနီး မစ္စက်ဒီဝင်းတား ဖြစ်ရပါတော့မည်။ ကျွန်မသည် မန်ဒါလေစံအိမ်ကြီးမှာ သွားရောက် နေထိုင်ရပါတော့မည်။

မကြာမြင့်တော့သော အချိန်တွင် မစ္စက်ဗန်ဟော့ပါး ထွက်ခွာတော့မည်။ ကျွန်မ မပါဘဲ သူတစ်ယောက်တည်း မီးရထားတွဲထဲမှာ ထိုင်လိုက်သွားရတော့မည်။ သည်အခါ တွင် မစ္စတာဒီဝင်းတားနှင့် ကျွန်မကတော့ သည်ဟိုတယ် စားသောက်ခန်းအတွင်းရှိ ထိုင်နေကျ စားပွဲမှာ ထိုင်ပြီး နေ့လယ်စာကို အတူ စားသောက်နေကြတော့မည်။ ရှေ့ရေး အစီအစဉ်တွေကို တိုင်ပင် ချမှတ်နေကြတော့မည်။

ဧရာမစွန့်စားခန်းကြီး၏ ရှုတ်ခမ်းသားပေါ်သို့ ရောက်ရှိနေပါပြီ။ သည်အဘွားကြီး ထွက်သွားပြီးသည်နှင့် တစ်ပြိုင်တည်း နောက်ဆုံးမှာတော့ ကျွန်မကို ချစ်မြတ်နိုးကြောင်းနှင့် သူ ပျော်ရွှင် စိတ်ချမ်းမြေ့မိကြောင်းများကို ပြောပြပေလိမ့်မည်။

ယခုအချိန်အထိတော့ ထိုစကားတွေ ပြောဖို့ သူ့မှာ အချိန်မရှိသေးပါ။ နောက် ပြီးတော့ သည်လို စကားမျိုး ဆိုသည်ကလည်း ပေါ့ပေါ့တန်တန် ပြောကောင်းသည် မဟုတ်ပါ။ ပြောသင့်ပြောထိုက်သော လျော်ကန်သင့်မြတ်သည့် အချိန်ကို စောင့်ဆိုင်းရ ပါဦးမည်။ အချိန် မရသေးပါ။

ကျွန်မ မော့ကြည့်သောအခါတွင် မှန်ထဲမှ မစ္စက်ဗန်ဟော့ပါး၏ အရိပ်ကို လှမ်းမြင်လိုက်ရပါသည်။ အဘွားကြီးက မှန်ထဲမှတစ်ဆင့် ကျွန်မကို ကြည့်ရှုအကဲခတ်

mgyoe.com

mgyoe.com SAMPLE BOOK

နေပါသည်။ သူ့နှုတ်ခမ်းပေါ်မှာလည်း မချိုမချဉ်ပြုံးကလေး တစ်ခု ရှိနေပါသည်။ ဘာပဲဖြစ်ဖြစ် ရှုန်းရှုန်းဝေ စကားတွေကို သူ ဆိုလိမ့်မည်ဟု ကျွန်မ ထင်လိုက်မိပါသည်။ အားပေးစကားကို ပြောလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ အရာရာတို့ ချောမွေ့သွားမည် ဖြစ်သောကြောင့် ဘာမှ မပူပါနှင့် ဆိုသော စကားမျိုးကို ပြောလိမ့်မည်ဟု ကျွန်မ ထင်မိပါသည်။ သို့သော်လည်း သူ ပြုံးမြဲသာ ပြုံးနေပါသည်။ ကျွန်မ ထင်ထားသည့် စကားမျိုးကို တစ်လုံးတစ်ပါဒမျှ သူ မပြောပါ။ တွန့်လိမ်နေသည့် ဆံပင်များကိုသာ ဦးထုပ်အောက်သို့ ထိုးသွင်းနေသည်။

"ဘာဖြစ်လို့ မင်းကို သူ လက်ထပ်တယ် ဆိုတာ မင်း သိမှာပါ၊ သိတယ် မဟုတ်လားဟင်၊ မင်းကို သူက ချစ်နေတယ် ဆိုတဲ့အတွက် မင်း စိတ်ကြီးဝင်မသွားမိဘူး မဟုတ်လား၊ တကယ်တော့ အိမ်ရှင်မ မရှိတဲ့ အိမ်ကြီးထဲမှာ သူ နေနေရတဲ့အတွက် သူ့ခမျာ ရူးမတတ် ခံစားနေရတယ်၊ မင်း ဒီအခန်းထဲ ဝင်မလာခင် သူက ငါ့ကို ဖွင့်ပြောသွားပြီးပြီလေ၊ ဒီမန်ဒါလေစံအိမ်ကြီးထဲမှာ အဖော်မရှိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ သူတစ်ယောက်တည်း မနေနိုင်တော့ပါဘူးတဲ့"

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၇ )

မေလဆန်းတွင် မန်ဒါလေ စံအိမ်ကြီးသို့ ကျွန်မတို့ ပြန်လာကြပါသည်။ သည်လိုရာသီတွင် မန်ဒါလေစံအိမ်ဝင်းကြီးအတွင်းမှာ ပျံလွှားငှက်ကလေးတွေ စတင်ပျော်မြူးနေကြပြီဖြစ်ကြောင်း၊ ခေါင်းလောင်းပြာပန်းတွေလည်း အစွမ်းကုန် ပွင့်နေကြပြီ ဖြစ်ကြောင်း မက်ဇင်မ်က ကျွန်မကို ပြောပြပါသည်။ နွေ၏သရုပ် မပီပြင်သေးမီ ယခုလိုအချိန်သည် အသာယာဆုံး ဖြစ်ကြောင်း၊ တောင်ကြားထဲတွင်လည်း အဇေလီယာ ပန်းရနံ့များ ကြိုင်ကြိုင်သင်းကာ သွေးရောင်လို ခြင်းခြင်းနီအောင် ပွင့်တတ်သည့် တောင်ဇလပ်ပန်းတို့လည်း အစွမ်းကုန် ပွင့်ကြပြီဖြစ်ကြောင်းများ သူက ပြောပြပါသည်။

လန်ဒန်မြို့ကြီးမှတစ်ဆင့် ကျွန်မတို့ မော်တော်ကားနှင့် ထွက်ခွာလာခဲ့ကြပါသည်။ လန်ဒန်မြို့ကြီးကို ကျွန်မတို့ ကျောခိုင်း ထွက်ခွာလာခဲ့ကြသည့် မနက်က လန်ဒန်မြို့ကြီးမှာ မိုးကြီး သည်းသည်းထန်ထန် ရွာသည့် အကြောင်းကိုလည်း ကျွန်မ မှတ်မိနေပါသေးသည်။ လက်ဖက်ရည် သောက်ချိန်အမီ ညနေ ငါးနာရီလောက်တွင် မန်ဒါလေစံအိမ်ကြီးသို့ ရောက်သွားမည်ဟု ဆိုပါသည်။

ထိုအချိန်က ကျွန်မ၏ ပုံပန်းသဏ္ဍာန်ကိုလည်း ပြန်လည်မြင်ယောင်နေမိပါသေးသည်။ ထုံးစံအတိုင်း ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် အဝတ်အစားတွေက ပုံမကျပန်းမကျ။ ဂါဝန်ကလည်း အရောင်ပြယ်လွင့်စပြုနေပြီ။ မွေးပွမာဖလာကို လည်မှာ ပတ်ထားသည်။ ကိုယ်ပေါ်က မိုးကာအင်္ကျီကလည်း ပုံပန်းပျက်လွန်းလှ၏။ ကျွန်မကိုယ်လုံးထက် အများကြီး ကြီးကာ အောက်မှာလည်း ခြေဖနောင့် တိုက်သည်အထိ ရှည်ရှည်ကျနေ

mgyoe.com

mgyoe.com SAMPLE BOOK
သည်။ ဘာပဲဖြစ်ဖြစ် မိုးရာသီမှာ ကျွန်မအတွက် လုံလုံခြုံခြုံပင် ရှိသေးတော့သည်ဟု စိတ်ထဲမှ တွေးထင်မိပါသည်။ လက်ထဲမှာ အသည့်စား လက်အိတ်တစ်စုံကို ကိုင်လျက်။ ကြီးမားသော သားရေလက်ကိုင်အိတ်ကြီးကိုလည်း ပွေ့ပိုက်လျက်။

"အဲဒါ လန်ဒန်မိုးပဲ"

ဟု ကျွန်မတို့ ခရီးစတင်စတွင် မက်ဇင်မ်က ပြောပါသည်။

"ခဏတော့ စောင့်၊ မန်ဒါလေ ရောက်တဲ့အခါမှာ ကျဲကျဲတောက် ပူတဲ့ နေရောင်က မင်းကို စောင့်ကြိုနေလိမ့်မယ်"

သူ ပြောသည်မှာ မှန်ပါသည်။

အီဇက်တာမြို့သို့ ရောက်သောအခါ မိုးသားတိမ်လိပ်များ ကင်းစင်သွားပြီ ဖြစ်သည်။ ကျွန်မတို့၏ နောက်ပိုင်းမှာ အလိပ်လိုက် ကျန်ခဲ့ပြီ။ ခေါင်းပေါ်က မိုးကောင်းကင်ကြီးက ပြာလဲ့လျက်။ ကျွန်မတို့ ရှေ့မှ လမ်းမကြီးက ဖွေးဖွေးဖြူလျက်။

နေရောင်ကို မြင်ရတော့ ကျွန်မ ဝမ်းသာမိပါသည်။ မိုးနှင့် ပတ်သက်လာလျှင် ကျွန်မမှာ အယူသီးမှုကလေး ရှိပါသည်။ မိုးရွာခြင်းသည် အတိတ်နိမိတ် မကောင်းဟု စိတ်ထဲမှာ စွဲထားမိပါသည်။ ထို့ကြောင့် ခဲပုပ်ရောင် ထနေသည့် လန်ဒန်မြို့၏ မိုးကောင်းကင်သည် ကျွန်မကို အာစေးထည့်ထားသလို အမြဲတမ်း ဖြစ်စေပါသည်။

"နေသာထိုင်သာ ရှိတယ် မဟုတ်လား"

ဟု မက်ဇင်မ်က ကျွန်မကို မေးပါသည်။ ကျွန်မက ပြန်ပြုံးပြလိုက်ပါသည်။ ပြီးတော့ သူ့လက်တစ်ဖက်ကို ဆွဲယူပြီး သူ့အကြောင်းကို စဉ်းစားနေလိုက်မိပါသည်။ သူကတော့ သူ့အိမ် သူ့ရာသို့ ပြန်လာခြင်း ဖြစ်သည့်အတွက် အစစအရာရာ အင်မတန် လွယ်ကူချောမောနေပါသည်။ ဘာအခက်အခဲမှ မရှိနိုင်ပါ။ အခန်းထဲသို့ သူ ဝင်သွားမည်။ စာတိုက်မှ ပို့ထားသော စာများကို ကောက်ယူမည်။ လက်ဖက်ရည် လာပို့ပေးရန် ခေါင်းလောင်းတီးပြီး မှာမည်။

ကျွန်မ နေမထိ ထိုင်မသာ ဖြစ်ပြီး စိတ်လှုပ်ရှားနေသည်ကိုများ သူ ရိပ်စားမိလေသလားဟု တွေးကြည့်မိပါသည်။ 'နေသာထိုင်သာ ရှိတယ် မဟုတ်လား' ဟူသော မေးခွန်းသည် ကျွန်မ၏စိတ်ထဲမှာ ခံစားနေရသော အဖြစ်မှန်ကို သိနားလည်သောကြောင့် မေးလိုက်ခြင်းများ ဖြစ်လေသလား။

"ကိစ္စမရှိပါဘူး၊ မကြာခင် ရောက်တော့မှာပါ၊ မင်း လက်ဖက်ရည် ဆာနေပြီ ထင်တယ်"

ဟု သူက ဆက်ပြောသည်။ လမ်းကွေ့တစ်ခုသို့ ရောက်လာသောကြောင့် မော်တော်ကား အရှိန်ကို လျှော့ချလိုက်ရတော့မည် ဖြစ်သဖြင့် ကျွန်မ ကိုင်ထားသည့် သူ့လက်တစ်ဖက်ကို ဆွဲရုပ်လိုက်ပါသည်။

ဘာစကားမျှ မပြောဘဲ ကျွန်မ တိတ်တိတ်ကလေး ထိုင်လိုက်လာခြင်းသည် ခရီးပန်းသောကြောင့်သာ ဖြစ်သည်ဟု သူ ထင်မှတ်မှားနေကြောင်း ကျွန်မ သိပါသည်။
mgyoe.com

mgyoe.com SAMPLE BOOK

မန်ဒါလေ စံအိမ်ကြီးကို မရောက်လာမီတုန်းက ရောက်ရမည့် အချိန်ကို အူလှိုက်သည်းလှိုက် တောင့်တမိခဲ့ပါသည်။ ယခု နဖူးတွေ့ ဒူးတွေ့ ရောက်ရတော့မည် ဆိုပြန်တော့လည်း စိတ်ထဲမှာ စိုးရွံ့နေမိပြန်ပါသည်။ သည်အဖြစ်ကိုမူ သူ ရိပ်စားမိပုံ မရပါ။

ယခုတော့ သည်အချိန်ကလေးကို ဆွဲထားလိုက်ချင်ပါသည်။ လမ်းဘေးရှိ ဟိုတယ်ကလေး တစ်ခုခုမှာ ဝင်နေကာ ကိုယ်နှင့် ဘာမျှ မပတ်သက်သည့် အခန်းထဲမှာ ကော်ဖီ ထိုင်သောက်နေလိုက်ချင်စိတ်များ တဖွားဖွား ပေါ်လာပါသည်။ ကိုယ် အလွန် ချစ်သည့် ခင်ပွန်းသည်နှင့်အတူ လမ်းပေါ်မှာပဲ ကိုးကုန်း ကိုးကျင်း ခရီးသွားနေသည့် သတို့သမီးကလေး ဖြစ်လိုက်ချင်ပါသည်။ မက်ဇင်မ် ဒီဝင်းတား၏ ဇနီးသည်အဖြစ်နှင့် မန်ဒါလေစံအိမ်ကြီးသို့ ပထမဦးဆုံးအကြိမ် သျှောင်နောက် ဆံထုံးပါသလို လိုက်ရသည့် အဖြစ်မျိုး မဖြစ်လိုပါ။

လမ်းတစ်လျှောက်ရှိ ကျေးရွာကလေးပေါင်း မြောက်မြားစွာကို ကျော်ဖြတ်ခဲ့ကြပါသည်။ ထိုကျေးရွာကလေးများရှိ တိုက်ပုကလေးများတွင် ပြတင်းပေါက်များ ဖွင့်လျက်။ လေကောင်း လေသန့်လည်း တသုန်သုန် တိုက်ခတ်လျက်။ ကလေး ချီထားသော မိန်းမတစ်ယောက်က အိမ်ပေါက်ဝမှာ ရပ်ပြီး ကျွန်မကို ပြုံးပြပါသည်။ ယောက်ျား တစ်ယောက်ကမူ ရေပုံးတစ်ပုံး ဆွဲပြီး လမ်းတစ်ဖက်ရှိ ရေတွင်းဆီသို့ လျှောက်သွား နေပါသည်။

သူတို့လို နေလိုက်ရလျှင် ကောင်းပေစွဟု ကျွန်မ၏ စိတ်ထဲမှာ ဖြစ်ပေါ်လာပါ သည်။ သူတို့နှင့် တစ်အိမ်တည်း အတူမနေရလျှင်လည်း အိမ်နီးချင်းပဲ ဖြစ်ဖြစ်ပေါ့။ ညဦးပိုင်းများတွင် မက်ဇင်မ်သည် ခြံဝတံခါးတိုင်ကို မှီရင်း ဆေးတံမှိန်းလျက်။ သူ စိုက်ပျိုးထားသည့် ပန်းချဉ်ပေါင်ပင်ကြီးများ ထိုးထိုးထောင်ထောင်နှင့် ဖြစ်ထွန်းနေသည် ကို ကြည့်ပြီး ဂုဏ်ယူဝင့်ကြွားလျက်။

သည်အချိန်တွင် ကျွန်မကတော့ မီးဖိုချောင်ထဲမှာ ချက်ဟယ်၊ ပြုတ်ဟယ်၊ ဆေးဟယ်၊ ကြောဟယ်ဖြင့် အလုပ်ရှုပ်နေလိမ့်မည်။ ပြီးတော့ ညကြီးစာအတွက် စားပွဲ ပေါ်မှာ ပြင်ဆင် ခင်းကျင်းနေလိမ့်မည်။ ပန်းကန်ခွက်ယောက်များက သန့်ရှင်းစင်ကြယ် လျက်။ မှန်တင်ခုံပေါ်ရှိ စားပွဲတင် နာရီစက်သံက ကျယ်လောင်စွာ မြည်လျက်။

ညကြီးစာ စားပြီးကြသောအခါ မက်ဇင်မ်က သတင်းစာ ထိုင်ဖတ်နေလိမ့်မည်။ ဖိနပ်စင်ပေါ်မှာ တောစီးဖိနပ်တွေ ရှိမည်။ ကျွန်မကတော့ ချုပ်လုပ် ဖာထေးရမည့် အဝတ်အစားများကို အံဆွဲထဲမှ ဆွဲထုတ်နေမိပေလိမ့်မည်။

အလွန်တရာ ငြိမ်းအေးသာယာသည့် ဘဝ ဖြစ်မည်မှာ သေချာပါသည်။ ယင်း သို့သော ဘဝမျိုးတွင် နေရ ထိုင်ရသည်မှာ အလွန်တရာ သက်သောင့်သက်သာ ရှိပါ မည်။ ဘာမျှ ဟိတ်ကြီးဟန်ကြီး လုပ်နေစရာ မလို။ လူအထင်ကြီးအောင် လုပ်ပြနေစရာ မလို။

mgyoe.com

mgyoe.com SAMPLE BOOK

''နှစ်မိုင်လောက်ပဲ လိုတော့တယ်၊ ဟောဟိုတောင်ကုန်းကလေးပေါ်မှာ သစ်ပင်တွေ တန်းနေတာ မြင်တယ် မဟုတ်လား၊ တောင်ကြားဘက်ကို နိမ့်လျှောဆင်းသွားတယ်လေ၊ အဲဒီရဲ့ ဟိုဘက်မှာက ပင်လယ်၊ အဲဒါ မန်ဒါလေပဲ၊ အဲဒီအထဲမှာ ရှိတယ်၊ ညို့မှောင်နေတာက မန်ဒါလေ ပိုင်တဲ့ တော''

ကြိုးစားပြီး ပြုံးပြလိုက်ရပါသည်။ ဘာမျှတော့ ပြန်မပြောလိုက်မိပါ။ ထိတ်လန့်စိတ်က စစ်ခနဲ ထိုးနှက်လိုက်ပါသည်။ ဖျားချင်သလို၊ နာချင်သလို ဖြစ်လာပါသည်။ ထိန်းသိမ်းနိုင်စွမ်းပင် မရှိတော့ပါ။

စိတ်အားထက်သန်မှုများ အားလုံး ပြယ်လွင့်သွားပြီ။ ပျော်ရွှင်မှုများ အားလုံး ပျောက်ပျက် ကုန်ဆုံးသွားပြီ။ ကျွန်မသည် ပထမဦးဆုံး ကျောင်းလိုက် အအပ်ခံရသည့် ကလေးငယ်တစ်ယောက်လို ဖြစ်သွားပါသည်။ သည်လိုမှ မဟုတ်လျှင်လည်း ဘာလေ့ကျင့်မှုမှ မရှိသေးသော အိမ်ဖော် အမျိုးသမီးကလေးတစ်ဦး တစ်ရပ်တစ်ကျေးမှာ အလုပ်လုပ်ရန် မိမိနေအိမ်ကို စွန့်ခွာသွားရသလိုလည်း ရှိပါသည်။

သူနှင့် ကျွန်မ လက်ထပ်ပြီး ရက်သတ္တ ခုနစ်ပတ်အတွင်းတွင် အထိုက်အလျောက် အနည်ထိုင်ခဲ့သည်မှာ မှန်ပါသည်။ ယခုတော့ အားလုံး သွားပါပြီ။ လေတိုက်ရာတွင် တလူလူ လွင့်နေသော အဝတ်စတစ်ခုလို ဖြစ်သွားပါသည်။ အထိုက်အလျောက် တတ်ကျွမ်းနားလည်ထားခဲ့သည့် အတတ်ပညာကလေးများသည်ပင်လျှင် မေ့လျော့ လွင့်ပါးကုန်ပြီထင်၏။ ကိုယ့်ဟာကိုယ် ဘယ်မှန်း၊ ညာမှန်းလည်း မသိတော့။ ထိုင်ရမှာလား၊ ထရမှာလား မသေချာတော့။ ညစာ စားလျှင် ဘယ်ဇွန်းနှင့် ဘယ်ခက်ရင်းကို ဘယ်လို ကိုင်တွယ် အသုံးချရမည် ဖြစ်ကြောင်းကိုပင် မရေရာတော့။

''အဲဒီမိုးကာအင်္ကျီကြီး ချွတ်လိုက်မှ ထင်တယ်''

ဟု သူက ကျွန်မကို ငုံ့ကြည့်ရင်း ပြောပါသည်။

''ဒီမှာက မိုးသိပ်ရွာတာ မဟုတ်ဘူး၊ လည်စည်းကလေး သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ပြင်လိုက်ပါဦး၊ ဖြစ်မှ ဖြစ်ရလေ မိန်းမရယ်၊ မင်းကို ဒီအတိုင်း ခေါ်လာမိနေတယ်၊ လန်ဒန်မှာတုန်းက အဝတ်အစားတွေ အများကြီး ဝယ်ခဲ့ဖို့ ကောင်းတာ''

''အစ်ကိုရယ်… အစ်ကို့စိတ်ထဲမှာ အနှောင့်အယှက် မဖြစ်သမျှ ကာလပတ်လုံး ကျွန်မအဖို့ ဘာမှ အရေးမကြီးပါဘူး''

''မိန်းမတိုင်းဟာ အဝတ်အစားကလွဲပြီး အခြား ဘာကိုမှ သိပ်အလေးထားကြတာ မဟုတ်ဘူး''

ဟု သူက ဘာမျှမဖြစ်သလို ပြောပါသည်။ ထောင့်ချိုးကလေးတစ်ခုကို ကျော်ပြီး လမ်းဆုံးတစ်ခုသို့ ရောက်လာပါသည်။ ပြီးတော့ လမ်းဘေးမှာလည်း အုတ်တံတိုင်းကြီး တစ်ခုကို စတင်တွေ့မြင်ရလေတော့သည်။

''ကိုယ်တို့ ရောက်ပြီ''

mgyoe.com

mgyoe.com SAMPLE BOOK

ဟု သူက ပြောသည်။ စိတ်ထက်သန်မှု တစ်မျိုးလည်း သူ့အသံထဲမှာ ရောစွက်ပါဝင်နေသည်။ ကျွန်မကတော့ မော်တော်ကား ထိုင်ခုံကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိပါ၏။

လမ်းက ကွေ့ကောက်နေသည်။ ကျွန်မတို့၏ရှေ့ ဘယ်ဘက်တွင်မှု သံတံခါးကြီးနှစ်ချပ်ကို အစောင့်အိမ်ဘေးမှာ မြင်တွေ့လိုက်ရသည်။ ခြံအဝင် သံတံခါးမကြီးများကို အသင့်ဖွင့်လျက်။ ခြံတွင်းသို့ မော်တော်ကားလမ်းကို ဆက်ဖောက်ထားသည်။ ထိုလမ်းအတိုင်း ကျွန်မတို့ မောင်းဝင်လာခဲ့ကြပါသည်။ ခြံတံခါးကို မော်တော်ကား မောင်းဝင်လိုက်တော့ အစောင့်အိမ် ပြတင်းပေါက်မှ ချောင်းကြည့်နေကြသော မျက်နှာပေါင်းများစွာကို မြင်တွေ့လိုက်ရသည်။ ပြီးတော့ ကလေးတစ်ယောက်က နောက်ဘက်မှ ပြေးထွက်လာကာ သိချင်ဇော ကြီးမားစွာဖြင့် ငေးစိုက်ကြည့်နေသည်။

ကျွန်မသည် ထိုင်ခုံပေါ်မှာ အသာကလေး ပုနေလိုက်မိပါသည်။ ရင်တထိတ်ထိတ်ခုန်လာသည်။ ပြတင်းပေါက်မှနေ၍ မျက်နှာတွေက ဘာကြောင့် ဝိုင်းအုံကြည့်နေကြသနည်း ဆိုသည်ကိုလည်း ကျွန်မ သိလိုက်ပါသည်။ ကလေးငယ်ကလေး ပြေးထွက်လာပြီး ဘာကြောင့် ငေးကြည့်နေသနည်း ဆိုသည်ကိုလည်း ကျွန်မ သိလိုက်ပါသည်။

ကျွန်မ၏ ရုပ်ရည်ရူပကာယ မည်သို့ရှိမည်ကို သူတို့ သိချင်ကြပေလိမ့်မည်။

ယခုအခါတွင် ထိုစဉ်က မြင်တွေ့ခဲ့ရသော သူတို့အကြောင်းကို ကျွန်မ ပြန်လည်စဉ်းစားကြည့်မိပါသည်။ တခြား အိမ်ဖော်တွေကလည်း မီးဖိုချောင်ထဲမှာ စုဝေးပြီး ကျွန်မအကြောင်းကို ပြောဆိုနေကြပေလိမ့်မည်။ ပြောရင်းလည်း တသောသော ရယ်မောကောင်း ရယ်မောနေကြပေလိမ့်မည်။

''သူ ဆောင်းထားတဲ့ ဦးထုပ်ကလေးကိုပဲ လှစ်ခနဲ လှမ်းမြင်လိုက်ရပါတယ်အေ''

ဟု သူတို့ ပြောဆိုနေကြလိမ့်မည်။

''သူ မျက်နှာ မဖော်ဘူးဟဲ့၊ အို… အရေးမကြီးပါဘူး၊ မနက်ဖြန်ကျရင် အကျိုးအကြောင်း သိရတော့မှာပါ၊ စံအိမ်ကြီးက သတင်းတွေ တစ်လုံးမကျန် ရောက်လာပါလိမ့်မယ်''

ခြံဝင်းကြီးအတွင်းသို့ သည်လို ဝင်လာခိုက်မှာပင် ကျွန်မ ရှက်ကိုးရှက်ကန်းဖြစ်နေကြောင်းကို ကျွန်မ၏ယောကျ်ားက ခန့်မှန်းမိသွားပုံရပါသည်။ ထို့ကြောင့် ကျွန်မလက်ကို သူ ကောက်ယူလိုက်ပြီး နမ်းပါသည်။ သူ စကားပြောတော့လည်း ရယ်သံကလေး စွက်နေသည်။

''မင်းကို သူတို့ သိချင် မြင်ချင်နေကြတဲ့အတွက် ဘယ်လိုမှ မအောက်မေ့ပါနဲ့ကွယ်၊ မင်းရုပ်က ဘယ်လိုများ နေမလဲ ဆိုတာ သူတို့အားလုံး သိချင်နေကြတယ်၊ ကိုယ်တို့နှစ်ယောက် လက်ထပ်လိုက်တဲ့ အချိန်ကစပြီး ရက်သတ္တပတ်ပေါင်းများစွာ မင်း

mgyoe.com

mgyoe.com SAMPLE BOOK
အကြောင်းကိုပဲ သူတို့ ပြောနေကြတာပါ၊ ကိုယ် နေတတ်သလို နေပါ၊ သူတို့အားလုံးက မင်းကို ချစ်လာကြမှာပဲ၊ အိမ်ကိစ္စလည်း ဘာမှ ပူစရာ မလိုဘူး၊ မစ္စက်ဒင်ဗာက အကုန်စီမံခန့်ခွဲပေးလိမ့်မယ်၊ သူနဲ့ အားလုံး လွှဲထားလိုက်ရုံပဲ၊ စစချင်းတော့ ပေါင်းရသင်းရ ခက်လိမ့်မယ်၊ ဒီမိန်းမကြီးရဲ့စရိုက်က ခွတော့ ခပ်ကျကျရယ်၊ ဒါပေမဲ့ ပူစရာ မလိုပါဘူး၊ ဟောဟို ပန်းချုံတွေကို ကြည့်လိုက်စမ်း၊ ခြောက်လပန်းတွေလေ၊ သူတို့ ပွင့်ပြီဆိုရင် ဟောဒီနေရာတွေမှာ အပြာရောင် တံတိုင်းကြီး ကာထားသလိုပဲ''

ကျွန်မ စကား ပြန်မပြောမိပါ။ ငယ်စဉ်တုန်းက တောရွာတစ်ရွာရှိ ဆိုင်ကလေးတစ်ဆိုင်မှ မန်ဒါလေပုံ ပါသည့် ပို့စကတ်ကလေးတစ်ခု ဝယ်ခဲ့မိသည့်အဖြစ်ကို ပြန်လည်စဉ်းစားနေမိပါသည်။ ထိုစဉ်က ကျွန်မသည် ပို့စကတ်ကလေးကို ကိုင်ပြီး ဆိုင်ပြင်သို့ ထွက်ခဲ့သည်။ ပို့စကတ်ကလေး ဝယ်ခဲ့မိသည့်အတွက်လည်း စိတ်ချမ်းသာနေပါသည်။

''ငါ့ဓာတ်ပုံ အယ်လ်ဘမ်ထဲမှာ ထည့်ထားရမယ်၊ မန်ဒါလေတဲ့၊ နာမည်ကလေးကလည်း ချစ်စရာကောင်းလိုက်တာ''

ဟုလည်း စိတ်ထဲမှ ရေရွတ်နေမိခဲ့ပါသည်။

ယခုတော့ သည်မန်ဒါလေစံအိမ်ကြီးက ကျွန်မနှင့် ပတ်သက်လာပြီ။ ကျွန်မ ပိုင်သော စံအိမ်ကြီး ဖြစ်လာပြီ။ သည်စံအိမ်ကြီးမှာ နေရင်း မိတ်ဆွေအပေါင်းအသင်းများဆီသို့ စာများ ရေးရပေလိမ့်မည်။

''ဒီတစ်နွေလုံး ကျွန်မတို့ မန်ဒါလေစံအိမ်ကြီးမှာပဲ ရှိနေမယ်၊ ကျွန်မတို့ဆီ အလည်လာပါဦးလားရှင်'' ဆိုတာမျိုး။

ယခု မော်တော်ကားလမ်းကလေးအတိုင်းလည်း ကျွန်မ လမ်းလျှောက်နေပါလိမ့်ဦးမည်။ ယခုအချိန်မှာတော့ ကျွန်မအဖို့ စိမ်းနေပါသေးသည်။ သို့သော်လည်း တစ်နေ့တွင် အားလုံး ယဉ်ပါးသွားပါလိမ့်မည်။ ဘယ်နေရာမှာ အကောက်၊ ဘယ်နေရာမှာ အကွေ့၊ ဘယ်နေရာမှာ ဥယျာဉ်မှူးများ အလုပ်လုပ်နေကြသည် စသည်ဖြင့် အပ်ကျတာက အစ ကျွန်မ သိရပါမည်။ စံအိမ်ကြီးနှင့် စံအိမ်ကြီးဝင်းအတွင်းမှာ ရှိနေသော အလုပ်သမား အားလုံးနှင့်လည်း ကျွမ်းဝင်ပြီးသား ဖြစ်ပါလိမ့်မည်။ ကျွန်မနှင့်ပတ်သက်ပြီး သူတို့အနေဖြင့် စပ်စုနေစရာ မလိုတော့။ လိုက်လိုက်လဲ့လဲ့ဖြင့် ကြိုဆိုဖို့သာ ရှိတော့သည်။

မက်ဇင်မ်ကို ကျွန်မ မနာလို ဖြစ်မိပါသည်။ သူကတော့ ဘာကိုမျှ အလေးအနက် မထား။ အရာရာတွင် သက်သောင့်သက်သာ ရှိလှပါသည်။ သူ့အဖို့ကတော့ အားလုံး ရိုးနေပြီ မဟုတ်လား။ မျက်နှာပေါ်မှာလည်း အပြုံးပန်းကလေး ပွင့်နေသည်။ ကိုယ့်အိမ်ကိုယ့်ရာကို ပြန်လာရပြီဆိုတော့ စိတ်ပျော်မြူးနေသည့် သဘော။

ကျွန်မလည်း သူ့လို ဖြစ်လိုက်ချင်ပါသည်။ သူ့လိုပဲ သက်သောင့်သက်သာဖြင့် ပြုံးနေလိုက်ချင်ပါသည်။ သည်စံအိမ်ကြီးနှင့် ရင်းနှီးကျွမ်းဝင်သည့် အဖြစ်ကို ချက်ချင်းလက်ငင်း ရယူလိုက်ချင်ပါသည်။ ကျွန်မ၏ အသက်ကလည်း ယခုလို ငယ်ငယ်ရွယ်ရွယ်
mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်။ ဆံပင်တွေကလည်း ဖြူနေရမည်။ လမ်းလျှောက်သည့် အခါတွင်လည်း နှေးနှေး ကွေးကွေး ဖြစ်ရမည်။ သည်စံအိမ်ကြီးမှာ နှစ်ပေါင်းများစွာ ကြာအောင် နေထိုင်ခဲ့သူလို ဖြစ်လိုက်ချင်သည်။

ဝင်းကြီးအတွင်းသို့ ကျွန်မတို့ မော်တော်ကား ဝင်လာပြီးသောအခါ နောက်ဘက်မှာ ကျန်ရစ်ခဲ့သည့် ဝင်းတံခါးကြီးကို ပိတ်လိုက်သံ ကြားရပါသည်။ ဖုန်တသောသော ဖြစ်နေသည့် အဝေးပြေးလမ်းမကြီးကိုလည်း လှမ်းမမြင်ရတော့။ ယခု ကျွန်မတို့ ရောက်နေသည့် ကားလမ်းကလေးမှာ ကျွန်မ၏ စိတ်ကူးထဲက မန်ဒါလေစံအိမ်ကြီး၏ လမ်းများနှင့် မတူ။ ပြောင်ချောနေသည့် ကျောက်ခင်း လမ်းကျယ်ကြီးတွေ မဟုတ်။

ကားလမ်းကလေးက မြွေတစ်ကောင်လို တွန့်လိမ်ကောက်ကွေးနေသည်။ လူသွားလမ်းကလေး တစ်ခုထက် အတန်ငယ်မျှသာ ပိုကျယ်သည်။ စီတန်းစိုက်ထားသော သစ်ပင်ကြီးများက ကျွန်မတို့ ခေါင်းပေါ်မှာ မိုးလျက်။ တစ်ပင်နှင့် တစ်ပင် ကိုင်းချင်း ယှက်ကာ နေပြောက်မထိုးနိုင်အောင် အုပ်ဆိုင်းလျက်။ ဘုရားရှိခိုးကျောင်း၏ ခေါင်မိုးလို ခပ်ခုံးခုံးဖြင့် ကျွန်မတို့ကို အုပ်မိုးပေးထားသည်။ စိမ်းလန်းစိုပြည်သည့် သစ်ရွက်များကလည်း သိပ်သိပ်သည်းသည်း ပိတ်ဆို့လျက် ရှိသည်။

အလွန်တရာလည်း တိတ်ဆိတ် ငြိမ်းချမ်းလှပါသည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ ကျွန်မတို့ ကားမောင်းလာခဲ့ကြတုန်းက အနောက်လေက တဟူးဟူး တိုက်ကာ ကျွန်မ၏ မျက်နှာကို တိုးနေသည်။ ဟိုအဝေးက မြက်ခင်းပြင်များမှာလည်း ယိမ်းနွဲ့နေကြသည်။ သည်နေရာမှာတော့ ထိုသို့ မဟုတ်။ လေကလည်း ငြိမ်လှသည်။ ယုတ်စွအဆုံး ကျွန်မတို့၏ မော်တော်ကား စက်သံသည်ပင်လျှင် ပို၍ တိုးတိတ်သွားချေတော့သည်။

မော်တော်ကား လမ်းကလေးက တောင်ကြားဆီသို့ ဦးတည်သွားသည်။ ကျွန်မတို့၏ ခေါင်းပေါ်မှာ အခေါက်ဖြူပင်ကြီးတွေ အုပ်မိုးလာပြန်သည်။ သစ်ပင်တွေက ပို၍ ထူထပ်လာသည်။ ပြီးတော့ ကျွန်မတို့နှင့်လည်း အလွန်နီးကပ်လာသည်။ လက်နှင့် လှမ်းကိုင်လျှင်ပင် ရတော့မလောက် နီးကပ်လာသည်။ သစ်ပင်တွေက များလွန်းသော ကြောင့် အမျိုးအမည်များကိုလည်း ကျွန်မ မသိတော့ပါ။

ကားဆက်မောင်းလာရင်း တံတားကလေးတစ်ခုသို့ ရောက်လာကြသည်။ စမ်းချောင်း ခပ်ကျဉ်းကျဉ်းကလေးတစ်ခုကို ကျော်ဖြတ် တည်ဆောက်ထားသော တံတား ဖြစ်သည်။ လမ်းက အကွေ့အကောက် မရှိတော့။ ဖြောင့်တန်းသွားသည်။ တောကလည်း ပိုနက်လာသည်။ ပိုပြီးတော့လည်း တိတ်ဆိတ်လာသည်။ သည်နေရာကား မန်ဒါလေ စံအိမ်ကြီး၏ ဝင်းပေတည်း။ မန်ဒါလေ တောနက်ကြီးပေတည်း။ ကွက်လပ်ဟူ၍ လုံးဝ မရှိ။ အိမ်ကလေး တစ်ဆောင်မျှ ဆောက်လုပ်ရန် နေရာလပ် မရှိအောင် ထူထဲသော တောနက်ကြီး ဖြစ်နေသည်။

ဖြောင့်တန်းသော လမ်းက ရှည်လျားလွန်းသဖြင့် ကျွန်မမှာ နေမထိထိုင်မသာ ဖြစ်လာသည်။ လမ်းကွေ့ကလေးတစ်ခုကို ရောက်တော့မည်ဟု ကျွန်မ ထင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
သို့သော်လည်း ထင်သလို မဟုတ်။ မကျေနပ်သော ခံစားချက်ကလေးဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းထားမိပါသည်။ အိမ်မရှိ။ ကွင်းပြင် မရှိ။ ပန်းဥယျာဉ် မရှိ။ တိတ်ဆိတ်ခြင်းနှင့် သိပ်သည်းသော တောနက်နက်သာ ရှိနေသည်။ ခြံဝင်းဝက အစောင့်အိမ်ကလေးကို ပြန်အမှတ်ရမိသည်။ ထိုဂိတ်ဝ၏ ဟိုမှာဘက်မှာ ကျန်ရစ်ခဲ့သော အဝေးပြေးလမ်းမကြီးကား အတိတ်မှာ ကျန်ခဲ့ပြီ။ အခြားကမ္ဘာတစ်ခုလို ဖြစ်သွားပြီ။

ရုတ်ခြည်း ဆိုသလိုပင် ရှေ့မှာ တောက ရှင်းသွားသည်။ မိုးကောင်းကင်ကို လှမ်းမြင်နေရသည်။ သစ်တောက ပါးလာသည်။ သစ်ပင်တွေ ကျဲလာသည်။ အမျိုးအမည်မရှိသော လမ်းဘေး ဝဲယာမှ ချုံပုတ်ငယ်များ ပျောက်ကွယ်သွားသည်။ ကျွန်မတို့ ဘေးနှစ်ဖက်မှာ ဆေးရောင်စုံ အုတ်တံတိုင်းကြီး ကာရံထားသလို ဖြစ်လာသည်။ သွေးနီရောင် အုတ်တံတိုင်းကြီးလို ဖြစ်နေပါသည်။ ကျွန်မတို့ခေါင်းပေါ်မှာလည်း အနီရောင် အမိုးကြီးမိုးကာလျက်။ တကယ်ကတော့ တောင်ဇလပ်တောသို့ ကျွန်မတို့ ဝင်ခဲ့ကြပါပြီ။ တောင်ဇလပ်ပန်း နီနီရဲရဲများက အစွမ်းကုန် ပွင့်နေကြလေရာ ကျွန်မတို့ပတ်လည်မှာ အနီရောင်တံတိုင်းကာထားသလို၊ ကျွန်မတို့ ခေါင်းပေါ်မှာ အနီရောင်အမိုး မိုးသလို ထင်မှတ်ရခြင်း ဖြစ်ပါသည်။

တစ်လောကလုံး ရဲရဲတောက်နေသည့် ပတ်ဝန်းကျင်ကို ဗြုန်းခနဲ မြင်တွေ့လိုက်ရသောအခါ ကျွန်မမှာ တုန်လှုပ် ချောက်ချားသွားရပါတော့သည်။ တောင်ဇလပ်ပန်းပင်များမှာ အရွက်မရှိတော့။ အပွင့်များချည်း မြင်မကောင်းအောင် ပွင့်နေကြသည်။ တစ်ပင်လုံး၊ တစ်တောလုံး သွေးခြင်းခြင်းနီသလို ရဲရဲတောက်နေသည်။ ယခင်တုန်းက ကျွန်မမြင်ခဲ့ဖူးသည့် တောင်ဇလပ်ပန်းမျိုးနှင့် လုံးဝမတူ။

မက်ဇင်မ်ကို ကွက်ခနဲ တစ်ချက် လှမ်းကြည့်လိုက်မိသည်။ သူက ပြုံးပြပြီး-

''မင်း သဘောကျရဲ့လား''

ဟု မေးသည်။

ကျွန်မကလည်း-

''ဟုတ်ကဲ့''

ဟု တစ်ခွန်းသာ ပြန်ဖြေမိသည်။ အသက်ကိုလည်း ကောင်းစွာ မရှူနိုင်။ ကျွန်မ၏ အဖြေသည် အမှန်အတိုင်း ဟုတ်၊ မဟုတ်ကိုလည်း မသေချာ မရေရာပါ။ ကျွန်မ မြင်ဖူးသည့် တောင်ဇလပ်ပန်းတို့၏ အရောင်သည် ပန်းရောင်ဖျော့ဖျော့များသာဖြစ်ကြသည်။ ယခု မြင်ရသည့် အရောင်ကတော့ နီရဲလွန်းနေသည်။ မိုးကောင်းကင်ကြီးတစ်ခုလုံးကို လွှမ်းမိုးနေသယောင်။ သစ်ပင်များနှင့်ပင် မတူ။ အလှ လွန်ကဲလွန်းနေသည်ဟုလည်း ထင်ပါသည်။ အင်အားကြီးမားသော စစ်တပ်ကြီး တစ်တပ်နှင့်လည်း တူနေသည်။

စံအိမ်ကြီးသို့ ရောက်ဖို့ မဝေးတော့ပြီ။ မော်တော်ကား လမ်းကလေးသည် ကျွန်မမျှော်မှန်းထားသကဲ့သို့ပင် အတန်ငယ် ကျယ်လာသည်။ အနီရောင် ပန်းအုတ်တံတိုင်းကြီးကလည်း ကျွန်မတို့၏ ဝဲယာ နှစ်ဖက်တွင် ရှိနေသည်။
mgyoe.com

mgyoe.com
SAMPLE BOOK

နောက်ဆုံး လမ်းချိုးကလေးကို ချိုးကွေ့လိုက်သည်။ မန်ဒါလေစံအိမ်ကြီးသို့ ရောက်ပါပြီ။ မှန်ပါသည်။ မန်ဒါလေစံအိမ်ကြီးရှေ့သို့ ကျွန်မတို့ ရောက်လာကြပါပြီ။ ငယ်စဉ်တုန်းက မြင်တွေ့ခဲ့ရသည့်အတိုင်း၊ တစ်နည်းဆိုရသော် ကျွန်မ မျှော်မှန်းထားသည့် အတိုင်း အပြစ်အနာအဆာ ကင်းသည်။ အလွန်တရာ လှပသည့် အဆောက်အအုံကြီး ဖြစ်ပါသည်။ ယခုလို မျက်ဝါးထင်ထင် မြင်တွေ့ရသောအခါ ကျွန်မ ထင်ထားသည်ထက် ပင် ပို၍ လှပနေသည်ကို သတိထားမိပါသည်။

မြက်ခင်းစိမ်းစိမ်းများ အလယ်မှ မန်ဒါလေစံအိမ်ကြီး။ မြက်ခင်းများမှတစ်ဆင့် လှေကားထစ်ကလေးများက ဥယျာဉ်များဆီသို့ ရောက်အောင် နိမ့်လျှောဆင်းသွားသည်။ ဥယျာဉ်များက ပင်လယ်ကမ်းခြေဆီသို့ ဖြန့်ကြက်သွားသည်။ ကျောက်သားလှေကားထစ် များဆီသို့ ကျွန်မတို့ မော်တော်ကား မောင်းတက်သွားသည်။ ပြီးတော့ ဖွင့်ထားသည့် အိမ်ဝင်ပေါက် တံခါးမကြီး ရှေ့မှာ ရပ်လိုက်သည်။ ခန်းမကြီးတစ်ခုထဲမှာ လူတွေ ပြည့် နေကြောင်း မှန်ကူကွက် ပြတင်းပေါက်မှတစ်ဆင့် ကျွန်မ လှမ်းမြင်လိုက်ရပါသည်။

"ဒီမိန်းမကြီး လုပ်ပြန်ပြီ၊ ဒါမျိုးတွေ ငါ မကြိုက်ဘူး ဆိုတာ သေသေချာချာ သိရဲ့သားနဲ့"

ဟု မက်ဇင်မ်၏ ဗလုံးဗထွေး ရေရွတ်သံကိုပါ ကြားလိုက်ရသည်။ သူက တစ်ဆက်တည်း မော်တော်ကား ဘရိတ်ကိုပါ ဆောင့်နင်းပစ်လိုက်သည်။

"ဘာဖြစ်တာလဲဟင်၊ အဲဒီလူတွေက ဘယ်သူတွေလဲ"

ဟု ကျွန်မက သူ့ကို မေးကြည့်မိပါသည်။

"အခုတော့ ဒါတွေကို မင်း ရင်ဆိုင်ရတော့မှာပေါ့ကွာ၊ ကိုယ် စိတ်မကောင်း ပါဘူး"

ဟု သူ စိတ်ဂနာမငြိမ်သလို ပြောသည်။

"ကိုယ်တို့နှစ်ယောက်ကို ကြိုဖို့ တစ်အိမ်လုံးမှာရှိတဲ့ အလုပ်သမားတွေကိုရော ဝင်းကြီးတစ်ခုလုံးမှာ ရှိတဲ့ အလုပ်သမားတွေကိုပါ မစ္စက်ဒင်ဗားက စုခေါ်ထားတာလေ၊ အရေးမကြီးပါဘူးလေ၊ မင်းအနေနဲ့ ဘာမှ ပြောဖို့ မလိုပါဘူး၊ ဒါတွေအားလုံး ကိုယ် ကြည့်လုပ်လိုက်ပါ့မယ်"

မော်တော်ကား တံခါးလက်ကိုင်ကို ကျွန်မ လှမ်းကိုင်လိုက်မိသည်။ ကိုယ်လက် မအီမသာ ဖြစ်လာသလိုလည်း ခံစားလိုက်ရသည်။ ခရီးရှည်ကြီးကို မရပ်မနား ကားစီး လာရာမှ ယခု သည်နေရာသို့ ရောက်လာတော့ ချမ်းစိမ့်စိမ့် ဖြစ်လာသလိုလည်း ခံစားရ သည်။ တံခါးလက်ကိုင်ကို ကျွန်မ ကိုင်မိသည့်အချိန်တွင် လှေကားထစ်များအတိုင်း ဘဏ္ဍာစိုးက ဆင်းလာသည်။ သူ့နောက်မှ အစေခံတစ်ယောက်လည်း ပါလာသည်။ ဘဏ္ဍာစိုးက ကျွန်မအတွက် တံခါးဖွင့်ပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အသက် အတော်ကြီးပါပြီ။ ကြင်နာ သနားတတ်သော မျက်နှာ အမူအရာလည်း ရှိသည်။ ကျွန်မက သူ့ကို မော့ကြည့်ကာ ပြုံးပြပြီး လက်တစ်ဖက်ကိုလည်း ကမ်းပေးလိုက်မိပါသည်။ သို့သော်လည်း ကျွန်မ လက်ကမ်းပေးလိုက်သည်ကို သူ မြင်ပုံမပေါ်ပါ။ ကျွန်မဆီက ပစ္စည်းတွေကိုသာ လှမ်းယူနေသည်။ ကျွန်မအတွက် ကားတံခါး ဖွင့်ပေးထားရင်းလည်း မက်ဇင်မ်ကို လှမ်းကြည့်နေသည်။

"ကိုင်း… ကျုပ်တို့တော့ ပြန်ရောက်လာကြပြီ ဖရစ်"

မက်ဇင်မ်က သူ့ကို လှမ်းပြောရင်း လက်အိတ်များကို ချွတ်နေသည်။

"ကျုပ်တို့ ထွက်လာတုန်းက လန်ဒန်မှာ မိုးရွာနေတယ်၊ ဒီမှာတော့ မိုးရွာပုံ မပေါ်ဘူး၊ အားလုံး နေကောင်းကြတယ် မဟုတ်လား"

"အားလုံး နေကောင်းကြပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ဆီမှာ အခု တစ်လလုံးလုံး မိုးမရွာပါဘူး ခင်ဗျာ၊ ဆရာတို့ အခုလို အိမ်ပြန်ရောက်လာကြတာ ဝမ်းသာပါတယ်၊ ဆရာကတော်ရော ဆရာပါ ကျန်းခံ့သာလို့ မာကြလိမ့်မယ် ထင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဖရစ်၊ ကျုပ်တို့နှစ်ယောက်စလုံး နေကောင်းကြပါတယ်၊ ခရီးရှည် ကားမောင်းလာရလို့ နည်းနည်းတော့ ပင်ပန်းတယ်၊ လက်ဖက်ရည်လည်း ဆာလှပြီ၊ အခုလို လူတွေ တစ်ပြုံတစ်ခေါင်းကြီး စုကြိုနေကြလိမ့်မယ်လို့ ကျုပ် မတွေးမိခဲ့ဘူး"

"မစ္စက်ဒင်ဗာရဲ့ အမိန့်အတိုင်း စုနေကြတာပါ ဆရာ"

ဟု ဘဏ္ဍာစိုးကြီး ဖရစ်က ပြောသည်။ သူ့မျက်နှာပေါ်မှာတော့ မည်သည့် အမူအရာကိုမျှ မတွေ့ရ။

"အင်း… ဒီလို ဖြစ်လိမ့်မယ် ဆိုတာ ကြိုတွေးမိခဲ့ဖို့တော့ အကောင်းသား"

မက်ဇင်မ်က ခပ်ပြတ်ပြတ် ပြန်ပြောသည်။ ပြီးတော့ ကျွန်မဘက်သို့ လှည့်ကြည့်ပြီး-

"ကဲ… လာ၊ သိပ်ကြာမှာ မဟုတ်ပါဘူး၊ ပြီးတော့မှ လက်ဖက်ရည်သောက်ကြတာပေါ့"

ဟု တစ်ဆက်တည်း ပြောပါသည်။

မက်ဇင်မ်နှင့်အတူ လှေကားထစ်များအတိုင်း အိမ်ပေါ်သို့ တက်လာခဲ့သည်။ ဘဏ္ဍာစိုး ဖရစ်နှင့် အစေခံတစ်ယောက်က ကျွန်မတို့ ပစ္စည်းများကို သယ်ပြီးနောက်မှ လိုက်လာသည်။ ကျွန်မ၏ ရင်ထဲမှာ နာကျင်သလိုလို ဖြစ်လာပြန်သည်။ မနေတတ် မထိုင်တတ်လည်း ဖြစ်လာပြန်ပါသည်။

ယခုအခါတွင် မျက်စိမှိတ်ပြီး ထိုစဉ်က ဖြစ်ပျက်ခဲ့သည့် အကြောင်းများကို ပြန်စဉ်းစားကြည့်မိပါသည်။ အိမ်ဝမှာ ရပ်နေမိသည့် ကျွန်မ၏အဖြစ်ကို ပြန်လည်မြင်ယောင်နေမိပါသည်။ အိမ်ဝင်ဝမှာ ကျွန်မက ရပ်လျက်။ ကိုယ်လုံးကိုယ်ထည်က သွယ်သွယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ကိုယ်ကျပ်အင်္ကျီနှင့် ဘောင်းဘီများ ဝတ်ထားပြီး လက်အိတ်နှစ်ဖက်ကို စုကိုင်လို့။ အိုးတိုးအမ်းတမ်း အမူအရာနှင့်။

ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသော ခန်းမဆောင်ကြီး။ စာကြည့်ခန်းသို့ သွားရာ တံခါးပေါက်မှာလည်း ပွင့်လျက်သား။ နံရံများပေါ်တွင်လည်း ကမ္ဘာကျော် ပန်းချီဆရာကြီးများ၏ ပန်းချီကားများကို ချိတ်ဆွဲထားလျက်။ ခံ့ညားထည်ဝါလှသည့် လှေကားကြီးက အနုပညာခန်းမဆောင်ကြီးဆီသို့ ဦးတည်လျက်။ စင်္ကြံများကိုလည်း ကျောက်တုံးများဖြင့်ပင် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည်။ ယင်းစင်္ကြံ၏ ဟိုတစ်ဖက်တွင် ထမင်းစားခန်းကြီး။

ထိုထမင်းစားခန်းထဲတွင်မူ မြောက်မြားလှစွာသော လူတွေ။ လူတွေ များလွန်းသဖြင့် မျက်နှာ ပင်လယ်ပြင်ကြီးလို ဖြစ်နေသည်။ ပါးစပ်များက အံ့သြလွန်းသဖြင့် ဟောင်းလောင်း ဟလျက်။ သိလိုစိတ်များ ပြင်းပြလျက်။ အားလုံး၏ မျက်လုံးများက ကျွန်မကိုသာ စူးစိုက်ကြည့်နေကြသည်။ တရားခံတစ်ယောက်ကို လူအုပ်ကြီးက ဝိုင်းကြည့်နေကြသည့် ပုံစံမျိုး။ တရားခံဖြစ်သော ကျွန်မကလည်း လက်ကလေး နှစ်ဖက်ကို နောက်သို့ ပစ်လျက်။

လူမျက်နှာ ပင်လယ်ပြင်ကြီးအတွင်းမှ လူတစ်ယောက်က ရှေ့သို့ တိုးထွက်လာသည်။ အရပ်က ထောင်ထောင်မောင်းမောင်း။ ကိုယ်လုံးကိုယ်ထည်က ပိန်ပိန်ကပ်ကပ်။ ပါးရိုးများက ထိုးထိုးထောင်ထောင်။ မျက်လုံးနှစ်ဖက်က အရိုးငေါငေါ မျက်နှာထဲမှာ ချိုင့်ဝင်နေသည်။ အသားအရောင်က ဖြူဖပ်ဖြူရော်။ ပုံဟန်က အရိုးစုတစ်ခုပေါ်တွင် လူသဏ္ဍာန်ကို တည်ဆောက်ထားသည့် အလား။ ကိုယ်ပေါ်မှာတော့ အနက်ရောင် ဂါဝန်ကို ဝတ်ဆင်ထားသည်။

ထိုအမျိုးသမီးကြီးသည် ကျွန်မဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တန်းလာပါသည်။ ကျွန်မက ဆီးကြိုပြီး လက်ကမ်းပေးလိုက်သည်။ ဝင့်ဝင့်ကြွားကြွားကြီး လျှောက်လာသည့် သူ့ဟန်ပန်အမူအရာကို ကြည့်ပြီး သူ့အပေါ် မနာလိုစိတ် ပွားမိပါသည်။ ကျွန်မလည်း သူ့လိုပင် ရင်ကော့ပြီး ဝင့်ဝင့်ကြွားကြွားကြီး နေပြလိုက်ချင်ပါသည်။ သို့သော်လည်း ကျွန်မ၏လက်ကို ဆွဲကိုင်လိုက်သောအခါတွင်မူ သူ့လက်က ပျော့စိပျော့ဖပ်၊ အေးတိအေးစက်နှင့် လူသေကောင်၏ လက်လို ဖြစ်နေသည်။

"သူက မစ္စက်ဒင်ဗာပဲ"

ဟု မက်ဇင်မ်က ပြောပြီး မိတ်ဆက်ပေးသည်။ အသက်ကင်းမဲ့နေသော သူ့လက်ကို ကျွန်မလက်ထဲမှာ ထားမြဲထားရင်း သူ စကားစပြောသည်။ သူ၏ မျက်လုံးဟောက်ပက်များကလည်း မလွှဲဖယ်စတမ်း ကျွန်မကို စိုက်ကြည့်မြဲ ကြည့်နေပါသည်။ ထို့ကြောင့် ကျွန်မက မျက်နှာလွှဲလိုက်ရသည်။ သည်တော့မှ သူ့လက် လှုပ်ရှားလာသည်။ အသက်ပြန်ဝင်လာသလို ရှိလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မအဖို့တော့ မနေတတ် မထိုင်တတ် ဖြစ်လာပြီ။ ရှက်စိတ်၊ ကြောက်စိတ်တွေလည်း ဝင်လာပြီ။

ထိုနေ့က အဖြစ်အပျက်များကို ကျွန်မ ယခု ပြန်စဉ်းစားကြည့်မိပါသည်။ သို့သော်လည်း ထိုနေ့က သူ ပြောခဲ့သည့် စကားလုံးများကို ကျွန်မ ကောင်းစွာ မမှတ်မိတော့ပါ။ ခပ်ဝါးဝါး မှတ်မိသည်များကတော့ စံအိမ်ကြီး၏ အမှုထမ်း အားလုံး၊ အလုပ်သမား အားလုံး၊ အစေခံများ အားလုံးနှင့် သူကိုယ်တိုင်ကပါ မန်ဒါလေစံအိမ်ကြီးသို့ ကျွန်မ ရောက်လာသည့်အတွက် ကြိုဆိုပါကြောင်း ပြောဆိုသည့် သဘောလောက်သာ မှတ်မိပါတော့သည်။ သူ ပြောဆိုရမည့် စကားလုံးများကို ကြိုတင်၍ ကောင်းစွာ လေ့ကျင့်ထားဘိသကဲ့သို့ အထစ်အငေါ့မရှိ ပြောသည်။ ပြောပုံဆိုပုံကတော့ သူ့လက်များအတိုင်း အေးတိအေးစက်နှင့် အသက်မပါ။

သူ စကားပြောပြီးသွားသောအခါ ကျွန်မ တုံ့ပြန်ပြောဆိုမည့် စကားများကို သူက စောင့်နေသည်။ ကျွန်မကမူ ရှက်စိတ်ကြောင့် မျက်နှာထူပူကာ ဘာပြန်ပြောရမှန်းမသိတော့။ ကျွန်မစိတ်များ ရှုပ်ထွေးနေခိုက်မှာပင် လက်ထဲမှ လက်အိတ်နှစ်ခုက ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေတော့သည်။

မစ္စက်ဒင်ဗာက လက်အိတ်များကို ကုန်းကောက်ကာ ကျွန်မကို ကမ်းပေးသည်။ သည်အချိန်မှာပင် မထီမဲ့မြင် အပြုံးတစ်ခုကို သူ့နှုတ်ခမ်းပေါ်မှာ မသိမသာ မြင်လိုက်ရသည်။

ကျွန်မသည် လိမ္မာရေးခြား မရှိသည့် အောက်တန်းစား မိန်းကလေးတစ်ယောက်မျှသာ ဖြစ်ကြောင်း သူ ကောက်ချက်ချလိုက်ပြီကို ကျွန်မ ကောင်းကောင်းကြီး သဘောပေါက် နားလည်လိုက်ပါတော့သည်။

သူ့မျက်နှာ အမူအရာကို မြင်ရသည့်အတွက် ကျွန်မ စိတ်ထဲမှာ မငြိမ်မသက်ဖြစ်လာပါသည်။ နောက်သို့ ပြန်ဆုတ်သွားပြီး စောစောက နေရာမှာ အခြားသူများနှင့်အတူတူ သူ ပြန်ရပ်နေသည့်တိုင်အောင် တစ်ကိုယ်လုံး နက်နေသည့် သူ့ခန္ဓာကိုယ်ကြီးက အများထဲမှာ ထင်းထင်းကြီး ပေါ်နေသည်။ ကျန်လူအားလုံး တိတ်ဆိတ်နေကြသည်။ မစ္စက်ဒင်ဗာကတော့ ကျွန်မကို မမိုတ်မသုန် စိုက်ကြည့်နေမည် ဖြစ်ကြောင်း အလိုလိုသိနေပါသည်။

မက်ဇင်မ်က ကျွန်မ၏ လက်မောင်းကို လှမ်းဆုပ်ကိုင်လိုက်ပြီး မစ္စက်ဒင်ဗာတို့ လူသိုက်ကို ကျေးဇူးတင်စကား အနည်းငယ် ပြန်ပြောပါသည်။ မည်သို့သော စိတ်အနှောင့်အယှက်မျှ မရှိသလို လွယ်လွယ်ကူကူ ချောချောမောမောပင် ပြောနေခြင်း ဖြစ်ပါသည်။ သည်လို ပြောရသည့်အတွက် သူ့မှာ ဘာမျှ အပန်းမကြီးသလိုပင်။ ပြီးတော့ လက်ဖက်ရည် သောက်ရန် ကျွန်မကို စာကြည့်ခန်းထဲသို့ ခေါ်ဆောင်သွားပါသည်။ အခန်းထဲရောက်တော့ တံခါးများကို ပိတ်လိုက်သည်။ ကျွန်မတို့ နှစ်ယောက်တည်း ပြန်ဖြစ်သွားပြန်ပါသည်။

mgyoe.com

mgyoe.com

မီးလင်းဖိုဘေးနားမှာ အိပ်နေကြသည့် ခွေးနှစ်ကောင်က ကျွန်မတို့ကို ကြိုဆိုရန် ထလာပါသည်။ နူးညံ့သော သူတို့၏ နားရွက်ဖားဖားများကို နောက်ဘက်သို့ လှန်ရင်း မက်ဖ်မ်ကို နှုတ်သီးနှင့်ထိုးကာ နမ်းကြည့်ပါသည်။ ပြီးတော့ ကျွန်မဆီသို့ လာသည်။ ကျွန်မ၏ ဖနောင့်ကို နမ်းကြည့်သည်။ သခင် မဟုတ်သလိုပုံမျိုး။ ပြီးတော့ ကျွန်မအပေါ်မှာ သံသယမကင်းသည့် ပုံမျိုး။ တစ်ကောင်က အမေ ဖြစ်သည်။ မျက်လုံး တစ်ဖက်လပ်နေသည်။ ချက်ချင်းပင် သူ၏ စူးစမ်းမှု ပြီးဆုံးသွားကာ မီးလင်းဖိုနားသို့ ပြန်သွားပြီး အိပ်နေလိုက်သည်။

သို့သော်လည်း အငယ်ကောင် အထီးကလေး ဂျက်စ်ပါ။ သူ့နာမည်က ဂျက်စ်ပါ ဖြစ်ပါသည်။ ဂျက်စ်ပါကမူ ကျွန်မ၏ ဒူးပေါ်မှာ မေးတင်ပြီး နှုတ်သီးကို ကျွန်မ၏ လက်ဖဝါးထဲမှာ ထည့်ထားပါသည်။ မျက်လုံးများက တစ်စုံတစ်ရာကို ပြောပြနေသယောင်။ ပိုးသားလို နူးညံ့သည့် သူ့နားရွက်များကို ကျွန်မက ပွတ်သပ်ပေးသောအခါ အမြီးကို နန့်နေပါသည်။

ကျွန်မက ဦးထုပ်ချွတ်လိုက်သည်။ လည်စည်းကိုပါ ချွတ်လိုက်သည်။ အနေရအထိုင်ရ သက်သာသွားသလို ရှိပါသည်။ ဦးထုပ်နှင့် လက်အိတ်ကို ပြတင်းပေါက်အနီးရှိ ကုလားထိုင်ပေါ်မှ ကျွန်မ၏ လက်ဆွဲအိတ်အနီးသို့ ပစ်တင်လိုက်ပါသည်။ အလွန် နေလို့ထိုင်လို့ကောင်းသည့် အခန်း ဖြစ်ပါသည်။ နံရံတွင် စာအုပ်ဗီရိုတွေ အပြည့်။ ဗီရိုများက မျက်နှာကြက်တိုင်အောင် မြင့်တက်နေကြပါသည်။

ကျွန်မ၏ယောက်ျားသည် သည်အခန်းထဲမှာ ခွေးနှစ်ကောင်နှင့်အတူ အထီးကျန်ဘဝဖြင့် နေခဲ့ရပါသည်။ ခွေးနှစ်ကောင် အိပ်ရန် ခြင်းနှစ်လုံးကို အသင့်ပြင်ဆင် ချထားပေးသည်။ သို့သော်လည်း ထိုခြင်းများထဲမှာ သူတို့ အိပ်ပုံမပေါ်။ ဆိုဖာပေါ်မှာ ချိုင့်နေသည့် နေရာများက သူတို့ ဘယ်မှာ အိပ်ကြောင်း ဖော်ပြနေကြသည်။ ပြတင်းပေါက်များကို ကျော်ကြည့်လိုက်လျှင် မြက်ခင်းများကို အပေါ်စီးမှ မြင်နေရသည်။ ထိုမြက်ခင်းများ၏ ဟိုမှာဘက်ရှိ ပင်လယ်ကမ်းစပ်၏ လှိုင်းပုတ်သံကို သဲ့သဲ့ကြားနေရသည်။

တသုန်သုန် တိုက်ခတ်နေသောလေက ပန်းတမာနှင့် နှင်းဆီပန်းနံ့များကို အခန်းထဲသို့ သယ်ဆောင်လာပါသည်။ သို့သော်လည်း အခန်းထဲမှာ အနံ့အသက်ဟောင်းတစ်ခု၏ အနံ့ကို ရှူရှိုက်နေရသည်။ မှိုနံ့လိုလို အနံ့မျိုး ဖြစ်သည်။ လေပြည်လေညင်းက ပန်းခြံများကို ဖြတ်သန်း၍သော် လည်းကောင်း၊ ပင်လယ်ပြင်ကို ဖြတ်သန်း၍သော် လည်းကောင်း တိုက်ခတ်လာသော်လည်း သည်အခန်းထဲသို့ ရောက်လျှင် သူတို့၏ လတ်ဆတ်သန့်ရှင်းမှုလည်း ပျောက်ကွယ်သွားပေလိမ့်မည်။ အကိုင်အတွယ်နည်းသည့် စာအုပ်များ၏ အနံ့အသက်ကလည်း ကြီးစိုးမင်းမူနေသည်။ ဘုရားဝတ်ပြုမှု နည်းပါးသည့် ဘုရားရှိခိုးကျောင်းထဲက အနံ့အသက်မျိုးဟုလည်း ဆိုနိုင်သည်။ တကယ်ဆိုတော့ သည်အခန်းသည် ငြိမ်းချမ်းသော အခန်း။ တရားဘာဝနာပွားဖို့ ကောင်းသော အခန်း။

mgyoe.com

mgyoe.com
SAMPLE BOOK

ခဏကြာတော့ ကျွန်မတို့အတွက် လက်ဖက်ရည်ပွဲ ယူလာသည်။ ဘဏ္ဍာစိုးဖရစ်နှင့် အစေခံကလေး တစ်ယောက်တို့က ကျွန်မတို့၏ လက်ဖက်ရည်ပွဲကို ပြင်ဆင်ပေးသည်။ သူတို့ ပြန်ထွက်သွားကြသည်အထိ ကျွန်မက ငြိမ်ထိုင်နေလိုက်ပါသည်။ နှစ်ယောက်တည်း ကျန်သောအခါ စာတိုက်မှ ရောက်နေသည့် စာပုံကြီးနားကနေ၍ မက်ဇင်မ်က ကျွန်မကို လှမ်းကြည့်သည်။ ကျွန်မကမူ ပေါင်မုန့်နှင့် ကိတ်မုန့်များကို ယူစားနေလိုက်သည်။

မက်ဇင်မ်က ကျွန်မကို မကြာခဏ လှမ်းကြည့်ကာ ပြုံးပြုံးပြပါသည်။ ပြီးတော့ သူ့စာများဆီသို့ ပြန်လှည့်သွားပါသည်။ လွန်ခဲ့သည့် လများတုန်းက သူနှင့် ကျွန်မ အတူနေခဲ့ကြပါသည်။ သို့သော်လည်း မန်ဒါလေ စံအိမ်ကြီးတွင် မည်သို့မည်ပုံ သူ နေထိုင်တတ်ကြောင်း ဘာမျှ ဟုတ်တိပတ်တိ မသိခဲ့ရပါ။ နေ့စဉ် သူ ထမ်းဆောင်နေကျ တာဝန်ဝတ္တရားများ၊ သူ သိသည့်လူများ၊ မိတ်ဆွေများ၊ ယောက်ျားများ၊ မိန်းမများ၊ ပေးချေစရာ ရှိသည့် ငွေစာရင်းရှင်းတမ်းများ၊ အိမ်မှုကိစ္စ ဆောင်ရွက်ရန် သူ ညွှန်ကြားနေပုံများ မည်သို့ ရှိလေမည်နည်း။

သူနှင့် ကျွန်မ အတူနေခဲ့ကြသည့် ရက်သတ္တပတ်များသည် လျင်မြန်စွာပင် ကုန်ဆုံး လွန်မြောက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံထဲမှာ၊ အီတလီနိုင်ငံထဲမှာ သူ့ဘေးက ထိုင်ပြီး ကျွန်မ ကားစီးခဲ့ပါသည်။ သည်အချိန်တုန်းကတော့ ဘာကိုမျှ ထွေထွေထူးထူး မစဉ်းစားမိခဲ့။

သူ့ကို ကျွန်မ ဘယ်လောက် ချစ်ကြောင်းကိုသာ စဉ်းစားနေမိခဲ့ပါသည်။ ဗင်းနစ်မြို့ ရောက်တော့လည်း သူ ကြည့်ရာကို ကြည့်ခဲ့သည်။ သူ သွားရာကို လိုက်ခဲ့သည်။ သူ့ပြောစကားများကို ပုံတင်ထပ်ခဲ့သည်။ အတိတ်အကြောင်းကိုလည်း မမေး။ အနာဂတ်အရေးကိုလည်း မစူးစမ်း။ ပစ္စုပ္ပန်တည့်တည့်မှာသာ စိတ်အာရုံကို ထားခဲ့မိပါသည်။

သည်တုန်းက မက်ဇင်မ်သည် ကျွန်မ ထင်ထားသည်ထက် ပိုပြီး စိတ်ချမ်းသာနေခဲ့ပါသည်။ ကျွန်မ စိတ်ကူးယဉ်ခဲ့သည်ထက် ပိုပြီး နူးညံ့ပျော့ပျောင်းနေပါသည်။ ငယ်မူငယ်သွေးတွေ ပေါ်ကာ အလွန်တရာလည်း နုပျိုနေခဲ့ပါသည်။ ပထမဦးဆုံး ကျွန်မ စတင်တွေ့မြင်ခဲ့ရသည့် မက်ဇင်မ် မဟုတ်တော့။ ကိုတေဒါဇူး ဟိုတယ် စားသောက်ခန်းထဲက စားပွဲမှာ တစ်ယောက်တည်း ထိုင်ပြီး ရှေ့ဘက်သို့သာ ငူငူကြီး ငေးစိုက်ကြည့်နေသည့် မက်ဇင်မ် မဟုတ်တော့။ သူ၏ လျှို့ဝှက်ချက်များထဲမှာသာ နစ်မြုပ်နေသော မက်ဇင်မ် မဟုတ်တော့။

ကျွန်မ ချစ်သော ယခု မက်ဇ်မင်သည် ရယ်ကာမောကာနှင့် သီချင်းတကြော်ကြော်လည်း ဆိုတတ်သည်။ ကျောက်ခဲကလေးများကို ကောက်ကာ ရေထဲသို့လည်း ပစ်ချတတ်သည်။ မျက်မှောင်ကုတ်နေခြင်းမျိုးလည်း မရှိတော့။ သူ့ပခုံးပေါ်မှာလည်း မည်သည့်တာဝန်ကိုမျှ မထမ်းဆောင်ထားရတော့သလို ရှိသည်။ သူ့ကို ကျွန်မ၏ချစ်သူ

mgyoe.com

myyoe.com SAMPLE BOOK

အဖြစ်နှင့်လည်း သဘောပေါက် နားလည်ရပါတော့သည်။ မိတ်ဆွေကောင်းတစ်ယောက် အနေဖြင့်လည်း သိကျွမ်းရပါတော့သည်။ ထိုဘဝတုန်းကတော့ သူ့ဘဝကြီးတစ်ခုလုံးကို ပင် ကျွန်မ မေ့လျော့နေခဲ့မိပါသည်။

စာတွေ တစ်စောင်ပြီး တစ်စောင် သူ ဖောက်ဖတ်နေသည်ကို ကျွန်မ အကဲခတ် ကြည့်နေမိပါသည်။ တစ်စောင်ကျတော့ သူ မျက်မှောင်ကုတ်လိုက်သည်။ နောက်တစ်စောင် ကျတော့ ပြုံးလိုက်သည်။ နောက်တစ်စောင်ကျတော့ မည်သည့်ခံစားချက်မျိုးမှ သူ့မျက်နှာ မှာ ပေါ်မလာဘဲ ဘေးသို့ ဖယ်ထားလိုက်သည်။

သည်နေရာမှာပင် အတွေးရေယဉ်ကြောမှာ ကျွန်မ မျောရပြန်ပါသည်။ အကယ် ၍ သူနှင့် ကျွန်မ လက်ထပ်ခွင့်မကြုံဘဲ မစ္စက်ဗန်ဟော့ပါးနှင့်အတူ နယူးယောက်မြို့သို့ လိုက်သွားသည် ဆိုပါစို့။ ဟိုကနေပြီး ကျွန်မ စာရေးမိလိမ့်မည်။ ကျွန်မ စာကိုလည်း မည်သို့သော ခံစားချက်မျိုးမှ မပါဘဲ သူ ဖတ်မည်။ ပြီးတော့ အောက်မှာ ရေးထိုးထား သည့် ကျွန်မ၏လက်မှတ်ကို ကြည့်ကာ နားမလည်နိုင်သလို မမှတ်မိတော့သလို ရှိမည်။ ထို့နောက် တစ်ချက် သမ်းဝေကာ ခြင်းတစ်ခုထဲသို့ ပစ်ထည့်လိုက်ပြီး လက်ဖက်ရည် ပန်းကန်ကို လှမ်းဆွဲယူပေလိမ့်မည်။

ထိုအတွေးများ ဝင်လာသည်နှင့်တစ်ပြိုင်တည်း ရင်ထဲမှာ နာကျင်လာပါသည်။ ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို လှန်ချလိုက်ရင်း အခန်းထဲမှာ မျက်စိကစားကာ စိတ်ငြိမ်အောင် ထိန်းနေရပါသည်။ ယုံကြည်ချက်များ ပြန်လည်ရရှိလာအောင် ကြိုးစား နေမိပါသည်။ ကျွန်မသည် အမှန်တကယ်ပင် မန်ဒါလေစံအိမ်ကြီး၏ စာကြည့်ခန်းထဲမှာ ထိုင်နေခြင်း ဖြစ်ကြောင်း ယုံကြည်နိုင်အောင် ကြိုးစားနေရပါသည်။

ကျော်ကြားလှသော မန်ဒါလေစံအိမ်ကြီးသည် ယခုအခါတွင် ကျွန်မ၏ စံအိမ် ဖြစ်လာကြောင်း မိမိကိုယ်မိမိ သတိပြန်ပေးနေရပါသည်။ ကျွန်မ ပိုင်သောအိမ်၊ ကျွန်မ ချစ်သော မက်ဇင်မ်နှင့် ကျွန်မ ပိုင်သောအိမ်။ ဟောဟိုမှာ စာအုပ်တွေ။ မျက်နှာကြက် ထိအောင် မြင့်လို့။ ဟောဒီအခန်းထဲက ကုလားထိုင်မှာ ငါ ထိုင်နေတယ်။ နံရံပေါ်မှာ လည်း ဓာတ်ပုံတွေ၊ ပန်းချီကားချပ်တွေ တွဲလောင်းဆွဲလို့။ ဟောဟိုမှာ ပန်းဥယျာဉ်တွေ။ ဟောဟိုမှာ သစ်တောတွေ။ ဒါတွေအားလုံးဟာ စာထဲမှာ ငါ ဖတ်ခဲ့ဖူးတဲ့ မန်ဒါလေ စံအိမ်ကြီးရဲ့ အဆောင်အယောင်တွေပဲ။ အခု ဒါတွေ အားလုံးကို ငါ ပိုင်ပြီ။ ဘာကြောင့် လဲဆိုတော့ မက်ဇင်မ်နဲ့ ငါ လက်ထပ်လိုက်ကြပြီ မဟုတ်လား။

အဘိုးကြီး၊ အဘွားကြီး ဖြစ်သည်အထိ သည်စံအိမ်ထဲမှာ ကျွန်မတို့ နေထိုင်ကြ ပါမည်။ အဘိုးကြီး၊ အဘွားကြီးအဖြစ်နှင့် သည်နေရာမှာ ထိုင်ပြီး လက်ဖက်ရည်သောက် ကြပါမည်။ ကျွန်မတို့ အနားမှာလည်း ခွေးတွေ ရှိမည်။ သို့သော် ယခု ရှိနေသည့် ဂျက်စ်ပါ တို့တော့ မဟုတ်။ သူတို့နေရာမှာ အစားဝင်လာသည့် အခြားခွေးများ ဖြစ်မည်။ အခန်းထဲက အနံ့အသက်ကလည်း ယခုအတိုင်း ဟောင်းနွမ်းနွမ်း အနံ့မျိုးပင် ဖြစ်ရပေလိမ့်မည်။

myyoe.com